www.burmeseclassic.com

# မောင်ထွန်းသူ

အနန္တမေတ္တာ

# THREE LOVES

A.J.CRONIN

BURMESE CLASSIC .com



ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ် ၆၂၅/၉၅ (၁၀)

မျက်နှာဖုံးခွင့်ပြုအမှတ် ၆၃၄/၉၅ (၁၁)

မျက်နှာဖုံးပန်းချီ ခင်မောင်မြင့်

ပုံနှိပ်ခြင်း [redacted]

အုပ်ရေ ၅၀၀

တန်ဖိုး ၃၀ ကျပ်

ထုတ်ဝေသည့်လ ၁၉၉၆၊ ဇန္နဝါရီလ

မျက်နှာဖုံးပုံနှိပ်သူ ဦးတိုးဝင်း၊ (၀၂၄၃၁)
နေလပျောင်အော့ဖ်ဆက်
၉၆/(ခ)၊ ၁၁ လမ်း၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ဦးညိုမှိုင်း၊ (၀၃၃၅၅)၊
အားမာန်သစ် ပုံနှိပ်တိုက်၊
အမှတ် ၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊
ဆန်တော်ကလေး၊ ရန်ကုန်။

ထုတ်ဝေသူ ဦးသန်းမြင့် (၀၁၀၄၀)
(လင်းဆင်းစာပေ)၊
(၉၃၇) (၁၀)မိုင်၊
အင်းစိန်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

# မောင်ထွန်းသူ

---

## အနန္တမေတ္တာ

( ဒုတိယပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

နောက်တစ်နေ့ဟုင် လူစီသည် ဂျိုးအပေးမည်ဟု တာဝန်ယူထားသော အကြေးငွေတောင်းခံလွှာအားလုံးကို ပေးဆပ်ပစ်လိုက်သည်။ လူ့တာဝန်ဝတ္တရားရှောင်မှုကြည့်မည် ဆိုပါက ဤငွေများကို သူရှင်းစရာမလို။ ရှင်းရမည့်လူမှာ ဂျိုးသဇလျှင်ဖြစ်၏။ သို့သော်လည်း သူနှင့် ဆက်စပ်ပတ်သက်နေသော ကိစ္စဖြစ်သည့်အတက်ကြောင်း၊ ဂျိုး၏ လုပ်ပုံရိုးသားမှုကြောင့်တစ်ကြောင်း၊ ဤငွေအားလုံးကို သူပင် တာဝန်မှ တော့မည်ဟု ဆုံးဖြတ်ကာ ရှင်းပေးခဲ့ခြင်းပေတည်း။

ဤအကြွေးများကို ပေးဆပ်လိုက်ရသည့်အတွက် လူစီ့လက်ထဲတွင် လက်ကျန်ငွေ ပေါင်လေးဆယ်ပင် မပြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



ပေး သို့သော်လည်း သူ့လက်တွင်း၌ လက်ကျန်ငွေ နည်းသွားသည့်အတွက် ပူပန်သောသော ရောက်ခြင်းမရှိခဲ့ပေ။ သူ့အဖို့ ငွေသည် အရေးကြီးသော အရာမဟုတ်၊ သူ့ဂုဏ်သိက္ခာသာလျှင်ဖြစ်သည်ဟု ခံယူထားသည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ....ကြွေးများကိုပေးလိုက်ရသည့်အတွက် သူသည် များစွာ စိတ်လက်ပေါ့ပါးသွားသည်။ သူ့အတွက် များစွာ ဂုဏ်သိက္ခာတက်စေသည့် လုပ်ရပ်ဟုလည်းသူယုံကြည်သည်။ သို့တစေလည်း သူ့ရင်ထဲတွင် မခံချင်ဖြစ်နေသည့် ပြဿနာအကော့ ကျန်ရှိနေသေးသည်။ ယင်းမှာ အခြားမဟုတ်၊ ဂျိုး၏ စော်ကားမော်ကားပြုမှုဖြစ်သည်။

တစ်ခါတစ်ရံတွင် သူသည် ဤကိစ္စကို အလုပ်လုပ်နေရင်း သတိရတတ်သည်။ တစ်ခါတစ်ရံကျတော့လည်း အိပ်နေရင်းမှ လန့်နိုးကာ ထိုအဖြစ်ကို ပြန်လည်သတိရပြီး အိပ်မပျော်ဘဲဖြစ်နေတတ်၏။ ထို့ကြောင့်လည်း ဂျိုး၏အပြုအမူနှင့် ပတ်သက်၍ အက်ဒ်ဝပ်ထံ စာတစ်စောင်ရေး၍ တိုင်မည်ဟု ဆုံးဖြတ်မိသည်။ သူသည် ချက်ချင်းပင် စာတစ်စောင် ကောက်ရေးသည်။ မခံချင်စိတ်ဖြင့်ရေးသောစာဖြစ်၍ ဒေါသသံများနှင့် ပြည့်နေသည်။ သို့သော်လည်း ထိုစာကို ရေးပြီးခါမှ အစိပ်စိပ်အမြွာမြွာ ဆုတ်ပစ်လိုက်ပြီး မီးဖိုထဲသို့ထည့်ပစ်လိုက်သည်။ အခုလိုတင်တောနေမည့်အစား ရောင့်ရှတ်ပိတ် လုပ်နေခြင်းက ပိုမို၍ ထိရောက်လိမ့်မည်ဟု သူယူဆမိသည်မဟုတ်ပါလော....။

BURMESE CLASSIC .com



ထိုသီတင်းပတ်အတွင်း လူစီသည် ဂျိုးနှင့် ဖြစ်ခဲ့ရသည့်ကိစ္စအတွက် စိတ်ညစ်ညူးလျက်ရှိသော်လည်း သူ့အလုပ်ကိုမူ အရှိန်မပျက် လုပ်နိုင်ခဲ့၏။ ဤသို့ဖြင့် ထိုသီတင်းပတ်အကုန် စနေနေ့တွင် ၁၂း၃၀ နာရီရှထားဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ အလုပ်ပင်ပန်းမှု ဒဏ်ကြောင့် မောပန်းနွမ်းနယ်လျက်ရှိသော လူစီသည် အက်ဒ်ဖီလန်ဘူတာသို့ ရောက်သည့်အခါ မီးရထားပေါ်မှ နွေးကွေးလေးလံစွာဖြင့် ဆင်းလာခဲ့သည်။ ထိုအခိုက်တွင် အဝတ်သစ်များဝတ်၍ ပလက်ဖောင်းပေါ်၌ရပ်နေသော မစ္စဟော့ကင်းကို လှမ်းမြင်လိုက်သည်။ လူစီ့မျက်နှာသည် ဝင်းသွားသည်။ 'လူစီ့ကို လာစောင့်နေတာလား မစ္စဟော့ကင်း' ဟု လှမ်းမေးလိုက်မိ၏။

မစ္စဟော့ကင်းက ခေါင်းညိတ်ပြသည်။ 'ကဲ...လာ လူစီ၊ ကိုယ်နဲ့လိုက်ခဲ့' ဟု ပြောသည်။

လူစီက မစ္စဟော့ကင်း၏ အပြုအမူကို သဘောကျလွန်းသဖြင့် ရယ်မိသည်။ ဤရက်များအတွင်း ပထမဆုံးအကြိမ် စိတ်ပါလက်ပါရယ်မိခြင်းဖြစ်၏။ 'ဘာလုပ်မလို့လဲ' ဟုလည်း မေးမိသည်။

'မေအေလင်ကို သွားမလို့'

ပြောပြောဆိုဆိုပင် မစ္စဟော့ကင်းသည် လူစီအား မေအေလင့် စားသောက်ဆိုင်သို့ ခေါ်သွားသည်။ မအေလင်သည်

www.burmeseclassic.com

www.burmeseclassic.com



သာမန်စားသောက်ဆိုင်မဟုတ်။ လူကြိုက်များပြီး ထင်ရှားကျော်ကြားသည့်ဆိုင်ဖြစ်သည်။ အပြင်အဆင် အခင်းအကျင်းကလည်း ခံ့ညား ထည်ဝါသည်။ အစားအသောက်များကလည်း ကောင်းသည်။ ထင်ရှားသော ဧည့်သည်များလည်း လာရောက်၍ စားသောက်လေ့ရှိသည်။ တစ်ခါတစ်ရံ လူစီကိုယ်တိုင်ပင်လျှင် သီးသန့်လက်ဖက်ရည်ခန်းအတွင်း၌ နေ့လယ်စာ စားခဲ့ဖူးသည် မဟုတ်ပါလား။

မစ္စဟော့လင်းသည် လူစီအား ပြတင်းပေါက်တစ်ပေါက်အနီးရှိ နှစ်ယောက်ထိုင် စားပွဲတစ်လုံးဆီသို့ ခေါ်သွားပြီး နေရာချထားပေးသည်။ သူကိုယ်တိုင်လည်း အေးအေးဆေးဆေးထိုင်ကာ ပတ်ဝန်းကျင်တစ်ချက် ဝေ့ကြည့်သည်။ စားပွဲထိုး မကလေးတစ်ယောက် ရောက်လာသည်။ မစ္စဟော့လင်းက အစားအသောက်များ မှာသည်။

လူစီသည် မစ္စဟော့လင်းအား ကြည့်၍ စိတ်ထဲတွင် ကြည်နူးခြင်းဖြစ်မိသည်။ ကံဆိုးမိုးမှောင်ကျနေသည့် မိန်းမ တစ်ယောက်အပေါ် အခုလို တလေးတစား ပြုမူဆက်ဆံသည့်အတွက် များစွာ ကျေးဇူးတင်မိ၏။

မကြာမီ ဟင်းချိုရည်ရောက်လာသည်။ 'သိပ် အရသာရှိတယ် လူစီ၊ သောက်လိုက်ဦး' ဟု မစ္စဟော့လင်းက ပြောသည်။ 'ကိုယ်တော့ မကြာ မကြာ အခုလိုထွက်ပြီး စားရသောက်ရတာ ဝါသနာပါတယ်'



လူစီက ခေါင်းညိတ်သည်။ 'လူစီကို အခုလိုပြုစုတဲ့အတွက် သိပ်ကျေးဇူးတင်တာပဲ' ဟု ပြောသည်။

'အာ... အလကား၊ မလိုပါဘူး လူစီရယ်'

နှစ်ယောက်သား စကားတပြောပြောနှင့် စားကြသောက်ကြသည်။ မစ္စဟော့လင်းသည် စကားပြောကလည်းကောင်းသည်။ လူစီ အဖို့တော့ စိတ်ချမ်းသာလှ၏။ တစ်ချိန်တွင် မစ္စဟော့လင်းသည် စားပွဲထိုးမလေးအား လှမ်းခေါ်ပြီး 'မင့် ပေါင်မုန့်မီးကင် မကျက်ဘူး' ဟု ပြောသည်။ လူစီ၏ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ စားပွဲထိုးမကလေးနှင့် အဆင်မပြေဖြစ်လိုက်လျှင် ရရှိခံစားနေရသည့် သာယာမှုလေး ပျက်ပြားသွားမည်ကို သူ စိုးရိမ်မိသည် မဟုတ်ပါလား။

'ကျွန်မ အခုချက်ချင်း အသစ်တစ်ခု ယူလာခဲ့ပါမယ်ရှင်...' ဟု စားပွဲထိုးမကလေးက ပြောသည်။ နောက်ထပ် ခဏမျှအကြာတွင် ပေါင်မုန့်မီးကင် အသစ်တစ်ခု လာပို့သည်။ ထိုအခါကျမှပင် လူစီသည် စိတ်သက်သာရာရသည်။

တော်ပါသေးရဲ့၊ အလျှော့ပေးတတ်တဲ့စားပွဲထိုး မလေးနဲ့တွေ့ပေလို့ပေါ့ဟု တွေးကာ သက်ပြင်းချမိသည်။ မစ္စဟော့လင်းက လူစီ၏ အပြုအမူကိုကြည့်ပြီး ရယ်သည်။ '[illegible] တလွေ့ သူတို့ကို အဲသလိုအပြစ်တင်ပေးမှ သူတို့က သဘောကျတတ်တယ် လူစီရဲ့၊ ပျော်စရာမကောင်းဘူးလား ဟင်' ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

စားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် မစ္စဖဟာ့ထင်းသည် သူ့နာရီကို ထုတ်ကြည့်သည်။ 'ဟာ....ကိုယ်တို့ အချိန်နေခက် ကျသွားလိမ့်မည်၊ သွားကြစို့....'ဟု ပြောကာ ကျသင့်ငွေကို စာပျာကယာ ရှင်းပေးပြီး ထိုင်ရာမှထသည်။

လူစီသည် သူ့စကားကို နားမလည်။ လက်ထဲမှ ကော်ဖီပန်းကန်ကို ချလိုက်ပြီး 'ဘာပြုလို့ နောက်ကျရမှာလဲ....'ဟု မေးသည်။ မစ္စဖဟာ့ကင်းက အဖြေ မပေး။ အပြင်ဘက် လမ်းပေါ်တွင်မူ မိုးနှင်းများက ဖွဲဖွဲကျလျက်ရှိသည်။ လူစီသည် မိုးနှင်းများအောက် လမ်းလျှောက်ရမည့် အရေးကို တွေးကာ စိတ်ပူသည်။ 'ဒုက္ခပဲ၊ လူစီတို့ လမ်းလျှောက်ကြရမှာ မလွယ်ဘူး'ဟု ရေရွတ်သည်။

မစ္စဖဟာ့ကင်းကတော့ လူစီအား ကြည့်ပြီးပြုံးသည်။ 'ဗီလိုနေမျိုးဟာ ဝိတိုရိယား ခန်းမထဲဝင်ထိုင်ပြီး သီချင်းတို့ ကဗျာတို့ဆိုတာရွတ်တာကို နားထောင်နေဖို့ ကောင်းတဲ့နေ့ လူစီရဲ့၊ ဒီနေ့ ဝိတိုရိယားခန်းမမှာ လီမန်းရဲ့ဂီတာပွဲရှိတယ်'ဟု ပြောသည်။

မစ္စဖဟာ့ကင်း၏လက်ထဲမှ အဝါရောင်လက်မှတ်နှစ်စောင်ကို မြင်လိုက်ပြီဖြစ်သော လူစီသည် ဘာမှပြန်မပြောတော့ဘဲ လိုက်ပါသည်။ ခန်းမထဲရှိ ရှေ့ဆုံးတန်းမှ အကောင်းဆုံးနေရာတွင် ဝင်ထိုင်ကြသည်။ သူတို့ပတ်ပတ်လည်ရှိထိုင်ခုံများတွင် ပရိသတ်များဖြင့် ပြည့်နေလေပြီ။



'ဒါလီမန်းရဲ့ နောက်ဆုံးပွဲပဲ'ဟု မစ္စဖဟာ့ကင်းက ပြောသည်။ 'ဟုတ်လား'ဟု လူစီက အလိုက်သင့် ပြန်ပြောသည်။ ထိုအခိုက်မှာပင် စန္ဒရားပညာရှင်လီမန်း စင်မြင့်ပေါ်ရောက်လာသဖြင့် ပရိသတ်၏ လက်ခုပ်သြဘာသံများ ပေါ်ထွက်လာသည်။ သြဘာသံစဲသွားသည်နှင့် တစ်ပြိုင်နက် လီမန်း၏ စန္ဒရားသံ ထွက်ပေါ်လာသည်။

လီမန်းတီးနေသည်မှာ ရှိုပင်၏တေး ဖြစ်သည်။ တေးသံဆုံးသွားသည့်အခါ လက်ခုပ်သံများ ကြားရပြန်သည်။ 'လူစီက ရှင့်လောက်တော့ နားမလည်ဘူး၊ ဒါပေမယ့် အခု နားထောင်လိုက်ရတဲ့ လက်သံကတော့ သိပ်ကောင်းတာပဲ' ဟု လူစီက ဆိုသည်။

'ဟုတ်တယ်၊ ဒါဟာ သူ့ရဲ့နည်းပညာ'ဟု မစ္စဖဟာ့ကင်းက ပြောသည်။ 'အများကပြောကြတယ်၊ လီမန်းဟာ တစ်နေ့ကို ခြောက်နာရီတိတိ အမြဲလေ့ကျင့်တယ်တဲ့'

လူစီသည် လီမန်း၏ဖြေဖျော်မှု ပထမပိုင်းကိုတော့ စိတ်ဝင်တစား နားထောင်နိုင်သည်။ ဒုတိယပိုင်းကျတော့ သိပ်ပြီး အာရုံစူးစိုက်၍မရ။ မျက်လုံးများကို မှိတ်၍ နားစွင့်ကြည့်သော်လည်း မရ။ သူ့စိတ်သည် မျှလွင့်နေသည်။ တစ်ခါတစ်ရံကျတော့လည်း သူသည် တေးဂီတသံကြားတွင် အလိုက်သင့် မျောပါသွားသည်။ ထိုအခါကျပြန်တော့လည်း သူ့ရင်ထဲတွင် ရေလှိုင်းများ စီးနေရသည့်နှယ် ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com

နွားရှာသည် ကျယ်လောလိုက် တိုးသွားလိုက်၊ နောက်ဆုံးတွင် နွားရှာသည် တိုး၍တိုး၍ ကျယ်လာပြီး ဖြည်းဖြည်းချင်းတိုးသွားကာ ဖျတ်ခနဲရပ်သွားသည်။ ထို့နောက်တွင်မူ တိတ်ဆိတ်ငြိမ်သက်မှု။

လူစီသည် မျက်လုံးများကို အလန့်တကြားဖွင့်လိုက်သည်။ မစ္စဟော့ကင်းက လူစီအား ကြည့်ပြီး ကြိတ်၍ရယ်သည်။ 'ကိုယ်ကတော့ မင်းအိပ်ပျော်သွားပြီလို့ ထင်တာ' ဟု ပြောသည်။ 'မင့်ဟောက်သံကိုတောင် ကိုယ် ကြားလိုက်မိသလိုပဲ'

'ဟင့်အင်း...မအိပ်ပါဘူး' ဟု လူစီက ငြင်းသည်။ 'လူစီ သိပ်ကြိုက်ပါတယ်၊ တကယ်ပြောတာပါ'

မစ္စဟော့ကင်းက ထပ်၍ရယ်ပြန်သည်။ သူတို့သည်လည်း လမ်းမပေါ်တွင် ငြိမ်ဆိတ်စွာလျှောက်လာကြသည်။ မိုးနှင်းများ စဲသွားလေပြီ။ ပတ်ဝန်းကျင်သည် ခြောက်သွေ့လျက်ရှိသည်။

'လူစီ...ရှင့်ကို ကျေးဇူးတင်လို့ မဆုံးတော့ဘူး၊ ဒီနေ့ နေ့ခင်း ရှင့်ကြောင့် လူစီ အများကြီးကို စိတ်ချမ်းသာခဲ့ရပါတယ်'

'မဖြစ်လောက်ပါဘူး လူစီရယ်' ဟု မစ္စတာဟော့ကင်း၏ မျက်နှာကို မော့ကြည့်သည်။ သူ့မျက်နှာသည် စိတ်ရှုပ်သွားသည့် အရိပ်လက္ခဏာကို ဖော်ပြလျက်ရှိ၏။



'တခြားဟာတော့ မတွေးပါနဲ့ လူစီရယ်၊ ကိုယ်ပြောမယ့်ကိစ္စက ဒီလိုပါ၊ ဒီကိစ္စကို အရင်ကလဲ ကိုယ်တွေးမိခဲ့ဖူးပါတယ်၊ ဒါပေမယ့် မပြောဖြစ်ခဲ့ဘူး' ဟု မစ္စတာဟော့ကင်းက ရှင်းပြသည်။ 'ကိုယ်တို့နှစ်ယောက်ဟာ တစ်ဦးချင်းစီ နေကြရတဲ့လူတွေ မဟုတ်လား၊ တစ်ခါတစ်ရံမှသာ လူချင်းဆုံကြရတာ၊ ကိုယ့်အနေနဲ့ မင့်အပေါ်မှာ သံယောဇဉ်ဖြစ်မိတာ အမှန်ပဲ၊ အဲဒီတော့ မင်း ကိုယ်နဲ့လာနေပါလား၊ ကိုယ့်အိမ်ကို ရွှေ့လာပြီး အတူတူနေဖို့ ပြောတာပါ'

လူစီသည် မျက်လွှာကိုချဖို့ ခေါင်းကိုငုံ့ထား အချိန်အတန်ကြာမျှ စဉ်းစားနေသည်။

'ဒါကျတော့ လူစီ ရုတ်တရက် မသိဘူး၊ လူစီ့အိမ်ကို ပစ်ထားဖို့ကလဲ ခက်တယ်' ဟု ပြောသည်။

'ဒါပေမယ့် မင့်မှာက အိမ်ရှိဖို့မလိုအပ်တဲ့ အခြေအနေ မဟုတ်လား၊ တစ်နေကုန် အိမ်မှာနေရတာမှ မဟုတ်ဘဲ၊ မင့်သားလေးကလဲ ကျောင်းမှာ၊ ကျောင်းပိတ်မှသာ တို့ဆီ ပြန်လာပြီးနေရမှာ၊ ပြီးတော့ ကိုယ့်ကို ခွင့်လွှတ်စေချင်တယ်၊ မင့်မှာ စရိတ်စက အများကြီးသက်သာသွားလိမ့်မယ်လို့ ထင်တယ်'

'ကောင်းတော့ ကောင်းပါတယ်၊ ရှင်ပေးတဲ့ အကြံဟာ မဆိုးပါဘူး၊ ဒါပေမယ့်...'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ကတော့ မင့်ကို လက်ခံဖို့ ဝန်မလေးပါဘူး၊ စဉ်းစားစေချင်တယ်'

'လူစီ စဉ်းစားပါဦးမယ်'

လူစီသည် မစ္စဟောကင်းအား ခင်မင်သူဖြစ်သည်။ ထို့ကြောင့် ပစ်ပစ်ခါခါ မငြင်းရက်။ ချက်ချင်းကြီး ငြင်းလိုက်လျှင် မစ္စဟောကင်း စိတ်ထိခိုက်သွားမည်ကို စိုးရိမ်ရသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ မစ္စဟောကင်းရှိ ကြမ်းလှမ်းမှုကို သူမ မစဉ်းစားဘဲတော့ မနေနိုင်။ အထူးသဖြင့် အိမ်အတွက် ကုန်ကျစရိတ်ငွေ သက်သာသွားမည့် အရေးသည် စဉ်းစားသင့်သည့်အချက်ဖြစ်၏။ သို့သော်လည်း သူ့အိမ်ကို စွန့်လွှတ်ဖို့ကျတော့ မလွယ်။ သူ့ဘဝအတွက် လုံခြုံမှုရှိသော နေရာကို စွန့်လွှတ်ရန်မှာ ခက်ခဲလှ၏။ ကိုယ့်အိမ် ကိုယ်ယာတွင် ကိုယ့်အိမ်ထောင်ပရိဘောဂနှင့် နေရခြင်းမှာ ဂုဏ်သိက္ခာ မြင့်မားသည့် အခြေအနေတစ်ရပ် မဟုတ်ပါလော။

အမှန်တော့ သူသည် မစ္စဟောကင်းကို အလွန်ခင်မင်လေးစားသူဖြစ်သည်။ အဆင့်အတန်း မြင့်သူတစ်ဦးဟုလည်း အသိအမှတ်ပြုထားသူ ဖြစ်သည်။ သို့သော်လည်း သူ့တွင် ခပ်ကြောင်ကြောင် အတွေးအခေါ် အယူအဆများ ရှိနေသည်ကိုမူ မစဉ်းစားဘဲ နေလို့မဖြစ်။ မစ္စဟောကင်းသည် ဂုဏ်သိက္ခာနှင့် တည်တည်ငြိမ်ငြိမ် မနေတတ်သည်မှာ မှန်



သော်လည်း တစ်ခါတစ်ရံတွင် ရွှတ်နောက်နောက် လုပ်တတ်သောအကျင့် ရှိနေသည်။ သို့ဖြစ်ရာ သူ့အနေဖြင့် မစ္စဟောကင်း၏ ထူးခြားသောသဘာဝနှင့် အကျင့်စရိုက်များကို ထည့်သွင်းပြီး မစဉ်းစား၍မရ။

လူချင်းခွဲကြရတော့မည့်နေရာသို့ ရောက်လာကြပြီ။ 'ဒီနေ့တော့ ပျော်စရာသိပ်ကောင်းတာပဲ၊ လူစီ' ဟု မစ္စဟောကင်းက ပြောသည်။ 'အခုတော့ ခွဲကြရတော့မယ်'

'ကိစ္စမရှိပါဘူး၊ မစ္စဟောကင်းရဲ့ ကမ်းလှမ်းချက်ကို လူစီ စဉ်းစားဦးမှာပါ'ဟု လူစီက ပြန်ပြောသည်။ 'လူစီ့အပေါ် စေတနာ ကရုဏာထားတဲ့အတွက် သိပ်ကိုကျေးဇူးတင်ပါတယ် ရှင်'

နှစ်ယောက်သား လူချင်းခွဲကာ ကိုယ့်လမ်းကိုယ် ပြန်လျှောက်လာခဲ့ကြသည်။

သူ ကတိပေးခဲ့သည့်အတိုင်း လူစီသည် မစ္စဟောကင်း၏ အကြံပြုချက်ကို စဉ်းစားခဲ့သည်။ သို့သော်လည်း ရုတ်တရက် ချက်ချင်းဆုံးဖြတ်၍မရ။ အကောင်းနှင့်အဆိုး နှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားနေရခြင်းဖြစ်၍ ဆယ်ရက်မျှ ကြာခဲ့သည်။ ထိုအတောအတွင်းတွင် ဆုံးဖြတ်ချက်တစ်ခု ချမြန်စွာ ချနိုင်ရန် တွန်းအားပေးသည့် အဖြစ်တစ်ခုသည် မမျှော်လင့်ဘဲနှင့် ပေါ်ပေါက်လာခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေခင်းတွင် ပေါ်လီ အလည်ရောက်လာသည်။ ဝတ်စုံ၊ ဆင်ယင်ထားပုံမှာ တစ်ခမ်းတစ်နား၊ အိမ်ထဲဝင်လာသည့်ပုံမှာ ဝဝဖိုင့်ဖိုင့် ကိုယ်ခန္ဓာကြီးကို တပင်တပန်း သယ်လာနေရပုံဖြစ်သည်။ လူစီသည် ပေါ်လီအား အေးတိအေးစက် ဆီးကြိုသည်။ အမှန်တော့ ပေါ်လီသည် သူ့အပေါ် ဘာမှလုပ်ခဲ့သူမဟုတ်။ ပေါ်လီသည် ဂျိုးမဟုတ်။ သို့သော်လည်း ပေါ်လီသည် သူ့ရန်သူ၏အိမ်မှ လာသူဖြစ်၍ ယုံကြည်စိတ်ချခြင်းမရှိ။ ဂျိုးက စေလွှတ်၍ ရောက်လာခြင်းလည်း ဖြစ်နိုင်သည်ဟု လူစီက ထင်သည်။

ပေါ်လီသည် ထိုင်မိသည်နှင့်တစ်ပြိုင်နက် စကားတွေ ဖောင်နေအောင်ပြောသည်။ အရှိန်ရလာသည့် အခါကျမှ 'ဆရာကြီးက မင်း ဘယ်လိုနေတယ် ထိုင်တယ်ဆိုတာ သွားကြည့်ပါဦးလို့ ခိုင်းလိုက်လို့လာရတာတော့' ဟု ပြောသည်။ ပေါ်လီသည် ဂျိုးအား မကြာခဏ 'ဆရာကြီး' ဟု ခေါ်လေ့ရှိသည်ကို နားလည်ထားသော လူစီသည် ဂျိုးက ခိုင်း၍ လာခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။

'အြော်....ဟုတ်လား' ဟု လူစီက အလိုက်သင့် ရေရွတ်သည်။

'ဒီရက်ပိုင်းထဲမှာ လူစီ အကယ်ဒ်ာပ်နဲ့ကော တွေ့မိသေးလား' ဟု ပေါ်လီက မေးသည်။



'ဟင့်အင်း—မတွေ့ဘူး'

ပေါ်လီ၏မျက်နှာသည် ချက်ချင်းပင် စိတ်သက်သာရာ ရသွားသည့် လက္ခဏာကို ဖော်ပြသည်။ ပေါ်လီ၏ အပြုအမူများကို ကြည့်ခြင်းအားဖြင့် ဂျိုးက လွှတ်ပြီးစုံစမ်းခိုင်းသည်ဟု သံသယဝင်စရာဖြစ်လာသည်။

'မင်းက ဆရာကြီး ကူညီစောင့်မထားက် ဘာပြုလို့ လက်မခံချင်ရတာလဲ လူစီရယ်' ဟု ပေါ်လီကပြောသည်။ 'သူဟာ သဘောကောင်းပါတယ်။ ဒီမှာကြည့်စမ်း၊ ငါဝတ်လာတဲ့ အဝတ်တွေ၊ အဲဒါ သူဝယ်ပေးထားတာတွေပေါ့'

ပြောပြောဆိုဆို ပေါ်လီက သူ့အဝတ်များကို ကိုင်ပြ ပြသည်။ 'ဒါတွေ အားလုံး ပေါင်နှစ်ဆယ်ကျတယ်၊ သူဝယ်ပေးတာ။ အဲဒါ ငါ့အစ်ကိုဝယ်ပေးတာ' ဟု ပြောသည်။

'ဟုတ်လား' ဟု လူစီက မလိုတမာသံဖြင့် ရေရွတ်သည်။

'ယောကျ်ားတစ်ယောက်ကို ချဉ်းကပ်ပုံမှန်သွားရင် မင့်အဖို့ ဘာမှပူစရာမလိုတော့ဘူး လူစီရဲ့၊ သူက ငွေကိုနှမြောတဲ့လူ မဟုတ်ဘူး၊ နားလည်လား'

ပေါ်လီသည် စကားကိုဖြတ်ထားပြီး လူစီအား အကဲခတ်သည်။ 'အခုလဲ မင့်ကို သူ့ဆီလာဖို့ ဖိတ်ခိုင်းလိုက်တယ်၊ ဂျိုးကိုယ်တိုင်က ပီတီတာနေ့ဘ်း မင်းလက်ခံသင့်တယ်၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



ထင်တာကတော့ မင့်အတွက်ဆိုရင် ဂျိုးက ဘယ်လောက်ပဲ ကုန်ကုန်၊ ငွေအကုန်ခံမယ့်သဘောရှိတယ်။ မင်း သူဖိတ်တာကို မလာရင်တော့ အရှုံးပဲ'

လူစီက နှုတ်ခမ်းကိုမဲ့လိုက်သည်။ 'ကျွန်မကတော့ အရှုံး ဖြစ်ရတာကို မှုပြီး သဘောကျတယ်' ဟု ပြန်ပြောသည်။

ပေါ်လီက လူစီအား စိုက်ကြည့်နေပြန်သည်။ 'အေး...ဒီလို ဆိုရင်တော့ မင်းဟာအရှုံးပဲ၊ မင်းဟာ ပေါင်မုန့်ရဲ့ ဘယ် အပိုင်းကို ထောပတ်သုတ်ထားတယ်ဆိုတာ မသိတဲ့လူပဲ၊ မင်းသာ ပါးနပ်ရင် တို့ဆီလာပြီး တို့နဲ့နေလိုက်ရုံပဲ'

'ကျွန်မ ရှင်တို့ဆီလာနေဖို့မလိုဘူး၊ ကျွန်မမှာလဲ ကိုယ့် အစီအစဉ်နဲ့ကိုယ် ရှိထားတယ်၊ ကျွန်မကို အမျိုးသမီးကြီး တစ်ယောက်က သူနဲ့လာနေဖို့ ပြောထားပြီးပြီ'

'ဟုတ်လား'

'ဟုတ်တယ်၊ ရှင့်အစ်ကို ဂျိုးကိုပြောပြလိုက်၊ ကျွန်မ သူ့ဆီက ဘာအကူအညီမှမလိုချင်ဘူးလို့၊ ပြီးတော့ ဘာတဲ့၊ အဲဒီမှာလာနေဖို့ တဲ့။ ဘယ်တော့မှ မနေဘူး နားလည်လား'

လူစီကပြောပြောဆိုဆို လှောင်ရယ် ရယ်သည်။ ပေါ်လီ၏ မျက်နှာသည် နီရဲသွားသည်။ 'နင် ငါတို့အမျိုးထဲကလူနဲ့ ရတာ အံ့သြဖို့ကောင်းတယ်' ဟုပြောသည်။ 'နင်က ငါတို့ကို နင့်ခြေထောက်အောက်ကမြေမှုန့် လောက် ထင်နေတဲ့ မိန်းမပဲ'



'ကျွန်မ ဖခင်နဲ့ကိုသာ လက်ထပ်ခဲ့တာ၊ ဖခင်ဟာ လူကြီး လူကောင်းတစ်ယောက်ပဲ'

'အိုး.... ဖခင်နဲ့ ဂျိုးအတူတူပဲ၊ ဖခင်ဝယ်ဝှယ်တုန်းကလဲ မိန်းမတွေနောက် တကောက်ကောက်လိုက်ပြီး ကျာဘူးကျ ခဲ့တာပဲ၊ နင် နားထောင်ချင်ရင် ငါပြောပြနိုင်တယ်'

လူစီ့မျက်လုံးများသည် အရောင် တစ်လက်လက် ထွက် လာသည်။ 'ရှင် အခု ချက်ချင်း ကျွန်မ အိမ်ထဲက ထွက်သွား' ဟု ဒေါသတကြီးအော်သည်။ လူစီသည် အလွန်စွာပြီး နှုတ် လျှာ ကြမ်းသော ပေါ်လီအား အောင်မြင်စွာ နှင်ထုတ်နိုင် ခဲ့သည်။ ပေါ်လီသည် ပါးစပ်မှ ပေါက်တတ်ကရစကားများ ကို တပျစ်တောက်တောက်ပြောကာ အိမ်ထဲမှ ထွက်သွား သည်။

ဤသို့ဖြင့် ကံကြမ္မာသည် လူစီအား မစ္စဟောဖ်ကင်း၏ ထမ်းလှမ်းမှုကို လက်ခံရန် တွန်းအားပေးခဲ့သည်။ သို့သော် သည်း ယင်းကမ်းလှမ်းမှုကို လက်ခံနိုင်ရန် အကောင်အထည် ဖော်သည့်အခါတွင်မူ ကံကြမ္မာက ကူညီခြင်း မပြုတော့ပေ။ လူစီ့ဘာသာလူစီ စီမံဖန်တီးကာ သူ့လမ်း သူလျှောက်နိုင်မှု ကြိုးစားအားထုတ်ရလေတော့သည်။

မထမဆုံး လူစီ စဉ်းစားရသည်မှာ ပေါ်လီအား ပြော လိုက်သည့်အတိုင်း မစ္စဟောဖ်ကင်းထံ သွားနေမလား၊ မနေ

www.burmeseclassic.com

www.burmeseclassic.com



ဘူးလားဟု စဉ်းစားရခြင်းဖြစ်သည်။ ဒုတိယစဉ်းစားရသည်မှာ သူပြောလိုက်သည့်စကားကို အလေးအနက်မထားတော့ဘဲ မနေ့ကတော့ဘူးဟု ဆုံးဖြတ်သင့်မသင့် စဉ်းစားရခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ပေါလီ အလည်လာပြီး နောက်တစ်နေ့တွင်မူ လူစီသည် မစ္စဟော့အင်း ပြောသည့်အတိုင်း လုပ်ရန် သဘောတူကြောင်း ပြောပြလိုက်သည်။ မစ္စဟော့တင်းသည် အတိုင်းအဆမသိနိုင်လောက်အောင်ပင် ဝမ်းသာရွှင်မြူးလျက်ရှိလေသည်။

ပထမတော့ လူစီသည် သူ့အိမ်ကို ခြေရာလက်ရာမပျက် ထိန်းသိမ်းထားလိုသော ဆန္ဒကြောင့် အိမ်တွင်းရှိ ပရိဘောဂပစ္စည်းများကိုပါငှားရန် စိတ်ကူးရခဲ့၏။ ယင်းကဲ့သို့ငှားလိုက်ခြင်းအားဖြင့် ဝင်ငွေအပိုလည်း ရလာနိုင်မည် မဟုတ်ပါလော။ သို့သော်လည်း အိမ်ဝယ်အိမ်ငှား လုပ်ငန်းများကို ချုပ်ကိုင်ထားသော ကိုယ်စားလှယ်က လုံးဝလက်မခံဘဲ ခါးခါးသီးသီး ငြင်းပယ်ခဲ့သည်။ ယင်းကဲ့သို့ လုပ်၍ မဖြစ်နိုင်ကြောင်း၊ လုပ်ရိုးထုံးစံလည်းမရှိကြောင်း စသည်ဖြင့် ငြင်းဆန်ကာ သူ့သဘောအတိုင်း မဖြစ်နိုင်ပါက အိမ်ငှားကို ကိုယ့်ဘာသာကိုယ် ရှာပါဟု ပြောလာသည်။

ထို့ကြောင့် လူစီသည် သူ့အိမ်ထောင်ပရိဘောဂပစ္စည်းအားလုံးကို ရောင်းချရတော့မည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ တစ်နေရာတွင် သိမ်းဆည်း သိုလှောင်ထားမည်ဆိုသ



ဖြစ်နိုင်သော်လည်း ပေးရမည့် အခကြေးငွေက မနည်း။ မစ္စဟော့တင်း၏ တစ်ထပ်တိုက် ကလေးအတွင်း၌လည်း နှစ်အိမ်ထောင်စာ ပစ္စည်းများထား၍ မရ။ လူစီသည် ရွှေ့ပြောင်းနေထိုင်ရေးကိစ္စအပေါ်တွင် ချီတုံချတုံဖြစ်ရပြန်၏။ သို့သော်လည်း လောလောဆယ်တွင် ဤပစ္စည်းများကို မလိုအပ်သေးခြင်းနှင့် ပီတာကလည်း နောက်ထပ် ငါးနှစ် တိတိကျောင်းတက် နေရဦးမည့် အခြေအနေရှိခြင်း စသည်တို့ကြောင့် ပစ္စည်းများကို ရောင်းလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ဤသို့ဖြင့် လူစီ၏ပစ္စည်းများသည် မြို့တွင်းရှိ အရောင်းပြခန်းတစ်ခုအတွင်းသို့ ရွှေ့သွားသည်။ ဝယ်ရောင်းသမားတစ်ဦးက ဝယ်ယူသွားခဲ့သဖြင့် ချက်ချင်းပင်ဆာဆင်ပြောင်းသွားခဲ့၏။ သို့သော်လည်း ဖရန်နှင့်အတူ သူ ထွက်၍စိတ်တူကိုယ်တူ ဝယ်ယူထားသောပစ္စည်းများဖြစ်ပြီး နှစ်ပေါင်းများစွာကိုင်တွယ်သုံးစွဲလာရသော ပစ္စည်းများဖြစ်သဖြင့် လူစီ့တွင် များစွာ ထိခိုက်ခဲ့ရ၏။ ပစ္စည်းများသည် နာမည်ကြီး ကိုး စတိုးဆိုင်ကြီးမှ ဝယ်ယူထားခြင်းဖြစ်၍ အဖိုးတန်များဖြစ်၏။ ဤပစ္စည်းများကို ပိုင်ဆိုင်ရခြင်းသည် ဂုဏ်သိက္ခာ တက် သော ကိစ္စတစ်ခုပင်ဖြစ်ရာ လူစီအဖို့ များစွာကြေကွဲခြင်း ဖြစ်ရလေသည်။

ရောင်းရငွေကလည်း စိတ်ဆင်းရဲစရာ ကောင်းလောက်အောင်ပင် နည်းပါးလှသည်ဖြစ်ရာ သူ့အဖို့ ပို၍စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်။ ပစ္စည်းအားလုံး၏ ဈေးနှုန်းရငွေသည် ပေါင်သုံးဆယ်ကျော်ဆလေးမျှသာဖြစ်ရာ လူစီ့အနေဖြင့် မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်ခဲ့ရသည်။

သူ့လက်ထဲတွင် သူသုံးနေသည့် အဝတ်ဗီရို၊ သူ့မိခင်၏ ခေါင်းအုံးနှင့် သူ့အိပ်ခန်းထဲ၌ ထိုင်နေကျ ပက်လက်ကုလားထိုင် တစ်လုံးတော့ ကျန်ခဲ့၏။

ထို့နောက် ဖေဖော်ဝါရီလဆန်းပိုင်း တစ်ညနေခင်းတွင် အလုပ်မှ ပြန်လာသော လူစီသည် နောက်ဆုံးနေ့အဖြစ် သူ့အိမ်ထဲသို့ ဝင်ခဲ့သည်၊ အိမ်ထဲတွင် ဘာပစ္စည်းမှ မရှိ။ ဤအိမ်ထဲ၌ သူ့ဘဝနှင့် တရင်းတနှီးရှိသော ဖြစ်ရပ်များသည် တစ်ပိုင်းတစ်စစီ ပေါ်လာလျက်ရှိ၏။

သူ့မျက်လုံးအစုံတွင် မျက်ရည်များပြည့်လျှံလာသည်။ ဤအိမ်သည် သူနှင့် ဖရန့်တို့၏ အိမ်ထောင်ဦး ဖြစ်၏။ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြင်နာစွာ နေခဲ့ကြ၏။ ဤအိမ်ထဲမှာပင် သူ့အချစ်သည် ပျက်သုဉ်းသလို ဖြစ်ခဲ့ရ၏။ ထို့နောက်တော့ ဖရန့်ကို ဆုံးရှုံးခဲ့ရ၏။

ရုတ်တရက် လူစီသည် ဝမ်းနည်းပက်လက်ဖြစ်ရော ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ ဘာ့ကြောင့်များ ဒီလိုတွေဖြစ်လာရပါလိမ့်ဟုလည်း တွေးမိသည်။ ထို့နောက်တော့ သူ့စိတ်ကို ပြန်ထိန်းရော အိမ်ပြင်သို့ ထွက်လာခဲ့ပြီး ဥယျာဉ်ထဲသို့ ဝင်ခဲ့သည်။



ဥယျာဉ်ထဲရှိ မြေ၏ အပေါ်ယံအလွှာများသည် တင်းမာလျက်ရှိကြ၏။ မြေကြီးထဲမှ အပင်ပေါက်ကလေးအနည်းငယ်မျှ အပြင်သို့ တိုးထွက် နေသည်ကို မြင်ရသည်။ ခြောက်သွေ့ယောင်းနေသော ဂန်းသီးပင်မှ ကိုင်းနှစ်ကိုင်းသည် လက်များဆန့်တန်းထားသည့်နှယ် အပြင်သို့ဖြာထွက်နေကြသည်။ သို့သော်လည်း နှစ်ကိုင်းစလုံး စိုပြည်လန်းဆန်းခြင်းမရှိ။ လူသွားလမ်းကလေးတစ်လျှောက် ခင်းထားသည့် ကျောက်စရစ်ခဲများသည် မိုးရေနှင့် နှင်းပေါက်တို့၏ မွှတ်တိုက်ဆေးကြောပေးထားမှုကြောင့် တပြောင်ပြောင် တလက်လက်ဖြစ်နေကြသည်။ ဤကျောက်စရစ်ခဲများသည် ဖရန့်နှင့်သူ စုဆောင်းသယ်ယူပြီး ဤလမ်းပေါ် ခင်းထားခဲ့ကြသည် မဟုတ်ပါလား။

နောက်ဆုံးတွင် သူသည် အိမ်ကိုသော့ခတ်ပြီး အပြင်သို့ထွက်လာခဲ့သည်။ မျက်ရည်စများကတော့ မျက်လုံးအစုံတွင် တွဲလဲခိုနေကြဆဲ။ သူသည် အိမ်သော့ကို ကိုယ်စားလှယ်ထံသို့ အပ်လိုက်ပြီး တောင်ကုန်း လမ်းအတိုင်း တက်လာခဲ့သည်။ 'ဗိတိုရိယဆာရီဆင်း' အတွင်းရှိ မစ္စဟော့ကင်း၏ တိုက်ရှေ့တွင် တစ်ခဏမျှရပ်သည်။ ထို့နောက်တော့ မန်းကျေးလေးလံသော ခြေလှမ်းများဖြင့် အိမ်ထဲသို့ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

မစ္စဟော့ဂင်း၏ တစ်ထပ်တိုက်ကလေးသည် အနုပညာဆန်သည်၊ ခေတ်မီ၍ လှပသောတိုက်ကလေး ဖြစ်၍ နေချင့်စဖွယ်ရှိသည်၊ အပြင်အဆင် အခင်းအကျင်းများမှာလည်း ရိုးရိုးရှင်းရှင်းနှင့် စနစ်တကျရှိသည်၊ အိမ်ထောင်ပရိဘောဂများကလည်း အကောင်းစားများ ဖြစ်သည်။ မစ္စဟော့ဂင်း၏ အိပ်ရာခုတင်သည် ကြီးမားထည်ဝါလှ၏။ သူ့ စန္ဒရားကို ဧည့်ခန်းထဲ၌ထားသည်၊ စားပွဲတစ်လုံးပေါ်တွင်မူ စာအုပ်များ....၊ အားလုံးကို ခြုံကြည့်လိုက်လျှင် နှစ်လိုဖွယ်ရာကောင်းသည်၊ လူစိ အဖို့တော့ နှစ်သက်စရာကောင်းသည့် အိမ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှစိသည် အိမ်ကိုလည်းသဘောကျသည်။ သူ့အဖော်သစ်ကိုလည်း သဘောကျသည်။ သို့သော်လည်း မစ္စဟော့ကင်း၏ 'အဆင့်အတန်း'ကိုမူ သတ်မှတ်၍မရ။ မစ္စဟော့ကင်းကမူ သူသည် သွားချင်ရာသွားပြီး နေချင်သည့် နေရာ၌ နေသူဟု ဝန်ခံစကားပြောသည်။

တစ်ခါတစ်ရံကျင်မူ သူသည် သူ့ကိုယ်သူ 'အမျိုး၏အစွန်းပစ်ခံ လူတစ်ယောက်'ဟု ရယ်စရာမောထာဖြင့် ပြောလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ သူ အတိတ်ဖိလန်၌ ဘာ့ကြောင့်တစ်ယောက်တည်း လာနေရသည်ကိုမူ ဘယ်တော့မှ ရှင်းပြလေ့မရှိ။ သူ့တွင် ဝါသနာတူ အကျင့်တူ မိတ်ဆွေအနည်းငယ်ရှိသည်ဟုလည်း၊ ပြောပြလေ့ရှိ၏။ သူ့တွင် မောင်တစ်ယောက်ရှိသည်ဟု ဆိုသော်လည်း သူ့မောင် အကြောင်းကို မပြောခဲ့လှ၏။ သူ့မောင်သည် အင်္ဂလန်နိုင်ငံ တောင်ပိုင်းဒေသရှိ ဇာတိမြို့ထလေး၌ နေထိုင်လျက်ရှိသည်ဟုသာ ပြောခဲ့ဖူး၏။ တကယ်တော့ မစ္စဟော့ကင်း၏ အကျင့်စရိုက်များနှင့်ပတ်သက်၍ လှစိ နားမလည်သည့် အချက်များ ရှိနေဆဲပင်ဖြစ်၏၊ တစ်ရက်တွင်မူ လှစိသည် မစ္စဟော့ကင်း၏ အခြေခံအကျင့်စရိုက်နှင့် ပတ်သက်၍ အံ့အားသင့်စရာ အဖြစ်နှင့်ရင်ဆိုင်ခဲ့ရဖူးလေသည်။

မစ္စဟော့ကင်း၏ အိမ်သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် သီတင်းပတ် အနည်းငယ်မျှအကြာ တနင်္ဂနွေ တစ်ရက်တွင်



လှစိသည် ညှော်ခန်း ပြတင်းပေါက်အနီး၌ ထိုင်နေသည်။ မစ္စက်ဒစ်ထင်း ချက်ပြုတ်ကျွေးမွေးသည့် အရသာ ရှိသော နေ့လယ်စာကို စားပြီးစ ဖြစ်၍ ဗိုက်လေးလေးနှင့် တစ်ယောက်တည်းထိုင်၍ နားနေလိုသောဆန္ဒရှိနေချိန် ဖြစ်သည်။ သူသည် သစ်ရွက်များဖြင့် စိုပြည် စိမ်းလန်းနေသော သစ်ပင်များကိုကြည့်ကာ ရောက်တတ်ရာရာများ တွေးတောလျက်ရှိသည်။ အောက်ဘက်အနိမ့်ပိုင်းထဲရှိ အိမ်ကြီးတစ်လုံးထဲမှ မြင်းရထားတစ်စီး မောင်းထွက် သွားသည်ကိုလည်း မြင်ရသည်။ ငြိမ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် လေနှင့်အတူ မျှောပါလာနေသော စန္ဒရားသံကိုလည်း ကြားနေရ၏။

နေရောင်သည် သူ့အပေါ်သို့ ဖြာဆင်းနေသဖြင့် သူ့အရိပ်သည် သူ့နောက်ဘက်အခန်းထဲတွင် ကျလျက်ရှိသည်၊ သူ့စိတ်သည် အတွေးများဖြင့် ဝေနေသော်လည်း ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှု၊ အေးချမ်းမှုနှင့် သာယာမှုများကိုမူကား အပြည့်အဝ ခံစားနေရသည်၊ သူ့စိတ်သည် သာယာပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း နှစ်ခုကြားတွင် ကျင်လည်ကျက်စားလျက် ရှိ၏။ ထိုအခိုက်တွင် မစ္စဟော့ကင်းသည် အခန်းထဲသို့ ဖြုန်းခနဲ ဝင်လာသည်။

'ကိုယ်တို့ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ရမယ့် အချိန် ရောက်နေပြီ'ဟု လှစိအား လှမ်းပြောသည်။

ယနေ့ တစ်မနက်ခင်းလုံး ဘုရားရှိခိုးကျောင်း၌ အချိန်ကုန်ခဲ့ရသော လှစိသည် အေးအေးသာသာ အနားယူချင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြင်းပြလျက်ရှိသည်ဖြစ်ရာ မစ္စဟော့ကင်းအား ဖျတ်ခနဲ မော့ကြည့်သည်။

'လူစီ သိပ်ပြီး နားချင်နေတယ်၊ တစ်ပတ်လုံး လမ်းလျှောက်နေရတဲ့လူ ဆိုတော့ အခုလိုရက်မှာ နားချင်တာပေါ့'

'ဟာ…လူစီရာလဲ၊ ဒီအချိန်ဟာ လူစီလမ်းလျှောက်ရမယ့် အချိန်ကွယ့်'ဟု မစ္စဟော့ကင်းက ဇွတ်ပြောနေသည်။ သူက ထုံးစံအတိုင်း ရွှင်မြူးလျက်ရှိသည်။ 'သိပ်ကို သာယာတဲ့နေ့ ဆိုတော့ 'ဖေရီ' ကလဲ အပြင်ထွက်ချင်လွန်းလို့ နုံ့နေပြီ၊ ကိုယ်တို့နှစ်ယောက်စလုံး လက်လွှတ်မခံသင့်တဲ့ နေ့တစ်နေ့ လူစီရဲ့၊ ကဲ…လာပါ၊ သွားကြရအောင်'

ဆိုဖာအောက်၌ ဝပ်ပြီး မှိန်းနေသော ဖေရီသည် မစ္စဟော့ကင်း၏အသံကို ကြားသဖြင့် မော့ကြည့်နေသည်။

လူ ဘာစ်ဘက်သားအား စိတ်ညစ် စိတ်ရှုပ်သွားအောင် မလုပ်လိုသော လူစီသည် စိတ်မပါတပါဖြင့်ပင် 'ဒီလိုဆိုလဲ လိုက်တာပေါ့လေ၊ ဒါပေမယ့် လူစီ ပင်ပန်းနေတယ်၊ လမ်းများများလျှောက်ချင်စိတ်တော့ မရှိဘူး'ဟု ပြန်ပြောကာ ထိုင်ရာမှ ထရပ်လိုက်သည်။

'ဒီလိုမှပေါ့ လူစီရယ်' ဟု မစ္စဟော့ကင်းက ပြန်ပြောသည်။ 'မင်း ဒီနေ့ ဘယ်လောက်လှနေတယ်ဆိုတာ မင်းကိုယ်



မင်း မသိဘူး၊ အခုလိုထိုင်ပြီး ငိုင်နေမယ့်အစား အပြင်ထွက်လိုက်ရင် သိပ်ကောင်းသွားမှာ'

လူစီက ပြုံးသည်။ 'ကောင်းပါပြီလေ၊ လိုက်စေချင်ရင် လူစီ လိုက်ပါ့မယ်'ဟု ပြောကာ သူ့ဦးထုပ်နှင့် လက်အိတ်များ သွားယူသည်။

'ကဲ…ထ ဖေရီ၊ အို…အို…လာ၊ ခွေးပျင်း တစ်ကောင် ဖြစ်သွားမယ်၊ လာ'

သူတို့သည် အပြင်သို့ ထွက်ခဲ့ကြသည်။ မစ္စဟော့ကင်းသည် စကားအမျိုးမပြတ် ပြောလာနေသည်။ ဖေရီကတော့ ခုန်လိုက် ပေါက်လိုက် ပြေးလိုက်လွှားလိုက်လုပ်ကာ မြူးထူးလျက် ရှိလေသည်။

ဖြေးဖြေးလေးလဲ မလျှောက်ပါရစေနှင့် လူစီက ကြိုတင်၍ ပြောထားသော်လည်း ဘာကယ်တမ်းလျှောက်သည့် အခါတွင်မူ မစ္စဟော့ကင်းသည် အဝေးကြီး ရောက်သည် အထိ လျှောက်သည်။ လူစီ စီးလာသည့်ဖိနပ်အသစ်သည် လူစီအား ဒုက္ခပေးနေလေပြီ။

လူစီသည် မလိုက်ချင့်လိုက်ချင်နှင့် လိုက်လာခဲ့ရာ၊ ကောင်းခြေရှိ တောအုပ်တွင်းသို့ ဆိုက်ရောက်လာကြသည်။ တော အုပ်အုပ်ဆိုင်းဆိုင်းနှင့် ငြိမ်ငြိမ်ဆိတ်ဆိတ် ရှိလှသည်။ မစ္စဟော့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသည် ရာသီဥတုအကြောင်း၊ သစ်ပင်များ အကြောင်း၊ ပန်းများအကြောင်း ပြောလာသည်။ တောအုပ် အလယ်သို့ ရောက်သည့်အခါ အပွင့်တွေဝေနေသည့် တောင်ချယ်ရီ ပင်ကြီးတစ်ပင်အောက်၌ ခဏနားနေကြသည်။

ထိုင်မိသည်နှင့်တစ်ပြိုင်နက် မစ္စဟောကင်းသည် မြက်ခင်း မြင့်ပေါ်၌ လှဲအိပ်လိုက်သည်။ လူစီကတော့ သူ့ဘေး၌ ထိုင်ရှာ၊ သစ်ပင်ကိုမှီ၍ အမောဖြေနေသည်။ အပင်ပေါ်မှ ပွင့်ချပ်များသည် လေထဲတွင်ပျံ့ဝဲကာ အောက်သို့ကျလာနေ ကြသည်။ အချို့ပွင့်ချပ်များသည် လူစီ၏ဆံပင်ပေါ်၌ ခိုနား ကြသည်။

'အိပ်ချင်လိုက်တာ'ဟု မျက်လုံးများကို မှိတ်ထားသော လူစီက ရေရွတ်သည်။

'အိပ်လိုက်ပါလား'ဟု သူ့အဖော်က တိုက်တွန်းသည်။ 'ကိုယ့်ဘေးမှာ လာအိပ်လှည့်'

လူစီက မအိပ်။ မစ္စဟောကင်း၏ အနေအထားအထိုင် အမြူ အမူကိုသာ စိတ်ဝင်တစား ကြည့်နေမိသည်။ တကယ်တော့ မစ္စဟောကင်းသည် မိန်းမချော တစ်ယောက် ဖြစ်သည်ကို သူ သတိမထားမိဘဲ မနေနိုင်။ ထိုအတွေးစင်လာသည့်အခါ စေ့စေ့ကာထက် ပို၍ ဂရုတစိုက် ကြည့်မိသည်။



'မင်း ဘာကြည့်တာလဲ၊ ကိုယ့်ပေါင်တံတွေလှလို့ ကြည့် နေတာလား'ဟု မစ္စဟောကင်းက ဖျတ်ခနဲ မော့ကြည့်ပြီး မေးသည်။

လူစီ့မျက်နှာသည် ရှက်စိတ်ဖြင့် နီရဲသွားကာ မျက်နှာကို လွှဲလိုက်သည်။

'ကိုယ့်ပေါင်တံတွေဟာ သိပ်လှတယ်လို့ ကိုယ်ကတော့ ထင်တာပဲ၊ ကိုယ်အဝတ် ချွတ်နေတုန်းမှာ မင်း ကြည့်သင့် တယ်၊ သိပ်ကို ချစ်စရာကောင်းတယ်'

လူစီသည် ဘာမှ ပြန်မပြော။ လှည့်၍လည်း မကြည့်။ ဤစကားမျိုး ပြောလာလျှင် ပြောသူအားအထင်သေးတတ် သောအကျင့် လူစီ့တွင်ရှိသည်မဟုတ်ပါလော။ သူသည် မစ္စဟောကင်း၏အကျင့်စရိုက်အပေါ် နားမလည်နိုင်အောင် ဖြစ်နေမိ၏။ မိမိသည် မိမိ၏ကိုယ်ခန္ဓာအလှကို သိပ်အလေး အနက်ထားပြီး ကြည့်နေလေ့ရှိသူမဟုတ်။

'ကိုယ်ကတော့ ကိုယ်တို့ရဲ့ခန္ဓာကိုယ်ကို အမြဲလှနေအောင် ဂရုစိုက်ရမယ့်တာဝန်ရှိတယ်လို့ ယူဆတယ်။ အမြဲတမ်း လှ နေအောင် ထိန်းသိမ်းစောင့်ရှောက်ထားရမယ်၊ ဒါဟာ ရှက်စရာအလုပ်မဟုတ်ဘူး၊ မင်းတော့ အဲဒီအယူအဆကို ကောင်းတယ်လို့မထင်ဘူးလား၊ မိန်းမတစ်ယောက်ရဲ့ ဝတ်

www.burmeseclassic.com

www.burmeseclassic.com



လစ်စလစ်အရပ်မှာ 'ဘုရားအခင်ရဲ့ ပန်တီးမှုတစ်ခုပဲ' ဟု မစ္စဟော့ဆင်းက ဆက်ပြောနေသည်။

'အင်း....'ဟု လူစီက ပြောလိုက်သော်လည်း မစ္စဟော့ကင်း၏ စကားကို သဘောလည်းမကျ၊ နားလည်းမလည်။

'ဒါနဲ့ ခလေး ကိုယ် မင့်ကို တစ်ခုမေးရဦးမယ်၊ မင်း အိမ်ထောင်ပြုတော့ ပျော်ခဲ့သလား'

'အင်း....'

'သိပ်ပျော်ခဲ့သလား'

လူစီက မဖြေ။

'ကိုယ့်မှာ အကြောင်းရှိလို့ မေးတာပါ။ ဖြေချင်တယ်'

'လူစီ မဖြေချင်ဘူး'

လူစီ၏ စိတ်ထဲတွင် မစ္စဟော့ကင်း၏ အကျင့်စရိုက်နှင့် ပတ်သက်၍ စဉ်းစားရခက်လျက်ရှိသည်။

'သွားကြရအောင်'

ဟု ပြောကာ ထိုင်ရာမှထ၍ ထွက်လာခဲ့သည်။ 'အခုလို တရင်းတနှီးနဲ့ ပွင့်ပွင့်လင်းလင်း စကားပြောရတာ မကောင်းဘူးလား။ ကိုယ်ကတော့ ဆက်ပြောချင်သေးတယ်၊ ဗာင်နီဆင်ရဲ့ အကျော်အမေလေးထဲက စမ်းချောင်းလေး သေက်မပြတ်စီးနေသလိုပဲ ဖြစ်ချင်တယ်' ဟု မစ္စဟော့ကင်းက လှမ်းပြောသည်။

လူစီက အဖြေမပေးဘဲ ဆက်လျှောက်လာသည်။ အတန်ကြာသည့်အခါ မစ္စဟော့ကင်းသည် သူ့ကိုမီလာသည်။ သူသည် ရွှင်မြူးလျက်ပင်ရှိသည်။ အလာတုန်းကလိုပင် စကားတွေကို တဖောင်ဖောင် ပြောလာသည်။

လူစီကတော့ ရွှင်လန်းချမ်းမြည့်ခြင်းမရှိ။ သူသည် မစ္စဟော့ကင်း၏ အပေါ် နားမလည်သည့်စိတ်ကြောင့် နောက်ကျလျက်ရှိသည်။ နောက်ဆုံးတွင် သူတို့သည် အက်ဒ်ဖီသင်သို့ ပြန်ရောက်လာကြသည်။ ဂါစ်ဒင်လမ်းပေါ်သို့ အတက်တွင် လူစီက 'အိမ်ပြန်ရောက်ရင် ရေချိုးချင်တယ်၊ လက်ဖက်ရည်သောက်ချင်တာလဲ အလွန်ပဲ' ဟု ပြောသည်။

'လူစီ ပြန်နှင့်တော့၊ ရေမိုးချိုးပြီး လက်ဖက်ရည် သောက်နှင့်တော့' ဟု မစ္စဟော့ကင်းက ပြန်ပြောသည်။

'ဘာ.... ရှင်က သွားမလို့လဲ'

'ကိုယ်.... ဟိုထဲသွားလိုက်ဦးမယ်' ဟု ပြောကာ မစ္စဟော့ကင်းက တံခါးများ အသင့်ဖွင့်ထားသည့် ဘုရားရှိခိုးကျောင်းဆီသို့ လက်ညှိုးထိုးပြသည်။ လူစီသည် များစွာ အံ့အားသင့်သွားလျက်ရှိ၏။ မစ္စဟော့ကင်း၏ တစ်ကိုယ်လုံး ချွေးတွေစိုရွှဲလျက် ဖြစ်သည်။ ဖိနပ်များ ဘူးစည်း ရွှံ့ အလူးလူး၊ ညှိမှု

www.burmeseclassic.com

www.burmeseclassic.com

လောက် မသပ်မရပ်ဖြစ်နေသူသည် ဘုရားရှိခိုးကျောင်းထဲ သွားလို့မသင့်ဟု လူစီက ထင်သည်။

'ရှင်သွားလို့ မတော်ဘူးထင်တယ်၊ ရှင့်တစ်ကိုယ်လုံး ပေရေနေတာပဲ'

မစ္စဟော့ကင်းက ခေါင်းခါသည်၊ 'ကိုယ်သွားမှဖြစ်မှာ' ဟု ပြောသည်။ 'သူ ဗီည တရားဟောလိမ့်မယ်၊ ကိုယ်မသွားရင် သူ စိတ်မကောင်းဖြစ်မှာ သေချာတယ်'

'သူဆိုတာ ဘယ်သူလဲ' ဟု လူစီက တအံ့တဩမေးသည်၊ 'ရှင်ပြောနေတဲ့ သူဆိုတာ ဟို...'

'ဟုတ်တယ်၊ ဘုန်းတော်ကြီး မစ္စတာဧဗမ်မယ်လ်ကွမ်ပဲ၊ သူ တရားဟောနေတယ်၊ ကိုယ်ထိုင်နေကျနေရာမှာ ကိုယ်ထိုင်နေတာ မမြင်ရင် သူ သိပ်ပြီး စိတ်ထိခိုက်သွားမှာ'

'သိပ်ပြီး စိတ်ထိခိုက်သွားမှာ၊ ဟုတ်လား' ဟု လူစီက တအံ့တဩ ရေရွတ်သည်။ သူသည် ကြားလိုက်ရသည့်စကား အတွက် အကြီးအကျယ် အံ့အားသင့်လျက်ရှိသဖြင့် 'သူက ဘာပြုလို့ စိတ်ထိခိုက်ရမှာလဲ' ဟု ပြန်မေးမိသည်။

မစ္စတာဟော့ကင်းအနေဖြင့် ထိုမေးခွန်းကို မဖြေနိုင်၊ သူသိထားသည်မှာ ဧဗမ်သည် အနေအထိုင် တည်ငြိမ် အေးဆေးခြင်း၊ စနစ်ကြီးခြင်း၊ စကားအလွန်နည်းခြင်း



စသည့် အကျင့်စရိုက်များကြောင့် နာမည်ကျော်ကြားနေသူ ဖြစ်၏။ လူစီသည် နားလည်ရခက်သည့် မျက်နှာထားဖြင့် မစ္စဟော့ကင်းအား ငေးကြည့်နေမိသည်။ တဖြည်းဖြည်းနှင့် သူသည် အခြေအနေမှန်ကို နားလည်သဘောပေါက်လာသည်။ မစ္စဟော့ကင်းသည် စိတ်ကူးယဉ်အိပ်မက်တစ်ခုကို မက်နေခြင်းပေတည်း။

'ရှင် တကယ်ပြောနေတာလား'

'တကယ်ပြောတာပေါ့' ဟု မစ္စဟော့ကင်းက ဖြေသည်။ 'မင်း သိသင့်တယ်လူစီ၊ ကိုယ်နဲ့ မစ္စတာဧဗမ်တို့ကြားမှာ ကိုယ်နဲ့သူသာ သိနေတဲ့နားလည်မှုတစ်ခု ရှိနေပြီ၊ တစ်နေ့မှာ ကိုယ်တို့နှစ်ယောက် လက်ထပ်ကြတော့မှာ'

လူစီသည် ပါးစပ်အဟောင်းသားဖြစ်ကာ ငေးကြည့်နေမိပြန်သည်။ သူ့နားများကိုပင် မယုံကြည်နိုင်ဖြစ်ရ၏။ လက်ထပ်တော့မည်ဟူသော စကားသည် ထိတ်လန့်အံ့ဩစရာ ကောင်းသည့်သတင်းစကား မဟုတ်ပါလော။

'ရှင်တကယ်ပြောနေတာလား၊ ဒါဆိုရင် သူက လက်ထပ်ကြဖို့ ရှင့်ကိုပြောပြီး ပြီလား'

မစ္စဟော့ကင်းသည် တိုးတိုးဆိုင်းနေသည်။ သူတို့သည် ဘုရားရှိခိုးကျောင်းရှေ့သို့ရောက်လာကြပြီ၊ ထိုအခါကျမှ မစ္စဟော့

www.burmeseclassic.com

www.burmeseclassic.com



ကင်းက 'အို… အဲသလိုတော့ မဟုတ်သေးဘူး' ဟုဖြေသည်။ 'သူ့ဘက်က ဘာမှမပြောသေးပါဘူး၊ စကားတစ်လုံးတောင် မဟသေးပါဘူး၊ သူက အဲဒါမျိုးပြောဖို့ သိပ်ရှက်တတ်တာ၊ သူကြည့်ပုံ ရှုပုံက သူ့သဘောထားကို ဖော်ပြနေတာပဲ၊ သူ ကိုယ့်ကိုကြည့်ပုံက သိပ်ကိုသိသာနေတယ်' သူသည် သက်ပြင်းချလိုက်သည်။

'ကိုယ်က သူကြည့်တာနဲ့ပဲသိတာ၊ သူ ကိုယ့်ကိုချစ်နေတာ အမှန်ပဲ လှစီရဲ့၊ ကိုယ်သိတယ်' ထို့နောက် သူသည် ဘုရားရှိခိုးကျောင်းထဲသို့ ပင်သွားလေသည်။

လှစီသည် ကြောင်တိကြောင်တောင်ဖြစ်ကာ မလှုပ်မယှက် ရပ်နေမိသည်။ အတန်ကြာမှပင် သတိပြန်ဝင်လာ အိမ်ဘက်သို့ ပြန်လှည့်လာခဲ့သည်။

နောက်ဆုံးတွင် မစ္စဟော့ကင်း၏ လျှို့ဝှက်ချက်သည် ပေါ်ထွက်ခဲ့လေပြီ။ အဆင့်မြင့်မြင့်နှင့် အထက်တန်းကျကျ ကာခမ်းတနား နေထိုင်ခြင်း၏ နောက်ကွယ်၌ရှိနေသော မိန်းမပီသသည့် အဟွေးအမြင်သဘောထားများသည် ပေါ်ပေါက်လာခဲ့ပြီဖြစ်၏။ လှစီ့အဖို့ ရယ်ရအခက် ငိုရအခက် အဖြစ်တစ်ခုနှင့် ရင်ဆိုင်ရခြင်းပေတည်း။

တကယ်တော့ မစ္စဟော့ကင်း၏ ကြောင်တောင်တောင်အတွေးသည် ဤကိစ္စပေါ်၌ အခြေခံထားပြီးဖြစ်သည်။



ဤကိစ္စအတွက် လှစီသည် တုန်လှုပ်ချောက်ချားခြင်းလည်း ဖြစ်ရ၏။ စိတ်ရှုပ်ထွေးခြင်းလည်း ဖြစ်ရ၏။ မိန်းမတစ်ယောက်၏ ရူးကြောင်ကြောင်နိုင်လှသည့် အစွဲအလန်းတစ်ခုပေတည်း။

မယုံကြည်နိုင်စရာကောင်းလှ၏။ သို့သော်လည်း မစ္စဟော့ကင်းသည် ဘုန်းကြီးတင်ပါးအပေါ်၌ တိတ်တဆိတ် ကျိတ်၍ တစ်ဖက်သတ် အရူးအမူး စွဲလန်းနေသည်မှာကား အမှန်ပင် ဖြစ်ချေသည်။

လှစီသည် အိမ်ထဲသို့ဝင်၍ သူဘာလုပ်သင့်သည်ကို စဉ်းစားသည်။ နောက်ဆက်တွဲဘာတွေဖြစ်လာဦးမည်ကို စဉ်းစားသည်။ သူ့အနေဖြင့် မဆင်မခြင်မစဉ်းစားဘဲ အမူးရှူးထိုးလုပ်၍ မသင့်ဟူ၍ စဉ်းစားမိသည်။

ချက်ချင်းလက်ငင်း ဆိုးဆိုးဝါးဝါး ဖြစ်လာလိမ့်မည်ဟူ၍ကား သူမယူဆ။ သူသည် စိတ်ကို တတ်နိုင်သမျှ အေးအေးထားကာ သူ့အဖော် ပြန်ရောက်လာသည်ကို စောင့်မျှော်လျက်ရှိလေသည်။

သို့သော်လည်း ကြီးကြီးကျယ်ကျယ် ဘာတစ်ခုမှဖြစ်မလာပေ။ မစ္စဟော့ကင်းသည် ငြိမ်ငြိမ်ဆိတ်ဆိတ်ပင် ပြန်ရောက်လာသည်။ အိမ်ထဲရောက်မတော့သည်။ ခါတိုင်းလိုပင် ရွှင်လန်း

www.burmeseclassic.com

www.burmeseclassic.com



မြူးထူးလျက်ရှိ၏။ လူစီအတွက် လက်သုပ်လုပ်ကျွေးသည်။ ဤအစားအစာမျိုး လုပ်ရသည်မှ မစ္စဟော့ကင်းသည် အလွန်တော်သူဖြစ်၏။

လူစီသည် သူကျွေးသည့် အသုပ်ကိုစားသည်။ သို့သော်လည်း စကားတစ်ခွန်းမျှမပြော။

* * *

( ၉ )

လူစီသည် သူနှင့် မစ္စဟော့လင်.တို့ ရုတ်တရက် စိတ်ဝမ်းကွဲပြားကာ ခွဲခွာရမည့်အရေးကို တွေး၍ကြိုတင် ပြင်ဆင်မှုများပြုလုပ်ထားသည်။ သို့သော်လည်း သူ မျှော်လင့်သလိုဖြစ်မလာ။ ထို့ကြောင့်လည်း သူသည် မစ္စဟော့ကင်းနှင့်ပင် ဆက်လက်နေထိုင်လျက်ရှိသည်။ အလုပ်ကိုလည်း ဆက်၍လုပ်လျက်ပင်ရှိသည်။

အချိန်သည် လျှင်မြန်စွာ ကုန်ဆုံးသွားလျက် ရှိခဲ့သည်။ သီတင်းပတ်မှသည် လ၊ လမှသည် နှစ်သို့လျှင်မြန်စွာ ကူးပြောင်းရောက်ရှိသွားလျက်ရှိ၏။ ယင်းကဲ့သို့ နှစ်ချီပြီးအတူတူနေထိုင်လာရသည့်အခါ လူစီသည် မစ္စဟော့ကင်းဟူ အသိ

www.burmeseclassic.com

www.burmeseclassic.com



များနေသော 'ပင်ကီ'၏ စိတ်သဘောထားနှင့် သူ၏ဖောက်ပြန်မှုများကို ထောင်စွာသိလာသည်။ ယခင်က ဖုံးကွယ်နေသော အားနည်းချက်များနှင့် လျို့ဝှက်ချက် များကိုလည်း မြင်လာသည်။

အမှန်တော့ ဂေဒမ်သည် သူ့အပေါ်၌ တစ်ဘက်သတ်ထား ရှိနေသော ပင်ကီ၏ ချစ်ခင်စွဲလန်းမှုကို လုံးဝ မသိပေ။ မသိခြင်းကြောင့်လည်း ဂေဒမ်သည် ဘုရား ရှိခိုးကျောင်းထဲရှိ လူအများကြား၌ထိုင်နေသော ပင်ကီအား ရံဖန်ရံခါ စူးစူးစိုက်စိုက်ကြည့်၍ ပြောပြောစရာရှိသည်များကို ပြောပြောသည်။ အိမ်ရှေ့မှ ဖြတ်သွားဖြတ်လာလုပ်သည့်အခါပြူတင်းပေါက်၌ထိုင်နေသော ပင်ကီဘက်သို့ အမှတ်တမဲ့ လှည့်ကြည့်သည့်အခါ ကြည့်သည်။ တစ်ခါတစ်ရံ ကျတော့လည်း အမှုမဲ့အမှတ်မဲ့ နှင့်နှုတ်ဆက်တတ်သည်။ ထိုအပြုအမူအားလုံးသည် ပင်ကီ၏ ယုံကြည်မှုကို တိုးတက်ခိုင်မာစေသည်။

ဤသို့ဖြင့် သူသည် တိတ်တဆိတ်ကြိတ်၍ အမည်မဖော်ဘဲ အဖေခင်ထံသို့ လက်ဆောင်ပစ္စည်းများ ပို့သည်။ လက်ဆိတ်များ၊ နက္ကတိုင်များ၊ လည်စည်းများနှင့် အတွင်းခံ သိုးမွှေးဆောင်းသီများသည် အဖေခင်ထံသို့ မကြာခဏ ရောက်လာတတ်သည်။ တချို့သော မနက်ခင်းများတွင်မူ သူသည် အိပ်ရာမှ စောစောထထ ပြူတင်းပေါက်နား၌ စိတ်လက်ရှည်ထိုင်၍ အိမ်ရှေ့မှဖြတ်လျှောက်သွားသော ဂေဒမ် အား မျှော်ကြည့်နေတတ်သည်။



အခြားသောကိစ္စများ တွင် ပင်ကီသည် သာမန် အနေအထား၌ရှိသည်ဟု ဆိုနိုင်သော်လည်း ဂေဒမ်၏ ကိစ္စတွင်မူကား သူ့စိတ်သည် တစ်မူထူးခြားလျက်ရှိ၏။ မည်သို့ပင် ဖြစ်စေ လူစိသည် ကိုကိုဗ္ဗကို တည်ငြိမ် အေးဆေးစွာ လက်ခံသည်။ မရှောင်မလွှဲသာသည့် အဖြစ်တစ်ခုဟု နားလည်မှုထားကာ ခွင့်လွှတ်သည်။ အကယ်၍ ဂေဒမ်အကြောင်း ပြောလာသည့်အခါကြင်မူ သူသည်သာ တစ်လုံးမှ ပြန်မပြောဘဲ ရေငုံနှုတ်ပိတ်လုပ်နေခြင်းအားဖြင့် နောက်တစ်မပြောအောင် သွယ်ဝိုက်၍ တားမြစ် ပိတ်ပင်လေ့ရှိလေသည်။

ယင်း အခြေအနေကြောင့် စိတ်ညစ် စိတ်ရှုပ်နေရသော လူစိသည် မစ္စဟောကင်းခေါ် ပင်ကီ၏ စကားများခြင်း၊ ရွှင်လန်းမြူးထူးနေသည့် အခါများတွင် အလိုက်မသိ ရယ်မောနေတတ်ခြင်း၊ ချွဲချွဲပျစ်ပျစ်နှင့် ပလီပလာ တီတီတာတာ စကားများကို အမျှင်မပြတ် ပြောနေတတ်ခြင်း၊ သည့်များကို သည်းမခံနိုင်အောင် ဖြစ်လာရသည်။

အများအားဖြင့် လူစိသည် ညပိုင်းကျမှ ပင်ပန်းကြီးစွာဖြင့် အိမ်ပြန်ရောက်လာတတ်ခြင်း ဖြစ်ရာ၊ ငြိမ်ငြိမ်ဆိတ်ဆိတ်နှင့် အေးအေးဆေးဆေး အနားယူလိုသည်။ သို့သော်လည်း မစ္စဟောကင်း၏ အလိုက်မသိ ပြောဆိုနှုတ်ထိုင်မှုများကြောင့် တစ်ယောက်နှင့်တစ်ယောက် ကတောက်ကဆ များကြရသည်။ ရန်ဖြစ်သည်နှင့် တစ်မိုင်နက် လူစိသည် အမတွေ

www.burmeseclassic.com

www.burmeseclassic.com



အထူး ပြောမနေတော့ဘဲ အိပ်ရာဝေဝေ ဝင်သည်။ ပင်ကိုက လည်း ညည်းခန်းထဲ၌ထိုင်ကာ စန္ဒရားတီးနေတတ်၏။

'ငါ ဘာပြုလို့ ဒီမှာဆက်နေရတာလဲ၊ ဒီအမျိုးသမီးဆီက ငါ ဘာရနေလို့ သူနဲ့နေရတာလဲ' စသော အတွေးများ သည် လူစိ ခေါင်းထဲသို့ ရံဖန်ရံခါ ဝင်လာတတ်သည်။ သို့ သော်လည်း သူသည် ထိုအတွေးများကို ခေါင်းထဲ၌ ကြာ ကြာထည့်မထားတဲ့ ထုတ်ပစ်လေ့ရှိသည်။ အမှန်တော့ သူ အခုနေရသည်မှာ စီးပွားရေးအခြေအနေအရဖြစ်၏။ အခန်းခ တစ်ဝက်ကို ကျခံရသည် ဆိုဦးတော့ သူ့တွင် အခြားသော စရိတ်စကများ သက်သာ၏။ ထိုသက်သာမှုကြောင့် ပိုလာ သောငွေသည် သူ့သားအတွက် ပညာသင်စရိတ်ရလာနေ သည် မဟုတ်ပါလော။ တကယ်တော့ မစ္စဟော့ကင်းသည် ငွေကြေး သုံးစွဲရာ၌ တွန့်တိုခြင်း၊ နှမြောခြင်း ရှိသူမဟုတ် သဖြင့် သူ့အတွက် စရိတ်စကကုန်ကျမှုတွင် များစွာသက် သာခဲ့သည်။ ထို့အတွက်ကြောင့်လည်း သူသည် သည်းခံ၍ နေထိုင်ခဲ့ခြင်းဖြစ်၏။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါမူ အား သူ့သားအတွက် သူ့အောင့်အည်းသည်းခံ၍ နေရခြင်းပေ တည်း။

မည်သို့ပင်ဖြစ်စေ ဤတိုက်ခန်းမှခွာပြီး အခြားတစ်နေ ရာ၌နေရန် စိတ်ကူးခဲ့သည့်အကြိမ်မှာ များလှပေပြီ။ ထိုစိတ် ကူးအတိုင်း အကောင်အထည် ဖော်လုနီးပါးအထိ ဖြစ်ခဲ့ရ



သည့် အကြိမ်ပေါင်းမှာလည်း မနည်းတော့ပြီ။ သို့သော် လည်း မစ္စဟော့ကင်းအပေါ်၌ ထောက်ထားညှာတာစရာ များကို စဉ်းစားမိသည့်အခါတိုင်း သူ့စိတ်ကူးသည် ပျက်ခဲ့ ရ၏။ အမှန်အားဖြင့် မစ္စဟော့ကင်းသည် သူ့နည်း သူ့ဟန် ဖြင့် မိမိ အပေါ် ကောင်းရှာခဲ့သည်မှာ မငြင်းသာသည့် အချက်တစ်ချက် ဖြစ်သည်။ မစ္စဟော့ကင်း သည် ပင်ကို သဘာဝ အားဖြင့် စိတ်ကောင်း စေတနာကောင်း ရှိသူ ဖြစ်၏။

ထို့ပြင်လည်း မစ္စဟော့ကင်းသည် ပီတာအပေါ်၌လည်း ကောင်းရှာသည်။ ပီတာ ကျောင်းပိတ်ရက်က ဆိုလျှင် သူတို့သားအမိနှင့်အတူ ဖိုထ်ဝီလျံသို့ အလည်အပတ် သွားခဲ့ ကြသည်။ ထိုစဉ်က မစ္စဟော့ကင်းသည် မိမိတို့ သားအမိ အတွက် ငွေကြေးများစွာ အကုန်အကျခံခဲ့၏။ ထိုစဉ်က စပိယန် ပင်လယ်ကမ်းခြေသို့ထွက်၍ ငါးမျှားခဲ့သော ပီတာ သည် တစ်နေ့သောမွန်းလွဲပိုင်းတွင် နှစ်ပေါင်ခန့် အလေးချိန် ရှိသော ငါးသလောက်ကြီး တစ်ကောင်နှင့် ဝမ်းသာအားရ ပြန်လာခဲ့သည်ကို သတိရမိသည်။

ကုန်လွန်ခဲ့သည့် နှစ်များ အတွင်း ကျောင်း ဆုပေးပွဲ အခမ်းအနား တက်ခဲ့ရသော အချိန်သည် လူစီ့အတွက် အပျော်ဆုံးအမော်ဆုံး အချိန်ကာလ ဖြစ်သည်။ တကယ် တော့ အပြောင်းအလဲများသည် မြန်ဆန်လှပေ၏။ အထူး

www.burmeseclassic.com

www.burmeseclassic.com



အဖြင့် သူ့သား ပီတာ၏ ပြောင်းလဲမှုများသည် ပို၍မြန်ဆန်လွန်းလှသည် ထင်၏။

ထိုစဉ်က သူ့သားသည် ပထဝီ၊ သင်္ချာနှင့် ဂဏန်းသင်္ချာ ဘာသာရပ်များတွင် ပထမရခဲ့သည်ဖြစ်ရာ ဆုများ ရရှိခဲ့သည်။ ယင်းဆုကို နိုဗဓမှ ဂိုဏ်းအုပ်ဆရာတော်ကြီး ကိုယ်တိုင်က ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်၍ များစွာ ဂုဏ်ယူခဲ့ရသည်။ ဆုယူပြီး သူ့ဆီသို့လာထိုင်သော ပီတာအား ကြည့်၍ အခြားဆုမရသော ကျောင်းသား မိဘများက 'အတော်ကံကောင်းတဲ့ သူငယ်လေးပဲ' ဟု ပြောကြသည်ကို သူကြားခဲ့ရ၏။ ထိုအခါတွင် သူ ရင်ထဲ၌ သူ့သားအတွက် ဂုဏ်ယူ၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရ၏။

ထို့ပြင်လည်း ဆုရသောကျောင်းသားများ၏ အမည်ကို ကျောင်းလမ်းညွှန် စာအုပ်တွင် ဖော်ပြထားသည် ဖြစ်ရာ၊ သူ့သား၏နာမည်ကို မြင်လိုက်ရသော လူစီအဖို့ ဝမ်းသာ၍ မဆုံး။ ၎င်းကြားထဲမှပင် သူ့သား ဆုယူသည့် သတင်းကို အပတ်စဉ်ထုတ် 'လစ်ဖီစတောင်းကူရီးယား' ဂျာနယ်က 'ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကြောင်း ဖော်ပြနေသည့် ချစ်စရာ ရှပ်ချည်ဝိုင်ရှင် လူငယ်ကလေးသည် ဆုယူအပြီး ဦးညွှတ်လိုက်သည့်အခါ လက်ခုပ်သြဘာသံများ လည်ခန်းမထဲတွင် ပဲ့တင်ထပ်သွားလေသည်' ဟု ရေးသားဖော်ပြထားသည်ကို ဖတ်ခဲ့ရပြန်သည်။ ထိုအခါကျပြန်သောလည်း လူစီသည် ရင်တသိမ့်သိမ့် တုန်လှုပ်လာသည်အထိ ပီတိလှိုင်းရိုက်ခတ်မှုကို ခံခဲ့ရပြန်၏။ လူစီသည် ထိုသတင်းကို ဖြတ်၍ အဖိုးတန်ရတနာ ပစ္စည်းလေးတစ်ခုသိမ်းသလို သိမ်းဆည်းထားခဲ့ရာ ယခုအခါတွင် နှစ်ကာလ အတန်ကြာလာပြီဖြစ်၍ ဝါရောင်ပင်သမ်းလျက် ရှိလေပြီ။



ပီတာသည် ကျောင်းဘင်ခရာတီးဝိုင်းတွင်လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လျက်ရှိ၏။ ဘင်တီးသူ မဟုတ်သော်လည်း လေ့သာမား တစ်ဦးအဖြစ်ဖြင့် ထင်ရှားသူ တစ်ဦးပင် ဖြစ်သည်။ ဘင်ခရာအဖွဲ့ လျှောက်လာနေခိုက်တွင် ပလေ့ကိုစနစ်တကျမှတ်၍ စည်းချက်ကျကျ လျှောက်လာနေသော သားချစ်နှာသည် လူစီ မျက်စိထဲတွင် ကြည့်မဝ ရှုမဝ ဖြစ်ခဲ့ရ၏။

ဆုပေးပွဲအခမ်းအနား အပြီးတွင် ဆရာသားဝီလျံသည် ပီတာ၏ ခေါင်းကိုကိုင်၍ အခြားကျောင်းသား တစ်ဦး၏ မိဘများအား 'ကျွန်တော်တို့ ဒီသူငယ်အတွက် အများကြီး ဂုဏ်ယူခဲ့ကြရပါတယ်' ဟု ပြောသည်။ ဆရာသာအလိုင်း မယ်ဒ်ကလည်း လူစီအား 'မစ္စဖရန်မှူးရဲ့သားကို ကျွန်တော်တို့ ပညာသင်ပေးရတာဟာ အင်မတန်မှ စိတ်ချမ်းမြေ့စရာ ကောင်းပါတယ်' ဟု ပြောခဲ့သည်။

ထိုညသည် လူစီခေါင်းအေမော်နိုင်ခဲ့သည့် ညတစ်ညဖြစ်၏။ သားအတွက် အလွန်ဂုဏ်ယူခဲ့ရသည့် မိခင်တစ်ယောက်အဖို့ ရောက်ခဲ့ရသော ညဖြစ်၏။ ထိုညက လူစီးဟိုတယ်၌

www.burmeseclassic.com



တစ်ညတာ တည်းခိုခဲ့ရသည်ဖြစ်ရာ တစ်ညလုံး အိပ်မပျော်ခဲ့။ နောက်တစ်နေ့မနက်တွင် ကျောင်းစပိတ်ပြီဖြစ်၍ သူ့သား နှင့်အတူ အိမ်ပြန်ခဲ့ကြရသည်။ တစ်လမ်းလုံး သူ့သားကို ကြည့်၍ သား၏အနာဂတ်အောင်မြင်မှုများကို စိတ်ကူးယဉ် အိပ်မက်မက်လာခဲ့သည်။ အနာဂတ်တွင် ရလာမည့် သူ့ သား၏အောင်မြင်မှုဟူသမျှသည် သူ့အောင်မြင်မှု များပင် ဖြစ်လာလိမ့်မည် မဟုတ်ပါလား။

သူ့သားနေရသည့်ကျောင်းသည် အလွန် ကောင်းသည့် ကျောင်း ဖြစ်သည်မှာ မှန်ပါ၏။ သို့သော်လည်း နှစ်စဉ် ကုန်ကျစရိတ်မှာ ပေါင်လေးဆယ်မျှရှိရာ သူ့ဝင်ငွေနှင့် အလွန်မမျှတသည့် စရိတ်ဖြစ်သည်။ ဤစရိတ်ငွေအတွက် သူ ရှုန်းရကန်ရသည်မှာ သက်သာလှသည်မဟုတ်။ သို့သော်လည်း သူကတော့ သူ့သား၏အောင်မြင်မှု များကိုကြည့်ကာ သူ ပင်ပန်းရကျိုးနပ်သည်ဟုပင် ယုံကြည်ထားလေသည်။

သူ့သားသည် တဖြည်းဖြည်းနှင့် အရပ်မြင့်လာသည်။ အပြုအမူနှင့် အနေအထိုင်များလည်း တည်ငြိမ်လာသည်။ ယခင်ကထက်ပို၍ သပ်ရပ်သန့်ရှင်းလာရုံမျှမက စည်းကမ်း တကျရှိလာသည်။ သူ့သားအပေါ်၌ ထားရှိနေသည့် သံ ယောဇဉ်ကြိုးသည် ယခင့် ယခင်ကထက် တိုး၍ခိုင်မာလာ သည်။ သူ့သားသည် ဘယ်သူနှင့်မှမတူ။ အခြားအခြား သော မိခင်များက မွေးထားသည့်သားများနှင့် အလွန်



ကွာခြားသည်။ သူ့သားသည် ရုပ်ရည်ချော ဉာဏ်ရည်ဉာဏ် သွေးပါ အခြားသားတွေထက် ပိုသည်ဟုပင် သူထင်သည်။

တဖြည်းဖြည်းနှင့် သူ့သားသည် သူ့ဖခင်နှင့် တူ-တူလာ နေသည်ကိုလည်း သူ သတိထားမိလာသည်။ နှုတ်ခမ်းများ၊ သွားများ၊ ပြုံးတော့အပြုံး။ အားလုံးလိုလိုပင် ဖရန့်နှင့် တူလှချေသည်။ သူ့မျက်စိထဲမှာတော့ သူ့သားသည် ဘယ် သူမှ လိုက်မမီသည့် လူချောလူလှလေး ဖြစ်လာနေသည်။

အမှန်တော့ ပြောင်းလဲမှုများသည် သူ့သား၌သာ ဖြစ် ပေါ်နေသည်မဟုတ်။ သူ့တွင်လည်း အပြောင်းအလဲများ ရှိလာနေသည်။ ခန္ဓာကိုယ်ပိုင်းမှာရော စိတ်ပိုင်းမှာပါ ပြောင်းလဲလာခြင်းဖြစ်၏။ သို့သော်လည်း သူ့သားကိုသာ အရိပ်တကြည့်ကြည့် ဖြစ်နေသော လူစီသည် သူ၏ပြောင်းလဲ မှုများကို ဂရုလည်းမစိုက်၊ သတိလည်းမထား။

မည်သို့ပင်ဖြစ်စေ လူစီ၏အသက်သည် ကြီးသောသည် မဟုတ်။ အရွယ်ကောင်းတုန်း မုဆိုးမဘဝသို့ ရောက်လာရ ခြင်းဖြစ်၍ နှစ်ကြာလာသည့်အခါ အလှသည်လည်း တိုး လာခဲ့သည်။ တည်ငြိမ်ရင့်ကျက်ပြီး ကြန့်ရှိသောအလှ ဖြစ် သဖြင့် ပတ်ဝန်းကျင်မှ သူ့အပေါ် စိတ်ဝင်စားသူတွေရှိခဲ့၏။ တစ်ကြိမ်ကဆိုလျှင် အလုပ်ရှင်မစ္စတာလင်းနော့စ်က သူ့ရုံး ခန်းထဲတွင် သူ့ခါးကို ဖက်ထားခဲ့ဖူးသည်။ သူက တည်ငြိမ် အေးဆေးစွာဖြင့် လက်ကိုဖယ်ပေးဖို့ပြောခဲ့သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com

လင်နေ့စဉ်သည့် ချက်ချင်း လက်ကိုဖယ်ပေးရုံမျှမက သူ့အား နားမလည် နိုင်သော မျက်နှာထားဖြင့်ကြည့်ကာ တောင်းပန်လိုသည့် အရိပ်လက္ခဏာများ ဖော်ပြသည်။

သူ့တွင် တခြားစိတ်ဝင်စားစရာဟူ၍ ဘာမှမရှိ။ သူ့တွင် အလုပ်ရှိသည်။ မနက်ဆိုလျှင် အိပ်ရာမှထစောစောထ၊ မနက်စာကို ကပျာကယာစား၊ ဘူတာသို့ ကသောကမျောပြေး၊ လေတွေ ဘယ်လောက်ပဲထန်ထန်၊ မိုးတွေ ဘယ်လောက်ပဲ ရွာရွာ၊ နေတွေ ဘယ်လောက်ပဲပူပူ၊ ဘူတာ ပလက်ဖောင်းပေါ်၌ရပ်ကာ မီးရထားအလာကို စောင့်ရသည်။ နယ်မြေအတွင်းမှ နေရာအနှံ့ရှိ ဆိုင်ပေါင်းစုံသို့သွားရသည်။ စိတ်ရှည်စွာဖြင့် နာရီပေါင်းများစွာကြာမျှ ငုံ့ခံပြီး ရပ်စောင့်ရသည်။ တစ်ခါတစ်ရံတွင် မြေအောက်မှန်ဖိုဆီအထိဆင်း၍ စကားပြောရသည်။

ဤအလုပ်ကို လုပ်ရင်းနှင့်ပင် ဖြစ်သမျှ အကြောင်းအကောင်းချည်းပဲဟူသော အမြင်မျိုးမှလာ၍အောင် မွေးယူသည်။ ဘယ်လိုအခြေအနေမျိုးနှင့်ပဲ ရင်ဆိုင်ရ ဆိုင်ရ စိတ်ပျက် စိတ်ရှုပ်ခြင်းမဖြစ်ဘဲ ပျော်ရွှင်စွာ ရင်ဆိုင်နိုင်သောစိတ်ရလာအောင် အားထုတ်ရသည်။ အလုပ်မှာ ပင်ပန်းသော်လည်း ဝင်ငွေကများသည်မဟုတ်၊ ပုံမှန်ရနေသောဝင်ငွေဖြစ်၍ မကျေမနပ်စရာတော့ရှိသည်။ ထို့ကြောင့်လည်း သူသည် ရသမျှနှင့် ရောင့်ရဲတင်းတိမ်စိတ်ကို ထားနိုင်ခဲ့သည်။



မည်သို့ပင်ဖြစ်စေ သူလုပ်နေရသောအလုပ်သည် လုပ်သင့် လုပ်ထိုက်သည့် အလုပ်မှ ဟုတ်ပါလေစဟူ၍ကား မကြာခဏ တွေးမိသည်။ ဤကုန်ပစ္စည်းမျိုးကို လိုက်လံရောင်းချပေးနေရခြင်းသည် ဂုဏ်သိက္ခာများ ကင်းမဲ့လေမလား ဟုလည်း မကြာခဏတွေးမိသည်။ ဂုဏ်သိက္ခာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤမှာကွာရင်းဟု ခေါ်နေကြသော ထောပတ်တုကတော့ တည်ရှိလာနေလေပြီ။

စီးပွားရေးသမားဖြစ်သော လင်းနေ့စဉ်အဖို့တော့ ဘာကိုမှ တွေတွေထူးထူးစဉ်းစားသူမဟုတ်၊ သူ့ပစ္စည်းကို တွင်ကျယ်အောင် ရောင်းချပေးဖို့သာ အားပေးလျက်ရှိ၏။ သူ့အနေဖြင့်လည်း ဘာမှမတတ်နိုင်၊ ဤပစ္စည်းကိုသာ ရောင်းချပေးနေရသည်၊ ဤအလုပ်ကို လုပ်နေရသည်မှာ ပျော်သည်တော့ မဟုတ်။ သို့သော်လည်း သူ့မှာက ရွေးစရာလမ်းမရှိ။

လက်ရှိ အခြေအနေကတော့ ဆိုးသည်ဟု မဆိုနိုင်။ ဤအလုပ်မှရသည့်ဝင်ငွေဖြင့် တင့်တောင့်တင့်တယ်နေနိုင်သည်။ သပ်သပ်ရပ်ရပ် ဝတ်နိုင်သည်။ အဆင့်မီမီ ဝတ်နိုင်စားနိုင်သည်။ သူ့သားက တွေချင်သည်ဟု ဆိုသည့် အခါတိုင်း သွားလို့ရသည်။ ပြီးတော့ သား၏ပညာသင်စရိတ်ကို ဆောင်းရွက်ပေးနိုင်သည်။

ဘဏ်တွင် အပိုငွေ စုဆောင်း အပ်နှံထားနိုင်ခြင်းတော့ မရှိ။ သူ့တွင် မှင်းနှီးမြုပ်နှံစရာ ဆို၍လည်း ရှေ့ကြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ပြားတစ်ချပ်မျှပင် မရှိ။ သူ့တွင်ရှိနေသည့် အရင်းအနှီးမှာ ခံနိုင်ရည်ခဲ့နှင့် သားအပေါ် ထားရှိနေသည့် မေတ္တာသာလျှင် ရှိလေသည်။

ဤအချိန်ကာလအတွင်းတွင် အက်ဒ်ဝပ်သည် သူ့ထံသို့ မကြာ မကြာ စာရေးလေ့ရှိ၏။ မကြာခဏလည်း အလည်လာပြီး အခြေအနေကို ကြည့်လေ့ရှိ၏။ ကျောင်းပိတ်ရက်များတွင်လည်း ပီတာအား သူ့ထံခေါ်ထားသည့်အခါ ခေါ်သွားလေ့ရှိ၏။ သူရနေသော ဝင်ငွေပေါ် တည်မှီပြီး ပီတာအား ထိုက်သင့်သလောက် ထောက်ပံ့ကူညီခြင်း ပြုသည်။

အက်ဒ်ဝပ်သည် ဂျိုး၏ အကြောင်းကိုမူ စကားစပ်၍ ပြောလေ့မရှိပေ။ ဤအတွက် လူစီ့စိတ်ထဲတွင် မလုံမလဲ ဖြစ်ရ၏။ ဂျိုး၏အပြုအမူ၊ အဆက်အဆံများကို အက်ဒ်ဝပ် သိနေ၍သာ အခုလိုရှောင်ရှားပိတ် လုပ်နေခြင်း ဖြစ်သည်ဟု မသက်သာဖြစ်မိသည်။

သူ့အစ်ကို ရစ်ချတ်ကတော့ အဆက်အသွယ် မလုပ်ဘဲ ငြိမ်နေသည်။ သူ့နှမ လူစီအဆင်ပြေနေသည်ဟု သူ့ဘာသာသူ ယူဆကာ ငြိမ်နေခြင်း ဖြစ်ဟန်တူ၏။ မည်သို့ပင်ဖြစ်စေ ခရစ္စမတ် ရာသီတုန်းကတော့ သူ့ယောင်းမ အီဗာက လက်ဆောင်ပို့ပေးခဲ့သည်။

သူတို့၏သား ဟူဂျာ ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ပေးပို့လိုက်ပါသည် ဟူသော စာတန်းလေးကိုတော့ သူ ဖတ်လိုက်ရ၏။

သူ့ဆွေမျိုးညာတိများ၏ ဆက်ဆံရေးကို ကြည့်ကာ လူစီသည် တတ်နိုင်သမျှ သူ့ကိုယ်သူ အားကိုး၍ ရပ်တည်နိုင်အောင် ကြိုးစားသည်။ သူ့အခြေအနေအရ ခြစ်ခြစ်ကုတ်ကုတ် သုံးစွဲနေရသော်လည်း လုပ်သင့်လုပ်ထိုက်သည့် လူမှုရေးကိစ္စများတွင်မူကား ရက်ရက်ရောရော ကူညီထောက်ပံ့ခြင်းကို ပြုလေ့ရှိ၏။

သူ့အိမ်စေဟောင်းနက်တာနှင့် ဒေ့ဗ်ဘိုဝီးတို့ မင်္ဂလာဆောင်ကြစဉ်ကဆိုလျှင် သူသည် သူ့ဝင်ငွေထဲမှ ခြစ်ကုတ်ထုတ်နှုတ်ပြီး အဖိုးတန်အင်္ကျီစတစ်စကို လက်ဖွဲ့ခဲ့သည်။

မှုဆိုးမတစ်ယောက်အနေဖြင့် သူ့ဘဝ ရပ်တည်နိုင်ရေးကို အရေးထားနေရသော လူစီသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်နေသော အရေးအခင်းများကိုပင် ဥပေက္ခာပြုနေခဲ့မိသည်။

ဆူဒန်နိုင်ငံအား ပြန်လည်သိမ်းပိုက်ခြင်း၊ ဩစတေးလီးယား မနုသဟာယနိုင်ငံ တည်ထောင်ခြင်း စသည်တို့သည် သူ့စိတ်ကို လှုပ်ရှားအောင် မစွမ်းဆောင်နိုင်ကြ။

မာကိုနီ၏ ကြိုးမဲ့ကြေးနန်းနှင့် လန်ဂ်လေး၏လေယာဉ်ပျံ စသည်တို့ကိုပင် သူမသိ။

ဝိတိုရိယဘုရင်မကြီး နတ်ရွာ စံခြင်းကြောင့်လည်း သူ့စိတ်သည် ကြေကွဲဝမ်းနည်းခြင်း မဖြစ်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အရေးအခင်းများတွင် စိတ်ဝင်စားမှု မရှိသေးသော လူစီသည် သူ့ဘာသာထဲမှာပင် နစ်မြုပ်ကာ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်ပင် နေထိုင်လျက်ရှိသည်။

တကယ်တော့ သူ့တွင်လည်း သူ့ရည်မှန်းချက်၊ သူ့ပြဿနာနှင့်သူ ရှိနေသည်ဖြစ်ရာ၊ သူ့အရေးကိစ္စမှ တစ်ပါး အခြားဘာကိုမှ စိတ်မဝင်စားသည်မှာ အဆန်းမဟုတ်တော့ပေ....။

မည်သို့ပင်ဖြစ်စေ လူစီသည် သူ့ဘဝနှင့်သူ တင်းတိမ်ရောင့်ရဲမှုကတော့ အပြည့်အဝ ရှိနေလေသည်။

* * *

( ၁၀ )

၁၉၀၄-ခုနှစ်၊ စက်တင်ဘာလ သုံးရက် နေ့တွင် လူစီသည် အလွန်ရွှင်လန်းမြူးထူးသော စိတ်ဖြင့် ရုံးတွင်းသို့ ဝင်ရောက်လာပြီး အမှာစာ ပစ္စည်းစာရင်း ရေးသွင်းရန် သူ့စားပွဲဆီသို့ သွားထိုင်သည်။

သူ စိတ်ရွှင်လန်းနေသည်မှာ အကြောင်းထူး ရှိ၍တော့ မဟုတ်။ သူ့အလုပ်အကိုင်မှာ ခါတိုင်းလိုပင် ဖြစ်သည်။ သို့သော်လည်း သူ့စိတ်သာယာကြည်နူးနေသည်မှာ လေထဲတွင် တသင်းသင်းပျံ့နေသည့် ဆောင်းဦးပေါက် အနံ့ကို ရနေ၍ဖြစ်မည် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူသည် ဆောင်းဦးပေါက် ရာသီကို ချစ်သူဖြစ်သည် မဟုတ်ပါလား။ ယနေ့ လျှောက်လာနေခိုက်တွင် ပင်လယ်ပြင်ဘက်မှလာသော ဆောင်းဦးနံ့ပါသည့် လေကို တစ်ဝကြီး ရှူခဲ့ရရုံမျှမက ကြွေကျနေသော သစ်ရွက်များ လေထဲ၌ မျောပါနေသည်ကိုပါ မြင်ခဲ့ရ၏။ ဆောင်းဦး၏ မြေသင်းရနံ့သည် သူ့အဖို့တော့ နူးညံ့လှပါဘိခြင်း။

သူသည် ကုန်ပစ္စည်းအမှာစာ စာရင်းစာအုပ်ကိုယူ၍ သူ့အတွက် မိတ္တူတစ်ခုကူးယူနေရင်းမှ အင်ဒရူး၏ မျက်နှာကို တစ်ချက် လှမ်းကြည့်သည်။ အင်ဒရူး၏ မျက်နှာထားသည် ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေသည်ဟု ထင်လိုက်မိ၏။

'ဒီနေ့ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'ဟု လူစီက မေးသည်။ အင်ဒရူးကမဖြေ။ စောစောကသည်း သူ့နှုတ်ဆက်သည်ကို ပြန်၍ မနှုတ်ဆက်ခဲ့၊ ဘာဖြစ်လို့ပါလိမ့်။

'ဘာလဲ....အစာမကြေ ဖြစ်ပြန်ပြီလား'

ဤ တစ်ကြိမ်တွင်လည်း အင်ဒရူးသည် အဖြေမပေး။ ခပ်မှုန်မှုန်မျက်နှာထားဖြင့် သူ့ခုံ၌ထိုင်ကာ သူ့နှုတ်ခမ်းမွေးကိုသာ ဆွဲလျက်ရှိ၏။ လူစီက တစ်ချက်မော့ကြည့်ပြီး ရယ်သည်။

'ကျွန်မ ရှင်သင်ပေးခဲ့တာတွေကို အခုထက်ထိ သတိရတုန်းပါ၊ ရှင် ခိုင်းတဲ့အတိုင်း လုပ်နေဆဲပါ'



'မင်းကတော့ ရယ်နေတာပေါ့လေ'ဟု အင်ဒရူးက တုံ့ပြန်သည်။ 'အေးပေါ့လေ...ရယ်ပေါ့၊ ရယ်ဦးပေါ့၊ အခုတော့ ရယ်နေနိုင်သေးတာပေါ့'

လူစီက ပြုံးသည်။ 'ဒူဂဲလ် ဘယ်သွားလဲ....'ဟု ထပ်မေးသည်။

ယခုအခါတွင် ဒူဂဲလ်သည် လူစီ့အတွက် အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်ဖြစ်နေပြီ၊ အင်ဒရူးက လူစီ့ အမေးကို မဖြေဘဲ အတွင်းဘက်ရုံးခန်းဆီသို့ လှည့်ကြည့်သည်။ 'ဆရာကြီးနဲ့ ငါတော့ တွေ့ပြီးပြီ'ဟု ပြောသည်။ 'သူ ထွက်လာရင် မင်းလဲ ဆီးတွေ့လိုက်ဦး'

ပြောပုံဆိုပုံ လေသံကတစ်မျိုးဖြစ်နေသဖြင့် လူစီက မော့ကြည့်သည်။ 'ဘာဖြစ်လို့လဲ'ဟု မေးသည်။

'ဘာဖြစ်လို့လဲဆိုတာ ကိုယ့်ဘာသာကိုယ် အဖြေရှာပေါ့၊ အဲဒီအခါကျရင်တော့ မင်း ရယ်နိုင်မှာ မဟုတ်ပါဘူး....'

'မဟုတ်သေးပါဘူး အင်ဒရူးရယ်၊ ကျွန်မကိုပြောပြစမ်းပါဦး၊ ဘာဖြစ်လို့လဲ'

ထိုအခိုက်မှာပင် အတွင်းခန်းမှ ဒူဂဲလ် ထွက်လာသည်။ သူ့နောက်မှ လိုက်လာသူမှာ လင်းနေ့ဘ်။

www.burmeseclassic.com

www.burmeseclassic.com



'ခြောက်...မင်း ပြန်ရောက်လာပြီကိုး၊ အေးကွယ်၊ ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ' ဟု လင်းနေ့ခ်စ်က ပြောသည်။

လှစီသည် ထိုင်ရာမှ ထရပ်သည်။ ဒုဂဲလ်၏ မျက်နှာသည် ထူးခြားလျက်ရှိ၏။ ယခင်ကလို ရွှင်လန်းတက်ကြွခြင်းမရှိ။

စေ့စေ့က အင်ဒရူး၏စကားများနှင့် ဆက်စပ် စဉ်းစားလိုက်သည့်အခါ လှစီ စိတ်သည် လှုပ်ရှားလာသည်။

သို့သော်လည်း ပြဿနာသည် သူနှင့် ဆိုင်လိမ့်မည်တော့ မထင်။ သူ့ အလုပ်သည် ယခုအချိန်ထိ စံချိန်မီနေဆဲဖြစ်သဖြင့် ပူစရာမလိုဟု သူတွေးသည်။

'ထိုင်ပါဦး....လှစီ' ရှုံးမန်းထဲ ရောက်လျှင် ရောက်ချင်း မစ္စတာလင်းနေ့ခ်စ်က သူ့ အား ထိုင်ခိုင်းသည်။ ပြောဆိုဆက်ဆံပုံက ယခင်မျိုးဖြစ်နေသဖြင့် လှစီသည် ထူးခြားမှုတစ်ခုတော့ရှိနေပြီးဟု တွက်မိသည်။

'ငါ တခြားလူတွေနဲ့တော့ တွေ့ပြီးပြီ' ဟု လင်းနေ့ခ်စ်က ပြောသည်။

'ဟုတ်ကဲ့'

'ငါ့အနေနဲ့လုပ်ရတာတော့ အခက်ဘယ်ကွယ်— ဒါပေမယ့် မလုပ်လို့ကလဲမဖြစ်ဘူး၊ ငါ မင့်ကို အလုပ်က ထုတ်ပစ်တော့မယ်ဆိုတာကို အသိပေးရလိမ့်မယ်'



လှစီသည် လုံးဝ မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် အံ့အားသင့်နေသည်။ ပါးစပ် အဟောင်းသားဖြင့် လင်းနေ့ခ်စ်အား ငေးကြည့်နေသည်။ 'ကျွန်မကလဲ တတ်အားသရွေ့ ကြိုးစားပြီး လုပ်နေတယ်ဆိုတာ မစ္စတာ လင်းနေ့ခ်စ်လဲ အသိပါ'

'ငါ သိပါတယ်၊ ငါ အကုန်သိနေတာပဲ၊ ဒါကြောင့်လဲ ပြောရတာ စိတ်မကောင်းပါဘူး'

'ဒါဆိုရင် ဘာ့ကြောင့်'

'ငါ လုပ်ငန်းတစ်ခုလုံးကို မင်ဟောဂယ်လ်မန်းကို ရောင်းလိုက်ပြီ'

သူသည် ကုအားထိုင်ကိုကျောနှင့်မှီထိုင်လိုက်ပြီး လှစီအား မော့ကြည့်သည်။

'ငါဟာ သူတို့အသားထဲမှာ စူးဝင်နေတဲ့ဆူးတစ်ချောင်းဖြစ်နေတယ်ဆိုတာ မင်း၏အသိပါ။ သူတို့က ငါက ချဖို့ကြိုးစားခဲ့ကြပေမယ့် လုပ်လို့မရခဲ့ဘူး၊ ငါ ဒပ်ချ်မာဂျရင်းကို ဆောင်းခဲ့တာဟာ သူတို့ကြောင့်ပဲ၊ သူတို့က အဲဒါကို လုံးဝ မကြိုက်ချင်ကြဘူး၊ သူတို့က အပြိုင်အဆိုင်ဆိုတာ လုံးဝမရှိစေချင်ဘူး၊ ဒီပစ္စည်းရောင်းဝယ်မှုကို သူတို့တစ်ဦးတည်းပဲ လက်ဝါးကြီးအုပ်ထားချင်ကြတယ်၊ ဒီသဘောကို ငါက အစော

www.burmeseclassic.com

www.burmeseclassic.com



ကြီးကတည်းက သိထားတယ်၊ ဒါ့ကြောင့် ငါက မောင်ဂျရင်းကို စွန့်ပြီး ရောင်းခဲ့တာ၊ ငါကလဲ ဒီအကွက်ဝင်လာအောင်လို့ တမင်လုပ်ခဲ့တာ....၊ အခုတော့ ငါမျှော်လင့် ထားတဲ့ အကွက်ဆဝင်လာတယ်၊ အခုတော့ ဈေးတည့်သွားပြီ၊ သူတို့လက်ထဲ လွှဲပေးရုံပဲ ရှိတော့တယ်'

လူစီ၏မျက်နှာသည် နီရဲနေသည်။ မစ္စတာ လင်းနေ့ဇ်သည် အခုလိုအဖြစ်မျိုးကို လိုချင်၍ တမင်သက်သက် မောဂျရင်း ဝယ်ရောင်းလုပ်ငန်းကို လုပ်ခဲ့ခြင်းပေတည်း။ အခုတော့ သူလိုချင်သောအကွက်ဝင်ပြီဖြစ်၍ သူ့အတွက်တော့ အောင်မြင်မှုရသွားခဲ့လေပြီ။

'ဒါပေမယ့်....ကျွန်မတို့ကို သူတို့က ဆက်သုံးလို့ ရတာပဲ မဟုတ်လား'ဟု လူစီက မေးသည်။

လင်းနေ့ဇ်က ခေါင်းရမ်းသည်။ 'ဒါလဲပဲမဖြစ်နိုင်တော့ဘူး'ဟု ဖြေသည်။

သူတို့နေရာ သူတို့ဝန်ထမ်း သူတို့အရောင်းကိုယ်စားလှယ်နဲ့ ပြည့်နေပြီ၊ သူတို့က ဒုဂဲလ်ကိုတော့ ယူလိမ့်မယ်၊ သူက လူငယ်လိုတော့ ဆက်သုံးချင်သုံးမယ်....၊ အင်ဒရူးနဲ့ မင်းကိုတော့၊ အေးလေ... ငါလဲ စိတ်မကောင်းရှိကလွှဲပြီး ဘာမှ မတတ်နိုင်ဘူး၊ ငါ ဟာဖယ့်ကို စိတ်ထိခိုက်ရပါတယ်'



လင်းနေ့ဇ်သည် ပါးစပ်က မိမိတို့အတွက် စိတ်ထိခိုက်သည်ဟု ပြောနေသော်လည်း တကယ်တမ်းအားဖြင့် လုံးဝ စိတ်ထိခိုက်သည်မဟုတ်။

အမှန်အားဖြင့် သူ၏ လုပ်ငန်း အသေးအဖွဲ့ကို လုပ်ငန်းရှင်ကြီးများက ဝယ်ယူလိုက်သဖြင့် များစွာဝမ်းသာနေသည်မှာ မျက်နှာမြင်ရုံမျှဖြင့် သိသာထင်ရှားလျက်ရှိ၏။

ဤအကွက်ကို ကောင်းစွာ နားလည်နေသော လူစီသည် စိတ်ထဲဘူင် မခံမရပ်နိုင်ဖြစ်လာသည်။ လင်းနေ့ဇ်၏ လုပ်ပုံမတရားဟု ယူဆလာသည်။

'ကျွန်မ ရှင့်ဆီမှာ သုံးနှစ်တိတိ အစွမ်းကုန်အားထုတ်ပြီး လုပ်ပေးခဲ့ရတဲ့အဘွက် နောက်ဆုံးရတဲ့ဆုက ဒါပဲလား'

'မင်းလုပ်နေတုန်းက ငါက လုပ်ခပေးထားတာပဲ မဟုတ်လား'

'ဟာ.... ဒါဆိုရင်တော့ ဘယ်တရားမလဲ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ အစောကြီးကတည်းကရှင်သိနေတာပဲ ကျွန်မကိုကို ကြိုပြီး ကတိပေးထားသင့်တယ်'

'ကိုယ့်ဟာကိုယ်တောင်မှ ရေရေရာရာမသိတော့ ဘယ်လိုလုပ်မလဲ၊ ဒီအပေါ်မှာလာပြီး စိတ်တိုနေလို့ ဘာအကျိုးရှိမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် လင်းနေ့ခ်၏ စိတ်ဇောရုံထဲတွင် တစ်ရက် သောနေ့ခင်းပိုင်းက သူ့ရုံးခန်းထဲတွင် သူက ခါးကိုဖက်ခဲ့ သောလူစီအား ပြန်မြင်ယောင်လာဟန်တူ၏။ သူသည် လူစီ နှင့်ပတ်သက်၍ အမြင်တစ်မျိုးဝင်လာပုံလည်းရ၏။

'ငါ ဒီလုပ်ငန်းကိုရပ်ပြီး အနားယူဖို့ စဉ်းစားခဲ့တာကြာ ပြီ' ဟုပြောသည်။ 'မင်းမှာ ဒီအလုပ်မလုပ်ရပေမယ့် တခြား မင်းနဲ့ အသင့်တော်ဆုံးအလုပ်တော့ ရနိုင်ပါတယ်၊ မင်းလို သပ်သပ်ရပ်ရပ် နေတတ်ထိုင်တတ်တဲ့ မိန်းမမျိုးအတွက် အဲဒီ အလုပ်မျိုးက အကောင်းဆုံးပဲ'

လူစီသည် နှုတ်ခမ်းများကို တအားကိုက်ထားသည်။ ထိုင်ရာမှ ဖြုန်းခနဲထရပ်ကာ ဝင်းဝင်းတောက်နေသော မျက် လုံးများဖြင့် လင်းနေ့ခ်၏မျက်နှာကို ရှုရှာစက်ဆုပ်စွာကြည့် သည်။

'ကျွန်မ အလုပ်က ဘယ်အချိန်ထွက်ရမှာလဲ' အခန်း တံခါးဝရောက်မှ နောက်သို့လှည့်၍ မေးသည်။

'တစ်လကုန်ရင်ပေါ့'

လူစီသည် အပြင်ခန်းသို့ ရောက်လာသည် ခေါသအငွေ့ ကြောင့် တစ်ကိုယ်လုံး ပူထူနေသည်။ အလုပ်စတင်ဝင်ရော သောနေ့ကလည်း သူ၏အစေခံအားကို မိမိခံခဲ့ရပြီ၊ အခု



လည်း အလုပ်ပြုတ်ခါနီးဆာမှ ဒုတိယအကြိမ် ထပ်မံ၍ စော် ကားလိုက်ပြန်လေပြီ။

ဤအကြားကာလရက်များအတွင်းက ဇနပ္ပမိုးရွာမရှောင် ကျွန်တစ်ယောက်သဖွယ် လုပ်ကိုင်ခဲ့ရသည်များကို သတိရ သည်။ လင်းနေ့ခ် အခုလိုအဆင်ပြေဖို့အတွက် အားထုတ် လုပ်ကိုင်ရခြင်းဖြစ်သည်ဟုပင် သူထင်၏။

'ငါပြောတာ မှန်တယ်မဟုတ်လား' ဟု အင်ဒရူးက ဆီး ပြောသည်။ 'မင်းလဲ အလုပ်ထုတ်ခံရတာပဲမဟုတ်လား'

'ရှင် ကျွန်မကို ဘာမှ လာမပြောနဲ့' ဟု လူစီက ပြန်ပြော သည်။

ဒုဂဲလ်ကတော့ နှုတ်ဆိတ်နေသည်။ သူကတော့ အလုပ် ထုတ်မခံရ၊ သူ့အဖြစ်သည် သူ့လုပ်ဖော်ကိုင်ဘက်များအား သစ္စာဖောက်သူ တစ်ဦးလိုဖြစ်နေပြီဟု ခံစားနေဟန်တူ၏။

လူစီသည် သူ့စားပွဲ၌ထိုင်ကာ သူ့ အလုပ်ကိုပြီးမြောက်အောင် လုပ်သည်။ ငါးနာရီထိုးသည့်အခါ ရုံးမှထွက်လာခဲ့လေသည်။

လမ်းမပေါ်ရောက်ခါမှပင် မိုးရွာနေသည်ကို သူ သတိ ထားမိသည်။ ထီးကိုဖွင့်ဆောင်းလိုက်သည့် အချိန်တွင် သူ့ ခြေဖဝါးများသည် စိုရွှဲကုန်ကြလေပြီ။ စတိုးဆိုင်မှ ထွက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားထွက်လာနေသော မီးရောင်များသည် သူ့နောက် အထက်တွင် ကျန်ရစ်ခဲ့ကြသည်။

လမ်းထောင့်မှ သတင်းစာသည် သူငယ်သည် မြင်းပွဲမှ နိုင် မြင်းများအမည်ကို တကြော်ကြော်အော်ဟစ်နေသည်။ သူ့ ရှေ့ သူ့နောက်နှင့် သူ့ဘေးဝဲယာမှ ဘူတာဆီသို့ ကသုတ် ကရက် လျှောက်သွားနေကြသောအရိပ်မည်းမည်းများ။

ဗူထားပေါ်ရောက်သည့်အခါ လူစီသည် ဘတ်စ်နေရာ၌ ဝင်ထိုင်ကာ သူ့အတွေးနှင့်သူ ငြိမ်နေသည်။ ထောင့် တစ် ထောင့်တွင် လူတစ်ယောက်သည် သတင်းစာထဲမှ စီးပွားပျက် ဆပ်ဆောင်းပါးကို သူ့အဖော်အား ဖတ်ပြနေသည်။

'သူတို့က အလုပ်သမားတွေကို ယင်စောင်တွေလောက်ပဲ သဘောထားပြီး အလုပ်ကဖြုတ်ပစ်နေကြတာပဲ' ဟု ထိုလူက ဆောင်းပါးအဆုံးတွင် သူ့ထင်မြင်ချက်ကို သူ့အဖော်အား ပြောပြနေသည်။

လူစီသည် ထိုလူအား တစ်ချက်လှမ်းကြည့်သည်။ သူအား ကြုံလာရသောအဖြစ်သည် ထိုလူပြောသည့်အတိုင်းပင် ဖြစ် နေသည်ဟု တွေးမိသည်။ သူ့အား အလုပ်ရှင်က အလုပ်မှ ထုတ်ပစ်ပြီ။

သူလုပ်ထားခဲ့သည့် ကြိုးပမ်းအားထုတ်မှုများကို လုံးဝ ထောက်ထားစာနာခြင်းမရှိ။ သူတထောင့် ဤအဖြစ်မျိုးကို လုံးဝ ကြိုတင်၍ တွေးတောဆင်ခြင်ခြင်းမပြုခဲ့မိ။



အတ်ဒ်ဖီလန်သို့ရောက်ချိန်အထိ မိုးကမတိတ်သေး၊ တိုး၍ ပင် သည်းလာနေသည်။ အိမ်ထဲရောက်သည့်အခါ သူ၏ခေါင်း နောက်ပိုင်း တစ်ပိုင်းလုံး မိုးရေများဖြင့် နစ်နေလေပြီ။

'ဟာ... တစ်ကိုယ်လုံး စိုရွဲနေလာပဲ' ဟု မစ္စဟော့ကင်းက လူစီ့ထံ အပြေးအလွှား ရောက်လာပြီး ပြောသည်။

'ဟုတ်တယ်၊ စိုလာတယ်'ဟု လူစီက ပြန်ပြောသည်။

လာ—လာ၊ မြန်မြန်အဝတ်လဲလိုက်၊ အအေးမိသွား မယ်။ ပြီးရင် ကိုယ်တို့ တစ်ခါတည်း ထွက်ကြတာပေါ့'

လူစီက ခေါင်းခါသည်။

'လူစီ မလိုက်တော့ဘူး'ဟု ပြောသည်။ 'လူစီ တအား ဝင်ပန်းနေတယ်'

သူတို့ ညစာစားဖို့ ဖိတ်ထားသည်မှာ မှန်သော်လည်း ထို စိတ်ကြွားမှုကို သူ ယနေ့ည လက်မခံနိုင်၊ သူ့အနေဖြင့် ဘယ် ကိုမှ သွားချင်စိတ်မရှိ။

'အို... ဘယ်ဖြစ်မလဲ၊ သွားမှပေါ့' ဟု မစ္စဟော့ခေါင်းက သပ်ပြောသည်။ ဟိုရောက်ရင် အမောပြေသွားမှာပါ၊ ညစာ စားခင် အဆိုအတီးနဲ့ ဖြေဖျော်ဦးမှာ၊ မင့်အတွက် အပန်း ဖြေလို့ သိပ်ကောင်းမှာ၊ လာပါ လူစီရယ်၊ အဝတ်လဲပါ'

www.burmeseclassic.com

www.burmeseclassic.com



'လူစီ မလိုက်ဘူးလို့ ပြောပြီးပြီ' ဟု လူစီက ပြန်ပြောသည်။ 'လူစီ လိုက်ချင်တဲ့စိတ် မရှိဘူး'

'လိုက်ချင်စိတ်ရှိလာအောင် လုပ်မှာပေါ့ကွာ၊ ကဲ….အဝတ်လဲ၊ ကိုယ်ကူပေးပါမယ်'

'မလိုချင်ဘူး၊ လူစီ အလုပ်ပြုတ်လာတယ်'

'အလုပ်ပြုတ်လာတယ်' ဟု မစ္စဟော့ခ်င်းက သံယောင်လိုက်၍ ရေရွတ်သည်။

'ဟုတ်တယ်၊ လူစီ့အလုပ်၊ လူစီရဲ့အဆင့်အတန်းကို လက်လွှတ်ခဲ့ရတာ'

'ဖြစ်မှဖြစ်ရပလေ' ဟု မစ္စဟော့ကင်းက ရေရွတ်သည်။ ထို့နောက် စိတ်ပြောင်းသွားဟန်ဖြင့် ပြုံးသည်။ 'မင်း တခြားအလုပ်တစ်ခုခုရှာလုပ်ရင် ရမှာပါကွာ၊ ပူမနေပါနဲ့၊ မနက်ဖြန်မနက်ကျရင် ရမှာပါ၊ ကဲ….အခုတော့ ကိုယ်နဲ့လိုက်ခဲ့၊ သွားကြစို့'

လူစီသည် အဖြေမပေးဘဲ မစ္စဟော့ကင်း၏ရှေ့မှ ဖြတ်၍ သူ့အိပ်ခန်းထဲသို့ ဝင်ခဲ့သည်၊ အဝတ်စိုများချွတ်၍ အိမ်နေရင်း ဝတ်သည့်အဝတ်များ လဲဝတ်သည်။



'အခုတော့ ရှူးကြောင်ကြောင်နိုင်တဲ့ မိန်းမပါလား' ဟု လူစီ တွေးသည်။

'ဒီလိုမိန်းမစားနဲ့ နေမိတဲ့ငါက ပိုပြီး မိုက်တာပဲ'

အပြင်မှ တံခါးခေါက်သံ ကြားရသည်။ ထို့နောက် အပြင်မှ အော်ပြောနေသည့် မစ္စဟော့ကင်း၏ အသံ။ 'ဘယ်လိုလဲ…လူစီ၊ လိုက်မှာလား၊ ကိုယ်အဆင်သင့် ဖြစ်နေပြီ'

လူစီသည် သူ့ခေါင်းကို ထိန်းချုပ်ကာ ပြန်ပြောသည်။ 'ရှင်ပဲသွားပါ၊ လူစီ မလိုက်ချင်ဘူး'

'မင်း လိုက်မှဖြစ်မှာ၊ လိုက်ခဲ့ပါကွာ'

လူစီသည် ဘာမှပြန်မပြောတော့ဘဲ တံခါးကို အတွင်းမှနေ၍ သော့ပိတ်လိုက်သည်။ အတန်ကြာမျှ ငြိမ်ဆိတ်သွားသည်။ ထို့နောက် အိမ်ရှေ့တံခါးကို ဆောင့်ပိတ်သွားသည့်အသံ ထွက်ပေါ်လာသည်။ ထိုအခါကျမှပင် လူစီသည် စိတ်အေးသွားရရှာတော့သည်။ သက်ပြင်းချလိုက်မိ၏။ သူသည် အခန်းအပြင်သို့ထွက်ကာ မီးဖိုခန်းထဲဝင်၍ ပေါင်မုန့်မီးကင်နှင့် ကော်ဖီရည် သောက်နိုင်ရန် ပြင်ဆင်ခြင်းပြုသည်။

စားပွဲ၌ထိုင်မိသည့်အခါ သူသည် ပြတင်းပေါက်မှ မြင်ကွင်းကို ငေးကြည့်ရင်း ရှေ့တွင်ချ၍ နောက်တစ်ကြိမ် ထပ်မံတွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပီတာသည် ဒုတိယနှစ်၏ နောက်ဆုံး ပညာသင်ကာလတွင်း သို့ ရောက်နေပြီ။

ယခုနှစ်ကျောင်းပိတ်၍ ပြန်ရောက်လာပါက သားပီတာ ၏ အနာဂတ်အရေးနှင့်သူ ရင်ဆိုင်ရပေဦးတော့မည်။ နောက် ဆုံးတစ်ကြိမ် ပီတာဆုယူစဉ်က ဖြစ်ရပ်များကို သူ ပြန်၍ မြင် ယောင်လာပြန်သည်။

ထိုစဉ်က ဘရူသာဝီလျံက 'ဒီသူငယ်မှာ အလားအလာ ကောင်းတွေရှိနေတယ်' ဟု သူ့အား ပြောပြခဲ့သည်။ မည်သို့ ပင်ဖြစ်စေ သူ့မှာကတော့ ပီတာပညာသင်ကြားရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပြီးပြီ၊ အနာဂတ် ဆိုသည်မှာ ရေရာသည်တော့မဟုတ်။

သို့သော်လည်း သူ့သားအတွက် သူ့စိတ်ထဲတွင် ရည် မှန်းချက် ကြီးကြီးမားမား ရှိနေသည်ဖြစ်ရာ၊ အခက်အခဲ များနှင့်ပင်ကြုံရစေခါမူ ရင်ဆိုင်သွားမည်ဟုတော့ ခိုင်မာစွာ ဆုံးဖြတ်ထားပြီးပြီ။

သူ့သားအား ပညာသင်ပေးသည့်နောက် ကျောင်းမှ ထွက်လာသည့်အခါ အလုပ်တစ်ခုခု လုပ်ခိုင်းရလျှင် ကောင်း လေမလားဟု သူ စဉ်းစားခဲ့ဖူးသည်။ အခြေအနေအရ သူ့ သားရနိုင်သည့်အလုပ်မှာ အရာမရောက်နိုင်သည့် အသေး အဖွဲ အလုပ်များသာရှိ၏။



ဆိုကြပါစို့၊ ရုံးစာရေးအလုပ်၊ စာရေးအလုပ်၊ အသက်မွေးမှု ပညာရပ်တစ်ခုတွင် အကူအလုပ်၊ ထိုအလုပ်မျိုးမှ တစ်ပါး အခြား မြင့်မြင့်မားမား အလုပ်ကမရှိ။ သူ့သားအား ထို အလုပ်များတွင်ဝင်၍ လုပ်ခိုင်းလိုက်မည် ဆိုပါက သူ အပင် ပန်းခံခဲ့သမျှအားလုံးသည် သဲထဲရေသွန် ဖြစ်ရပေတော့မည်။

သူ့သား၏ ထူးချွန်မှုများကို အချည်းနှီး အလဟဿ ဖြစ်သွားအောင် လုပ်ပစ်သလိုလည်း ဖြစ်ရပေတော့မည်။ သို့ဖြစ်ရာ သူ့သားအား အလုပ်လုပ်ခိုင်းရေးမှာ တွေးမရနိုင် သည့်ကိစ္စတစ်ခုဖြစ်လာသည်။

သူ၏ လက်ရှိအခြေအနေကတော့ အားရစရာမရှိ၊ တွေး ကြည့်လျှင် ရင်လေးဖို့ကောင်း၏။ သို့သော်လည်း ဤအခြေ အနေနှင့် ရင်ဆိုင်ရသဖြင့် သူ၏ မူလအစီအစဉ်နှင့် ဆုံးဖြတ် ချက်များကို ပြောင်းလဲပစ်ရမည်လော။

မပြောင်းလဲနိုင်။ သူသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝရှိသည်။ သူ့အနေဖြင့် နောက်ထပ် အလုပ်သစ် တစ်ခုကိုရရှိပြီး အခြေအနေသစ် တစ်ရပ်ကို ဖန်တီးနိုင်လိမ့် မည်ဟု ယုံကြည်ထား၏။ သူ ဘာမဆို လုပ်နိုင်ရမည်ဟုလည်း တွက်ထားသည်။ သူသည် ပီတာ၏စာကို ပြန်ခေါက်လိုက် သည်။

သူသည် အိပ်ရာဖေ့ာဖေ့ာဝင်သည်။ သို့သော်လည်း အိပ် မပျော်။ သူ့အား အလုပ်မှထုတ်ပစ်သည့်ကိစ္စအပေါ် မကျေ

www.burmeseclassic.com

www.burmeseclassic.com



မနှပ်ဖြစ်မှုကြောင့် စိတ်လှုပ်ရှားကာ ဘယ်ပြောင်းညာလူး ဖြစ်လျက်ရှိ၏။

သူသည် ရေတစ်ခွက်ထခံသောက်ပြီး သူ့စိတ်သူ ထိန်း၍ အိပ်ပျော်ရန် ကြိုးစားသည်။ မရ။ သူသည် လူညံ့လူဖျင်း တစ်ယောက်အတွက် ကျွန်တစ်ယောက်သဖွယ် တပင်တပန်း အလုပ် လုပ်ပေးခဲ့ရ၏၊ နောက်ဆုံးကျတော့ ထိုလူညံ့လူဖျင်း ကပင် သူ့အား အလုပ်မှထုတ်ပစ်ခဲ့၏။

မစ္စဟော့ကင်း ပြန်လာချိန်တွင် ဤအတွေးများဖြင့် ရစ် ပတ်ဖွဲ့နှောင်ခြင်း ခံနေရသည့် လူစီသည် အိပ်မပျော်သေး။ မှောင်ထဲတွင်လှဲနေရာမှ တံခါးဖွင့်သံ၊ ပိတ်သံနှင့် လျှောက် ဝင်လာသံများ ကြားနေရသည်။ မစ္စဟော့ကင်း လုပ်ပုံကိုင် ပုံများသည် ခါတိုင်းနှင့်မတူ၊ ကြမ်းတမ်းလှ၏။

အသံဗလံများကို သတိထား၍ နားစွင့်နေရာဖြင့် လူစီ သည် သူ့အသားများကို မေ့သွားသည်။ ခပ်ပြင်းပြင်း နင်း သွားနေသော မစ္စဟော့ကင်း၏ ခြေသံသည် သူ့အိပ်ခန်း တွင်းသို့ ရောက်သွားသည်။

ခါတိုင်းနှင့် မတူသော အခြေအနေကြောင့် လူစီသည် အိပ်ရာပေါ်တွင် တံတောင်တစ် ဘက်ထောက်၍ ခေါင်း ထောင်ထကာ တံခါးဆီသို့လှမ်းကြည့်သည်။ အပြင်ခန်းမထဲ မီးရောင်ကို မြင်နေရ၏။



တော့ကြောင့် မီးမပိတ်တာပါလိမ့်။ သာမန်အားဖြင့် ဆို ပါက မစ္စဟော့ကင်းသည် အိမ်ထဲသို့ အေးဆေးသာသာ ဝင်လာမည်။ ပြီးတော့ သူ့ထံလာပြီး ညစာစားပွဲ မလိုက် သည့်အတွက် အပြစ်တင်မည်။ ညစာစားပွဲတွင် ပျော်စရာ ကောင်းပုံများကို ဖောက်သည်ချမည်။

လူစီ မျှော်လင့်ထားသည်မှာ ထိုပုံစံဖြစ်သော်လည်း ယခု ယက်တွေ့တွင် ထိုကဲ့သို့ဖြစ်မလာ။ ဘာ့ကြောင့်ပါလိမ့်။

ထိုအခိုက်မှာပင် ငိုရှိုက်သံလိုလို ကျိတ်၍ ရယ်သံလိုလို အသံတစ်မျိုး ကြားရသည်။ ခရာအစိုးက် ထပ်၍ နားစွင့်လိုက် သည့်အခါ ကျိတ်၍ငိုနေသံဖြစ်သည်။

သူသည် အိပ်ရာပေါ်မှ တဗျာကယာလူးလဲထကာ ခုတင် ပေါ်မှ ဆင်းသည်။

ညဝတ် ပတ်လုံအင်္ကျီကြီးကို ကောက်စွပ်ကာ ညှပ်ဖိနပ်ကို စီး၍ တံခါးကို လျှင်မြန်စွာဖွင့်ပြီး အပြင်သို့ထွက်ခဲ့သည်။ "ဘာဖြစ်လို့လဲ" ဟုလည်း မေးလိုက်မိသည်။

အဖြေမရ။ လူစီသည် ဝတ်လုံအင်္ကျီ ခါးစည်းကြိုးကို ဆင်းအောင်ချည်လိုက်ပြီး မစ္စဟော့ကင်း၏ အခန်းတံခါး ကို တခေါက်ခေါက် ခေါက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထဲမှ တုံ့ပြန်မှုမရ။ သူသည် တံခါးသက်ကိုင်ကို အသာလှည့်၍ဖွင့်ကြည့်သည်။ တံခါးပွင့်သွားသဖြင့် အတွင်းသို့ ခြေဖျားထောက်၍ ဝင်လာခဲ့လေသည်။

သူသည် ကုလားထိုင်ပေါ်၌ ခြေပစ်လက်ပစ် ထိုင်နေသော မစ္စဟော့ကင်းကို ကြည့်ပြီး အံ့အားသင့်နေသည်။ မစ္စဟော့ကင်း၏ဂါဝန်နှင့် အတွင်းခံအင်္ကျီများသည် ကြမ်းပေါ်၌ ဗရိုဖရဲ။

ဆံပင်များကလည်း ဖိုးရိုးဖားရား။ မစ္စဟော့ကင်းသည် ကုလားထိုင်ပေါ် မျက်နှာအပ်ကာ ငိုကြွေးလျက်ရှိ၏။

'ဘာဖြစ်လို့လဲ' ဟု လူစီက မေးသည်။

မစ္စဟော့ကင်းက အဖြေမပေး။ လှည့်၍ပင်မကြည့်။ ငိုမြဲတိုင်းသာ ငိုနေသည်။ လူစီက သူ့အနားအထိ တိုးသွားသည်။

'ဘာဖြစ်လာတာလဲ၊ ကျွန်မ မေးနေတာကိုဖြေဦးမှပေါ့' ဟု လူစီက ထပ်မေးသည်။ သူ့အသံသည် ပို၍ ကျယ်လောင်သွားသည်။

'သူက ငါ့ကို ခါ ထုတ်လိုက်တယ်' ဟု ဖြေသည်။ 'ပါတီပွဲမှာ ငါကိုယ်တိုင်ကြားခဲ့ရတာ'



ပြောရင်းနှင့်ပင် မစ္စဟော့ကင်း၏ မျက်လုံးများမှ မျက်ရည်ပေါက်ကြီးများ ကျလာပြန်သည်။

'ရှင် ဘာပြောနေတာလဲ၊ ကျွန်မ နားလည်အောင် ပြောမှပေါ့'

'သူ....သူ....သူက ငါ့ကိုစွန့်လိုက်ပြီ၊ သူ တခြားမိန်းမ တစ်ယောက်နဲ့ စေ့စပ်လိုက်ပြီ၊ ဒီနေ့ပဲ လူသိရှင်ကြား ထုတ်ပြောတာ ကြားခဲ့ရတယ်' ပြောပြောဆိုဆို တစ်လောထပ်၍ ငိုပြန်သည်။ 'ငါ သူ့ကိုချစ်လာတာ နှစ်တွေကြာခဲ့ပါပြီ၊ ငါ သူ့အတွက် လုပ်ပေးခဲ့သမျှ အားလုံး အလကား ဖြစ်ကုန်ပါပြီ'

မစ္စဟော့ကင်းသည် သူ မပိုင်ဆိုင်ခဲ့သည့် ပစ္စည်းတစ်ခုကို ဆုံးရှုံးသွားသဖြင့် အဓိပ္ပာယ်မရှိ ငိုကြွေးနေသော မိန်းမတစ်ယောက်နှင့်တူနေသည်။

'တိတ်စမ်းပါ' ဟု လူစီက ပြောသည်။ 'ကဲ- လာ၊ လူစီ အိပ်ရာထဲလိုက်ပို့ပေးမယ်၊ ထ'

'ငါ ဘယ်လိုလုပ်ပြီး အငိုတိတ်နိုင်မလဲ လူစီ ရယ်...' ဟု မစ္စဟော့ကင်းက ပြန်ပြောသည်။ 'ငါ သူ့ကို သိပ်ချစ်တာ၊ သူကလဲ ငါ့ကိုချစ်တာပါပဲ၊ သူ ချစ်တာ ငါသိတယ်၊ ငါက တော့ သူ့ကို စောင့်နေတာ၊ အခုတော့- အခုတော့'

www.burmeseclassic.com

www.burmeseclassic.com



သူသည် တည်ည်းညည်း တည့်ုည့်နှင့် ငိုမြန်သည်။ သူ့စိတ်ကူးယဉ် အိပ်မက်ပျက်သွားခြင်းသည် သူ့ဘဝတစ်ခုလုံး ပျက်သုဉ်းသွားသလို ဖြစ်နေသည်။

'ငါ သူ့ကို သိပ်ချစ်တယ်၊ သိပ်ကို ချစ်တာပဲ'ဟု ရေရွတ်ကာ ရှိုက်ကြီးတငင် ငိုမြန်သည်။ 'ငါတို့ ဘုရားသခင် ရှေ့တော်မှောက်မှာ လက်ထပ်ကြမှာ သိလား'

လူစီသည် ငိုသံကိုနားထောင်ကာ အလန့်တကြားဖြစ်သွားသည်၊ 'တိတ်ပါတော့ ငိုမနေပါနဲ့တော့'ဟု မစ္စဟော့ကင်း၏ လက်မောင်းကိုပုတ်၍ ပြောသည်။

အဝတ်လျှော့ကျနေသဖြင့် ဟာလာဟင်းလင်း ဖြစ်နေသော ပခုံးနှင့်ရင်တစ်ခြမ်းကို လုံအောင်ပြန် ဖုံးပေးသည်။

'ငါ ပြောတာ မင်း မယုံဘူးလား လူစီ၊ ယုံတယ်မဟုတ်လား ဟင်' မစ္စဟော့ကင်းသည် လူစီ၏ လက်ကို လှမ်းဆွဲကာ သူ့ပါးတွင် ကပ်ထားပြီး ငိုမြန်သည်။ 'ငါ့ကို သနားပါ လူစီရယ် ငါ့ကိုသနားပါ....'ဟုလည်း တတွတ်တွတ် ပြောသည်။

'အင်းပါ....အင်းပါ၊ ရပါတယ်၊ ဒါပေမယ့် အခုအိပ်ရာထဲ ပို့ပေးမယ်၊ အိပ်ရာဝင်တော့နော်'



လူစီက မစ္စဟော့ကင်းအား အသာဆွဲယူပြီး ထိန်းသည်။ အဝတ်များကို ကပျာကယာလဲပေးအပြီးတွင် အိပ်ရာထက်ဆီသို့ ပို့ပေးသည်။ မစ္စဟော့ကင်းသည် အငို တိတ်သွားသည်။ စကားမပြော တုံကိုဘော ဖြစ်ကာ ငေးကြောင်ကြောင်ဖြစ်နေသည်။

'လက်ဖက်ရည်သောက်မလား'ဟု လူစီက မေးသည့်အခါ မစ္စဟော့ကင်းက ခေါင်းညိတ်သည်။ လူစီသည် အခန်းထဲမှ ထွက်သွားပြီး လက်ဖက်ရည်တစ်ခွက် ဖျော်ယူလာသည်။

'ရော့....လက်ဖက်ရည်'

မစ္စဟော့ကင်းက လှမ်းယူသည်။ သို့သော်လည်း လက်တဲ့မှ လွတ်ကျသွားသဖြင့် ကြမ်းပေါ်ရှိ ကော်ဇော တစ်ခုလုံး ရွှဲရွှဲစိုသွားသည်။

မစ္စဟော့ကင်းက တောင်းပန်စကားပြောသည်။ 'ကိုယ်....မယ်လ်ကွန်အကြောင်း တွေးနေ မိလို့ပါ....'ဟု လည်း ဆိုသည်။

လူစီသည် အိပ်ရာပေါ်ရှိလှဲနေသော မစ္စဟော့ကင်းအား စိတ်ပျက်သောမျက်နှာထားဖြင့်ကြည့်နေမိသည်။ သူ့စိတ်ထဲတွင် သနားစိတ်မဝင်။ ဤမျှလောက် မိုက်မဲသောအတွေးအခေါ်နှင့်အယူအဆများကြောင့် များစွာစိတ်ပျက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် စိတ်ငြိမ်ဆေးသောက်မလား' ဟု လူစီက မေးလိုက်သည့်အခါ 'သောက်ချင်သည်' ဟု ဖြေသည်။ လူစီက ဆေးယူပေးသည့်အခါ ဇွန်းကိုကောင်းစွာမယူနိုင်။ ဇွန်းကိုင်ထားသည့် လူစီ့လက်ကိုကိုင်၍ ဇွန်းကို သူ့နှုတ်ခမ်းတွင် တေ့ပြီး သောက်သည်။

လူစီကတော့ မစ္စဟောက္ကင်း၏ အဖြစ်ကိုကြည့်ကာ စိတ်ပျက်နေသည်။ သူ့စိတ်သည် မစ္စဟောက္ကင်းနှင့်ဝေးကွာသွားခဲ့လေပြီ။ သူသည် မစ္စဟောက္ကင်းအား မျက်မမှခင်ကုပ်၍ ကြည့်နေရာမှ 'မင်္ဂလာညပါ' ဟု နှုတ်ဆက်သည်။

'မင်္ဂလာညပါ'

လူစီသည် မီးခလုတ်ကိုပိတ်ပေးပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ သူ့အဖို့တော့ အကြီးအကျယ်ပင် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရလေပြီ။ သူ့ဘဝတစ်လျှောက်လုံး အေးဆေးငြိမ်သက်စွာ နေလာခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။

သူသည် မစ္စဟောက္ကင်းအား အစွမ်းကုန် သည်းခံခွင့်လွှတ်ပြီးနေခဲ့၏။ သူ့စိတ်ထဲကလည်း မစ္စဟောက္ကင်းနှင့်နေရသည့်အတွက် သူ့ဘဝလုံခြုံမှုရှိသည်ဟု ခံစားခဲ့ရ၏။ အခုတော့ ယနေ့ကြုံတွေ့လိုက်ရသောအဖြစ်သည် သူ့ယုံကြည်မှုကို ဖရိုဖရဲဖြစ်အောင် ဖိအားပေးနေလေပြီ။



သို့သော်လည်း သူသည် သူ့အဖော်အပေါ် ပြတ်ပြတ်သားသားတော့ မဆုံးဖြတ်နိုင်သေး။ သူ အိပ်ရာပေါ်ရောက်သည့်အခါ 'မနက်ဖြန် မနက်ကျရင်တော့ သူကောင်းသွားမှာပါ' ဟူသော အတွေးဝင်လာသည်။ ထိုအခါ သူ့စိတ်သည် အေးဆေးသွားပြန်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

သို့သော် ပည်း နောက်တစ်နေ့မနက်တွင် မစ္စဟော့ကင်း၏ အခြေအနေသည် ကောင်းမွန်လာခြင်းမရှိပေ။ မနက်စာစားအပြီးတွင် လူစီသည် ထုံးစံအတိုင်း အဝတ်အစားလဲကာ အလုပ်သွားရန် ပြင်ဆင်ပြီးနေပြီး သူသည် ခါတိုင်းလိုပင် နှုတ်ဆက်စကားပြောရန် မစ္စဟော့ကင်း၏ အခန်းထဲသို့ဝင်ခဲ့သည်။

'ဘယ့်နှယ်လဲ၊ နေကောင်းတယ်မဟုတ်လား' ဟု လူစီက မေးသည်။

'ကောင်းပါတယ်' ဟု မစ္စဟော့ကင်းက ပန်းလျှလျှ လေသံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ လူစီ၊ ကိုယ် တွေးနေမိတယ်'

မိန်းမနှစ်ယောက်၏ အသွင်အပြင် အနေအထားသည် ထူးခြားလှပါဘိသည်။ တစ်ယောက်က သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ကာ ခံ့ညားထည်ဝါစွာ ရပ်နေသည်။

သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုအပြည့်အဝရှိနေသည့် အရိပ်လက္ခဏာများ အထင်အရှား မြင်နေရသည်။

ထီးကိုထောက်၍ ရပ်ကြည့်နေသောမျက်နှာသည် အလွန် စေ့စပ်သေချာသည့် အသွင်ကို ဖော်ပြနေသည်။ နောက် တစ်ဦးကတော့ အိပ်ရာထက်တွင် မသေမသပ် မလှမပ လှဲနေ သည်။

ဆံပင်တွေက ပွယောင်းယောင်း၊ လှပသော မျက်လုံး များသည် ကြေကွဲဝမ်းနည်းဟန် ပေါက်နေသည်။

'ဟုတ်တယ်၊ လူစီ' ဟု မစ္စဟော့ကင်းစ ဆက်ပြော သည်။

'အခုလိုဖြစ်တာဟာ ဘုရားရှိခိုးကျောင်းထဲက စန္ဒယားကို ကိုယ်မတီးတတ်လို့ ဖြစ်တာပဲ၊ တစ်ခါလို့သာ တီးပေးနိုင် ခဲ့ရင်၊ သူ့ကိုယ်ကိုပြန်ယူမယ်လို့ထင်တယ်၊ ဒါကို ကိုယ် ဒီနေ့ပဲ သင်မှ ဖြစ်တော့မယ်'



လူစီသည် စိတ်ပျက်ရပြန်သည်။ သူသည် သူ့စိတ်ကို ထိန်းနိုင်သမျှ ချုပ်တည်းကာ 'ညက အိပ်ပျော်ရဲ့လား' ဟု မေးသည်။

'အိပ်ပျော်ပါတယ်၊ ကိုယ် ဒီနေ့ ဘုရားရှိခိုးကျောင်းထဲမှာ စန္ဒယားတီးတတ်အောင် သင်ရမယ်၊ ဒီမနက်ပဲ ဘုရားရှိခိုး ကျောင်းသွားမယ်၊ ကိုယ် မယ်လ်ကွန်အတွက် အလုပ် လုပ် ရမယ်၊ သိလား'

'တော်စမ်းပါ' ဟု လူစီက စိတ်မရှည်သံဖြင့်ပြောသည်။

'အဲဒီစကားတွေကို လူစီ နားမထောင်ချင်ဘူး'

'မင်း နားမထောင်ချင်ဘူးဆိုတာ ကိုယ်သိပါတယ် လူစီ ရယ်၊ အဲဒါ မင်းနားမလည်လို့ပါ၊ ကိုယ့်မှာက သူ့အ ကြောင်းကို မတွေးဘဲ မနေနိုင်ဘူး'

လူစီသည် နှုတ်ခမ်းကို ကိုက်ထားသည်။ နာရီကိုကြည့် သည်။ ရထားမမီမှာစိုးရသဖြင့် သွားမှဖြစ်တော့မည်။ သူ့ မှာလည်း သူ့ပြဿနာနှင့်သူဖြစ်နေသည် မဟုတ်ပါလော။ မိုက်မဲလှသော ဤသတ္တဝါအတွက် တစ်နေ့တာ အချိန်ကုန် ခံ၍မဖြစ်၊ သူသည် နောက်သို့လှည့်လိုက်သည်။

'လူစီ သွားမယ်' ဟု သံပြတ်ပြတ်နှင့်ပြောကာ အခန်းထဲမှ ထွက်လာခဲ့သည်။ မစ္စဟော့ကင်းကတော့ သူ့ရှေ့တည့်တည့် ဆီသို့ မှိုင်တွေငေးမောကာ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမထဲရောက်သည့်အခါ လှစီသည် တစ်ခဏမျှရပ်၍ စဉ်းစားနေပြန်သည်။ နေ့စဉ် သန့်ရှင်းရေးလာလုပ်နေသော မိန်းမကြီး ရောက်အလာကို စောင့်၍ မှာစရာရှိသမျှ မှာခဲ့ရလျှင် ကောင်းလေမလား၊ သို့သော်လည်း ထိုမိန်းမကြီးသည် အလွန် အချိန်နောက်ကျပြီးမှ ရောက်လာတတ်၏။

ပေါတီးပေါတန်သာမား တစ်ဦးဖြစ်၍ ဘယ်တော့မှ အချိန်မှန်လေ့မရှိ။ စောကယ်၍ သူ့အား စောင့်နေလိုက်လျှင် မိမိမှာသာ နောက်ကျသွားဖို့ ရှိ၏။ ဤသို့ဖြင့် လှစီသည် အိမ်မှ ထွက်ခွာလာခဲ့လေ၏။

ထိုနေ့တစ်နေ့လုံး လှစီသည် ရုံးရောက်ချိန်မှစ၍ မစ္စ ယောကင်းအကြောင်းကို သတိမရနိုင်တော့ပေ။ သူ့အနေဖြင့် တစ်လအတွင်း အလုပ်တစ်ခုထပ်ရှာရန်ကိုသာ စဉ်းစား လျက်ရှိသည်။

သူ့တွင် စိတ်မအေးစရာအကြောင်းတွေ ရှိနေ၏။ သူ့သား နှင့် သူ့သား၏ အနာဂတ် ပညာရေးသည် သူ့အတွက် စိတ်ပူစရာ ပြဿနာများ ဖြစ်သည်မဟုတ်ပါလား။

ထိုနေ့ညနေခင်း ရုံးမှအပြန် ဝိတိုရိယဆရီးဆင့်ရပ်ကွက် တွင်းသို့ ဝင်မိခါမှပင် သူသည် ပင်ကီခေါ် မစ္စယောကင်း အကြောင်းကို စဉ်းစားဖို့ သတိရသည်။ 'အခုလောက်ဆိုရင် တော့ ကောင်း...သွားလောက်ပါပြီ' ဟုလည်း တွေးမိသည်။



သို့သော်လည်း ပင်ကီသည် သူ့မျှော်လင့်ထားသလို ဖြစ် မလာသေးပေ။ ဝို၍ ထူးခြားနေသည်မှာ တစ်ခြားမဟုတ်။ သန့်ရှင်းရေးအလုပ်သမ မိန်းမကြီးသည် ခန်းမထဲမှ ထိုင်၍ လှစီအား စောင့်မျှော်နေခြင်းပေတည်း။

'ကျွန်မ ရှင့်ကို မစောင့်ရင်မဖြစ်ဘူး မဒမ်' ဟု မိန်းမ ကြီးက နှစ်ကိုယ်ကြား လေသံဖြင့် ပြောသ ။

'ရှင့်အဖော်က တစ်မျိုးကြီး ဖြစ်နေလို့၊ အချိန်ပိုကုန်လို့ လုပ်ခပိုပေးတာ မပေးတာ အရေးမကြီးပါဘူး။ ရှင်ပြန်လာ တဲ့အထိ စောင့်နေမှဖြစ်မယ်ထင်လို့ စောင့်နေတာ'

'ဘယ်လိုဖြစ်နေလို့လဲ' ဟု လှစီက ပြန်မေးသည်။

'သူဖြစ်နေပုံက တစ်မျိုးကြီးပဲမဒမ်၊ ခါတိုင်းဆိုရင် သူဟာ သီချင်းဆိုလိုက်၊ ရယ်လိုက်မောလိုက်၊ တယော ထိုးလိုက်နဲ့ နေတာ၊ ဒီနေ့ကျတော့ အင်း—'

'ဟုတ်တယ်၊ ကျွန်မနားလည်ပြီ' ဟု လှစီကပြောကာ မိန်း မကြီးအား လုပ်ခတစ်သျှ လင်ပိုပေးပြီး ပြန်လွှတ်လိုက်သည်။ ထို့နောက် သူသည် သူ့စိတ်ကိုထိန်းကာ သာမှ မဖြစ်သည့် နှယ် မျက်နှာကို ပြုံးပြုံး ရွှင်ရွှင်ထားပြီးညေ့ခန်းထဲသို့ ဝင်ခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စဟော့ကင်းသည် ကုလားထိုင် တစ်လုံးတွင် ထိုင်နေသည်။ ဝတ်စားထားပုံသည် ဖိုးရိုးဖားလျားနှင့် ကြည့်၍ မကောင်း။ 'ကိုယ်တော့ စန္ဒရားကို လုံးဝ မတီးတော့ဘူး၊ စန္ဒရားက အသုံးမှမဝင်တာ'ဟု ဆီးပြောသည်။

'ပင်ကီရယ်.... ဒီလိုမပြောပါနဲ့' ဟု လူစီက ဟန့်သည်။

'ကိုယ်....လေ....၊ ဟီးဘရူး ဘာသာလဲ သင်မှဖြစ်မယ်' ဟု ပင်ကီက ဆက်ပြောသည်။ 'ကိုယ်စာအုပ်ရအောင်ရှာပြီး မနက်ဖြန်က စသင်မယ် သိလား၊ ပြီးတော့ သူနဲ့ အဲဒီ ဘာသာစကားကို အပြောလေ့ကျင့်မယ်၊ ဒါဆိုရင် ကိုယ့်ကို သူ ချစ်လာမှာပါ'

'အဲဒီစကားတွေ မပြောပါနဲ့တော့ ပင်ကီရယ်'ဟု လူစီက ထပ်၍ဟန့်သည်။ 'ဒီစကားတွေဟာ အဓိပ္ပာယ်မရှိဘူးဆိုတာ ရှင်သိမှာပါ၊ ဒါတွေ ပြောနေရင် ရှင်ရော လူစီပါ စိတ်မကောင်းဖြစ်ကြရပါတယ်'

'ဟီးဘရူး ဓမ္မကျမ်းစာကို မနက်ဖြန် မနက်ကျရင် ကိုယ်ရအောင်ရှာမယ် လူစီ၊ ပြီးတော့ မယ်လ်ကွန်နဲ့ ကိုယ်နဲ့ နှစ်ယောက်လည်း တူတူဖတ်မှာ'

သူ့စကားသည် ရယ်စရာကောင်းသော်လည်း လူစီမှာရယ်နိုင်။ စိတ်ထိခိုက်ခြင်းသာ ခံစားရသည်။ လူစီသည် ယခင်အ



လို ပင်ကီအပေါ် စိတ်လည်းမဆိုးနိုင်။ ဒေါသလည်း မဖြစ်ရ။ အခုပုံအတိုင်းသာဆိုလျှင် ခက်ရချည့်ရဲ့ဟု တွေးကာ စိတ်မချမ်းအားဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုည တစ်ညလုံး သူသည် ပင်ကီစိတ်ပြောင်းစေရန် အမျိုးမျိုးချော့မော့ပြောဆိုခြင်း၊ နားချခြင်း၊ တောင်းပန်ခြင်းများပြုသည်။

နောက်တစ်နေ့မနက် စနေနေ့တွင် သူသည် သန့်ရှင်းရေးအလုပ်သမကြီး မစ္စက်ဒစ်ဆင်း ရောက်လာသည်အထိ စောင့်ကာ အိမ်တွင် သူပြန်မရောက်မချင်း နေပေးရန် မေတ္တာရပ်ခံသည်။ ပင်ကီကိုလည်း အိပ်ရာထက်၌ နားနေရန် စီစဉ်ပေးခဲ့ပြီး ရုံးသို့ထွက်ခဲ့လေ၏။

ယနေ့ သူလုပ်စရာရှိသည်များကို တတ်နိုင်သမျှ အလျင်အမြန်လုပ်သည်။ တချို့နေရာများကို မသွားတော့ဘဲ စောစောစီးစီးအလုပ်ကို အပြီးသပ်လိုက်သည်။ ထို့နောက် ဆယ့်တစ်နာရီခန့်တွင် ဂလက်ဇဂိုသို့ သွားကာ မူလ စီစဉ်ထားသည့်အတိုင်း အယ်လ်စဟန်လမ်းထဲရှိ ယောဂယ်လ်မန်း ကုမ္ပဏီသို့ သွားသည်။ မန်နေဂျာနှင့် တွေ့ခွင့်ပြုရန် မေတ္တာရပ်ခံသည်။

သို့သော်လည်း ယောဂယ်လ်မန်း ကုမ္ပဏီရုံးသည် လွန်ခဲ့သော နှစ်ရုံးနှင့်မတူ။ တံခါးမရှိ ခားမရှိ ဝင်လို့ ထွက်လို့ မရ။ စောင့်ရှောက်ရေးဌာန၏ တားမြစ်ပိတ်ပင်မှုကို ခံရသည်။ သူ့နာမည်နှင့် အလုပ်အကိုင်ကို ပေးရမည်ဟု တောင်းခံသည်။ ဤသို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူသည် မန်နေဂျာနှင့် တွေ့ခွင့်မရ။ သူ့အား မန်နေဂျာနှင့် တွေ့ရန်သာမက အလုပ်ရရန်ကိုပါ မမျှော်လင့် ပါနှင့်တု ပြောလွှတ်လိုက်သည်။

လူစီသည် ခေါင်းကိုမော့၍ ရင်ကိုကော့ကာ ခပ်တည် တည်ပင် ထွက်လာခဲ့သည်။

သူ့လို အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သော အလု… သမားတစ်ဦးအား ပယ်လွှတ်ခံခြင်းသည် သူတို့သာလျ… နစ်နာစရာရှိသည်ဟု တွေးသည်။ တစ်နေ့ကျလျှင် သူတို့… ဝမ်းနည်းရမည်ဟုလည်း အနိုင်အမာ ယုံကြည်သည်။

လူစီသည် နောက်ထပ် ကုမ္ပဏီသုံးခုသို့ ဆက်လက်သွ… သည်။ သုံးခုအနက် အကြီးဆုံးကုမ္ပဏီမှာ တာစ်ဝဲလ်… ထဲ၌ တည်ရှိပြီး အနီးဆုံးဖြစ်သဖြင့် ထိုကုမ္ပဏီသို့ အရင်… သွားသည်။

ဤရုံးတွင်မူ အခက်အခဲမရှိဘဲ မန်နေဂျာနှင့် တွေ့ခွ… သည်။ သူ့အကြောင်းပြောပြသည့်အခါ မန်နေဂျာက သူ… လုပ်ငန်းမှာ မကောင်းဘဲဖြစ်ကြောင်း၊ နည်းလှည့် အ… ကိုယ်စားလှယ်များမှာလည်း အလုံအလောက်ရှိနေကြော… အခုလို အလုပ်အကိုင်ရှားပါးနေချိန်တွင် ယောကျ်ား … ယောက်သာ ရသင့်သည့် အလုပ်ကို မိန်းမ တစ်ယောက်…



ခန့်လိုက်လျှင် မတရားရာကျသွားမည်ဖြစ်ကြောင်းစသည့်ဖြင့် အကြောင်းအမျိုးမျိုးပြရာ အလုပ်မပေးနိုင်ဟု ပြောသည်။ သူ့အနေဖြင့် မာခေါ်ဆန်ကုမ္ပဏီသို့သွား၍ စုံစမ်းသင့်သည် ဟုလည်း ထင်မိကြောင်း အကြံပေးသည်။

မာခေါ်ဆန်ကုမ္ပဏီမှာ လူစီရွေးထားသည့် ကုမ္ပဏီ သုံးခု ထဲမှ ဒုတိယကုမ္ပဏီဖြစ်၏။ ထိုကုမ္ပဏီတွင်လည်း သူ အလုပ် မရ။ တတိယကုမ္ပဏီသို့ ဝင်ကြည့်ပြန်တော့လည်း ထိုအတိုင်း ပင်ဖြစ်၏။ နောက်ဆုံးတွင် သူသည် စိတ်အားပျက်နေသည့် ကြားမှပင် ဟန်မပျက်အောင် သူ့ကိုယ်သူ ထိန်းကာ ရုံးသို့ ပြန်လာခဲ့သည်။ သူ့ကိုယ်သူ ယုံကြည်မှုကတော့ မသိမသာ ပျက်ပြားစပြုနေလေပြီ။

နောက်ပိုင်း ရုံးသို့ရောက်သည့်အခါ 'ဘည်နယူးစ်နှင့် သည်စီးတီးဇင်း' သတင်းစာနှစ်စောင် ဝယ်လိုက်သည်။

ရထားပေါ်ရောက်သည်နှင့် ပစ်ပွိုင်နက်သတင်းစာများ ထဲမှ 'အလိုရှိသည် ကြော်ငြာများ' ကို ပိုက်စိတ်တိုက်၍ ဖတ် သည်။ မိန်းမတစ်ယောက်အနေဖြင့် သင့်တော်မည့် အလုပ် များကို ရှာဖွေသည့်အခါ သူ့အတွက် အခွင့်အရေးများစွာ နည်းနေသည်ကို တွေ့နေရ၏။

သူ့အဖို့ ရုံးထွင်းဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ကား မလွယ် ကူလှပေ။ သူသည် လက်နှိပ်စက် မရိုက်တတ်၊ လက်ရေးတို

www.burmeseclassic.com

www.burmeseclassic.com



ပညာလည်းမသင်ဖူးခဲ့။ ဘာ့ကြောင့် ထိုပညာများကို ငါ မသင်ခဲ့မိတာပါလိမ့်ဟု တွေးကာ သူ့ကိုယ်သူ အပြစ်တင်မိသည်။

တစ်ပတ်သျှင် ခုနစ်သျှ ီလှင် ခြောက်ပဲနီနှုန်းဖြင့် တောင်တာစာရေး ဝင်လုပ်မလား။ သို့မဟုတ် တစ်နှစ်လျှင် ပေါင်နှစ်ဆယ်လစာဖြင့် မထင်မရှားအိမ်ထောင်စုတစ်ခုတွင် ထမင်းချက်ဝင်လုပ်မလား။ ထိုအလုပ်နှစ်ခုစလုံးသည် သူနှင့် လုံးဝမကိုက်ညီသောအလုပ်များ ဖြစ်နေသည်။

ထို့နောက်တော့ သူ့ခေါင်းထဲသို့ မစ္စ ဟော့ကင်း၏ ပြဿနာဝင်လာသည်။ သူ့အရေးနှင့် သူ ခေါင်းရှုပ်နေရသဖြင့် မစ္စဟော့ကင်းအား သတိမရ။ အခုမှပင် သူ့ပြဿနာကို ဘယ်လိုလုပ်ရပါ့မလဲဟု စဉ်းစားမိသည်။ သူသည် ပင်ပန်းနွမ်းနယ်လွန်းသဖြင့် တောင်ကုန်းပေါ်ရှိ အိမ်ဆီသို့ ခပ်ဖြည်းဖြည်းပင် တက်လာခဲ့ရ၏။

ရာသီဥတုကတော့ ကြည်လင်သာယာလျက်ရှိသည်။ နွေးထွေးသော နေ့တစ်နေ့ဖြစ်၏။ ဂါစ်ဒင်းလမ်းလယ် အရှေ့တွင် နယ်မြေထုတ် အပတ်စဉ်ဂျာနယ် ရောင်းနေသောသူငယ်ကလေးနှင့် ဆုံမိသဖြင့် တစ်စောင်ဝယ်လိုက်သည်။

လျှောက်သွားရင်းနှင့်ပင် သတင်းစာကိုလှန်လှော ဖတ်ရှုသွားရာ တစ်နေရာတွင် ဘုန်းကြီးမယ်လ်ဘွန်နီအောဒမ်၏ စေ့စပ်ကြောင်းလမ်းခြင်းသတင်းကို အမှတ်မထင်တွေ့ရသည်။



အမှန်တော့ ဤကိစ္စမျိုးသည် သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုသာဖြစ်၏။ သို့သော်လည်း စိတ်ကူးနှင့် တစ်ဘက်သတ် ဖြစ်နေသော မစ္စဟော့ကင်းအဖို့မူကား....။ လူစီသည် လေးလံသောစိတ်ဖြင့် သတင်းစာကိုခေါက်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။

အိမ်ထဲရောက်လျှင် ရောက်ချင်း လူစီသည် မစ္စဒစ်ကင်းအား အခြေအနေကို စုံစမ်းသည်။ ‘ရှင် မှာခဲ့တဲ့အတိုင်း သူ အိပ်ရာထဲမှာ မနေဘူး’ ဟု မစ္စဒစ်ကင်းက ပြောသည်။ ‘တစ်နေ့လုံး ဧည့်ခန်းထဲမှာ စာအုပ်တွေ ထိုင်ဖတ်နေတယ်’

မစ္စဒစ်ကင်းသည် အခြေအနေကို နှစ်ကိုယ်ကြား ဆွေးနွေး ပြောဆိုလိုဟန်ရှိ၏။ သို့သော်လည်း လူစီ၏ အမူအရာက စိတ်ညစ်စိတ်ရှုပ်နေပုံပေါ်သဖြင့် မပြောဝံ့။ လူစီသည် ချက်ချင်းပင် ဧည့်ခန်းထဲသို့ ဝင်သွားသည်။

‘ကိုယ် အလုပ်များနေတာ၊ မင်းမမြင်ဘူးလား’ ဟု မစ္စဟော့ကင်းက ဆီးမေးသည်။ လူစီသည် စာအုပ်များ တစ်ချက်လှမ်းကြည့်သည်။ တီးဘရူးစာအုပ်များ မဟုတ်။ ရုက္ခဗေဒဘာသာရပ်ဆိုင်ရာ စာအုပ်များ ဖြစ်နေသည်။

‘ဘာပြုလို့ လာပြီး နှောက်ယှက်နေရတာလဲ’ဟု ပင်ဝင်ပြန်သည်။ ‘ကိုယ့်အကြောင်းကိုယ် သိချင်လို့ လေ့လာနေတာ၊ မင်း မမြင်ဘူးလား’

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ကတိပေးထားတာ မှတ်မိရဲ့လား၊ အိပ်ရာထဲမှာ နေပါမယ်ဆို' ဟု လှစီကပြောကာ မစ္စဟော့ကင်း အနီးသို့ လျှောက်သွားသည်။

'ကိုယ့်အနားကို မလာနဲ့' ဟု မစ္စဟော့ကင်းက အော်သည်။ 'ဂုဏ်သရေရှိ မိန်းမတစ်ယောက်ဟာ ဘယ်သူနဲ့မဆို ခပ်ခွာခွာနေရတယ်၊ ပြီးတော့ ကိုယ်ဘာလဲဆိုတာ အခုထက်ထိ မတွေ့သေးဘူး၊ အခုမှရှာနေတုန်း ရှိသေးတယ်'

လှစီသည် ယန့်ခနဲဖြစ်သွားသည်။ သူသည် နေမကောင်းဖြစ်နေဟန်ရှိသော ပင်ကီ၏မျက်နှာကို ဂရုဘစိုက်ကြည့်နေမိသည်။

'နေ့လယ်စာ မစားချင်ဘူးလား' ဟု လှစီက ချော့ချော့မော့မော့လေသံဖြင့် မေးသည်။

'ဟင့်အင်း…မစားချင်ဘူး၊ ကိုယ့်မှာ အရေးကြီးတဲ့အလုပ်တွေ အများကြီး ရှိနေသေးတယ်၊ မနက်ဖြန် ဘုရားရှိခိုးကျောင်းတက်တဲ့အခါမှာ ဝတ်ရမယ့် ခါးစည်းအဝတ်ကို အချိန်မီရအောင် ရှာရဦးမယ်၊ ဒါကိုတော့ မရ ရအောင်ရှာဖို့ ကိုယ် ဆုံးဖြတ်ထားပြီးပြီ'

လှစီသည် ညှိခန်းအပြင်သို့ ပြန်ထွက်လာခဲ့သည်။ တံခါးကိုလည်း လုံခြုံမအောင်ပိတ်ထားခဲ့သည်။ ပင်ကီသည် စိတ်မမှန်တော့၊ ရူးနေပြီဟုပင် သတ်မှတ်ရတော့မည်။ သူသည်



နေ့လယ်စာစားရင်း ဘယ်လိုဆက်လုပ်ရလျှင် ကောင်းမလဲဟု စဉ်းစားသည်။ စားရသည်မှာ အရသာမရှိ။ ပင်ကီ အဖြစ်သည် ကြေကွဲစရာကောင်း၏။

နှစ်ပေါင်းများစွာ ဖျော်ဖျော်ရွှင်ရွှင် နေခဲ့သော ပင်ကီသည် ဘာမဟုတ်သည့် အကြောင်းတစ်ခုဖြင့် ဘဝပျက်ရပြီ မဟုတ်ပါလား။ တကယ်တော့ သူ၏ အတွေးအခေါ် အယူအဆလွဲမှားမှုသည် သူ့အား ဒုက္ခပေးခဲ့ခြင်းပေတည်း။

နေ့လယ်စာ စားအပြီးတွင် လှစီသည် ပြတင်းပေါက်အနီး၌ထိုင်ကာ အပြင်သို့ငေးမောရင်း ပင်ကီကိစ္စကို ဆက်၍ စဉ်းစားသည်။ ပင်ကီ၏ စိတ်ဖောက်ပြန်မှုသည် ကြီးမားခြင်း မရှိသေး။ အခုလိုဖြစ်စတွင် ကုသပေးမည် ဆိုပါက လွတ်မြောက်လာနိုင်စရာ ရှိသေး၏။

သို့သော်လည်း သူ့အားကုသပေးမည် ဆိုပါက အပြင်မှ သင့်တော်သူ တစ်ဦးနှင့် တိုင်ပင်ရတော့မည်။ သို့ဆိုလျှင် ပင်ကီ၏ အားနည်းချက်ကို အပြင်လူ သိသွားတော့မည် ဖြစ်ရာ၊ ပင်ကီ၏အရှက်နှင့် ဂုဏ်သိက္ခာများကို ကျသွားအောင် လုပ်ရာကျလေမလား။ မိမိအနေဖြင့် မိမိ၏ မိတ်ဆွေအပေါ် သစ္စာဖောက်သလို ဖြစ်လေမလား။

ထိုအတွေး ဝင်လာသည့်အခါ လှစီသည် ဤကိစ္စကိုချက်ချင်းမလုပ်သင့်ဟု ထင်လာသည်။ ဒီနေ့တစ်ရက်တော့ စောင့်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ဦးမည်ဟု ဆုံးဖြတ်သည်။ သူ့ဘာသာသူ တစ်ယောက်တည်း လွှတ်ပေးလိုက်လျှင် သူ့နဂိုစိတ် ပြန်ဝင်ကာ ကောင်းချင် ကောင်းလာနိုင်သည်ဟု ထင်သည်။

ထို့နောက်တွင်မူ သူသည် စားပွဲကို ရှင်းလင်းသုတ်သင်ပြီး သတင်းစာများကိုယူ၍ သူ ရထားပေါ်၌ ဖတ်ရှုမှတ်သားထားခဲ့သည့်ကြော်ငြာများကိုပြန်လေ့လာသည်။ ချက်ချင်းပင် အလုပ် လျှောက်လွှာများကို ရေးသည်။ ဤအတွင်းမှာပင် ဧည့်ခန်းဆီမှ လှုပ်ရှားသံများ မကြာခဏကြားရသည်။

တစ်ကြိမ်တွင်မူ တံခါးဖွင့်သံနှင့် ပိတ်သံကို ကြားလိုက်ရ၏၊ ထို့နောက်တော့ ဘာသံမှ ထပ်မကြားရတော့ပေ။

လျှောက်လွှာများကို ရေးပြီးပြီဖြစ်၍ စာအိတ်များတွင် ထည့်ပြီးပိတ်သည်။ စနစ်တကျနှင့် သပ်သပ်ရပ်ရပ် လုပ်ကိုင်အပြီးတွင် အားလုံးကို ထပ်ထားလိုက်သည်။ ဘယ်နည်းနှင့်မဆို၊ အင်္ဂါနေ့ဆိုလျှင်တော့ ပြန်စာများ ရလာလိမ့်မည်ဟု သူ တွက်သည်။

'ဒီစာတွေကို ရှင်ပြန်တဲ့အခါ ယူသွားပြီး ထည့်ပေးပါ' ဟု အခန်းထဲသို့ဝင်လာသော မစ္စဒစ်ကင်းအား ဆီးပြောကာ စာအိတ်များကို အပ်လိုက်သည်။

'ဟုတ်ကဲ့ မဒမ်'ဟု မစ္စဒစ်ကင်းက ပြန်ပြောသည်။ သူသည် တစ်နေ့ခင်းလုံး ဧည့်ခန်းထဲဝင်လိုက် ထွက်လိုက်လုပ်



နေသူဖြစ်သဖြင့် မစ္စဟော့ကင်း၏ အခြေအနေကိုသိနေသူဖြစ်၏။ 'ကျွန်မကို စပ်စုတယ်မထင်ပါနဲ့၊ မစ္စဟော့ကင်းကိစ္စကို ရှင်ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားသလဲ'ဟု မေးသည်။

လူစီက မော့ကြည့်သည်။ 'ဒီနေ့တစ်ရက်တော့ စောင့်ကြည့်ဦးမှာပဲ၊ သူ့ဘာသာသူ ပြန်ကောင်းသွားလိမ့်မယ်လို့ ကျွန်မတော့ ထင်တာပဲ'

'သူ့ ရင်းနှီးတဲ့မိတ်ဆွေတွေကို အကြောင်းကြားရင်ကော မကောင်းဘူးလား၊'ဟု မစ္စဒစ်ကင်းက မေးသည်။ 'သူ့အစ်ကိုဆီ အကြောင်းကြားဖို့လိုမလားလို့ပါ။ ကျွန်မ ရှင်းရင်း ရှင်းရင်းနဲ့ သူ့အစ်ကိုက ရေးတဲ့စာတွေ တွေ့တယ်၊ ကျွန်မက ရှင်မသိဘူးထင်လို့ အခုလိုပြောမိတာ ခွင့်လွှတ်ပါ'

လူစီ၏မျက်နှာထားသည် တင်းမာလာသည်။ မစ္စဒစ်ကင်းသည် သူပြောသင့် ပြောထိုက်သည်ထက် ပို၍ လွန်လာသည်ဟုသော အတွေးကြောင့် မကျေမနပ်စိတ် ဝင်လာသည်။

'ဒါက ကျွန်မ လုပ်ရမယ့် ကိစ္စပါ၊ ကျွန်မအနေနဲ့ အကောင်းဆုံးလုပ်ဖို့ စီစဉ်ထားပြီးသားပါ'

'ဒါပေမယ့်....' ဟု မစ္စဒစ်ကင်းက တွတ်တိုးပြောသည်' ကျွန်မသာဆိုရင်တော့သူနဲ့ နှစ်ယောက်တည်းတစ်အိမ်လုံးနေဖို့

www.burmeseclassic.com

www.burmeseclassic.com



မစဉ် စားမိဘူး။ သူ့ကြည့်ရတာ ကြောက်ဖို့ကောင်းတယ်လို့ ထင်ပေမဲ့။ ကျွန်မ မြင်ရသလောက် အမှန်အတိုင်း ပြောတာပါ'

'ကျွန်မ မကြောက်ဘူး၊ မစ္စဒစ်ကင်း'

လူစီသည် စာအိတ်များကိုယူပြီး မစ္စဒစ်ကင်းလက်သို့ ပေး၍ 'ဒီစာတွေကို စာတိုက်ပုံးထဲ ဝင်ထည့်ပေးပါ'ဟု ပြောသည်။

'ဟုတ်ကဲ့ပါ မစမ်း မင်္ဂလာညပါ၊ လက်ဖက်ရည် ဖျော်ထားပေးခဲ့တယ်၊ ကျွန်မ သွားတော့မယ်'

မစ္စဒစ်ကင်းသည် အခန်းထဲမှ ထွက်သွားသည်။ လူစီသည် ထိုင်ရာမှထကာ မီးဖိုခန်းထဲ သွား၍ လက်ဖက်ရည်ပွဲကို ယူသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အပေါ် ကောင်းရှာခဲ့သည့် မစ္စဟော့ကင်းအား စိတ်ပြောင်းသွားအောင် သူ တတ်အားသရွေ့ ကြိုးစားကြည့်မည်ဟု စိတ်ကူးမိသည်။ သူသည်လက်ဖက်ရည်လင်ဗန်းကိုယူ၍ ဧည့်ခန်းထဲသို့ ဝင်ခဲ့သည်။

'လက်ဖက်ရည် သောက်ချိန်ကျပြီ' ဟု လူစီက ပြောသည်။ 'သောက်ချင်တာတွေ ဘေးဖယ်ထားပြီး နည်းနည်းပါးပါး တော့ သောက်လိုက်ဦးနော်'



'လက်ဖက်ရည်ကို ငါကြိုက်တယ်။ ငါ လက်ဖက်ရည် မကြိုက်ဘူးလို့ ဘယ်သူက ပြောသလဲ' ဟု မစ္စဟော့ကင်းက မနှစ်သက်သည့်လေသံဖြင့် ချက်ချင်းပြန်ပြောသည်။

သူသည် စာအုပ်များကို မကိုင်တော့၊ ဖက်လက်ကုလားထိုင်ပေါ်၌ ထိုင်ကာ သူ့ထီးကို ပိတ်လိုက် ဖွင့်လိုက် လုပ်နေသည်။

'ဒီလိုဆိုလဲ လာလေ၊ လက်ဖက်ရည် သောက်လှည့်'ဟု လူစီက ပြောကာ လက်ဖက်ရည်ငှဲ့ထည့်ပေးသည်။ မစ္စဟော့ကင်းသည် ထီးကို ဖွင့်လိုက်ပိတ်လိုက်လုပ်နေဆဲ။ 'ထီးကိုခဏချထားလို့ မရဘူးလား'

'ငါ ကြိုက်လို့ လုပ်နေတာ၊ ဒါ လုပ်နေရတာဟာ ကောင်းတယ်၊ စိတ်သက်သာတယ်'

သူသည် လုပ်လက်စအတိုင်း ဆက်လုပ်နေသည်။ နောက်ဆုံးတွင် ဖွင့်ထားသော ထီးကို လွှတ်ချလိုက်ပြီး လူစီ့ထံမှ လက်ဖက်ရည်ပန်းကန်ကိုယူ၍ တစ်ကျိုက်တည်း မော့ချလိုက်သည်။

'မုန့်ရော မစားဘူးလား'

'မသေချာဘူး၊ တခြားချိုချဉ် ချိုနေမှာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိတ်မုန့်ကအေးပါတယ်၊ ဒီနေ့မှ လာပို့သွားတာ၊ နည်းနည်းလောက် စားကြည့်ပါလား၊ ရော့လေ၊ နည်းနည်းလောက်ပေါ့။ လူစီကို ခင်ရင်စားပါ။ ရှင့်ကို လူစီ သိပ်ခင်တယ်ဆိုတာ သိတယ်မဟုတ်လား'

ထို့နောက်လည်း မစ္စဟော့ကင်းစ ခေါင်းခါသည်။

'ငါက မိန်းမတွေနဲ့ ယောကျ်ားတွေကို ဆွဲဆောင်မှု ရှိသလား'ဟု မြောကာ မစ္စဟော့ကင်းက သူ့ပေါင်များကို ပြသည်။

လူစီသည် ကိုင်ထားသည့် မုန့်ပန်းကန်ကို ဒေါသတကြီး ပြန်ချထားလိုက်သည်။

'မင်းရဲ့ ညဝတ်အင်္ကျီကို ခဏပေးဝတ်စမ်း။ ဒါဆိုရင် ကိုယ် ဘယ်လောက် ဆွဲဆောင်မှု ရှိတယ်ဆိုတာ သေချာ ပေါက်သိမယ်'

'နောက်ဆုံးအရေနဲ့ လူစီ ရှင့်ကိုပြောမယ်၊ ဒီစကားမျိုး နောက်ထပ် လုံးဝမပြောနဲ့'

မစ္စဟော့ကင်းစ လူစီအား ပြုံးတုံ့ဖြတ်ကြည့်သည်။

'ငါသိရမယ့် မေးခွန်းတစ်ခု ရှိသေးလို့ မေးရဦးမှာပဲ၊ တကယ်လို့ ငါလမ်းပေါ်မှာ အလုပ်ထွက်လုပ်မယ် ဆိုရင် ဘယ်လောက်ပေးမယ် ထင်သလဲ'ဟု ပြောသည်။



လူစီသည် မကြားဝံ့နေသာ စကားကြားရသဖြင့် အလန့် တကြား ရေရွတ်သည်။ ပင်ကို အခြေအနေသည် မျှော်လင့် ချက်ရှိတော့မည်မထင်။ သူ့အနေဖြင့် ပြင်ပ အကူအညီကို ယူမှဖြစ်တော့မည်။

'ဘာရယ်တာလဲ၊ မရယ်နဲ့'ဟု မစ္စဟော့ကင်းစ ဒေါသ တကြီး အော်ပြောသည်။ 'ငါပြောတာကြားလား၊ လုံးဝ မရယ်နဲ့' ပြောပြောဆိုဆို သူသည် လူစီ၏ ပါးတစ်ဘက်ကို လက်သီးဖြင့် လှမ်းထိုးသည်။

မိန်းမနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစူးရဲရဲကြည့်နေကြသည်။ ထို့နောက် မစ္စဟော့ကင်းစ တအား အော်ရယ်သည်။

'နင်ဟာ အရူးမ၊ အရာရာတိုင်းမှာ နင့်ထက် ငါက သာ တယ်ဆိုတာ နင်မသိဘူးလား'ဟု ပြောသည်။

လူစီ မျက်နှာသည် နီရဲနေသည်။ သူသည်ပင်ကိုနှင့်စကား ပို၍မပြောတော့ဘဲ လက်ဖယ်ရည်ဗန်းကို မယူကာ အခန်း ထဲမှ ထွက်လာခဲ့၏။ ဒေါသကြောင့် သူ့ တစ်ကိုယ်လုံး တုန် လျက်ရှိသည်။

သူသည် မီးဖိုခန်းထဲ၌ရပ်ကာ တွေးမိတွေးရာတွေးလျက် ရှိသည်။ အသိမရှိတော့သည့် ဤမိန်းမသည် သူ့အား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိလက်ရောက်စော်ကားခဲ့၏။ သူ့ဘက်မှ သည်းခံနိုင်စွမ်း မရှိတော့ဟုထင်သည်။ သူ တစ်ခုခုလုပ်မှသာ ဖြစ်တော့မည်။ သူသည် နောက်ထပ် အတန်ကြာမျှ စဉ်းစား ချိန်ဆနေပြန် သည်။

ထို့နောက် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပြီး သူ့ အိပ်ခန်းတွင်းဝင်၍ ဦးထုပ်နှင့် ကုတ်အင်္ကျီကိုယူကာ အပြင်သို့ ထွက်သည်။

'နှင် ဘယ်သွားလဲ' ဟု မစ္စဟော့ကင်းက အော် မေး သည်။ 'နှင် ဘာတွေလုပ်နေသလဲ'

လူစီက မဖြေ။

'မေ ... ဒီကို လာခဲ့စမ်း၊ အခု ချက်ချင်းလာခဲ့'

လူစီသည် နှုတ်ခမ်းများကိုကိုက်ကာ ခန်းမထဲမှ ခပ်သုတ်သုတ် ဖြတ်လျှောက်ပြီး အိမ်ရှေ့ တံခါးဆီသို့ ရောက်သွား သည်။

'ငါ့ဆီကို အခုချက်ချင်း လာခဲ့စမ်း၊ ခေါ်နေတာမကြား ဘူးလား'

အော်ခေါ်သံကြားရပြန်သည်။ နောက် တစ်ခဏအတွင်း မှာပင် မစ္စဟော့ကင်းသည် ခန်းမ၏ တစ်ဘက်မှ ပေါ်လာ



သည်။ စားသောက်ခန်း တံခါးဝမှရပ်ကာ ထပ်အော်ပြန် သည်။

'ငါခေါ်နေတာကို နှင်ကြားမလာဘူးပေါ့ ဟုတ်လား...၊ နှင်ဟာ အာခံတယ်ပေါ့'

'ကျွန်မ အပြင်သွားမလို့၊ အခုချက်ချင်းပြန်လာခဲ့မယ်' ဟု လူစီက ပြန်ပြောကာ ဗင်ကီ ဘာမှ ပြန်မပြောနိုင်မီ အိတ် ထဲမှ သော့ကိုထုတ်၍ တံခါးကိုဖွင့်ပြီး အိမ်ထဲမှ ထွက်သည်။ တံခါးကို လျင်မြန်စွာပြန်ပိတ်ပြီး ရေးကြီးသုတ်ပျာ လျှောက် လာခဲ့သည်။

အပြင်ဘက်တွင် မှောင်စပြုနေပြီ။ လေသည် ခပ်ပြင်း ပြင်းတိုက်ခတ်လျက်ရှိ၏။ လူစီသည် ခေါင်းကိုငုံ့ကာ လေကို မျက်နှာပြု၍ လမ်းမကြီးအတိုင်း လျှောက်လာခဲ့၏။

နောက် ငါးမိနစ်အကြာတွင် သူသည် ဒေါက်တာဟတ် ဆန်၏ အိမ်ရှေ့ဝင်းတံခါးဝသို့ ရောက်သည်။ ဟတ်ဆန်သည် ဤရပ်ကွက်အတွင်း၌ သူတို့နှင့် အနီးဆုံးဆရာဝန်ဖြစ်၏။ သူ သည် ဝင်းထဲသို့ ဝင်ခဲ့ပြီး ခေါင်းလောင်းကြိုးကို ဆွဲသည်။ သူ မရှိခိုက် မစ္စဟော့ကင်းသည် သူ့ကိုယ်သူ တစ်ခုခု လုပ် လိုက်မှဖြင့်ဟူသော အတွေးကြောင့် သူ့ စိတ်သည် တုန်လှုပ် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်တရက် သူသည် စိတ်မရှည်သလိုဖြစ်လာသည်။ ချက်ချင်း တံခါးဖွင့်မပေးသဖြင့် ဒေါသဖြစ်လာသည်။

ထိုအခိုက်မှာပင် တံခါးပွင့်သွားပြီး အိမ်စေမ ထွက်လာသည်။ ဆရာဝန်နှင့် အခုချက်ချင်း တွေ့ချင်သည်ဟု လှစီက တင်းမာသောလေသံဖြင့် ပြောသည်။

အိမ်စေမသည် အရေးကြီးဟန် ပေါက်နေသည့် လှစီ့ မျက်နှာထားကိုကြည့်ကာ အကြောင်းကြားပေးသည်။ ဆရာဝန်ကလည်း ချက်ချင်းပင် လှစီရှိရာ ဧည့်ခန်းတွင်းသို့ရောက်လာလေသည်။

လှစီသည် ဟက်ဆန်ကိုသိသည်။ ပီတာ နေမကောင်းဖြစ်စဉ်က အိမ်သို့တစ်ကြိမ်ပင့်ခဲ့ဖူးသည် မဟုတ်ပါလော။ ဟတ်ဆန်သည် လှစီ့ထံသို့ လျှောက်လာသည်။ လှစီက စကားကို နိဒါန်းပျိုးမနေတော့ဘဲ တိုတိုနှင့်လိုရင်းပြောသည်။

'ကျွန်မနဲ့အတူတူနေတဲ့ မစ္စဟောကင်းကို လိုက်ကြည့်ပေးပါ။ သူ့ကြည့်ရတာ ထူးဆန်းသလို ဖြစ်နေတယ်'

'ထူးဆန်းနေလို့'ဟု ဟတ်ဆန်က ရေရွတ်သည်။

'ကျွန်တော် သူ့ကိုသိတယ်၊ သူဟာ အမြဲတမ်း ထူးဆန်းနေတဲ့လူပဲ၊ အဲဒါကို ခင်ဗျားသိသင့်တယ်၊ သူနဲ့နေတာ နှစ်မကြာသေးဘူးလား'



'မဟုတ်ဘူး၊ ဒါတိုင်းနဲ့ မတူဘူး၊ နည်းနည်းထူးဆန်းနေတယ်၊ အခုဟာက တစ်မျိုးပဲ၊ အခေတ်ထူးဆန်းတယ်'

'ဘယ်လို ထူးခြားတာလဲ'

လှစီက အရေးကြီးမည်ဟု ထင်ရသော ဖြစ်ရပ်များကို ပြောပြသည်။ သူ့စကား နားထောင်နေသော ဒေါက်တာဟတ်ဆန်၏ မျက်လုံးများသည် လှစီ့အပေါ် စူးစိုက်ခြင်းမရှိ၊ အခန်းပတ်ဝန်းကျင်ကို လျှောက်ကြည့်နေသည်။ လှစီ့စကားတွင် စိတ်မဝင်စားသည့်နှယ်ရှိသည်။ လှစီသည် ဆရာဝန်၏ အပြုအမူကို နားမလည်နိုင်ဖြစ်ကာ စိတ်ထဲမှ မကျေမနပ်ဖြစ်နေမိ၏။

နောက်ဆုံး လှစီစကားဆုံးသွားသည့်အခါ ဒေါက်တာဟတ်ဆန်က သက်ပြင်းချသည်။ 'ခင်ဗျားက ကိုယ်နဲ့အတူတူနေတဲ့လူရဲ့အတာကို သိမှမသိဘဲကိုး၊ ခင်ဗျား အခု ပြောပုံအရဆိုရင် သူ့ရဲ့ထူးခြားတဲ့ အပြုအမူတွေက 'မာနီယာ'လို့ခေါ်တဲ့ စိတ်ဖောက်ပြန်မှုရောဂါသည်ပဲ၊ အခု ဖြစ်နေတာဟာ သူ ရူးနေတာ'

'ဘာ...'

'ရူးနေပြီလို့ပြောတာ၊ ဒါမျိုးက ဆိုးတဲ့ရောဂါပဲ'

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် ဆရာဝန်စကားကြောင့် တုန်လှုပ်မိသည်။ သူသည် အချိန်မရွေး စိတ်ဖောက်ပြန်နိုင်သည့် မိန်းမ တစ်ယောက်နှင့် နှစ်ပေါင်းအတော်ကြာမျှ နေခဲ့ရသည့်အဖြစ်ကို စဉ်းစားမိကာ အထိတ်တလန့် ဖြစ်နေမိသည်။

'ဒါဆိုရင် ဒေါက်တာ လိုက်ကြည့်ပေးပါဦး'

'ကျွန်တော် လိုက်ပါ့မယ်၊ ဒီမှာရှိနေတဲ့ ကိစ္စလေး လက်စသတ်ပြီးရင် အတူတူသွားကြတာပေါ့'

'အို...မဖြစ်ဘူးထင်တယ်၊ အခု ချက်ချင်းပဲ လိုက်ခဲ့ပေးပါ၊ ကျွန်မ သူ့ကို တစ်ယောက်တည်းထားခဲ့ရတာ စိတ်မချဘူး၊ သူ့ကိုယ်သူ တစ်ခုခုလုပ်လိုက်ရင်....'

'ခဏနော်၊ စောင့်ပါ'ဟု ဆရာဝန်က ထပ်ပြောသည်။ လူစီ၏စိတ်ထဲတွင် သူမရှိခိုက် အန္တရာယ် တစ်ခုခုနှင့် ကြုံနေရသော ပင်ကီ၏အဖြစ်ကို စိတ်ကူးဖြင့် မြင်ယောင်လာသည်။ အကယ်၍ သူ့ကြောင့်သာ ထိုသို့ဖြစ်ခဲ့ပါမူ သူ့တွင် တာဝန်မကင်း ဖြစ်ရချေတော့မည်။ သူသည် အိမ်ရှေ့တံခါးဘက်သို့ လျှောက်သွားသည်။

'ကျွန်မ သွားနှင့်မယ်'ဟု ဆရာဝန်အား လှည့်ပြောသည်။ 'ဒေါက်တာ ဒီဟာ ပြီးပြီးချင်းလိုက်လာခဲ့ပါ'



'ဒါမျိုးက စိတ်ချရတာ မဟုတ်ဘူး'ဟု ဆရာဝန်က ပြောသည်။ 'ဒါပေမယ့် ခင်ဗျားသဘောပဲ'

လူစီသည် အိမ်ထဲမှ အမြန်ပြန်ထွက်လာခဲ့သည်။ အပြင်ဘက်တွင် နေအားမြဲသောလသည် ထိန်လျက်ပင် ရှိ၏။ သူသည် ဂေဟာကုန်းပေါ်မှ လျင်မြန်စွာ ပြန်ဆင်းလာခဲ့သည်။ ကြောက်မက်ဖွယ်ကောင်းသည့် အခြေအနေကို ပမြည်းမြည်းနှင့် ပို၍သဘောပေါက်လာနေသည်ဖြစ်ရာ၊ သူ့ခြေလှမ်းများသည် တိုး၍တိုး၍ထွက်လာသည်။ သူ့အပေါ် ကရုဏာထားခဲ့သည့် မစ္စဟော့ကင်း၏ ဖောင်းကွက်များကို ပြန်၍ သတိရကာ စိတ်ထိခိုက်မိသည်။

သူသည် အိမ်ရှေ့လှေကားမှ အပြေးအလွှား တက်ကာ တံခါးကို လျင်မြန်စွာဖွင့်ပြီး အိမ်ထဲဝင်ခဲ့သည်။ သူသည် တစ်ခဏမျှရပ်၍ နားစွင့်သည်။ မောတိုက်နေသဖြင့် အသက်ရှူမမှန်၊ ခန်းမထဲတွင် မှောင်မည်းနေသဖြင့် ဘာကိုမျှမမြင်ရ။ ထိုအမှောင်ထုကိုဖြတ်၍ အခြားတစ်ဘက်မှ လာနေသည့် ဆုပ်ခြိမ်သံများ။

'ပင်ကီ၊ ရှင် ဘယ်မှာလဲ'

ဖြေသံမကြားရ။ ဧည့်ခန်းထဲတွင် လှုပ်ရှားသံတော့ ကြားနေရ၏။ လူစီသည် ထိတ်လန့်တကြားဖြစ်ကာ ဧည့်ခန်းထဲသို့ ပြေးဝင်ခဲ့သည်။ ချက်ချင်း စားပွဲအနား၌ ရပ်နေသော မစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကင်းကို မြင်သည်။ လူစီ တင်ထားသည့် သတင်းစာကို တစ်စစီဖြစ်အောင် ဆွဲဆုပ်နေခြင်း။

'ပင်ကီ၊ ရှင် ဘာတွေ လုပ်နေတာလဲ'

မစ္စဟော့ကင်းက မော့ကြည့်သည်။ 'မင်း ဘယ်သွားတာလဲ'ဟု မေးသည်။ အသံမှာ တစ်မျိုးဖြစ်နေသည်။ အမူအရာကလည်း လူစီအား ရန်ပြုမည့်အရိပ်လက္ခဏာကို ဖော်ပြနေသည်။

'လူစီ အပြင် ခဏသွားတာပါ'

'အပြင်သွားတာ နင်ပြောခဲ့ပြီးပြီ၊ ငါသိတယ်'ဟု မစ္စဟော့ကင်းက ပြန်ပြောသည်။ 'နင် ဘယ်ရောက်ခဲ့ထယ် ဆိုတာလဲ ငါသိတယ်၊ ငါ့နောက်ကွယ်မှာ နင် ထင်တာတွေ လျှောက်လုပ်နေတာပဲ၊ ငါ သိပ်သိတာပေါ့'သူသည် ဆုပ်ဖြဲထားသည့်စက္ကူများကို လက်ညှိုးထိုးပြသည်။

'ဒါ နင့်သတင်းစာမဟုတ်လား'

'ဟုတ်တယ်'ဟု လူစီက ဖြေသည်။ 'သတိထားမှပေါ့ ပင်ကီရယ်၊ ဒီလိုမလုပ်ပါနဲ့၊ လူစီ ကြောက်လို့ပါ၊ ကဲ—လူစီ မီးဖွင့်လိုက်မယ်နော်'

လူစီသည် သူ့မျက်လုံးကြီးပြူး၍ စူးစူးဝါးဝါးကြည့်နေသော မစ္စဟော့ကင်း၏အကြည့်နှင့် ရင်ဆိုင်ရသည်။ 'လူစီ



ဘာမှမလုပ်ခဲ့ပါဘူး ပင်ကီရယ် ယုံပါ၊ တကယ်ပြောတာပါ'ဟု လူစီက ချော့ချော့မော့မော့ လေသံဖြင့် ပြောသည်။

'နင် လုပ်တယ်'ဟု မစ္စဟော့ကင်းက အော်သည်။ 'နင် လုပ်ခဲ့တာ ငါ သိတယ်၊ နင် ယူလာတဲ့ သတင်းစာထဲက ကြော်ငြာကို ဝါဖတ်ပြီးပြီ၊ နင်အပြင်သွားနေတုန်း ငါ ဖတ်ရတာ၊ ဒါ နင်လုပ်တာ၊ နင့်လက်ချက်၊ နင် ဝါ့ကို မကောင်းကြံလို့ အခုလိုဖြစ်ရတာ၊ နင်ကလဲ ငါ့ကိုမုန်းတယ်၊ ဝါကလဲ နင့်ကိုမုန်းတာပဲ'

မစ္စဟော့ကင်းသည် လူစီအား စူးရူးရဲရဲကြည့်ကာ ချေတိုးလာသည်။ 'ဒီလိုမလုပ်နဲ့ ပင်ကီ၊ ဒီလိုလုပ်တာ မကောင်းပါဘူး၊ ဒီလိုကြီး ကြည့်နေတာလဲ မကောင်းပါဘူး၊ ဒီလို မကြည့်ပါနဲ့'ဟု လူစီကအော်ကာ နံရံဘက်သို့ နောက်ဆုတ်နောက်ဆုတ်နှင့် သွားသည်။

'နင့်ကို ငါလုပ်မယ်၊ လုပ်ကိုလုပ်မယ်'ဟု မစ္စဟော့ကင်းက ပြန်အော်သည်။ လူစီ့ဘက် လျှောက်လာနေရင်းမှလည်း သူ့ကိုယ်ပေါ်မှ အဝတ်များကို ဆွဲဖြဲကာ ကြမ်းပေါ်သို့ပစ်ချသည်။

ဖိုးရိုးဖားရားဖြစ်နေသော ဆံပင်များသည် သူ့မျက်နှာကိုအုပ်လျက်ရှိသည်။ စိတ်မမှန်တော့သည့်မျက်နှာထားသည်

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ဆိုး အကျည်းတန်ကာ ကြောက်မက်ဖွယ် အဆင်းကို ဆောင်လျက် ရှိလေသည်။

'လူစီ ရှင့်ကို ဘာမှမလုပ်ခဲ့ဘူး၊ လူစီ့ကို အရူးလို မလုပ်ပါနဲ့' မစ္စဟော့ဆင်းကတော့ လူစီ့စကားကို သိဟန် ကြားဟန်မတူ။ သူ့ယက်ကိုပေါ်၌ ကျန်နေသည့် ဝတ်လုံကြီးကို ဆွဲချွတ်ပြီး ကြမ်းပေါ်သို့ ပစ်ပေါက်လိုက်ကာ လူစီ့ဆီသို့ တိုးကပ်လာသည်။ ကိုယ်လုံးတီးဖြစ်နေသော မစ္စဟော့ဆင်း၏ ခန္ဓာကိုယ်သည် ကြည့်မကောင်း ရှုမဆောင်းဖြစ်နေရုံမျှမက ကြောက်မက်ဖွယ် ဆောင်းနေသည်။

'နင်လုပ်တာ၊ ငါ့ဘဝကိုဖျက်ဆီးတာ နင်....'

'မလုပ်နဲ့' ဟု လူစီက အလန့်တကြားအော်ကာ တံခါး ဆီသို့ပြေးရန် အားထုတ်သည်။ သို့သော်လည်း နောက်ကျ သွားခဲ့လေပြီ။ ထိုခဏမှာပင် မစ္စဟော့ကင်းသည် လူစီ အပေါ် ခုန်အုပ်လိုက်သည်။

လူစီသည် ကြောက်လန့်တကြားအော်လိုက်သည်။ အော်သံ မဆုံးခင်မှာပင် မစ္စဟော့ဆင်း၏ သန်မာသော လက်နှစ်ဘက် သည် လူစီ၏လည်ပင်းကို ဆုပ်ကိုင်မိသည်။ ထို့နောက် အား ကုန်ထုတ်၍ ညှစ်ခြင်းခံရသည်။

ဆောက်တည်ရာမရအောင် ကြောက်လန့်နေပြီဖြစ်သော လူစီသည် အစွမ်းကုန်အားထုတ်၍ ရုန်းသည်။ သူရုန်းလေလေ



ဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်သည် တင်းကျပ်လာလေ၏။ ထိုလက်နှစ်ဖက်သည် သူ့အသက်ကို ချွေပစ်တော့မည်။ သူ သည် မစ္စဟော့ကင်း၏ လက်များကို ဆွဲဖယ်သည်။ အော် ဟစ်ကြည့်သည်။ သူ့ပါးစပ်ဖြင့် မစ္စဟော့ဆင်း၏လက်ကို ကိုက်သည်။

သူက နည်းမျိုးစုံသုံး၍ ရုန်းလေ မစ္စဟော့ကင်း၏ လက် များသည် တင်းကျပ်လာလေ။ မစ္စဟော့ကင်း၏ ကိုယ်လုံး သည် သူ့ပေါ်ပိ၍ ဆင်းလာသည်ဟုထင်၏။ သူ လက်လျှော့ ရတော့မည်လော။ သူ့ဦးခေါင်းသည် တဖြည်းဖြည်းနှင့် နောက်သို့ လန်လာသည်။ မျက်လုံးများသည် ပြူးထွက်လာ သည်။ အမှောင်ထုသည် ကွယ်ပျောက်သွားပြီး ကြောက်လန့် နေသည့်ကြားမှပင် သူ့သားပီတာကို သတိရသည်။ သူ သေရတော့မည်။ သူမရှိလျှင် ပီတာ ဘယ်လိုနေပါမည်နည်း။

ပြာနေသော နှုတ်ခမ်းများသည် ထလာ၍ကည့် ထို့နောက် ရုတ်တရက် ထုရိုက်လိုက်သည့် အသံတစ်သံကို သူကြားလိုက် ရသည်။ နောက်တစ်ခဏမျှအတွင်း သူ့တစ်ကိုယ်လုံး ပျော့ ခွေကာ လဲကျသွားသည်။ သူ့ကိုယ်လုံး အမှောင်ထုကြီး အတွင်းသို့ ကျရောက်သွားသည်။

စကားပြောသံများ၊ အော်ဟစ်သံများ၊ မီးရောင်များ၊ ပြေးလွှားလှုပ်ရှားနေကြသည့်လူများ၊ ထို့နောက် တိတ်ဆိတ် ငြိမ်သက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

သူ သတိပြန်လည်လာသည့်အခါ ဆိုဖာပေါ်ရောက်နေသည်ကို သတိထားမိသည်။ ဖြဲခြောက်စ သူ၏ သက်ကြီးခလေးနှင့် အလုပ်ကိစ္စ ပြေးလာပြီး ဖြင်းထန် စူးရှသည့် ဇဝက်သာနံ့သည် သူ့နှာခေါင်းဝတွင် သင်းပျံ့နေသည်။

အခန်းထဲတွင် မီးရောင်များ ထိန်ထိန်လင်းလျက်ရှိသည်။ လှုပ်ရှားသွားလာနေကြသည့် လူများကိုလည်း မြင်တွေ့နေရသည်။

လူအများထဲတွင် ဒေါက်တာဟတ်ဆန်ကိုပါ မြင်ရသည်။ ဟတ်ဆန်သည် သူ့အား ငုံ့ကြည့်နေသည်။ ယူနီဖောင်းဝတ်ရဲသားတစ်ဦးကိုလည်း တွေ့ရ၏။ တစ်ဖက်ခန်းမှ စူးရှကျယ်လောင်သောအသံများ ကြားနေရသည်။ ဖဏ်ရာရထားသည့် တိရစ္ဆာန် တစ်ကောင်၏ အသံနှင့် တူလှ၏။ ပင်ကီ၏အသံပေတည်း။

'တော်ပါသေးရဲ့'ဟူသော ဒေါက်တာ ဟတ်ဆန်၏ မှတ်ချက်ချသံကို သူကြားလိုက်ရသည်။

'ကျွန်တော် ခင်ဗျားကို မသွားနိုင်ပါနဲ့လို့ တားခဲ့တယ် မဟုတ်လား'

ရဲသားသည် သူ့အား ဘာကြောင့် စိုးရိမ်တကြီး ကြည့်နေသာပါလိမ့်။ သူက ဘာပြုလို့ ဒီအိမ်ထဲရောက်နေရတာလဲဟု လူစီ တွေးနေမိသည်။



သူသည် ရဲသားအားပြုံး၍ နှုတ်ဆက်ရန်ကြိုးစားသည်။ ခေါင်းတစ်ချက်ညိတ်ပြရန်လည်း အားထုတ်သည်။ သို့သော်လည်း လည်ချောင်းတစ်ခုလုံး နာကျင်လာသဖြင့် ပြုံး၍လည်းမရ၊ ခေါင်းကိုလည်း မညိတ်နိုင်။ ထို့နောက်တွင်မူ လူစီသည် နောက် တစ်ကြိမ် သတိမေ့သွားပြန်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၁၂ )

ဒေါက်တာဟတ်ဆန်က အိပ်ရာထက်တွင် သီတင်း တစ်ပတ်မျှနားရမည်ဟု ပြောခဲ့သော်လည်း လေးရက် မြောက်သည့်နေ့တွင် လူစီသည် သူ့အကြောင်းနှင့်သူ အိပ်ရာပေါ်မှ ဆင်းသည်။ သူ့အား ကြည့်ရှုစောင့်ရှောက်ဖို့ ခေါ်ထားသည့် မစ္စက်ဒစ်ကင်းကိုလည်း ပြန်လွှတ်သည်။

သူသည် အခိုင်အမာဆုံး ဖြတ်ထားသည့်အတိုင်း အိပ်ရာပေါ်တွင် သူ့ဘာသာသူ ထထိုင်သည်။ သူ့ဘာသာ သူ အောက်သို့ဆင်းသည်။ ကြမ်းပြင်ပေါ် ခြေထောက်ချမိသည့် အခါ သူ့လည်ပင်းမှ နာကျင်သောဝေဒနာကို ပြင်းစွာ ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့လည်မင်းသည် ယခုအချိန်ထိ အနည်းငယ်မျှလှုပ်ရုံမျှဖြင့် မခံမရပ်နိုင်အောင် နာကျင်ဆဲ။ ထို့ကြောင့်လည်း ခြေလှမ်းတိုင်း သူ့ခေါင်းကို မလှုပ်မိအောင် များစွာသတိထားနေရသည်။

မည်သို့ပင်ဖြစ်စေ သူသည် စားပွဲ၊ ကုလားထိုင်၊ ဗီရိုစသည့် အိမ်ထောင် ပရိဘောဂများကိုပြု၍ သူသွားလိုရာကို ရောက်အောင်သွားသည်။ အခုလည်း သူသည် မှန်ရှေ့၌ ရပ်ကာ သူ့ရုပ်လွှာကိုကြည့်သည်။

မျက်နှာသည် ဖြူရော်ဖျော့တော့နေဆဲ။ လည်ပင်း၏ တစ်ဘက်တစ်ချက်တွင် အညိုအမည်း စွဲနေသည့် ဒဏ်ရာနှင့်ခု။ သူ့စိတ်သည် ဖြစ်ပြီးခဲ့သမျှကို ပြန်တွေးကာ တုန်လှုပ်မိသည်။

သူသည် မှန်ရှေ့မှ ခွာခဲ့ပြီး အိမ်ရှေ့ခန်းထဲသို့ ဝင်သည်။ အားကတော့ နည်းလှ၏။ သို့သော်လည်း သူ အိပ်ရာပေါ်၌ လှဲမနေချင်။

သူ ကြုံခဲ့ရသည့်အဖြစ်ကို ပြန်၍သတိရတိုင်း တုန်လှုပ်ခြင်းဖြစ်ရ၏။ ထို့ကြောင့်လည်း ညှို့ခန်းထဲသို့ မသွားဘဲ တတ်နိုင်သမျှ ရှောင်သည်။ အခုလည်း သူသည် မီးဖိုခန်းထဲဝင်၍ ပြတင်းပေါက် အနီး၌ထိုင်သည်။



သူ့မျက်စိရှေ့တွင် ပင်လယ်ပြင်နှင့် မိုးကောင်းကင်။ ဤရှုခင်းသည် သူ့အိမ်၌ နေထိုင်စဉ်ကာလည်း မကြာခဏ မျှော်ကြည့်ခဲ့သော ရှုခင်းဖြစ်၏။

သတိရတစ်ချက် မရတစ်ချက်ဖြစ်နေခဲ့ရသော နာရီများအတွင်းက သူသည် မျက်နှာချင်းဆိုင်ရှိ အရောင် စိမ်းစိမ်းနံရံကိုသာကြည့်နေခဲ့ရ၏။

ထိုစဉ်က တိတ်ဆိတ်နေသောပတ်ဝန်းကျင်သည် မစ္စဟောကင်း မရှိတော့သည့်အဖြစ်ကို သတိရစာ ဝမ်းနည်းကြေကွဲခြင်းကို ဖြစ်စေခဲ့၏။ သူတို့သည် မစ္စဟောကင်းအား ထိုနေ့ထပင် ချက်ချင်း စိတ္တဇဆေးရုံသို့ ပို့ခဲ့ကြပြီ မဟုတ်ပါလား။

ဤအကြောင်းကို စဉ်းစားရသည်မှာ စိတ်ချမ်းမြေ့စရာ မရှိ။ ထိုနေ့က သူတို့သည် မစ္စဟောကင်းအား အလက်ဇဂိုမြို့ပြင်ရှိ ဘာလန်းဖို့ဒ်စိတ္တဇဆေးရုံသို့ပို့ပေးခဲ့ကြ၏။

သူ့အပေါ် စောင်းခဲ့ရှာသည့် ပင်ကီအား ဤနေရာမျိုးသို့ ရောက်သွားလိမ့်မည်ဟု သူ လုံးဝမမျှော်လင့်ခဲ့။ ဤစိတ္တဇဆေးရုံကြီးကို သူ မီးရထားစီးသွားတိုင်း မြင်တွေ့ခဲ့ဖူးရာ အရောင်အဆင်း ညိုမှိုင်းမှိုင်းနှင့် ရဲတိုက်ကြီးတစ်ခုနှင့်တူသည်ကို သတိထားခဲ့မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကအဖြစ်ဆိုးနှင့်ရင်ဆိုင်ခဲ့ရပြီးသည့် နေ့နောက်ပိုင်းတွင် ဒေါက်တာဟတ်ဆန်သည် သူ စုံစမ်းသိရှိခဲ့ရသည့်အတိုင်း မစ္စ ဟော့ဆင်း၏ အစ်ကိုထံ မကြာနန်းရိုက်ခဲ့သည်။

မစ္စဟော့ဆင်း၏အစ်ကိုသည် အရပ်မြင့်မြင့်၊ ပိန်ပါးပါး၊ အသားညိုညို၊ ရုပ်အဆင်းအင်္ဂါ မပြေပြစ်။ သူ ရောက် လာစဉ်က ပထမတော့ သူ ဝတ်စားဆင်ယင်ပုံကို ကြည့်ကာ ဘုန်းကြီးဟု ထင်ခဲ့၏။

သို့သော်လည်း သူသည် နာမည်ကြီး ရှေ့နေတစ်ယောက် ဟု ဟတ်ဆန်ကပြောပြမှ သိခဲ့ရလေသည်။

'ကျွန်တော်တို့ အခုလိုဖြစ်မှာကို အမြဲစိုးရိမ်နေခဲ့ကြတာ' ဟု သူက ဟတ်ဆန်အား ရှင်းပြနေသည်ကို လူစီကြားခဲ့ရ၏။

'တအယ့်ကိုကြောက်ခဲ့ကြတာပါ၊ ကျေးဇူးပြုပြီး ဒီကိစ္စ ကို လူသိရှင်ကြား မဖြစ်အောင် ဖုံးထားပေး စေချင်တယ်။ အားလုံးသိသွားရင် ကျွန်တော့်အလုပ်ကို အများကြီးထိခိုက် စရာရှိနေပါတယ်'

မစ္စဟော့ဆင်း၏အစ်ကိုသည် ထိုစကားကို အကြိမ်ပေါင်း နှစ်ဆယ်ထက်မနည်း ထပ်တလဲလဲပြောသည်။ အလွန်ပညာ ထားပါသော အတွေးအခေါ် တစ်ခုဟု ဆိုရပေလိမ့်မည်။ ရှူးနေသော ညီမတစ်ယောက်၏အစ်ကို ရှေ့နေအပေါ် သည်

အမှုသည်ကမှ ယုံကြည်စိတ်ချ ကြလိမ့်မည်မဟုတ်ဟူသော အတွေးသည် သဘာဝကျသည် မဟုတ်ပါလား။

မစ္စဟော့ဆင်း၏ အခြေအနေမှာ လုံးဝမျှော်လင့်ချက်မရှိ တော့ဟု ဒေါက်တာဟတ်ဆန်ထံမှ သိကြရ၏။

တကယ်တော့ သူသည် လုံးဝကုသ၍ မရနိုင်တော့သည့် အရူးတစ်ယောက်ဟု သတ်မှတ်လိုက်ပြီဖြစ်သော မိန်းမတစ် ယောက်နှင့် ငါးနှစ်ကျော်ကျော်ခန့် နေခဲ့ရသည်ဖြစ်ရာ ထို ကာလအတွင်းတစ်တော့ မစ္စဟော့ဆင်း၏ ထူးခြားမှုများကို လုံးဝမမြင်ခဲ့ရပေ။ သူ သိခဲ့ရသလောက် ပြောရလျှင် မစ္စ ဟော့ဆင်းသည် သူ့အပေါ် ကောင်းခဲ့ရှာ၏။ ကရုဏာလည်း ထားခဲ့၏။ ယင်းကဲ့သို့ တွေးမိသည့်အခါတွင်မူ လူစီ၏မျက် လုံးအစုံတွင် မျက်ရည်များ စို့ခဲ့ရလေသည်။

အခုဆိုလျှင် လူစီသည် ဤတိုက်အိမ်မှ တစ်လ အကြောင်း ကြားပေးရတော့မည်။ ပရိဘောဂများကိုလည်း တစ်နေ့ရာသို့ ရွှေ့ထားလျှင်သာ၊ မထားနိုင်လျှင် ရောင်း။ ဤ နှစ်လမ်း သွယ်လမ်းရွေးရမည်ကို သူ မသိ။ ဤကိစ္စသည် မစ္စဟော့ဆင်း ၏ အစ်ကို ရှေ့နေက စီစဉ်သွားခြင်းဖြစ်၏။

သူ့ အစီအစဉ်သည် မိမိအပေါ် တောက်ထားသည့်အပြင် ဘာအရေးပေတော့မည်။ အမှန်တော့ သူသည် တစ်ယောက်တည်း နှင့် ဤတိုက်အိမ်၏စရိတ်စကတို့ အကုန်ခံနိုင်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတေးများသည် သူ့လက်ရှိ အခြေအနေများ ဆန့်ကျင်ဖြစ်နေသည်။ သူ့အနေအထားသည် မကောင်း။ သူ့ ထိုင်ခုံပိုင်ပစ္စည်းဆို၍ အဝတ်ဗီရိုကြီးတစ်လုံး၊ ပက်လက် ကုလားထိုင်တစ်လုံးနှင့် ခေတ်ပုံတစ်ပုံသာရှိ၏။

ထို့ပြင်လည်း မစ္စဒဟော့ကင်း၏ တိုက်တွန်းမှုကြောင့် အဖိုးတန် အဝတ်အထည်များ ဝယ်ယူခဲ့သည်ဖြစ်ရာ ယခု အချိန်ထိ သူ့တွင် ဝတ်ကောင်းစားလှများ ရှိနေသေး၏။ ငွေသားကတော့ သူ့လက်ထဲတွင် ပေါင်နှစ်ဆယ်သာရှိ၏။

သူ့ပြဿနာများနှင့် ပတ်သက်၍ သူ့သားကိုတော့ တာဝန်မရှိစေချင်။ ထို့ပြင်လည်း သူ့တွင် ဆွေမျိုးသားချင်း များရှိရာ ယင်းတို့အပေါ်တွင်လည်း တာဝန်မတတ်စေချင်။ သူ့ယောက်ျား ဆုံးပြီးကတည်းက အောက်ကျနောက်ကျ ခံ၍ မချဉ်းကပ်ခဲ့သော ဆွေမျိုးများထံသို့ အခုအချိန်ကျမှ တော့ မသွားဟုပင် သူ ဆုံးဖြတ်သည်။ မည်သို့ပင် ဖြစ်စေ ဤလကုန်လျှင် မိမိ၌အလုပ်ရော အိမ်ရောရှိတော့မည်မဟုတ်။

သူ့အနေဖြင့် တနင်္လာနေ့အထိကတော့ ဘာမှလုပ်၍ ရဦးမည်မဟုတ်၊ ယခုခွင့်ယူထားသည့် ရက်များ အတွက်က တော့ လုပ်ခအပြည့်ရလိမ့်မည်ဖြစ်၍ ပူစရာမလို။ သို့သော် လည်း သူ့ကိုယ်သူမြန်မြန်နေကောင်းအောင်တော့ အမြန်ဆုံး လုပ်မှဖြစ်မည်။ ဤတစ်ချက်သည် သူ မလုပ်၍မဖြစ်သည့် အရေးကြီးသောအချက် ဖြစ်၏။



သူသည် ထိုင်ရာမှထလိုက်သည်။ ကေားနာရီပင် ထိုးသွား လက်ဖက်ရည် သောက်ချင်စိတ်က မရှိသေး။ နွားနို့ ည်းငယ်ကို နွေးကာ ခပ်ဖြည်းဖြည်း သောက်သည်။ ာက်နေရင်းမှပင် မူးသလို နောက်သလို ဖြစ်လာသဖြင့် ုပေါ်ပြန်လှဲကာ သူ့အနာဂတ်အရေးကို တွေးနေပြန် ည်။

တနင်္လာနေ့တွင် သူ အလုပ်ပြန်တက်သည်။ ခက်ခဲ ်းစွာ သွားရခြင်းဖြစ်၍ အားလုံးက သူ့ကို ကြည့်ပြီး မကောင်း ဖြစ်ကြသည်။ ဒုဂုဲလိကဆိုလျှင် ခင်ဗျားကြည့် ာ သိပ်မကောင်းသေး ဟုပြောခဲ့၏။ သူကတော့ ခေါင်း ာညိတ်ပြသည်။

အမှန်တော့ သူသည် ဒုဂုဲလိပြောသည့်အတိုင်း နေကောင်း ားသည် မဟုတ်။ ဤကြားထဲမှ နေ၍ ရုံးလာခြင်းမှာ ာ်ရှိအလုပ်ကို မက်မောလွန်း၍ မဟုတ်။ နောက်အလုပ် ်တစ်ခုရအောင် အားထုတ်လို၍ ဖြစ်၏။

သူ့အနေဖြင့် အလုပ်တစ်ခုရှာရမည့်ကိစ္စ မည်မျှလောက် ခဲသည်ကို နားမလည်သေး။ နယ်မြေအတွင်းတွင် ရှိရှိ ၍ အရောင်းအဝယ် လုပ်ငန်းများသည် ထိုင်းလျက်ရှိ ါးစစ်ပွဲကြီး အပြီး ဖြစ်ပေါ်လာခဲ့သည့် စီးပွားပျက်ကပ် ည် အခုထက်ထိ အရှိန်မသေသေး။ နေရာတိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်၍ အနိဋ္ဌာရုံ အမြင်သာ လျှင် ကြီးစိုးနေဆဲ။

အခုအချိန်ထိ သင်္ဘောကျင်းများသည် နေ့တစ်ဝက်သာ အလုပ်ဖွင့်သည်။ ဝင်တန်ရှိ သံမဏိစက်ကြီးများသည်လည်း ပိတ်ထားဆဲ။ ကျေးလက်မီးသွေးတွင်းများမှာလည်း အချိန်ပြည့်မဖွင့်။ အလုပ်ဆိုင်း တစ်ဆိုင်းတည်းဖြင့်သာ အလုပ်လုပ်လျက်ရှိသည်။

အသေးစား စီးပွားရေးသမားများမှာလည်း လူလျှော့လုပ်ခလျှော့နည်းများကို အသုံးပြုလျက်ရှိသည်။ ကျောက်မီးသွေးတွင်းတူး လုပ်သားအများစုမှာလည်း သူတို့ရွာထဲ၌ ထိုင်၍ ဘေ့ဝေငေးမှိုင်နေကြသည်ကို တွေ့ရ၏။

မြို့များတွင်လည်း အလုပ်လက်မဲ့များသည် လူထုရိပ်သာများမှ ကျွေးမွေးထောက်ပံ့မှုကိုရယူရန် အမြင်၌ တန်းစီ၍ စောင့်ဆိုင်းနေကြရသည်ကို သူ ကိုယ်တိုင်မြင်နေရ၏။ သို့ဖြစ်၍ မိမိအလုပ် လိုက်လံရှာဖွေနေရသော ကာလသည် အချိန်ကောင်းမဟုတ်သည်ကို လူစီ သိမြင်နားလည်လာနေရ၏။

ထို့ပြင်လည်း ခေတ်အခြေအနေသည် မိန်းမများအား လုပ်ငန်းခွင်တွင် ယောကျ်ားများနှင့် တန်းတူရည်တူထား မစဉ်းစားကြသောအချိန် ဖြစ်သဖြင့် လူစီ အဖို့ ရှန်းထ သည်မှာ မလွယ်လှ။ သူ စာတိုက်မှထည့်ခဲ့သော လျှော



လွှာများနှင့် ပတ်သက်၍လည်း တယ်ကမှ ပြန်ကြားစာမရ။ ထိုအလုပ်ရှင်များသည် မိမိလိုစိတ်ဝင်စားကြပြီး ကြိုးစား အားထုတ်လိုသူ အမျိုးသမီးတစ်ယောက်အား ဘာကြောင့် အားမပေးချင်ကြတာပါလိမ့်ဟု တွေးကာ ဘဝ မကျေ ဖြစ်မိ သည်။

မည်သို့ပင်ဖြစ်စေ သူကဒေတာ့ သူ့တန်ဖိုးကို သိသဖြင့် ဆက်လက် အားထုတ်ဖို့သာ စဉ်းစားသည်။ လွယ်လွယ်နှင့် အားမလျှော့ဟု အခိုင်အမာ ဆုံးဖြတ်ကြသည်။

ဤသို့ဖြင့် သူသည် ဒန္ဒစဉ်သတင်းစာနှစ်စောင် ဝယ်၍ မနက်ခင်းတိုင်း အလိုရှိသည် ဟူသော ကြော်ငြာများကို ရှာကာ သူ လျှောက်ထားသင့်သည်များကို မင်နီဖြင့် တား ထားသည်။

သူသည် လျှောက်လွှာများကိုလည်း မကြာခဏ ရေး၍ စာတိုက်မှပို့သည်။ စာရေးစက္ကူ အခေါက်များ ဝယ်ရခြင်း နှင့် တံဆိပ်ခေါင်းကပ်ရခြင်း စသည်များကြောင့် ငွေကြေး သုံးကျမှုက ရှိသေးသည်။ တဖြည်းဖြည်းနှင့် သူသည် မရနိုင် ဟုယူဆရသော အလုပ်များကိုပါ လျှောက်ထားစပြုသည်။

နောက်ဆုံးတွင် သူသည် မိဘမဲ့ဂေဟာ အုပ်ချုပ်ရေး၊ အတွင်းရေးမှူး၊ အဝတ်လျှော်လုပ်ငန်း ကြီးကြပ်ရေးမှူး စသော အလုပ်များကိုပင် လျှောက်ထားခဲ့ရပြီးက လုပ်ခ

www.burmeseclassic.com

www.burmeseclassic.com



အသင့်အတင့်မျှသာ ရနိုင်မည့် အလုပ်များကိုပါ လျှောက်ထားခဲ့သည်။

နေ့ရော တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့သော်လည်း သူ့အလုပ်နှင့်ပတ်သက်၍ ဘာသတင်းမှ အကြောင်းထူးမလာ။ သူ့ဒဏ်ရာနှင့် သွေးလန့်မှုများမှာ လုံးဝ ပျောက်ကင်းခဲ့ပြီး ဒေါက်တာဟတ်ဆန်ကတော့ သူ့အား နားရက်တွင် ခရီးထွက်ဖို့ အကြံပြုနေသည်။

သူ့မှာတော့ စရိတ်စက အကုန်အကျ မခံနိုင်သဖြင့် ဟက်ဆန်၏အကြံပြုချက်ကို ချက်ချင်းပယ်ချခဲ့ရ၏။

သူ့တွင် အိမ်သဲ့ဒ်ထိုင်၍ အဓိပ္ပာယ်မရှိ တွေဝေငေးမောနေရသည့် အချိန်များ ရှိလာသည်။ အိပ်မပျော်သည့် ညများလည်း ရှိလာသည်။

တစ်ခါတစ်ရံတွင် အိပ်မပျော်နေရာမှ လန့်နိုးကာ ရှေ့ဘဝခရီးတွင် သူ ဘယ်လိုဖြစ်သွားမည်ကို စဉ်းစားတွေးတောပြီး ပြန်မအိပ်နိုင်တော့သည့် အချိန်များလည်း ရှိလာသည်။

အရေးကြီးသည်မှာ သူ့သားပီတာဖြစ်၏။ သူ့ဘဝတွင် ပီတာသည် အဓိကဖြစ်သည် မဟုတ်ပါလော။ သူ အခုလုပ်နေသည်မှာ သူ့အတွက်မဟုတ်။ သူ့သားအတွက်ဖြစ်၏။



ထို့ကြောင့်လည်း သူသည် စိတ်အားကို အစွမ်းကုန်တင်းကာ အလုပ်လျှောက်လွှာများကို မရပ်မနားပို့သည်။

သူ့သားအတွက် သူအောင်မြင်ရမည်။ အောင်မြင်လိမ့်မည်ဟုလည်း ယုံကြည်ခိုင်မာအောင် သူ့ကိုယ်သူ အားပေးသည်။ သို့သော်လည်း သူမျှော်လင့်နေသည့် အောင်မြင်မှုအတော့ ရောက်မလာ။

ပွဲပန်းသဘင်ကစိတ်ဖြင့်ပင် သူ၏ နောက်ဆုံးနေ့ဖြစ်သော စနေသို့ရောက်လာသည်။ သူသည် ရုံးထဲရှိ သူ့စားပွဲ၌ထိုင်ကာ ကုန်ပစ္စည်းစာရင်းများကို နောက်ဆုံးအနေဖြင့် ရေးသွင်းလျက်ရှိသည်။ ဤနေရာတွင် သူ့ယောက်ျား ဖရန့်သည် အလုပ်လုပ်ခဲ့၏။ သူ့ဘဝရပ်တည်ရေးသည်လည်း ဤနေရာမှပင် အစပြုခဲ့၏။ ယခုသော်...

နောက်ဆုံးတွင် သူသည် သူ့ရှေ့မှရပ်၍ သူ့အား အကဲခတ်နေသော လင်းနေ့စ်အား မော့ကြည့်သည်။ လင်းနေ့စ်သည် တစ်ချက်မျှ ချောင်းဟန့်ကာ တစ်ဘက်သို့ မျက်နှာလွှဲသွားသည်။ သို့သော်လည်း နောက်တစ်ခဏအတွင်း လင်းနေ့စ်သည် သူ့စားပွဲနားသို့ ရောက်လာသည်။ ရုံးထဲတွင် သူတို့နှစ်ယောက်တည်းသာရှိ၏။

'မင်းအလုပ်ချပြီလား' ဟု လင်းနေ့စ်က မေးသည်။ ခုရက်ပိုင်းအတွင်း မိမိနှင့်တွေ့တိုင်း မျက်နှာမကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော လင်းနေ့ချစ်၏ အပြုအမူကို သတိထားခဲ့မိသည် လင်းနေ့အား ရဲရဲဝံ့ဝံ့ပင် မျက်နှာချင်း ဆိုင်လိုက်သည်။

'ဟုတ်ကဲ့၊ ရပြီ' ဟု လူစီက လိမ်ပြောသည်။

'မနေ့ကပဲ ကျွန်မ အဆင်ပြေသွားတယ်'

လင်းနေ့ချစ်၏မျက်နှာသည် အနည်းငယ်မျှ ကြည်လင် သွားသည်။

'ဟုတ်လား၊ ကောင်းတာပေါ့'ဟု ပြောသည်။

သူသည် ဝမ်းသာအားရ ရယ်လိုက်ပြီး 'ငါက မင့်အတွက် စိတ်ပူနေတာ၊ အခုရက်ပိုင်းအတွင်းမှာ မင့်ကို ကြည့်ရတာ အသော့်စိတ်မချမ်းမြေ့တဲ့ပုံ ပေါ်နေတယ် မဟုတ်လား ငါလဲ အဲသလိုမြင်ရတော့ ဘယ်စိတ်ကောင်းမလဲ'ဟု ပြော သည်။

'ကျွန်မ နေကောင်းပါတယ်၊ လူကလဲ ကျန်းမာသ တာပဲ'

'အဲဒါတော့ ငါလဲသိပါတယ်။ ဒါပေမယ့် မင့်ကြ ရတာ အလုပ်အကိုင်အတွက် သောကရှိနေသလို ဖြစ်နေသေ ငါ့မှာ ထာဝန်မအေးသလို ဖြစ်နေရတယ်'



လင်းနေ့ချစ်သည် လူစီ၏ သွယ်လျလျနှင့် လှပသော ကိုယ် လုံးကို ငေးကြည့်နေသည်။ တစ်နေ့သော မွန်းလွဲပိုင်းက လူစီ၏ခါးအား သူ ဖက်ခဲ့ဖူးသည်ကို သတိတရဖြစ်မိသည်။

အလွန်နူးညံ့ သိမ်မွေ့သည့် အတွေ့အထိကို ပြန်စဉ်းစား မိသည့်အခါ ရှက်စိတ်ဝင်လာပြီး တစ်မျက်နှာလုံး နီရဲလာ သည်။

သူသည် သူ့ဆန္ဒအရ လူပျိုကြီးဘဝနှင့် နေလာခဲ့ခြင်း ဖြစ်၏။ အခုမှ သူ့အသက်သည် ငါးဆယ့်ခုနစ်မျှသာ ရှိသေး ရာ သူ့ကိုယ်သူ အလွန်ဖျတ်လတ်သွက် လက်နေသေးသည် ဟု သတ်မှတ်ထားသူဖြစ်၏။

'ငါ ဝမ်းသာပါတယ်'ဟု လင်းနေ့ချစ်က ပြောသည်။

'တကယ့်ကို ဝမ်းသာတာပါ၊ အလုပ်က ဘာအလုပ်လဲ'

'စာသင်ရမယ့်အလုပ်ပါ၊ သိပ်ကိုကောင်းတဲ့ အလုပ်တစ် ခုပါ'

'ဟုတ်လား...'

လင်းနေ့ချစ်သည် လူစီအား တစ်ခဏမျှစိုက်ကြည့်နေပြီး နောက်သို့လှည့်ကာ ပြတင်းပေါက်ဆီသို့ လျှောက်သွား ပြီး ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် လင်းနေ့ဒ်၏ကျောကို ကြည့်နေမိသည်။ ဘာကြောင့် ငါ သူ့ကို လိမ်ပြောမိတာပါလိမ့်ဟု တွေးသည်။

သို့သော်လည်း တိကျသော အဖြေမရ။ သူ့နှုတ်မှ 'မင့်မှာ အလုပ်မရှိဘူးဆိုတာ သိရလို့ ငါစိတ်မကောင်းပါဘူး' ဟူသော စကားကိုမကြားလို၍ ဖြစ်မည်ထင်၏။

လူစီသည် အတွေးကိုဖြတ်ကာ သူ့စာရင်း စာအုပ်ပေါ် ပြန်၍ စိတ်ဝင်စားနေသည်။ ထိုအခိုက်တွင် သူ့ထံသို့ လင်းနေ့ဒ် ပြန်လျှောက်လာသည်ကို သတိထားမိသည်။

စကားပြောချင်စိတ် ရနေပုံလည်း ပေါ်၏။ သို့သော်လည်း ထိုအခိုက်မှာပင် အင်ဒရူးနှင့် ဒူဂဲလ်တို့ ဝင်လာကြသဖြင့် လင်းနေ့ဒ်သည် တန့်ခနဲဖြစ်သွားသည်။

အင်ဒရူးနှင့် ဒူဂဲလ်တို့သည် လူစီအား ကြည့်နေကြသည်။ သူတို့နှစ်ယောက်စာတော့ အဆင်ပြေသွားကြပြီ။ ဒူဂဲလ်သည် ဟော်ဂဲလ်မန်ကုမ္ပဏီတွင် ဆက်လက်၍ အလုပ်ရသွားသည်။

အင်ဒရူးကတော့ သတင်းစာ ရောင်းရသည့်လုပ်ငန်းကို လုပ်ကိုင်ရန် အခြေချမိသွားရုံမက သူ့မိန်းမ၏ ငွေနှင့် မုန့်ဆိုင် တစ်ဆိုင်ဖွင့်နိုင်ခဲ့သဖြင့် စိတ်အေးသွားခဲ့ရလေပြီ။ အဆင် မပြေသည်မှာ လူစီတစ်ယောက်တည်းသာ ဖြစ်၏။



သို့သော်လည်း လူစီသည် ဂရုမစိုက်၊ အားငယ်စိတ်လည်း မမွေး၊ အားလုံးကိုမေ့ထားလိုက်ပြီး သူ့ကိုယ်သူ အပြုံးမပျက် နေနိုင်ရန်သာကြိုးစားသည်။

လူစီသည် သူ့အလုပ်ကို အပြီးသတ်လိုက်ပြီး စာရင်းစာအုပ်ကို ပိတ်လိုက်ကာ လက်ထဲမှ ခဲတံကို စားပွဲပေါ် ချလိုက်သည်။

ဤအခိုက်မှာပင် တိုင်ကပ်နာရီဆီမှ တစ်နာရီထိုးသံ ကြားရ၏။

'လင်းနေ့ဒ်ကုမ္ပဏီရဲ့ ဇာတ်လမ်းဟာ ပြီးဆုံးသွားပါပြီရှင်....' ဟု လူစီက ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

အားလုံးတစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ လင်းနေ့ဒ်က ဖဝဏ္ဏာ ငွေထည့်ထားသည့် စာအိတ်များကို သူတို့လက်သို့ ပေးသည်။

'ကျွန်တော်တို့ ဆုံမိကြလိမ့်ဦးမယ်လို့ မျှော်လင့်ပါတယ်' ဟု ဒူဂဲလ်က ပြောသည်။

အခုဆိုလျှင် ဒူဂဲလ်၏ အရပ်အမောင်းသည် လူစီအား မိုးနေပြီ။ ဝတ်စားဆင်ယင်ပုံမှာလည်း သပ်ရပ်သန့်ရှင်းသော လူကြီးလူကောင်းဂိုက် ဖမ်းလျက်ရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ကွယ်၊ တစ်နေ့မှာတော့ တွေ့ကြရမှာပေါ့...'ဟု လှစိဓာ အလိုက်သင့် ပြန်ပြောသည်။

'အေးပေါ့၊ တို့ဘက် ရောက်တဲ့အခါလဲ ဆိုင်ကို ဝင်ပါ၊ တို့ဆိုင်က သတင်းစာမျိုးစုံလဲ ရောင်းပါတယ်'ဟု အင်ဒရူးဆာ ကြားဖြတ်ပြောသည်။

'မင်း အလုပ်ရသွားပြီဆိုတာ သိရလို့ ဝါဝမ်းသာတယ်' ဟု လင်းနော့စ်က ပြောသည်။

'ဝါ မင့်ဆီ တစ်ရက်လောက်လာပြီး လက်ဖက် ရည် သောက်ရဦးမယ်'

လှစိသည် ကုတ်အင်္ကျီကိုဝတ်၍ ဦးထုပ်ကိုဆောင်းကာ အားလုံးကို လှိုက်လှိုက်လှဲလှဲပြုံး၍ နှုတ်ဆက်ပြီး ရုံးထဲမှထွက် လာခဲ့သည်။

ရုံးရှေ့ လှေကားမှ ဆင်းလာချိန်အထိ အပြုံးရိပ်သည် ထင်ဟပ်နေဆဲ။ သို့သော်လည်း လမ်းပေါ် ရောက်သည့်အခါ သူ့အပြုံးသည် ပျောက်သွားသည်။

ဘူတာသို့လျှောက်သွားနေစဉ်အတွင်း သူ့ နှုတ်ခမ်းများ သည် တဆတ်ဆတ်တုန်လျက်ရှိသည်။



မီးရထားပေါ်ရောက်၍ထိုင်ခုံပေါ်ထိုင်မိသောအခါတွင် မူ သူသည် သူ့ကိုယ်သူ ထိန်းနိုင်စွမ်း မရှိတော့။ ဦးခေါင်းကို ငုံ့ထား တိတ်တိတ်ကလေး ကြိတ်၍ ဝမ်းနည်းပက်လက် ငိုကြွေး မိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

လူစီ ကျခဲ့ရသော ထိုမျက်ရည်များသည် ရေတွက်၍ မရနိုင်လောက်အောင် များပြားခဲ့သည်။ သို့တစေလည်း ထိုမျက်ရည်များသည် လူစီ လက်ခံမြောက်အရှုံးပေးပြီဟု ဖော်ပြနေခြင်းတော့မဟုတ်။ လူစီ့အဖို့ မျက်ရည်တစ်ကြိမ် ကျလိုက်တိုင်း စိတ်သက်သာရာရကာ အားသစ်ဝင်ခဲ့ရသည်။

အလုပ်မှ ရပ်စဲခံရခြင်းနှင့် တိုက်အိမ်မှ ပြောင်းရွှေ့ပေးရတော့မည့် အခြေအနေစသော အခရေးကိစ္စများသည် သူ့အဖို့ အကြီးအကျယ်စိတ်ထိခိုက်စရာ အကြောင်းများမဟုတ်။ ထို့ပြင်လည်း ဤအရေးအခင်းများကြောင့် သူ့ရင်ထဲ၌ ရှိနေသည့် မျှော်လင့်ချက် မီးတောက်သည်လည်း ငြိမ်းမသွားပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် အလုပ်တစ်ခုကိုတော့ မရှာ၍မဖြစ်။ တာဝန်အရ မရရအောင် ရှာရလိမ့်မည် ဖြစ်၏။ သို့သော်လည်း လောလောဆယ် သူ လုပ်ရမည့်ကိစ္စမှာ ယာယီနေထိုင်နိုင်မည့် အခန်းတစ်ခန်း ငှားရန်ဖြစ်သည်။ သူငှားရမည့် အခန်းသည် အခန်းလခကြီး၍တော့ မဖြစ်။

ယင်းကိစ္စကို စဉ်းစားမိသောအခါ လူစီသည် သူ့အတွက် အခန်းကို အတ်ဒ်မီလန်၌ မငှားတော့ဟု ဆုံးဖြတ်လိုက်သည်။ မြို့ပေါ်တွင် သူ့အားသိသူ အလွန်နည်းသည်မှာ မှန်ပါ၏။ သို့သော်လည်း သူ့အခြေအနေ ကျဆင်းသွားရသည့်အဖြစ်ကို မြို့ထဲမှလူများ မသိ မမြင်စေချင်။

ယို့ကြောင့်လည်း သူသည် ဤမြို့မှဝေးရာသို့ ထွက်သွားပြီး ဘဝယစ်တစ်ခုထူထောင်ရန် သင့်မသင့် စဉ်းစားမိသည်။ နေရာသစ်သို့ရောက်ခါမှ ပေါ်လာသည့် အခွင့်အလမ်းကို ဆုပ်ကိုင်နိုင်မည်ဆိုပါမူ သူ့အတွက် အဆင်ပြေဖွယ်ရာ ရှိသည်ဟုလည်း ထင်သည်။ အထူးသဖြင့် မြို့ကြီးပြကြီး၌ဆိုလျှင် သူလိုချင်သည့် ဈေးပေါပေါ အခန်းမျိုးကို အလွယ်တကူ ရနိုင်လိမ့်မည်ဟုလည်း သူ တွက်သည်။

ထိုအခါ သူ စဉ်းစားမိသည့် ကိစ္စကို ဘယ်လိုနည်းနှင့် အကောင်အထည် ဖော်လျှင် ကောင်းမလဲဟု တွေးသည်။ ဆွေမျိုးများထံသွား၍ အကူအညီ တောင်းရေးကိုမူ သူလုံးဝ



မစဉ်းစား။ နောက်ဆုံး အလွန်မတတ်သာသည့် အခြေအနေသို့ ဆိုက်ရောက်သည့်တိုင်အောင် သူစဉ်းစား၍ မဖြစ်ဟု ယူဆသည်။

အမှန်တော့ သူသည် ဘယ်သူ့ထံမှာမှ အောက်ကျို့ခံ၍ အကူအညီ တောင်းခံလိုစိတ်မရှိ။ ဖရန့်၏အစ်ကိုများ ဖြစ်သည့် ဂျို နှင့်အက်ဒ်ဝပ်တို့ ၂ည်း လက်တွေ့ကျတော့ အားကိုးအားထားပြုနိုင်သူများ မဟုတ်။ သူ့အစ်ကို ရစ်ချတ်မှာလည်း အမီပြုနိုင်သည့် လူသားမဟုတ်။ ရစ်ချတ်ထံသွား၍ ငွေတစ်ပဲနီ တောင်းခြင်းထက် အသေခံလိုက်ခြင်းက ပိုကောင်းသည်ဟု ခံယူထားသော လူစီသည် ရစ်ချတ်အား လုံးဝထည့်၍ မစဉ်းစား။

သူ့လက်ထဲတွင် ငွေကြေးဟူ၍ ပေါင်အနည်းငယ်မျှသာ ရှိသည်။ သို့သော်လည်း စိတ်ဓာတ်ကတော့မကျ။ သူ့ ဆုံးဖြတ်ချက်ကိုလည်း မပြင်။ သူသည် သူ့အစီအစဉ်အတွက် စတင်၍ လှုပ်ရှားသည်။

သူသည် သတင်းစာမဝယ်တော့၊ သတင်းစာကို စာကြည့်တိုက်သို့သွား၍ဖတ်တာ ကြော်ငြာများကို ဂရုထားပြီး ဖတ်သည်။

ဤသို့ဖြင့် တနင်္လာနေ့တွင် လျှောက်လွှာအစောင် နှစ်ဆယ်ရေး၍ စာကြည့်တိုက်မှ ဝို့ဖြစ်သည်။ အင်္ဂါနေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဂလက်ဇဲဂိုမြို့သို့သွား၍ ကုမ္ပဏီများနှင့် အလုပ်ဌာနများသို့ ချဉ်းကပ်ပြီး လှည့်လာစုံစမ်းသည်။

ဗုဒ္ဓဟူးနေ့တွင် ရေနံစက်လေးမြို့ဘက်ရှိ အသေးစားချည်စက်နှင့် ဆက်စပ်ပတ်သက်နေသော နယ်လှည့် ကိုယ်စားလှယ်အလုပ်အတွက် လျှောက်လွှာခေါ်သည့် ကြော်ငြာကိုတွေ့သည်။

လှစီသည် ချက်ချင်းပင် ရေနံစက်ဒလေးမြို့သို့ ထွက်ခဲ့သည်။ စရိတ်အကုန်အကျရှိမည်ကို စိုးရိမ်သဖြင့် သူ၏ လပေးလက်မှတ်ကိုသုံး၍ အလုပ်သမားမီးရထားကိုစီးသည်။

ရထားတွဲထဲရှိ ချည်စက် အလုပ်သမားများကြား၌ တိုးဝှေ့ထိုင်ပြီး လိုက်ခဲ့သည်။

သူ့ပတ်ပတ်ဝန်းကျင် ဆေးလိပ်မီးခိုးတွေက တထောင်းထောင်း၊ တံတွေးများက တပစ်ပစ်။ ရောက်သွားသည့်အခါတွင်မူ လွန်ခဲ့သော တစ်နာရီကပင် လူတစ်ယောက်ကို ရွေးချယ် ခန့်ထားပြီးပြီဟုသိရ၏။ သူသည် စိတ်လက်ညစ်ပန်းစွာဖြင့် အိမ်သို့ပြန်လာခဲ့ရလေသည်။

ကြာသပတေးနေ့တွင် သူသည် အိပ်ထဲ၌ လျှောက်လွှာများရေးရင်း အချိန်ဖြုန်းနေသည်။ ထိုအခိုက်တွင် လူတချို့



ရောက်လာပြီး မစ္စဟော့ဂင်း၏ ပရိဘောဂပစ္စည်းများကို ထနင်းလာနေ့အမီပို့နိုင်ရန် သိမ်းဆည်းထုပ်ပိုးကြသည်။

သူကိုယ်တိုင်လည်း သူ့အဝတ်များကို သေတ္တာထဲသို့ ထည့်၍ အဆင်သင့်ဖြစ်အောင် စီစဉ်သည်။

သူ့အခြေအနေသည် များစွာဆိုးလာပြီဟုသတိထားမိ၏။ သေးရက်တိတိ အားထုတ်ကြိုးပမ်းခဲ့သော်လည်း ဘာမှ မညီညာရရ ဖြစ်မလာခဲ့။

ကိုယ့်ရောစိတ်ပါ မငြိမ်မသက်ဖြစ်နေသော လှစီသည် အိမ်ထဲတွင် ထလိုက် ထိုင်လိုက် လမ်းလျှောက်လိုက်၊ စန္ဒရားတီးလိုက်နှင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်လျက်ရှိသည်။

သူသည် စာအုပ်တစ်အုပ်ယူ၍ ဖတ်နေသော်လည်း နားများက စာပို့လုလင် တံခါးလာအခေါက်ကို နားစွင့်နေသည်။

သူ့အတွက် ဘာမှဖြစ်မလာတော့ဘူးလား။ မကြာခမီ စာပို့လုလင်သည် သူ့အိမ်ရှေ့မှ ကျော်ဖြတ်သွားသည်။ ထိုအခါ စာအုပ်ကို လက်မှချထားလိုက်ပြီး အိပ်ရာဝင်သည်။

သောကြာနေ့တွင်မူ တကယ်လို့ ဒီနေ့ ဘာမှမထူးခြားခင်းတော့ မနက်ဖြန် ငါ့အဘွက် အခန်းသွားရှာမှ ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



မယ်’ဟု သူ့ကိုယ်သူ ပြောမိသည်။ ကိုနေ့တွင်လည်း ဘာ တစ်ခုမှ ဖြစ်မလာ။

ဤသို့ဖြင့် နောက်တစ်နေ့တွင် သူသည် ဂလက်ဇဂိုမြို့သို့ အခန်းတစ်ခန်းငှားရန် ထွက်လာခဲ့သည်။ သူသည် ဘူတာမှ နေ၍ အစောဆုံးထွက်သည့် မီးရထားကိုစီးသည်။ ဂလက်ဇဂိုရောက်သည့်အခါ သူသည် ဘုရင်မ လမ်းဘူတာမှထွက်ခဲ့ပြီး ယူနက်လမ်းအတိုင်း လျှောက်လာခဲ့သည်။

ရုတ်တရက် လူတစ်ယောက်နှင့် ဝင်တိုက်မိသဖြင့် မျှော်ခန့် မော့ကြည့်လိုက်သည်။ သူ့အားပြုံးကြည့်နေသော ဒူဂဲလ် လင်းဇနှစ်ကုမ္ပဏီသို့ အလုပ်လျှောက်ဝင်ရောက်သည့် ပထမ နေ့ကို သတိရလိုက်မိ၏။ ထိုနေ့က ရုံးအဝင် လှေကား အတက်တွင် အခုလိုပင် ဒူဂဲလ်နှင့် ဆုံမိခဲ့ကြဖူးသည် မဟုတ် ပါလား။

‘ဟယ်...ဒူဂဲလ်ပါလား’ ဟု လူစီကဝမ်းသာအားရ ရေ ရွတ်လိုက်သည်။

‘ကျွန်တော်တို့ ဆုံကြဦးမှာပါလို့ ပြောခဲ့ဖူးတယ် မဟုတ် လား’ ဒူဂဲလ်က ပြောသည်။

‘ဒါပေမယ့် ဆုံမိကြတာက ကျွန်တော်ထင်ထားတာထက် စောနေတယ်’



‘ဟုတ်တယ်’ ဟု လူစီက ပြန်ပြောသည်။ ‘ဒါပေမယ့် အခုလို လူချင်းဝင်တိုက်လိမ့်မယ်လို့တော့ မမျှော်လင့်ခဲ့ဘူး’

‘ဟာ... ဟုတ်သားပဲ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်က ပရေးတကြီး ကိစ္စတစ်ခုကြောင့် အမြန် လျှောက်လာရလို့ပါ’

ပလက်ဖောင်းပေါ်၌ မျက်နှာချင်းဆိုင် ရပ်နေကြသော သူတို့၏ တစ်ဖက်တစ်ချက်မှ လမ်းသွားလမ်းလာများသည် ကျော်ဖြတ်သွားနေကြသည်။

‘ကျွန်တော့်အဒေါ်ဆီက ပြန်လာတာ’ဟု ဒူဂဲလ်က ဆက် ပြောသည်။ ‘အဒေါ်က ‘ဟာ်ဒါဆင်နှင့် ရှောကုမ္ပဏီမှာ ငွေစာရင်းကိုင်လုပ်တယ်’

လူစီက ဘာမှပြန်မပြောဘဲ ဒူဂဲလ်အား ကြည့်၍ ပြုံးနေ သည်။ ဒူဂဲလ်ကတော့ သူ့စကားကိုဆက်သည်။

‘သူ့ရုံးမှာ ကောက်တဲ့လူတစ်ယောက်က ကြိုမပြောဘဲ အလုပ်ကထွက်သွားတယ်။ အဲဒါ ယုံကြည်စိတ်ချရတဲ့သူ တစ်ယောက် လိုချင်လို့ ကျွန်တော့်ကို ဝင်လုပ်ဖို့ပြောနေတာ။ ကျွန်တော်ကလဲ တနင်္လာနေ့ကျရင် ဟောဂယ်လီမန်းမှာ အလုပ်ဝင်ရတော့မှာ’

www.burmeseclassic.com

www.burmeseclassic.com



လူစီ၏ဦးခေါင်းသည် ဖျတ်ခနဲထောင်လာပြီး ဒူဂဲလ်အား စိုက်ကြည့်နေသည်။

'အလုပ်ကို သူကပေးတာလား၊ အလုပ်က ဘာ့ယ်လိုအလုပ်မျိုးလဲ'ဟု မေးသည်။

'တစ်ပတ်မှ နှစ်ဆယ့်ငါး သျှိလင်ပဲပေးတာ၊ တစ်နေ့ကုန် လျှောက်သွားပြီး ငွေကောက်ရတဲ့ အလုပ်ဆိုတော့ ကျွန် တော်ကတော့ မလုပ်နိုင်ဘူး၊အဲဒီအလုပ်မျိုးဆိုရင် ကျွန်တော် က လှည့်တောင်မကြည့်ချင်ဘူး'

'သူတို့မှာ အခုလူရသွားပြီလား'

ဒူဂဲလ်က ခေါင်းရမ်းသည်။ 'မရသေးဘူး၊ သတင်းစာ နေ့ကြော်ငြာပြီး ခေါ်ရမယ်လို့ ထင်တယ်'

'ဒီမှာ ဒူဂဲလ်၊ အဲဒီအလုပ်ကို ကိုယ်လုပ်ချင်တယ် ဆိုရင် သူတို့က ပေးမယ်ထင်သလား'

ဒူဂဲလ်က ပါးစပ်အဟောင်းသားဖြင့် လူစီအား ငေး ကြည့်နေသည်။ 'ခင်ဗျားမှာ အလုပ်ရနေပြီလို့ ပြောသွား တယ်မဟုတ်လား၊ ပြီးတော့လဲ ခင်ဗျား အဲဒီအလုပ်ကိုကြို မယ် မထင်ပါဘူး'

'ကိုယ်ပြောမယ် ဒူဂဲလ်၊ ကိုယ်ကြိုက်တာ မကြိုက်တာ စဉ်း စားစရာမလိုဘူး၊ အခုလောလောဆယ် ကိုယ်မှာအခြေတကျ



ဖြစ်ဖို့ သိပ်လိုနေတယ်၊ ဘာပဲရရ လုပ်ကိုလုပ်မှဖြစ်မှာ၊ သူတို့ က ကိုယ့်ကိုပေးမယ်ဆိုရင် ကိုယ်ကတော့ လုပ်ဖို့အဆင်သင့်ပဲ'

'ခင်ဗျားလုပ်မယ်ဆိုရင်တော့ ရနိုင်စရာရှိတယ်လို့ ကျွန် တော်ထင်တယ်'ဟု ဒူဂဲလ်က ဖြေသည်။

'အခေါ် အဲဒီမှာလုပ်နေတာ နှစ်ပေါင်း မနည်းကြာပြီ၊ လုပ်ငန်းတစ်ခုလုံးကို သူပဲဦးစီးနေတာဆိုတော့ ကျွန်တော် ပြောပြလိုက်ရင် သူ ခင်ဗျားကို ခန့်မှာ သေချာသလောက်ပဲ၊ ဘာမှ သံသယဖြစ်စရာမရှိဘူး'

ရယ်စရာတော့ ကောင်းသည်ထင်၏။ တစ်ချိန်က ရှုံးစေ ျှသာဖြစ်သော ဤသူငယ်အပေါ်တွင် သူသည် အထင်အမြင် သေးခဲ့မိ၏၊ အခုတော့ သူ့အလုပ်ရဖို့အတွက် ဤသူငယ်ထံမှ င် အကူအညီတောင်းခံနေရလေပြီ။

'ဒီလိုဆိုရင် မင့်အဒေါ် ဘယ်မှာလဲ၊ အဲဒီကို ကိုယ်အခုပဲ သွားလိုက်မယ်'ဟု လူစီက ကသောကမြော မေးသည်။

'လုပ်ခစာ သိပ်မများဘူးနော်၊ အဲဒါကို စဉ်းစားဦး'ဟု ဒူဂဲလ်က သတိပေးသည်။

'တစ်ပတ်မှ နှစ်ဆယ့်ငါးသျှိပဲရမှာ၊ ပြီးတော့ အလုပ် ကလဲ ပင်ပန်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် လှစီ မျက်နှာကို အငန်ကြာမျှကြည့်ပြီး အကဲခတ်သည်။ လှစီ အားတက်သရောဖြစ်နေသည်ကို သတိပြုမိသည့် အခါတွင်မှ စိတ်ပြောင်းသွားသည်။

'အေးလေ၊ ခင်ဗျား သိပ်လုပ်ချင်တယ်ဆိုရင်လဲ ခဏ တစ်ဖြုတ် ဝင်လုပ်ကြည့်ပေါ့'ဟု ပြောသည်။

'ကိုယ် ရမယ်ဆိုရင် သိပ် အဆင်ပြေသွားမှာပါ ဒုဂဲလ် ရယ်'ဟု လှစီက ဝမ်းသာအားရ ပြောသည်။

'ကဲ...ကွယ်၊ ဘယ်ကိုသွားရမလဲဆိုတာသာ မြန်မြန်ပြော ပါ၊ ကိုယ် အခုပဲ သွားလိုက်ချင်တယ်'

ဒုဂဲလ်က ပြုံးသည်။

'ရုံးက ဒေးဗစ္စလမ်း အဆုံးမှာရှိတယ်၊ ဟင်ဒါဆင် နှင့် ရှောကုမ္ပဏီတဲ့၊ အဲဒီကိုရောက်ရင် မစ္စတင်ဟိုကို မေး၊ တွေ့ရင် ကျွန်ုပ်လွှတ်လိုက်မည်ကိုပြော၊ ကျွန်တော်ကိုယ်တိုင် လိုက်မပို့ နိုင်တာ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ခင်ဗျား အခက် အခဲတွေ့စရာ လုံးဝမရှိပါဘူး၊ ကျွန်တော် ကတော့ အဲဒီ အလုပ်မျိုးကို ခင်ဗျားလုပ်မှာ မဟုတ်ဘူးလို့ထင်တာ တစ်ခုပဲ ရှိတယ်'

'ကိစ္စမရှိပါဘူးကွယ်၊ ကိုယ့်အနေနဲ့ အလုပ်မရွေးပါဘူး ကိုယ်လိုချင်နေတာသာ အလုပ်ပဲ၊ အလုပ်ရရင် လုပ်ရမှာပေါ့'



သူသည် ပြောပြောဆိုဆို ဒုဂဲလ်၏လက်ကိုဆွဲ၍ နှုတ်ဆက် သည်။

'ကျေးဇူးကမ္ဘာပဲ ဒုဂဲလ်ရယ်'ဟု လှိုက်လှိုက်လှဲလှဲပြော သည်။

'ကဲ...သွားမယ်၊ ကျွန်တော်တို့ တစ်နေ့နေ့ကျရင် မြန်ဆုံ မိကြဦးမှာပါ'

လှစီက ခေါင်းညိတ်ပြပြီး ပလက်ဖောင်းပေါ် အတိုင်း လျှင်မြန်စွာ ဆက်လျှောက်သည်။ နောက်ဆုံးကျတော့လည်း သူ့ကံသည် ပြန်တက်လာပြီဟု ပြောနိုင်လာသည်။ သို့သော် လည်း ရေးစ်လေးမြို့က အလုပ်တွင် သူမရောက်ခင် ဂျစ်နာရီ ခန့်စော၍ လူရသွားသည်ကို သတိရလိုက်သည့်အခါ စိတ်ပူ သွားသည်။

ထိုအခါ သူ့ခြေလှမ်းများသည် ပို၍ သွက်လက်လျင်မြန် လာသည်။ သူသည် ဓာတ်ရထားကိုပင် မစီးတော့ဘဲ မြန်နိုင် သမျှ မြန်မြန်လျှောက်လာခဲ့သည်။ ထို့နောက်တော့ သူသည် 'ဟင်ဒါဆင်နှင့်ရှော' ဟူသောဆိုင်းဘုတ်ရှေ့သို့ ဆိုက်ရောက် သွားသည်။

ရုံးခန်းမှာ ခမ်းနားသပ်ရပ်လှ၏။ သူအရင်လုပ်ခဲ့ဖူးသည့် ရုံးခန်းနှင့်မတူ။ မြတင်းပေါက်ကို ခန်းဆီးလှလှ တပ်ထား

www.burmeseclassic.com

www.burmeseclassic.com

သည်။ ရှုံးခန်းတံခါးမှာ မဟော်ဂနီသစ်သားတံခါး ဖြစ်၏။ သူသည် နောက်တွန့်မနေတော့ဘဲ တံခါးကို တွန်းဖွင့်ကာ အတွင်းသို့ ဝင်ခဲ့သည်။

သူ ရောက်သွားသောနေရာသည် ကျယ်ဝန်းသော အခန်းကြီးဖြစ်သည်။ အခန်းထဲတွင် ရှည်လျားပြီး ပြောင်လက်တောက်ပသော ကောင်တာကြီး တစ်ခုရှိ၍ ထိုကောင်တာနောက်တွင် စားပွဲကြီးတစ်လုံး၊

ထိုစားပွဲကြီးနောက်တွင်မူ ကိုယ်ခန္ဓာ တုတ်တုတ်ခိုင်ခိုင်နှင့် ထွားထွားကျိုင်းကျိုင်း မိန်းမကြီးတစ်ယောက် ထိုင်နေသည်။ ကောင်တာ၏ နောက်ဘက်တွင် စားပွဲနှစ်လုံးနှင့် ကုလားထိုင်အချို့ ချထားသည်ကို မြင်ရသော်လည်း မိန်းမကြီး၏ စားပွဲလောက် ထည်ဝါခံ့ညားခြင်းမရှိ။

လှစီသည် အချိန်အတော်ကြာမျှ ရပ်နေမိသည်။ သူ့အနေဖြင့် မိန်းမကြီးအား စိတ်ဝင်တစား ကြည့်နေသော်လည်း မိန်းမကြီးကတော့ သူ့မျက်စိရှေ့၌ လယ်ဂျာစာအုပ်ကြီးပေါ်၌သာ အာရုံစူးစိုက်လျက်ရှိ၏။

လှစီသည် ချောင်းတစ်ချက်ဆိုးကြည့်သည်။ မိန်းမကြီးအမကြား။ သူသည် လက်ထဲမှဖောင်တိန်ကို ထောင်၍ ဖောင်တိန်နှစ်သွားကို ကြည့်နေသည်။ ထို့နောက် နှစ်သွားကို သူ့



ဆံပင်များနှင့် ပွတ်သုတ်လိုက်ပြီး စာဆက်ရေးရန် ဟန်ပြင်သည်။

'ကျွန်မကို ခွင့်ပြုပါရှင်' ဟု လှစီက အသံပေးသည်။

မိန်းမကြီးသည် လှစီ့ဘက်သို့ ခပ်ဖြည်းဖြည်း လှည့်ကြည့်သည်။ ဝတ်ဆင်ထားသည်မှာ အားလုံးအနက်။ ရွှေကိုင်းမျက်မှန်နောက်မှ ပြူးကျယ်သော မျက်လုံးအစုံသည် လှစီအား စူးစူးရဲရဲကြည့်နေသည်။ သူသည် ကုလားထိုင်မှထကာ ကောင်တာဆီသို့ လျှောက်လာသည်။ ထိုအခါကျမှပင် လှစီသည် မိန်းမကြီး၏ ပိုမိုထွားကျိုင်းသော ခန္ဓာကိုယ်ကြီးကို ရှိုးပြင်စွာ မြင်လာရသည်။

'ဘာကိစ္စရှိလို့လဲ' ဟု ချိအေးသော အသံဖြင့် လှမ်းမေးသည်။

'မစ္စတင်တို့ ဆိုတာ....'

မိန်းမကြီးက ခေါင်းညိတ်သည်။

'ကျွန်မနာမည်က လှစီပါ' ဟု ကပျာကယာ ပြန်ပြောသည်။ 'ကျွန်မ အလုပ်လစ်လပ်နေတယ်ကြားလို့ လာတာပါ...'

ထို့နောက် လှစီသည် မစ္စတင်တို့ထံမှ စကားပြန်ပြောမိ အကြောင်းစုံကို ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com

မစ္စတင်တိုသည် လူစီ ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်ရင်း လူစီအား စေ့စပ်သေချာစွာ အကဲခတ်နေသည်။ ထို့နောက်...

'အင်း...ဟုတ်တယ်၊ ငါတို့အမေတော့ သဘောလဲကောင်းတယ်၊ စိတ်လဲချရတယ်' ဟု ပြောသည်။

'ဒါပေမယ့် ငါလိုချင်တာက အမျိုးသားကွယ်၊ အိပ်ခန်းခတွေလိုက်ပြီး ကောလဲရတဲ့နေရာတွေက နည်းနည်းထူးဆန်းတဲ့ နေရာမျိုးတွေ ဖြစ်နေတာယ်'

'ဒီအတွက်တော့ မပူပါနဲ့ရှင်၊ ယောကျ်ား တစ်ယောက်သာ လုပ်ရတဲ့အလုပ်မျိုးကို ကျွန်မ ခြောက်နှစ်တိတိ လုပ်ခဲ့ဖူးပါတယ်'

'တို့အလုပ်ကျတော့ မင်းလုပ်ချင်မှ လုပ်နိုင်မှာ'

'ကျွန်မ လုပ်နိုင်မှာပါ၊ ကျွန်မကို စမ်းပြီးခိုင်းစေချင်ပါတယ်၊ ကျွန်မကြိုးစားပြီး လုပ်ပြပါ့မယ်'

'အင်း...မင်းဟာ မင်းကိုယ်မင်း အစွမ်းကို ယုံကြည်စိတ်ချပုံပဲ' ဟု မစ္စတင်တိုက ရေရွတ်ကာ စဉ်းစားလျက် ရှိသည်။ ထို့နောက် 'အလိုအပ်ဆုံး အရည်အချင်းကတော့ ယုံကြည်စိတ်ချရဖို့ပဲ၊ တို့ဝန်ထမ်းတွေအနေနဲ့ ငွေအများကြီး ကိုင်ရ



တာ၊ ဒါကိုတော့ မင်း သဘောပေါက်လိမ့်မယ်လို့ ထင်တယ်' ဟု ထပ်ပြောသည်။

'ဒီအတွက် ကျွန်မကို ထောက်ခံနိုင်တဲ့ လူတွေ ရှိပါတယ်ရှင်' ဟု လူစီက အားတက်သရော ပြောသည်။ နှုတ်မှလည်း ချက်ချင်းပင် လင်းနေ့စ်၊ အက်ဒ်ဝပ်နှင့် ရစ်ချတ်တို့၏နာမည်များကို ပြောပြသည်။

အကျိုးသက်ရောက်မှုသည် အံ့ဩစရာ ကောင်းလှချေသည်။ 'ရစ်ချတ်က မင့်အစ်ကိုလား' ဟု မစ္စတင်တိုက ရေရွတ်သည်။ သူသည် လူစီအား ယခင်ကထက် ပို၍ စိတ်ဝင်တစား ကြည့်နေသည်။

'ဒီလိုဆိုတော့ မင်းဟာ မစ္စတာရစ်ချတ်မာဒေရဲ့ နှမပေါ့၊ သူကတော့ ဂုဏ်သိက္ခာကြီးမားတဲ့ လူတစ်ယောက်ပဲ၊ ငါ သူ့ကိုသိတယ်၊ ငါကိုယ်တိုင် ရာလ်စတန်မြို့မှာ နေခဲ့ဖူးတယ်' ဟု ပြောသည်။

မစ္စတင်တိုသည် ကောင်တာ တံခါးရွက်ပျဉ်ပြားကို မ၍ ပေးသည်။

'ကဲ...လာ၊ အထဲကိုဝင်ထိုင်ဦး၊ ငါကိုယ်တိုင် [illegible]တာ နှုတ်တရေးနဲ့ မင့်ကိစ္စကို မေးမြန်းကြည့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် အတွင်းသို့ဝင်၍ထိုင်သည်။ မစ္စတင်တိုသည် လှေကားတစ်ခုမှနေ၍ မှန်လုံထားသော အခန်းတစ်ခန်းရှိရာ ပထမထပ်သို့ တက်သွားသည်။ သူသည် မစ္စတင်တိုပြန်ဆင်းအလာကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်လျက်ရှိသည်။ ဤကြားထဲမှပင် သူသည် သူ့ဂလက်ဇရီ၌ အခန်းရရှိရေးကို တွေးနေမိသည်။ ပီတာပြန်လာလျှင် သူ့မှာအခန်းတစ်ခန်း ရှိနေဖို့က လိုအပ်နေသည် မဟုတ်ပါလား။ အကယ်၍များသာ ဤအလုပ်ကို သူရလိုက်မည်ဆိုပါမူ သူ့အတွက် အစစအရာရာ အဆင်ပြေသွားလိမ့်မည်ဟု ယုံကြည်သည်။

ရုတ်တရက် မစ္စတင်တို ပြန်ဆင်းလာသည်ကို မြင်လိုက်ရသဖြင့် သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သူသည် ထိုင်နေရာမှ ကမျာကယာထရပ်ပြီး မစ္စတင်တိုအား ဆီးကြိုမိသည်။

'အေး...ငါ မစ္စတာရက်ထရေးနဲ့ တွေ့ခဲ့ပြီးပြီ'

'ဟုတ်ကဲ့ ရှင့်'

'သူက တို့ကုမ္ပဏီမှာ အကြီးအကဲပဲ၊ ဟင်ဒါဆင်နှင့်ရှော ဆိုတာက နာမည်ပဲ၊ လုပ်ငန်းတစ်ခုလုံးဟာ မစ္စတာရက်ထရေး အပိုင်ပဲ'

'ဟုတ်ကဲ့ ရှင့်'

'သူက လုပ်ငန်းကြီးကြပ်အုပ်ချုပ်မှု တစ်ခုလုံးကို ငါနဲ့ လွှဲထားတာ၊ ငါ ဒီမှာလုပ်လာတာ နှစ်ပေါင်း သုံးဆယ်ရှိသွားပြီဆိုတော့ သူကငါ့အပေါ်မှာ အစစအရာရာ ယုံကြည်စိတ်ချတယ်'



'ဟုတ်ကဲ့ ရှင့်'

တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။

'အဲဒီတော့ ငါ မင့်ကိုယူဖို့ဆုံးဖြတ်ပြီ' ဟု မစ္စတင်တိုက ပြုံး၍ပြောသည်။

'တကယ်လို့ မင်း ကျေနပ်တယ်ဆိုရင် နောက်အပတ်က စပြီး အလုပ်ဝင်နိုင်တယ်'

တစ်စုံတစ်ခုသောအရာသည် လူစီအား ရိုက်ခတ်သည်။ လူစီသည် ငိုချင်သလိုလို ရယ်ချင်သလိုလို ဖြစ်လာသည်။ သူတို့က သူ့အား အလုပ်ခန့်လိုက်ပြီ၊ သူ့အတွက် ဘဝသစ်တစ်ခု အစပြုနိုင်ပြီ။ အနာဂတ်ဘဝသည် သူ့ရှေ့မှ နေပြီး စောင့်ကြိုနေပြန်ပြီ။ လွန်ခဲ့သောလအတွင်းက ကြုံခဲ့ရသမျှ ကံကြမ္မာဆိုးများသည် ပျောက်ကွယ်သွားခဲ့လေပြီ။

သူသည် မစ္စတင်တို၏ ကြီးမားသော ကိုယ်ခန္ဓာကြီးကို စိုက်ကြည့်နေသည်။ တစ်ကိုယ်လုံး တုန်ယင် လှုပ်ရှားသွားသည်။ မစ္စတင်တို၏ ရင်ခွင်ထက်သို့ လဲကျသွားတော့မလို ဖြစ်လာသည်။ သို့သော်သည်။ သူ့ကိုယ်သူ အချိန်မီ ထိန်းချုပ်နိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်ရှင်'ဟု ထစ်တီးထစ်ငေါ့ဖြင့် ပြောသည်။ ကျွန်မ....ကျွန်မ....'

သူ့ပါးစပ်မှ ထိုမျှသာ ပြောနိုင်သည်။ ထို့ထက် ပို၍ ပြောနိုင်စွမ်း မရှိတော့ပေ။

* * *

( ၁၄ )

နောက်တစ်လအကြာတွင် လူစီသည် သူ၏အိမ်သစ် အတွင်း၌ နံနက်စာစားလျက်ရှိသည်။ နံနက်စာမှာ ပေါင်မုန့် ထောပတ်သုတ်တစ်ချပ်နှင့် လက်ဖက်ရည်တစ်ခွက်ဖြစ်သည်။

သူနှင့် မလှမ်းမကမ်းရှိ ဓာတ်ငွေ့မီးဖိုမှ မီးတောက်သည် တရှူးရှူး တရဲရဲမြည်ကာ အသံပေးလျက်ရှိ၏။ ရှစ်နာရီပင် မထိုးသေး။ မြို့တော်ကြီးအပေါ်တွင် မြူနှင်းများ လွှမ်းခြုံနေဆဲ။

အရုဏ်အလင်းရောင်သည် အမှောင်ထုကို ဖောက်ထွင်းနိုင်စွမ်းမရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



အခန်းသည် သူစိတ်တိုင်းကျဘော့မဟုတ်၊ သို့သော် လည်း စုစုစည်းစည်းနှင့် အသုံးဝင်မှုတော့ ရှိသည်။

သူ့ ရှေ့တည့်တည့် ပြတင်းပေါက်အောက် တည့်တည့်တွင် ဗိုက်ကပ်ထားသော ကြွေရေခွက်ကြီးရှိသည်။ သူ့ညာဘက်တွင် ခေတ်ဟောင်း မီးဖို အသေးစားတစ်လုံး တပ်ဆင်ထားသည်။

ဘယ်ဘက်တွင် နံရံကိုကပ်၍ ချထားသော လောင်စာ သိုလှောင်ရာ သစ်သားသေတ္တာကြီးတစ်လုံးရှိ၍ ရံဖန်ရံခါတွင် ယင်းကို ထိုင်ခုံအဖြစ် အသုံးပြုလို့ရသည်။

အိမ်ထောင်ပရိဘောဂဟူ၍လည်း များများစားစားမရှိ။ အခု သူထိုင်နေသည့် စားပွဲဝယ်တစ်လုံး၊ ကြိမ်ထိုးကုလား ထိုင်နှစ်လုံး၊ သူပိုင် ပက်လက်ကုလားထိုင် တစ်လုံးနှင့် သူ့ နောက်ဘက်ရှိ အခန်းငယ်ကလေးအတွင်းမှ သံခုတင်တစ်လုံး သာရှိသည်။

မီးဖိုအိပ်ခန်းတွဲနေသော အခန်း၏ တံခါးပေါက်မှနေ ကြည့်လျှင် အိမ်၏ ကျန်အပိုင်းများကို မြင်နေရသည်။

ယင်းတို့မှာ အခြားတစ်ဖက်ရှိ အိပ်ခန်းတစ်ခန်းနှင့် ဆက် နေသော မှန်ကုပ်ကုပ် ခန်းမတစ်ခုနှင့် ရေချိုးခန်းတစ်ခန်းတို့ ဖြစ်ကြသည်။ ဤအခန်းများ၏ နံရံအားလုံးတွင် အညိုရောင် ဆီစိမ်စက္ကူများကပ်၍ တန်ဆာဆင်ထားလေသည်။



ယခုအခါတွင် ဤနေရာသည် သူ့ အိမ်ဖြစ်၏။ ငြိမ်ငြိမ် ဆိတ်ဆိတ်ရှိသဖြင့် သူ သဘောကျသည်။ အိမ်ကို သူ့ အနေ ဖြင့် အကောင်းဆုံးဖြစ်အောင် စီမံပြုပြင်ထားသည်။

အိမ်ရှာခဲ့ရသည်မှာ နှစ်ရက်မျှ ကြာခဲ့၏။ နောက်ဆုံး ခွတင်တို့အား ပြောပြပြီး အကူအညီ တောင်းခံခဲ့ရာမှ ထင်ဒါဆင်နှင့် ရှောကူမွတ်ဇ ပါဝင်၍ ကူညီခဲ့သည်။

ဤသို့ဖြင့် အိပ်ခန်းတစ်ခန်းနှင့် မီးဖိုခန်းပါသော ဤအိမ် ကို ရရှိခဲ့ခြင်းပေတည်း။

သူ့ အဆင့်၊ သူ့ ဝင်ငွေနှင့် ကိုက်ညီသည့် အိမ်ဖြစ်၍ ငြီးငွေ့စရာတော့မရှိ။ အိမ်လခမှာ တစ်ပတ်လျှင် ခုနစ် သျှီလင်သာဖြစ်၍ ထိုငွေမှာ သူပေးနိုင်သည့်ငွေဖြစ်၏။

သူ့ တွင် ထိုထက် ပို၍ ပေးနိုင်သော အခြေအနေကမရှိ။ သူ့ အိမ်တည်ရာလမ်းမှာ 'ပန်းလမ်း' ဖြစ်၍ ဆင်းရဲနွမ်းပါး သူများနေထိုင်ရာ လမ်းတစ်လမ်းဖြစ်၏။

အမှန်တော့ လူစီသည် ဝင်ပေါက်များက ကျဉ်းပြီး လှေ ကားများက မှောင်မည်းမည်းရှိလှသော ဤအခန်းမျိုးကို နှစ်သက်သူမဟုတ်။ သို့သော်လည်း လောလောဆယ် ပိုက်ဆံ နောက်ဆုံးပညာသင်နှစ်အတွက် ကျောင်းစရိတ်များ ပေး သွင်းစရာရှိနေသဖြင့် လက်ထဲ၌ စုမိဆောင်းမိထားသည့်

www.burmeseclassic.com

www.burmeseclassic.com



မငွကိုလည်း မသုံးရဲ၊ နောက်ထပ် ခြစ်ခြစ်ကုတ်ကုတ် သုံးစွဲ
စုဆောင်းရန်ကလည်း တာဝန်ရှိနေ၏။

ထို့ကြောင့်လည်း သူသည် ဈေးပေါသော ဤအခန်း
ငှားခဲ့ရခြင်းဖြစ်၏။

စားပွဲ၊ ကုလားထိုင်နှင့် မီးဖိုချောင်သုံး ပစ္စည်းများ
လည်း ဈေးသက်သာသော အဟောင်းများကိုသာ ဝယ်
သုံးစွဲထားရခြင်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ ဤအိမ်သည် 'အိမ်' မဟုတ်ဟုပင်
သည်။

အကယ်၍ သူ့အခြေအနေ ကောင်းမွန်တိုးတက်လာ
ဤအိမ်ထက်ကောင်းသော အိမ်ကိုမရမနေရှာ၍ ငှားမည်
အခိုင်အမာပင် ဆုံးဖြတ်ထားလေသည်။

မနက်စာ စားအပြီးတွင် သူသည် ဈေးချိုချိုနှင့်
ထားသော နှိုးစက်နာရီကို လှမ်းကြည့်ပြီး ထိုင်ရာမှထသည်

မီး ကိုပိတ်လိုက်ပြီး ခန်းမတွင်းသို့ဝင်ခဲ့သည်။ ကုတ်အင်္ကျီ
ယူဝတ်ကာ ဦးထုပ်ကိုဆောင်းလိုက်ပြီး တံခါးကိုဖွင့်၍
မြင်သို့ထွက်ခဲ့သည်။

BURMESE CLASSIC .com



မြူနှင်းများသည် လမ်းပေါ်တွင် ဖုံးအုပ်နေဆဲ။ ခပ်
သုတ်သုတ်လျှောက်သွားနေသော လူတို့၏ ရှုပ်လှသည့် နှင်း
မြူများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဤနေရာတစ်ဝိုက်သည် မြစ်နှင့် နီးလှနီး၍ပေလားမသိ။
အမြဲတစေနှင့် မြူများ ထူထပ် သိပ်သည်း ကျဆင်းလေ့
ရှိ၏။

မြို့တော့ နေအာတော်မြင့်သည်အထိ မကွဲ။ တကယ်တော့
ဤပတ်ဝန်းကျင်သည် ဆယ်ဗင်ဘင့်မှာ သည့်သင်္ဘောကျင်း
များဆီအထိ ကျယ်ပြန့်စွာ တည်ရှိပြီး သင်္ဘောကျင်း အလုပ်
သမားများ နေထိုင်ရာ ဆင်းရဲသားရပ်ကွက်များလည်း ပါဝင်
လျက်ရှိသည်။

လမ်းများသည် ကျောက်စရစ်ခင်းလမ်းများ ဖြစ်သော်
လည်း ကျဉ်းမြောင်းလှ၏။ လမ်းများ၏ ဝဲယာတွင် စက္ကူ
စုတ်များ၊ အသီးအနှံခွံများ၊ စည်သွပ်ဘူးခွံများနှင့် အမှိုက်
သရိုက်မျိုးစုံ ပြန့်ကျဲလျက်ရှိသည်။

လမ်းတစ်လျှောက်ရှိ ဆိုင်များမှာလည်း ဆိုင်သေး ဆိုင်
ငယ်များသာဖြစ်၏။ ပလက်ဖောင်းပေါ်၌ ကစားနေကြ
သော ကလေးသူငယ်များသည် ပေရေညစ်ပတ်လျက် ရှိကြ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ရထားပေါ်ရောက်၍ ထိုင်မိသည့်အခါ လူစီသည် သူ့ဘဝ၏ ကြမ်းတမ်းသော အပြောင်းအလဲကို မတွေးဘဲ မနေနိုင်၊

သူ ယခင်က နေထိုင်ခဲ့ရသော ပတ်ဝန်းကျင်နှင့် အလွန် အမင်းကွာခြားသည့်နေရာသို့ ရောက်လာရခြင်းသည် သူ့ အတွက် ကံမကောင်း၊ အကြောင်းမလှမှု တစ်ခုဟုပင် ယူဆ မိ၏။

ပြီးတော့ အခု သူရထားသည့်အလုပ်၊ ယခင်ကအလုပ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အတွက် သူ့ဝမ်းနည်းမိ၏။ မီးရထား နှင့် သက်သောင့်သက်သာ သွားလို့ရသော အလုပ်ဖြစ်၍ ယခု အလုပ်လောက် မပင်ပန်း။

BURMESE CLASSIC .com

တကယ်တော့ ဒူဂဲလ် ပြောခဲ့သည်မှာ မှန်၏။

ဤအလုပ်သည် သိပ်ပြီး တွယ်တာစရာ ကောင်းသည့် အလုပ်တစ်ခုမဟုတ်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက သူ သည် လက်ရှိအလုပ်ကို စက်ဆုတ်မိသည်။ ဤအရပ်သည် သူ အခုနေထိုင်ရသည့် 'မှတ် ၅၃- ပန်းလမ်း' အိမ်နှင့် သာ မထူး။

ဒေးဗစ်လမ်းထောင့်သို့ ရောက်သည့်အခါ လူစီသည် ဓာ ရထားပေါ်မှ ဆင်းကာ ရုံးဘက်သို့ လျှောက်လာခဲ့သည်



လေထန်လွန်းသဖြင့် ရုံးခန်းထဲသို့ ခပ်သုတ်သုတ် ဝင်လာခဲ့ သည်။

သူ့အား ဆီး၍ နှုတ်ဆက်လိုက်သော မစ္စတင်တိုအား ခေါင်းတစ်ချက်ဆတ်ပြီး ပြန်နှုတ်ဆက်ကာ သူ့စားပွဲဆီသို့ လျှောက်လာသည်။

လူစီစားပွဲ၌ ထိုင်မိသောအခါ သူနှင့် မျက်နှာချင်းဆိုင်ရှိ စားပွဲမှ လူက သူ့အား လှမ်း၍နှုတ်ဆက်သည်။

ထိုလူသည် ဦးထုပ်ကိုလည်း မချွတ်။ ဂရိတ်ကုတ်ကြီးကို သည်းမချွတ်၊ လူစီက အလိုက်သင့်ပြုံး၍ပြန်နှုတ်ဆက်သည်။

*'အော်ဒမ် ဒန်ဒီ' ဟု ခေါ်သော ထိုလူသည် ဆမ္ဘာလောက* ကြီး တစ်ခုလုံးအား ဆန့်ကျင်တိုက်ခိုက် နေသူ ဖြစ်သည်။ သူသည် သူ့လိုပင် ငွေကောက်ခံသူ တစ်ဦးဖြစ်၏။

လူပုံက ပုကွကွ တုတ်ခိုင်ခိုင်နှင့် သန်မာကြံ့ခိုင်ပြီး လက် များက ရှည်သည်။

မျက်နှာက နီရဲရဲ၊ မျက်လုံးများကလည်း နီရဲရဲ။

ဒေါသကြီးမည့် အရိပ်လက္ခဏာကို အထင်အရှား မြင် နေရသည်။

'ဒီခဲတံတွေဟာ ဆောက်သုံးကိုမကျဘူး' ဟု လှမ်းချွန်နေ သောခဲတံ ကျိုးသွားပြန်သဖြင့် ဒန်ဒီက ရေရွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီခေတ်မှာ ခဲတံကိုဓာတ်ငွေ့ကောင်းအောင် မလုပ်နိုင်ကြတော့ဘူး'

'ကျွန်မ ချွန်ပေးမယ်'ဟု လူစီက လှမ်းပြောသည်။

'ဟား....ခဲတံချွန်တဲ့နေရာမှာ မင်းက ငါ့ထက်ပိုပြီး တော်တယ်လို့ထင်နေသလား၊ ငါကတော့မထင်ဘူး၊ ချွန်နေရင်းနဲ့ မင်းလက်ကို ဓားရှမယ်၊ အဲဒီအခါကျတော့ လျော်ကြေးရဖို့ ငါ့ကို တရားစွဲမယ်၊ ဒါပဲ'

'ကတိကို မချိုးဖောက်သမျှ ကာလပတ်လုံး ဘာမှမဖြစ်ပါဘူး'ဟု မစ္စတင်တိုက ကြားမှ ဝင်ပြောသည်။

မစ္စတင်တိုသည် စကားများများ ပြောခဲလှမရှိ။ ပြောပြီဆိုလျှင်တော့ ချက်ကျကျ ပြောတတ်သည်။

'ကျုပ်ကတော့ မယုံဘူး၊ မိန်းမတွေအကြောင်း ကျုပ်သိတယ်'

မစ္စတင်တိုအား လူစီအား အဓိပ္ပာယ်ရှိသော မျက်လုံးဖြင့် လှမ်းကြည့်သည်။ ယခုအခါတွင် သူသည် လူစီနှင့် ခင်မင်နေပြီ ဖြစ်၏။

မစ္စတင်တိုသည် ရာထူးအားဖြင့် လူစီထက် မြင့်သော်လည်း ကိုယ်ချင်းစာသရား ထားတတ်သူဖြစ်သည့် အားလျော်စွာ လူစီအား မိတ်ဆွေတစ်ယောက်သဖွယ် ဆက်ဆံနေပြီဖြစ်သည်။



'ယောကျ်ားတစ်ချို့အတွက်ဆတော့ ကြွေးဒဏ်ဟာ သိပ်ကောင်းနေတုန်းပဲ'ဟု မစ္စတင်တိုက ပြောသည်။

စကားဝိုင်းသည် မစ္စတာရက်ထရေး ဝင်လာသဖြင့် ဆက်မပြောဖြစ်တော့ဘဲ ရပ်သွားသည်။

သူသည် သူတို့ရှေ့မှ ဖြတ်လျှောက်ကာ ခေါင်းတစ်ချက်ဆတ်၍ အားလုံးကို နှုတ်ဆက်ပြီး အပေါ်ထပ်ရှိ သူ့ရုံးခန်းဆီသို့ တက်သွားသည်။

ရက်ထရေးသည် အရပ်ရှည်ရှည်ပိန်ပိန်ပါးပါးနှင့် စကားနည်းသူဖြစ်၏။

လူစီသည် ထိုင်ရာမှ ထရပ်လိုက်ပြီး....

'မြို့တော့ စဲစဲ မစဲစဲ ကျွန်မအလုပ်ဆတော့ စမှဖြစ်တော့မယ်၊ ဒီနေ့ ကျွန်မ ပွိုက်လမ်းကို သွားရမှာ ကံဆိုးတာပဲ'

'မျက်စိလည်ပြီး လမ်းပျောက်နေဦးမယ်' ဟု ဒန်ဗီက လှမ်းပြောသဖြင့် လူစီက ပြုံးသည်။ ထို့နောက် သူ စာအုပ်နှင့်အိတ်ကို ယူသည်။

စာအုပ်မှာ အနက်ရောင် သားရေဖုံးစာအုပ်ဖြစ်၍ အိတ်မှာ သားရေအိတ်ဖြစ်သည်။ သူသည် သူ့အလုပ်ပစ္စည်းနှစ်ခုကိုကိုင်၍ ရုံးထဲမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် နေရောင် ပျောက်ကာ နှင်းမြူများ ဆွေထပ်သိပ်သည်းစွာ ကျဆင်းနေပြန်လေပြီ။ တစ်ခဏ အတွင်းမှာပင် သူ့လည်ချောင်းသည် ခြောက်သွေ့လာပြီး ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။

သူ့ပတ်ဝန်းကျင်တွင် မြူများသာလျှင်ရှိနေသည်မဟုတ်၊ မြို့သူမြို့သားများသည်လည်း ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသည်။

တစ်ချိန်က လူအများ၏လှုပ်ရှားမှုအပေါ်၌ စိတ်ဝင်စားခဲ့သောလူစီသည် ယခုအခါတွင် ယခင်ကလို မဟုတ်တော့၊ စိတ်ဝင်စားမှုနည်းလျက် ရှိသည်။

အသက်ကြီးလာခြင်းကြောင့်လားမသိ၊ လူအများ၏ လှုပ်ရှားမှုများသည် သူ့အဖို့ မထူးဆန်းတော့သည့် အရာများဖြစ်လာလျက်ရှိ၏။

ဝိုက်လမ်းထဲသို့ ဝင်လာသောအခါ လူစီသည် နောက်တစ်ကြိမ် ချောင်းတဟွတ်ဟွတ် ဆိုးလာပြန်သည်။

သူ့အနေဖြင့် မြူများကိုလည်း သဘောမကျ၊ သူ့အလုပ်ကိုလည်း မနှစ်သက်၊ ဝိုက်လမ်းကိုလည်း မကြိုက်၊ ဤသုံးခုစလုံးကို သူ ရွံရှာစက်ဆုပ်သည်။



ဝိုက်လမ်းသည် ကျဉ်းမြောင်းလှ၏၊ လမ်းဘေး ဝဲယာရှိ ကျပ်သိပ်နေသော ခြေတံရှည် အိမ်တန်းများကြားမှ လမ်းသည် မှောင်မည်းမည်း၊ မှုန်ကုပ်ကုပ်၊ ကျဉ်းမြောင်းမြောင်းနိုင်လွန်းသဖြင့် လျှိုတစ်ခုနှင့် တူနေသည်။

ဤလမ်းတစ်လျှောက်တွင် နေရောင်ခြည်ရဖို့မှာ မလွယ်၊ နွေရာသီ၏ နေ့ရက်များမှာပင်လျှင် နေရောင်ခြည်ရဖို့ ခဲယဉ်းလှ၏။

ဆင်းရဲသား လက်လုပ်လက်စားများ နေထိုင်ရာလမ်းဖြစ်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး သပ်ရပ်သန့်ရှင်းမှုမရှိ၊ အားလုံးပေရေညစ်ပတ်ကာ နံစော်လျက်ရှိသည်။ တစ်လမ်းလုံးတွင် နှင်းမြူများ ပိတ်ဆို့နေသဖြင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။

လူစီ အလုပ်စလုပ်ချိန်တွင် နံနက် ဆယ်နာရီခွဲရုံမျှသာ ရှိပေသေးသည်။ သူသည် ပထမဆုံးရောက်သွားသည့် အိမ်တံခါးကို ခဲတံနှင့် တဒေါက်ဒေါက် ခေါက်၍ အသံပေးသည်။

အလုပ်စတင်ဝင်ရောက်သည့် ပထမသီတင်းပတ် အတွင်း၌ ရရှိခဲ့သော အတွေ့အကြုံအရ အိမ်တံခါးကို လက်နှင့် ခေါက်၍မဖြစ်၊ ခေါက်ရသည့် တံခါးပေါင်းမှာ များပြားလွန်းလှသဖြင့် ကြာတော့ လက်ခုံများ နာကျင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တံခါးကို ခဲတံဖင်နှင့်ခေါက်သော အလေ့အထကို သူ ရရှိလာခဲ့ခြင်းပေတည်း။

တံခါးကိုခေါက်အပြီးတွင် ထုံးစံအတိုင်း သူ စောင့်နေရသည်။ သူ အလုပ်စဝင်ချိန်က အဖြစ်များကို သတိရမိ၏။

အပတ်စဉ် ကောက်ခံပေးရမည့် အခန်းခငွေ အပြည့်ရဖို့အတွက် တစ်အိမ်ဝင်တစ်အိမ်ထွက် လုပ်ရသည်ဖြစ်ရာ၊ တစ်နေကုန် အချိန်မြုန်းရ၏။

တစ်ခါတစ်ရံတွင် တစ်နေ့တာအချိန်သည် မလုံမလောက်ဖြစ်နေသည်နှင့် ကြုံရတတ်၏။

အဆောက်အအုံတစ်လုံးတွင် လေးထပ်ရှိ၍ တစ်ထပ်လျှင် အိမ်ခန်းတစ်ခန်း အိမ်ခန်းပေါင်း၊ ရှစ်ခန်းပေါင်းရှိရာ လေးထပ်စလုံး ပေါင်းလိုက်သည့်အခါ အခန်းပေါင်း သုံးဆယ့်နှစ်ခန်းမျှ ရှိ၏။

ယင်းပုံစံဖြင့် တည်ဆောက်ထားသည့် တိုက်ပေါင်း နှစ်ဆယ်တွင် အိမ်ထောင်စုပေါင်း ခြောက်ရာလေးဆယ်မျှ ရှိနေသည်ဖြစ်ရာ၊ သူတို့၏နေထိုင်မှု အဆင့်အတန်းသည် များစွာ နိမ့်ကျလျက်ရှိသည်။

အခန်းခလိုက်လံကောက်ခံရသူ တစ်ဦးအဖို့လည်း များစွာ မှုပင် ခက်ခဲပင်ပန်းလှသည်ကို တွေ့ရ၏။



အခန်းတစ်ခန်းတွင် အနံဆယ်ပေ၊ အလျားဆယ့်ငါးပေမျှသာရှိသော အိပ်ခန်းတစ်ခန်းမျှသာ ပါရှိသည်။ ထိုအခန်းထဲ၌ မိသားစု ဆယ့်နှစ်ဦး ခန့် အိပ်ရသည်ဖြစ်ရာ၊ မည်မျှလောက်အထိ နေထိုင်မှုအဆင့်နိမ့်နေသည်ကို ခန့်မှန်းနိုင်ဖွယ်ရှိ၏။ (မှတ်ချက်။ ၁၉၃၂-ခုနှစ်ခန့်က အခြေအနေ ဖြစ်သည်။

နောက်ပိုင်းတွင် ပြောင်းလဲလာသော လူမှုရေးဆိုင်ရာ အတွေးအမြင်သစ်များအရ အစိုးရနှင့် ပြည်သူတို့သည် လူနှင့်သူနှင့်တူအောင် နေထိုင်မှု ရရှိရေးကို ဦးစားပေးလာခဲ့ကြ၏။)

လူစီသည် အခန်းတံခါးကို ခဲတံဖင်နှင့် ထပ်ခေါက်ရပြန်သည်။ တံခါးသည် တစ်လက်မခန့်ဟသွားပြီး အတွင်းမှ 'ဘယ်သူလဲ' ဟူသောမေးသံ ကြားရသည်။

'ထင်ဒါဆန်နဲ့ရှော ကုမ္ပဏီ' ဟု လူစီက ပြန်ဖြေသည်။

'ဪ....'

ထို့နောက်တော့ တံခါးပွင့်သွားပြီး မိန်းမတစ်ယောက် ထွက်လာသည်။ မိန်းမသည် မျက်လုံး တစ်ဘက်လပ် နေသူဖြစ်၏။

သူသည် လူစီအား တစ်ဘက်တည်းသာရှိသော မျက်လုံးနှင့် စူးစူးရဲရဲကြည့်နေရာမှ လူစီအား အထဲဝင်ရန် ဖိတ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူစီသည် ချက်ချင်းပင် အခန်းတွင်းသို့ ဝင်ခဲ့သည်။ အခန်းထဲတွင် ဘာပစ္စည်းမှ မည်မည်ရရမမြင်ရ။ သစ်သား သေတ္တာဟောင်း နှစ်လုံးနှင့် ကြမ်းပေါ်၌ ခင်းထားသည့် ဖျာတစ်ချပ်သာ ရှိသည်။

သေတ္တာတစ်လုံးပေါ်တွင် အလုပ်သမား တစ်ယောက် ထိုင်နေသည်။ သူ့ရှေ့ရှိ အခြားသေတ္တာပေါ်တွင် ဇက်အူ ချောင်း၊ ပေါင်မုန့်နှင့် လက်ဖက်ရည်များ ချထားသည်။ သူသည် မနက်စာ စားနေခြင်းပေတည်း။

ထိုင်နေသူသည် လူစီဝင်လာသည်ကို ဂရုမပြု။ သူ့အစာ ကိုသာ ဝါးလျက်ရှိသည်။ ဖျာပေါ်တွင် ပက်လက်လှန်နေ သော နို့စို့ကလေးငယ်တစ်ယောက်သည်လည်း လူစီအပေါ် အာရုံစူးစိုက်ခြင်း မရှိ။

တစ်နေရာ၌ ထိုင်နေကြသော ပိန်ညှောင်ညှောင် ကလေး နှစ်ယောက်ကတော့ ကစားနေရာမှ လူစီအားစိတ်ဝင်တစား မော့ကြည့်သည်။

နောက်တစ်နေရာတွင်မူ အမွေးချောချော အဝါရောင် ခွေးမတစ်ကောင်ဝပ်လျက် ရှိသည်။ သူ့သခင်က 'နယ်လီ'ဟု ခေါ်လိုက်သည့်အခါ အမြီးနှံ့သည်။

ဤတိုက်ခန်းများတွင် ခွေးမဆယ်ကောင် ရှိပါက ကိုး ကောင်ကို 'နယ်လီ' ဟု မှည့်ထားတတ်ကြသည်မှာ သူတို့၏ အလေ့အထ ဖြစ်၏။



အိမ်ရှင်မက လူစီအား ကြည့်၍ 'ကျွန်မက ဒီလောက် စောစောစီးစီး ရောက်လာလိမ့်မယ် မထင်ဘူး' ဟု ပြောဘာ ရှုတ်တရက် တံခါးဖွင့်မပေးသည့်အတွက် သူ့အား ခွင့်လွှတ် ပါဟု ပြောသည်။

လူစီသည် သူ့လယ်ဂျာစာအုပ်ကိုဖွင့်၍ နာမည်ရှာသည်။ တွေ့ပြီ။ စုစုပေါင်းနှစ်သျှိလင်နှင့် ခြောက်ပဲနိ။

အိမ်ရှင်မသည် အခန်းခငွေနှင့် စာရင်းစာအုပ်ကို လူစီ အား လှမ်းပေးသည်။ 'ကျွန်မတို့မှာ ကြွေးကျန် မရှိဘူး နော်'ဟု ပြောသည်။

'ဟုတ်တယ်၊ ကြွေးကျန်မရှိဘူး၊ လစဉ်မှန်မှန် ပေးသွား နေတယ်'ဟု လူစီက ပြန်ပြောကာ အခန်းကိုတစ်ချက် ဝေ့ ကြည့်သည်။

'ရှင်တို့အနေနဲ့ အတော်ကြီးကို ရှုန်းကန်ကြရမှာပဲနော်၊ ကျွန်မ တွေ့ရသလောက်တော့ အိမ်ထဲမှာ ဘာမှမျှားမျှား စားစားမရှိ'

'အဲသလိုတော့ မဟုတ်ဘူး'ဟု အိမ်ရှင်မက ပြောသည်။

'ကျွန်မယောကျ်ားက ကျွန်မကို အိမ်ထောင်ပရိဘောဂ တွေ ဝယ်ခွင့်မပေးဘူး၊ အခန်းခ မှန်မှန် ပေးသွားဖို့သာ အရေးကြီးတယ်တဲ့၊ အခန်းခမပေးနိုင်ရင် အိမ်ရှင်ကလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှပစ္စည်းတွေ သိမ်းရမှာတဲ့၊ အဲဒီကျွဲတော့ ဝယ်ထားသမျှ အလကားပဲတဲ့၊ သူက အဲသလို ပြောထားတယ်၊ ပြီးတော့လဲ ပစ္စည်းများ များမရှိတော့ ပြောင်းရလွယ်တာပေါ့လေ၊ အခု အိမ်မှာ ကျွန်မယောကျ်ား မရှိဘူး၊ သူသွားတာနှစ်နှစ်ရှိသွားပြီ၊ ဒီမှာရှိတဲ့လူက ကျွန်မနဲ့ ခဏ...နေတာ'

'ဪ—ဟုတ်လား'ဟု လူစီက ရေရွတ်သည်။ လူစီသည် ကစားနေသောဆလေးများနှင့် ဖျာပေါ်မှ ခြောက်သောသားလေးငယ်ကို ကြည့်နေမိသည်။

'ဟဲ ...သား အယ်လ်ဖိုင်း၊ ဒီအန်တီ ကို သီချင်းဆိုပြလိုက်ပါဦး'ဟု အိမ်ရှင်မက အကြီးဆုံးသားကို ခိုင်းသည်။ သူငယ်သည် ပါးစပ်ကို လက်ဖြင့်သုတ်လိုက်ပြီး လူစီအား မော့ကြည့်သည်။

'သူက အသံကောင်းတယ်ရှင့်'

လူစီက အယ်လ်ဖိုင်းအား ကြည့်နေသည်။ သူ့မှာက လုပ်စရာတွေ ရှိမနေ သေးသည်ဖြစ်ရာ၊ ကြာကြာနေ၍မဖြစ်။

'ကဲ....ဆိုပြကွယ်၊ သီချင်းဆိုပြရင် အန်တီက မုန့်ဖိုး တစ်ပဲနီ ပေးမယ်'

အသက် ၈ါးနှစ်ခန့်ရှိပြီဖြစ်သော အယ်လ်ဖိုင်းသည် လူစီအားကြည့်၍ ပြုံးသည်။



'ကျွန်တော် 'မဂ္ဂီမာဖီ'သီချင်း ဆိုပြမယ်၊ ကျွန်တော် အကြိုက်ဆုံး သီချင်းလေ'ဟု ပြောသည်။ ထို့နောက်....

'ထမင်းနှင့်ညဆိုရင် ကျွန်တော်အလွန်ပျော်တာ....၊ သာယာမှုတွေကို ခင်ဗျားမြင်တယ် မဟုတ်လားဗျာ၊ ယောကျ်ားလေးတွေ မိန်းကလေးတွေ အားလုံးနဲ့ တွေ့ရတာ၊ မြို့ထဲမှာ ကျွန်တော်နဲ့အတူ လျှောက်သွားကြရတာပါ၊ ညှော်ခန်းဆောင်ထဲမှာ စန္ဒရားတစ်လုံးရှိပါတယ်၊ အိမ်ကို တေးသံသာ ပေးမလို့ပါကွယ်၊ ခင်ဗျားတို့ကို ညတိုင်း ကြိုဆိုနေပါတယ်၊ အဲဒါ မဂ္ဂီမာဖီရဲ့အိမ်ပါကွယ်....'

လူစီသည် ဤအခန်းထဲရှိ အခြေအနေနှင့် သီချင်း လိုက်ဖက်မညီသည့်အဖြစ်ကို တွေးကာ စိတ်မကောင်း ဖြစ်မိသည်။

'ကျွန်တော်ရတာ အဲဒါပါပဲ'ဟု အယ်လ်ဖိုင်းက ပြောသည်။ 'ကောင်းရဲ့လား'ဟုမေးကာ လူစီပေးသည့်ပဲနီပြားကို လှမ်းယူသည်။

လူစီ လည်ချောင်းထဲတွင် ဆို့နင့်နင့်ဖြစ်နေသည်။ သူသည် ဤအလုပ်နှင့် သင့်တော်သူမဟုတ်ဟု တွေးနေမိ၏။ မြင်ရသမျှ ကြားရသမျှတို့သည် စိတ်မကောင်းစရာတွေချည်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလူစု၏ ဆင်းရဲဒုက္ခများသည် ကြည့်ရက် မြင်ရက်ကြားရက်စရာမရှိ။ သူသည် သူ့ကိုယ်သူ တတ်နိုင်သမျှ ထိန်းချုပ်ကာ တံခါးဆီသို့ ခရီးဆက်သည်။

မလုပ်ချင်ပေမယ့်လည်း သူမတတ်နိုင်။ ဤအလုပ်သည် သူ အသက်မွေးဝမ်းကြောင်း ပြုနေရသည့်အလုပ် မဟုတ်ပါလား။

လှစီသည် ဘေးခန်းတံခါးကို ခဲတံနှင့်ခေါက်သည်။ အထဲသို့ ရောက်သွားသည့်အခါ စောစောက သူ ရောက်ခဲ့သည့် အခန်းနှင့်မတူသည်ကို သတိထားမိသည်။

ဤအခန်းသည် သပ်ရပ်သန့်ရှင်းသည်။ အနေအထိုင် ပို၍ သက်သောင့်သက်သာ ရှိမည့်အနေအထားများကို မြင်တွေ့နေရ၏။

ခါးထောက်၍ တံခါးဝမှရပ်၍ ဆီးကြိုနေသော အိမ်ရှင်မသည် စောစောက အခန်းရှင်ထက် ပို၍ သားသားနားနား ရှိနေသည်ကို တွေ့ရ၏။

'အခန်းခ လာပြန်ပြီသား'ဟု အခန်းရှင် မစ္စတော့လင်းက ပြောသည်။

'ပေးပြီးတာမှ မကြာသေးဘူး၊ နောက်တစ်ခေါက်ရောက်လာပြန်ပြီလား'



'အင်္ဂါနေ့တိုင်းလေ'ဟု လှစီက မစ္စတော့လင်းအား လှမ်းပြောသည်။ ယခုအချိန်ထိ စောင်ခြုံအောက်မှမထွက်သေးဘဲ သူ့အားမအား လှမ်းကြည့်နေသည့် မစ္စတော့လင်း၏သားကို ပါ လှစီကတစ်ချက်ကြည့်၍ အကဲခတ်သည်။

'အင်္ဂါနေ့ကလဲ အရောက်သိပ်မြန်တာပဲ'ဟု မစ္စတော့လင်းက ရေရွတ်ပြီး လှစီကြည့်နေသည့် သူ့သားဘက် လှည့်ကြည့်သည်။

'ကျွန်မ သား ဘင်လေ၊ သူက အခု အလုပ်မှာ ညဆိုင်းကျနေတယ်၊ ဒါကြောင့် အိပ်ရာထ နောက်ကျတာ၊ စဉ်းစားကြည့်လေ၊ သူရတဲ့ လုပ်ခက တစ်ပတ်မှ ဆယ့်ဇါး သျှီလင်ရယ်၊ အဲဒါကို နှစ်ယောက်စားကြရတာ'

လှစီသည် စာရင်းစာအုပ်ကိုဖွင့်၍ရေးမှတ်ပြီး စားပွဲပေါ်၌ အသင့်ချပေးထားသည့် အခန်းခငွေကိုယူသည်။ ထို့နောက် အခန်းထဲမှ ပြန်ထွက်လာခဲ့ပြီး နောက်တစ်ခန်းကို ခဲတံဖြင့် ခေါက်ရပြန်သည်။

ဤအလုပ်သည် သူ၏ နေ့စဉ်အလုပ်ဖြစ်၏။ ဤသို့ တစ်ခန်းဝင် တစ်ခန်းထွက်ရင်းနှင့်ပင် သူ့ငွေအိတ်သည် လေး.... လေးလာသည်။ ထိုအခါ သူ့စိတ်သည် ပေါ့ပါးသည်ထက် ပေါ့ပါးလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းဝင်လျှင် အနည်းဆုံး ပျမ်းမျှ သုံးမိနစ်ခန့်ကြာ ကုန်သည်ဖြစ်ရာ တိုက်ခန်း တစ်ခန်းလျှင် တစ်နာရီခွဲခန့်ကုန်၏။

ထိုတစ်နာရီခွဲကုန်၍ အလုပ်မှာ ပြီးပြတ်သွားသည် မဟုတ်သေး။ နောက်တစ်တိုက်သို့ ကူးရပြန်၏။ ထိုတိုက်တွင် တစ်နာရီခွဲမျှ တစ်ခန်းဝင်တစ်ခန်းထွက် လုပ်ရပြန်၏။

ထို့နောက် ...နောက်တစ်တိုက်။ ဟိုတစ်ချိန်က ကိုယ်ပိုင်ခြံဝင်း၊ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်အိမ်စေနှင့် သားနားသပ်ရပ်စွာ နေခဲ့ရသော မိန်းမတစ်ယောက်အဖို့ ဤအလုပ်သည် ဆင်းရဲပင်ပန်းလှပေသည်။

သူ တာဝန်ကျသည့် တိုက်ခန်းအားလုံးသို့ ရောက်ပြီးသည့်အခါတွင်မူ သုံးနာရီထိုးနေပေပြီ။ နေ့လယ်စာ မစားရသေး။ အလုပ်မပြီးခင် တစ်ခဏမျှရပ်၍ နေ့လယ်စာ ထွက်မစားချင်။

မစ္စတင်တိုက လည်း ထိုနည်း သည်နည်းမှန်ဖြစ်သည်ဟု သူ့အားပြောပြခဲ့ဖူး၏။ ထို့ကြောင့်လည်း သူသည် အလုပ်လုပ်နေရင်း အလုပ်ကိုရပ်၍ နေ့လယ်စာ ထွက်စားလေ့ မရှိ။

ယခုလည်း သူ ပိုက်လမ်းထဲမှ ပြန်ထွက်လာသည့်အခါ အာသမတာန် ဆာလောင်လျက်ရှိလေပြီ။ လမ်းထိပ် အရောက်တွင် သူသည် ခပ်ဖြည်းဖြည်း လာနေသော ဓာတ်ရထားပေါ်သို့ ကမျာကယာတက်လိုက်သည်။



ပတ်ပတ်သည်တွင် မြူနှင်းများ ဆိုင်းနေဆဲဖြစ်၍ ဓာတ်ရထားသည် မီးအားလုံးကို ထိန်လင်းနေအောင် ဖွင့်ထားပြီး မောင်းနှင်လျက်ရှိလေသည်။

လူစီသည် ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်ကာ သားရေအိတ်ကို သူ့ဒူးပေါ် တင်ထားသည်။ နေ့လယ်စာ မစားဘဲ အလုပ်လုပ်လာခဲ့သည်မှာ ငါးနာရီမျှကြာ၏။ ယခု အထိတော့ သူ့အစာအိမ်သည် ဘာမှ မဖြစ်သေး၊ သူ့ကျန်းမာရေးသည် ကောင်းသည်ဟု ဆိုရမည်ထင်၏။

ကယ်လ်ဗင်ဘင့်လမ်းသို့ ရောက်သည့်အခါ သူသည် ဓာတ်ရထားပေါ်မှဆင်း၍ သူ့ပယ်နေကျ အသားဆိုင်ကဲ့စဲဆိုင်သို့ ဝင်ပြီး ဆိတ်သားစင်းကော အနည်းငယ်ဝယ်သည်။

ဆိုင်ရှင် ကပ်သည် သူ့အား ဝယ်နေကျ ဖောက်သည် အဖြစ် အသိအမှတ် ပြုထားပြီဖြစ်သဖြင့် သူ့အား တရင်းတနှီး ဆက်ဆံပြောဆိုလေ့ရှိသည်။ ပြီးတော့ သူ့ဆိုင်ကဝယ်ရသည်မှာ ပိုပိုသာသာရသည် မဟုတ်ပါလား။

အိမ်တွင် အာလူးကုန်သည်ကို သတိရသဖြင့် ကပ်၏ဆိုင်ဘေးမှ ကုန်စုံဆိုင်သို့ဝင်၍ အာလူး နှစ်ပဲနိဖိုး ဝယ်သည်။

ပြီးတော့ မုန့်ဆိုင်သို့ဝင်ကာ ပေါင်မုန့်တစ်လုံးဝယ်သည်။ သူသည် ပစ္စည်းထုပ်ကလေးများကိုဆွဲ၍ အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ နေထိုင်ရာလမ်းထဲတွင် သူ့လောက် အလုပ်များပြီး သူ့လောက် ပင်ပန်းသော မိန်းမမျိုး တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ဟုပင် သူထင်မိ၏။

စောစောက သူ ရောက်ခဲ့သည့် တိုက်ခန်းများနှင့် ယှဉ်လိုက်ပါက အခုလိုအချိန်တွင် သူ့အိမ်သည် အလွန်ငြိမ်ဆိတ်ကာ အထီးကျန်နိုင်နေပြီဖြစ်သည်။

အိမ်ထဲရောက်သည်ဆိုလျှင်ပင် သူသည် ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ်သည်၊ ခြေလက်များ ဆေးကြောသည်၊ သူ့အဝတ်များကို ချွတ်၍ခါသည်။

ဝိုက်လမ်းမှ ပြန်ရောက်တိုင်း အဝတ်များကို မခါ၍ မဖြစ်။ ဝိုက်လမ်းမှ တိုက်ခန်းများသည် သန့်အလွန်ပေါသော နေရာများဖြစ်သဖြင့် သန်းများတွယ်တက်ပြီး လိုက်ပါလာမည်ကို သူ ကြောက်သည် မဟုတ်ပါလား။

ထို့နောက်တော့ သူဝယ်လာသည့် ဆိတ်သား စင်းကောကို ချက်သည်။ ကျက်သည်နှင့် တစ်ပွဲနက် ဆာလောင်နေသော ဝမ်းဗိုက်ကို ဖြည့်သည်။

တစ်နေ့တာအလုပ်ကို တာဝန်ကြေစွာ လုပ်နိုင်ခဲ့သဖြင့် စိတ်ထဲတွင် သာယာကျေနပ်ခြင်းဖြစ်သည်။



ပြီးတော့ သူ့စိတ်အာရုံသည် သူ့သား ပီတာထံသို့ ရောက်သွားသည်။ ထိုအခါ ပင်ပန်းလာခဲ့သမျှ အားလုံး လွင့်စင်ကွယ်ပျောက်သွားသည်။

စားသောက်ပြီးသော အခါ တစ်ခဏမျှထိုင်၍ နားသည်။ နောက်တစ်ခေါက် အပြင်သို့ထွက်ရဦးမည့် အရေးကိုတွေးကာ စိတ်ပျက်သည်။

အပြင်ဘက် လမ်းမများပေါ်မှ နှင်းမြူများ ကြားသို့ ထွက်ရသည်မှာ သာယာမက်မောဖွယ်ကောင်းသည့် အလုပ် မဟုတ်။ သို့သော်လည်း မထွက်၍မဖြစ်၊ သူသည် နာရီကို မော့ကြည့်ပြီး ထိုင်ရာမှ ထသည်။

ပန်းကန်များကို မဆေးဘဲ ထားလိုက်သည်။ ခြောက်နာရီ သူ ပြန်ရောက်မှ ဆေးကြော၍ရသည် မဟုတ်ပါလား။

သူသည် ငွေအိတ်ကိုယူကာ အပြင်သို့ ထွက်ခဲ့ရပြန်သည်။ ဤအလုပ်ကို သူမုန်းတီးလှပါ၏။ သို့သော်လည်း သူ ရှောင်လွှဲ၍ မရ။ သူ့ ရုံးခန်းထဲရောက်သွားသည့်အခါ လေးနာရီခွဲနေပြီ။

'မြူတွေက တအားကျတာပဲ' ဟု မစ္စတင်တိုက ဆီးပြောသည်။ 'ရုံးထဲမှာ တစ်နေ့လုံး မီးဖွင့်ထားရတယ်

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် အခန်းတွေထဲမှာ အပြင်ဘက်လောက် မဆိုးပါဘူး'ဟု လူစီက ပြန်ပြောသည်။

'အပြင်မှာက ကြောက်စရာကောင်းလောက်အောင် ဆိုးတာ၊ ကျွန်မဖြင့် အလုပ်ပြီးသွားတာကို သိပ်စမ်းသာတာပဲ'

မစ္စတင်တိုက ခေါင်းညိတ်သည်။ လူစီ့လက်ထဲမှ အိတ်ကို လှမ်းယူသည်။

'မင်းအလုပ်နဲ့ အဆင်မပြေနေတာမြင်ရတော့ ငါ စိတ်မသာဘူး၊ လုပ်စမှာတော့ ပင်ပန်းတာပေါ့ကွယ်'ဟု ပြောသည်။

လူစီသည် အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ သူ ယနေ့ရောက်ခဲ့ရသည့် တိုက်ခန်းများကို ပြန်လည်မြင်ယောင်နေသည်။

ထိုတိုက်ခန်းများသည် ပေရေညစ်ပတ်ကာ နံစော်လျက်ရှိရုံမျှမက နေရာသူများအဖို့ ဆင်းရဲဒုက္ခကြီးလှသည့်အဖြစ်ကို သတိရနေမိ၏။

'ကျွန်မ ဒီနေ့အခန်းခ လိုက်ကောက်ပေးခဲ့ရတဲ့ တိုက်ကိုဘယ်သူပိုင်တာလဲ...'ဟု လူစီက မစ္စတင်တိုအား လှမ်းမေးသည်။



'အဲဒီတိုက်လား'ဟု မစ္စတင်တိုက အံ့အားသင့်သွားဟန်ဖြင့် ရေရွတ်သည်။

'အဲဒီတိုက်က မစ္စတာ တူလီ ဆိုတဲ့လူ ပိုင်တယ်၊ သူက အယ်လ်စတန် လမ်းထဲက စိန် ကျောက်မျက်ရတနာ ဆိုင်ပိုင်ရှင်ပေါ့၊ သူက ရာစတန်မြို့မှာနေတယ်'

မစ္စတင်တိုသည် တစ်ခဏမျှ စဉ်းစားနေသည်။

'ဘာပြုလို့ မေးတာလဲ လူစီ'

'လူစီ သွားမိတာ တစ်ခုရှိနေလို့ပါ'ဟု လူစီက ဖြေသည်။ သူ့မျက်စိထဲတွင် မစ္စတာတူလီ၏ စိန်ရွှေရတနာဆိုင်ကို မြင်ယောင်နေသည်။

ရွှေနားနှင့် ငွေနားများ၊ ကွပ်ထားသည့် ကြီးမားသောမှတ်တင်းပေါက်ကြီးများ၊ ဝင်ပေါက်၌ ချိတ်ထားသည့် ကြေးဝါ ဆိုင်းဘုတ်ကြီးများ၊ အလွန်ခမ်းနားထည်ဝါသည့် ဆိုင်ကြီး ဖြစ်၏။

'တစ်နေ့ကျရင် မစ္စတာတူလီနဲ့ တွေ့ရရင် လူစီက သူ့အပေါ် ဘယ်လိုထင်တယ်ဆိုတာ သူသိသွားအောင် ပြောပြချင်လို့ပါ'

• • •

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၅ )

လူစီသည် ဘုတ်တာပလက်ဖောင်း အဆုံးအထိ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့သည်။ သူ့စိတ်သည် အေးဆေး တည်ငြိမ်လျက်ရှိ၏။

နေဝင်ချိန်ဖြစ်သော်လည်း ဇွန်လ၏နွေးထွေးသော နေရောင်ခြည်တို့သည် ဗဟိုဘူတာကြီးပေါ်သို့ ပက်ဖျန်းလွှမ်းခြုံနေဆဲ။

သူသည် သူ့သားပီတာအား လာရှာကြိုနေခြင်းဖြစ်၏။ သူ့သားအားကြိုရန် ရှိနေသည်ကို သိထားသော မစ္စတာင်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် သာသောကောင်းစွာဖြင့် သူ့အား လေးနှာရှိခဲ့တွင် ရိုး ဆင်းခွင့် ပေးလိုက်၏။

သူသည် အိမ်သို့ ထသောတာမြောပြန်ကာ သူ့ကိုယ်သူ ပြင်ဆင်၍ ပပ်ဖိပသောင်းမြို့မှ သို့နှုံးရှိထွက်လာမည့် ရထား ကိုမီရန် ဘူတာသို့ အပြေးအလွှားလာခဲ့ရသည်။ အခုတော့ လည်း သူက အချိန်အများကြီး စောနေသည်။

ဘူတာထဲရောက်၍ စုံစမ်းလိုက်သည့်အခါ မီးရထားသည် ယခု ငါးမိနစ်ခန့် နောက်ကျလိမ့်မည်ဟု သိရ၏။

သူ ပလက်ဖောင်းပေါ်၌ ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်ရင်း အချိန်ဖြုန်းနေရသည်မှာ ကြာပြီ၊ ကြာလာ ပော့လည်း စိတ်မရှည်ဖြစ်လာသည်။

သို့သော်လည်း ထိုအခိုက်မှာပင် မီးရထားဥသြသံ ကြား ရသည်။ ရထားဝင်လာပြီ ဖြစ်၏။

သူသည် ပလက်ဖောင်းပေါ်မှရပ်ကာ သူ့သားကို မျှော် ရှာသည်။ ထို့နောက် ရထားတွဲကစ်တွဲ အကျင်းမှ ခုန်ဆင်း ကာ လူအုပ်ကြားမှဖြတ်၍ လျှောက်လာနေသော ပီတာကို မြင်ရသည်။

ဟိုတုန်းက သူ့သားပီတာသည် သူ့လက်ကိုဆွဲ၍ ပလက် ဖောင်းပေါ်၌ လျှောက်ခဲ့ဖူး၏။ ထိုစဉ်ကတော့ သူ့သား သည် အသက်ငယ်ငယ် သူငယ်ကလေးမျှသာ ဖြစ်သည်။

အခုတော့ ထိုအသက်အရွယ် သူငယ်လေး မဟုတ်တော့။ အရပ်မောင်မောင်မောင်းမောင်းနှင့် သပ်ရပ်သန့်ရှင်းသည့် လူငယ်လေးတစ်ယောက် ဖြစ်နေပြီ။

ဟိုတုန်းကလို သူ့လက်ကိုမဆွဲဘဲ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ဖြင့် သူ့ဘာသာသူ လျှောက်သွားနေနိုင်ပြီ။ အံ့ဖွယ် သူရဲ ထူးကဲသည့်အချိန်၏ ပြောင်းလဲမှု တစ်ခုပေတည်း။

လူစီသည် သူ့ဆီသို့ ခြေလှမ်းကျဲကျဲလှမ်း၍ လျှောက်လာ နေသောပီတာကို ရပ်ကြည့်နေသည်။ ရပ်နေသည့် နေရာမှ ရွှေ့လျားခြင်းမရှိ၊ လှုပ်ရှားခြင်းလည်း မပြု။ သူ့နှုတ်ခမ်း များတွင် အပြုံးရိပ်သမ်းနေသည်။ ထို့နောက် တခဲမျက်နှာ လုံးတွင် အပြုံးပန်း ပွင့်လာသည်။

'အမေ'ဟု ပီတာက အော်၍နှုတ်ဆက်သည်။ ပီတာသည် သူ့အမေအား ရှိသောကိုင်းရှိုင်းသော အမူအရာဖြင့် သူ့ ခေါင်းမှ ဦးထုပ်ကိုချွတ်လိုက်သည်။ ဤအပြုအမူသည် မိခင် ဖြစ်သူ၏စိတ်ကို လှိုက်လှိုက်လှဲလှဲ ကြည်နူးခြင်း ဖြစ်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့သား၏ နဖူးကိုနမ်း၍ နှုတ်ဆက်လိုက်ရသည့် အခါ တွင်မူ လူစီ့တစ်ကိုယ်လုံး ပီတိဖုံးကာ အားအင်ကုန်ခမ်းသွားသည့်နှယ် ခံစားလိုက်ရ၏။

'သား...ပြန်ရောက်လာပြီ နော်'

'ဟုတ်တယ် အမေ၊ သားပြန်လာပြီ'

ပီတာက သူ့အမေအား ကြည်နူးမှု အပြည့်ဖြင့် ကြည့်နေသည်။ လူစီကလည်း သူ့သားအား ခြေဆုံးခေါင်းဆုံး ကြည့်သည်။

'သား ပစ္စည်းတွေ ယူရဦးမယ် မေမေ'

'အေး...ဟုတ်သားပဲ'

ပီတာက သူ့အမေလက်ကိုလှမ်းဆွဲကာ ဂတ်ဗိုလ်တဲဆီသို့ လျှောက်သွားသည်။

'ဟိုမှာ မေမေ၊ ကျွန်တော့်သေတ္တာ' ဟု ပီတာက ပလက်ဖောင်းပေါ်၌ ချထားသော သေတ္တာကို လက်ညှိုးထိုးပြသည်။ သူ ကျောင်းသွားစဉ်က သေတ္တာပင်ဖြစ်၏။

ယခင်ကလို ပြောင်လက်တောက်ပခြင်း မရှိတော့။ ပီတာက အလုပ်သမားတစ်ယောက်အား လက်ညှိုးထိုးပြပြီး 'အား သေတ္တာကို မြင်းလှည်းပေါ် အထိ ပို့ပေးဖို့ သူ့ကို ခေါ်မယ် ဟုတ်လား မေမေ' ဟု မေးသည်။

လူစီ ရုတ်တရက် အဖြေမပေးနိုင်။ ချီတုံချတုံ ဖြစ်နေသည်။ အကယ်၍ သယ်ခိုင်းလိုက်မည် ဆိုပါက ငွေအကုန်အကျ ပိုများလာမည့် အရေးကို တွေးမိသည်။ 'မေမေ... မေမေက ပစ္စည်းကို ကုန်တင်လှည်းနဲ့ ပို့ခိုင်းမလားလို့' ဟု ပြောသည်။

ပီတာက သူ့အမေအား မော့်ကြည့်သည်။ 'သားတို့ မြင်းလှည်းနဲ့ တစ်ခါတည်း ယူသွားတာ ကောင်းတာပေါ့' ဟု ပြောသည်။

'မေမေတို့ ဓာတ်ရထားနဲ့ ပြန်မှာ၊ အဲဒါက ပိုအဆင်ပြေတယ် သားရဲ့'

လူစီသည် အလုပ်သမားထံသွား၍ သေတ္တာကို လက်တွန်းလှည်းနှင့် အိမ်ပို့ပေးရန် စီစဉ်သည်။ ထို့နောက် သူ့သားထံ ပြန်လာပြီး 'ကိစ္စပြီးသွားပြီ' ဟု ပြောသည်။

ဘူတာထဲမှ ထွက်လာကြသည့်အခါ သားအမိနှစ်ယောက်လုံး နှုတ်ဆိတ်လာကြသည်။ ဓာတ်ရထားမှတ်တိုင်၌ ရပ်နေစဉ်တွင်လည်း စကားမပြောကြ။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ရထားပေါ်တွင် ထိုင်မိ၍ သူ့အမေက လက်မှတ်ဝယ်သည့်အခါကျမှ ပီတာက 'မေမေ ကျွန်တော့်ဆီရေးတဲ့စာတွေထဲမှာ ဒီအကြောင်းက ထည့်မရေးခဲ့ဘူး၊ ကျွန်တော်ပြောတာက မေမေရဲ့ အပြောင်းအလဲ ဖြစ်နေတဲ့ ကိစ္စပါ။ မေမေ့စာတွေထဲမှာ မစ္စဟော့ကင်း အကြောင်းရယ်၊ အလုပ်သစ်အကြောင်းရယ်၊ အဲဒါတွေကျတော့ ရေးတယ်၊ အဲဒါဘာပြုလို့လဲ မေမေ' ဟု မေးသည်။

'အပြောင်းအလဲက သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်လို့ မရေးတာပါ သားရယ်' ဟု လူစီက ဖြေသည်။

အမှန်တော့ သူ၏အခြေအနေကို သူ့သားအား အသိပေးထားသင့်သည်ကို သူ နားမလည်၍မဟုတ်၊ နားလည်ပါသော်လည်း အားလုံးကိုတော့ ပြော၍မဖြစ်။

'မေမေ့တို့မှာ အရင်ကလောက် ပြည့်ပြည့်စုံစုံ မဟုတ်တော့ဘူးသားရဲ့၊ ဒါပေမယ့် အခြေအနေကတော့ အဆိုးကြီးတော့ မဟုတ်ပါဘူး၊ ထိန်းနိုင်ပါသေးတယ်' ဟု ပြောသည်။

'အခြေအနေက ကျွန်တော့် အတွက်များ အနှောင့်အယှက် ဖြစ်မလားဆိုတာ...'

'အို...အဲသလောက် မဖြစ်ပါဘူးကွ' ဟု လူစီက ပြုံး၍ ဖြတ်ပြောသည်။



'အားလုံး အဆင်ပြေသွားမှာပါ၊ ဟိုအရင် အက်ဒ်မီလန်ရှာနေတုန်းက အခြေအနေလောက်တော့ မကောင်းဘူးပေါ့ သားရယ်၊ ဒါပေမယ့် အဆိုးကြီးတော့လဲ မဟုတ်ပါဘူး၊ မေမေတို့သားအမိ မကြာခင် ဒီအခြေအနေထဲက ထွက်လာနိုင်မှာပါ'

ပီတာ၏မျက်နှာသည် အနည်းငယ် ကြည်လင်သွားသည်။ သူသည် အနောက် တည့်တည့်သို့ ဦးတည်သွားနေသော ခုတင်ရထားပေါ်မှနေ၍ အပြင်သို့ ငေးမောနေသည်။

ဘယ်လ်ဗင်ဆင့် လမ်းဘက်သို့ နီးလာသည့်အခါ လူစီသည် ထိုင်ရာမှ ထသည်။ 'မေမေတို့ ဒီမှာဆင်းရမယ်' ဟု ပီတာအား လှမ်းပြောသည်။

ခုတင်ရထားပေါ်မှနေကြည့်လျှင် ဘယ်လ်ဗင်ဂရစ် ပန်းခြံ၏ အပေါ်ဘက် ခေါင်မိုးပေါ်မှ ရှည်မျော့မျော့ မွဲခြောက်ခြောက် အဆင်းကို ဆောင်နေသော အဆောက်အဦကြီးတစ်ခုကို မြင်နေရ၏။

လူစီရော ပီတာပါ ထိုအဆောက်အအုံကြီးဆီသို့ လှမ်းကြည့်နေမိကြသည်။

နေရောင်သည် တောင်ကုန်းထက်သို့ ဖြာကျလျက်ရှိရာ သာယာသော ရှုခင်းတစ်ခုဖြစ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



လူစီ့ အဖို့တော့ ဤရှုခင်းသည် လှပခံ့ညားရုံမျှမက စိတ်ခါတ်အင်အား ရှင်သန်တက်ကြွခြင်း၊ မျော်လင့်ချက်အသင်ဝင်ခြင်းစသော ခံစားမှုများကို ရရှိစေသည့်ရှုခင်း ဖြစ်သည်။

‘ငါ့သား....အဲဒီ အဆောက်အအုံကိုမြင်တော့ စိတ်မလှုပ်ရှားဘူးလား’ ဟု လူစီက မေးသည်။

‘အဲဒီနေရာဟာ သားရော့ခ်ချင်တဲ့နေရာပဲ’ ဟု မီတာက ပြန်ပြောသည်။ သူ့အကြည့်သည် တစ်စုံတစ်ခုကို အလေးအနက် တွေးတောဆင်ခြင်နေသည့်နှယ် ရှိ၏။

‘အဲဒီနေရာတသာ ကိစ္စပြီးသွားရင် သားရဲ့ဘဝကို ထူထောင်ဖို့ အဆင်သင့်ဖြစ်သွားပြီ’ ဟုလည်း ထပ်ပြောသည်။

လူစီက ပီတာအား ကြည့်၍ပြုံးသည်။ ထို့နောက် ရပ်သွားသော ခါတ်ရထားပေါ်မှ သားအမိနှစ်ယောက် ဆင်းလာခဲ့ကြသည်။

အခုကျတော့လည်း လူစီ့ စိတ်သည် နောက်ကိုရှုပ်ထွေးလျက်ရှိရပြန်၏။ မန်းလမ်းဘက်သို့ လျှောက်သွား နေချိန်တွင် သူ့စိတ်သည် မရွှင်မလန်းဖြစ်လာသည်။

လမ်းသည် လူသွားလူလာ ထူထပ်လှရုံမျှမက နှစ်သက်စရာလည်း မရှိ။ ဤအဖြစ်ကိုကြည့်ကာ သူ့စိတ်ထဲတွင် မထုံမလဲ ဖြစ်လာသည်။



သူ့သား၏ဘဝအတွက် မပြည့်မစုံ ဖြစ်မှုများသည် သူ့တာဝန်မကောင်းဟုသော အတွေး ပါဝင်လာသည်။

ညသည် တဖြည်းဖြည်း နီးကပ်လာနေပြီ၊ စာလေးသူငယ်များသည် ပလက်ဖောင်းများပေါ်တွင် ခုန်ပေါက်ပြေးလွှားဆော့ကစားနေကြသည်။

ခြံတွင်းမှ ထွက်လာသည့် ယုန်ငယ်များနှင့် တူလှ၏။ အလေး အားလုံးသည် သပ်ရပ်သန့်ရှင်းခြင်း မရှိကြ။ အချို့နီ့စို့ ကလေးငယ်များသည် ပလက်ဖောင်းပေါ်တွင် လေးဘက်တွား သွားနေကြသည်။

ဝတ်ထားသည့် အဝတ်အစားများသည် မလုံမခြုံ၊ အားလုံး ရယ်မောပျော်ရွှင်နေကြသည်။ သူတို့ အောင်းနေသည့် လိုက်ခချောင်များထဲမှ ထွက်လာရသဖြင့် ပျော်ရွှင်မြူးတူးနေကြသည်။

မိန်းမများသည် တိုက်ခန်းတံခါးဝမှ လက်ပိုက်၍ရပ်ကာ လမ်းသွားလမ်းလာများအား ကြည့်နေကြသည်။ သူတို့ချင်း စကားပြောသည့်အခါ ပြောကြသည်။ လမ်းပေါ်မှ အသိများကို အော်ဟစ် နှုတ်ဆက်သည့်အခါ နှုတ်ဆက်ကြသည်။

ဖွင့်ထားသည့် ပြတင်းပေါက်များ အနီးတွင် ဆံပင်များကို ခဲ၍ သတင်းစာဖတ်နေကြသည့် ယောကျ်ားများ၊

www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ဘီယာကို သောက်လိုက်၊ တံတွေးပစ်ခနဲ ထွေးလိုက်၊ လမ်းမပေါ်မှ လူများဆီသို့ ကြည့်လိုက်။

လမ်းထောင့်ရှိ ဓာတ်ခွဲခန်းမကျင် လူပြည့်နေပြီး၊ အတွင်းမှ သဲသဲရှက်ရှက် အသံများ ထွက်လာနေသည်။

ပွင့်နေသော တံခါးပေါက်များကို ဖြတ်သန်းပြီး ထွက်ပေါ်လာနေသည့် ခြေသံများ၊ လက်ခုပ်သံများ၊ စန္ဒရားသံများ၊ အစီအစဉ် ကြေညာသံများနှင့် တစ်ခါတစ်ရံ လက်ခုပ်ဩဘာသံများ၊ ခန်းမပြင်ဘက်တွင် ရပ်နေကြသည့် လူငယ်များသည် စီးကရက်များကို မီးခိုးထောင်းထောင်းထအောင် ဖွာနေကြသည်။

သူတို့သည် လူစီတို့ သားအမိကိုကြည့်ကာ ပြောင်လှောင် ရယ်မောကြသည်။

'စိတ်ပျက်စရာပါလား မေမေရာ'ဟု ပီတာက မကျေမနပ် လေသံဖြင့် ပြောသည်။

'ကျွန်တော်တော့ လုံးဝကို စဉ်းစားလို့ မရတော့ဘူး၊ ဒီလိုဟာမျိုးတွေ ရှိတဲ့နေရာကို မေမေ နေဖို့ စဉ်းစားတာ အံ့ဩလို့ မဆုံးဘူး'

'အမြတ်မ်း အခုလို လူစီ နေတာ မဟုတ်ပါဘူး ပီတာ ရယ်'ဟု လူစီက ပြန်ပြောသည်။



'လူစီနေတာကို ပြောတာမဟုတ်ပါဘူး၊ ဒီနေရာမှာ ဖြစ်နေပုံကို ပြောနေတာပါ၊ ဘယ်လောက်စိတ်ပျက်စရာကောင်းသလဲ'

လူစီသည် နောက်ထပ် ဘာမှမပြောတော့ဘဲ သူ့ရှေ့တည့်တည့်ကိုသာကြည့်၍ လျှောက်သွားသည်။ အမှတ် ၅၃- ဝင်ပေါက်ရှေ့သို့ရောက်သည့်အခါ တိတ်တိတ် ဆိတ်ဆိတ်ပင် လှေကားမှတက်လာခဲ့ကြသည်။ ထို့နောက် သော့ကိုထုတ်၍ တံခါးကိုဖွင့်ပြီး အခန်းထဲသို့ဝင်ခဲ့သည်၊

'မေမေတို့အိမ်ကို ရောက်ပြီ'ဟု လူစီက ပြောသည်။

'ဒါဟာ မေမေတို့နေရာပါ၊ ဟော့ဒါက သားရဲ့ အခန်း၊ ဟော့ဒီဟာက' လူစီက မီးဖိုခန်းကို လက်ညှိုးထိုးပြသည်။

'ဟော့ဒီဟာက မေမေအိပ်တဲ့ အခန်း၊ ဧည့်ခန်းလဲ လုပ်ထားရတယ်'

'အခု ကျွန်တော်တို့နေရမှာက ဒီနေရာလား...'ဟု မယုံကြည်နိုင်သော မျက်နှာ ထားလေသံတို့ဖြင့် ပီတာက ပြန်မေးသည်။

လူစီက ခေါင်းညိတ်သည်။ သူ့ အဖို့ကတော့ ဤအိမ်တွင် နေရသည်မှာ အနေလေ့အကျင့်ရှိနေပြီ။ သူ့စိတ်ထဲတွင် ဤအခြေအနေကို သူ့ သားက ဤမျှလောက်အထိ ဆိုးဆိုးဝါးဝါး

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိမ့်မည်ဟု မမျှော်လင့်ခဲ့။ သူ့အနေဖြင့် ပီတာ ပြန် ရောက်တော့မည်ဟု သိရသောအချိန်မှစ၍ 'တစ်အိမ်လုံး သူ တတ်အားသရွေ့ ပြင်ဆင်မွမ်းမံထားခဲ့သည် မဟုတ်ပါ လော။

ခန်းဆီးတွေဆိုလျှင် အားလုံး အသစ်လဲထားသည်။ တစ် အိမ်လုံး သန့်လွင်တောက်ပနေအောင် ပေါလစ်သုတ်ထား သည်။ မျက်နှာကျက်အားလုံးကို ထုံးပြန်သုတ်ထားသည်။ သူ့သား၏မျက်စိထဲတွင် အမြင်လှအောင် ပြုပြင်ဖန်တီးထား ခဲ့ခြင်း ဖြစ်၏။

'အိမ်ထောင်ပရိဘောဂလဲ ဘာတစ်ခုမှမရှိဘူး'ဟု ပီတာ က ရေရွတ်သည်။

'ကျွန်တော့်အခန်းမှာ အဝတ်ဗီရိုတစ်လုံးနဲ့ခုတင်တစ်လုံး ရှိတယ်၊ တခြားနေရာတွေမှာလဲ ဘာတစ်ခုမှမရှိဘူး'

လူစီ့မျက်နှာသည် နီရဲလာသည်။ စိတ် လှုပ်ရှားသွား သည့် အရိပ်လက္ခဏာများလည်း ထင်ဟပ်လာသည်။

'တို့သားအမိ ဒီအိမ်မှာ ရာသက်ပန်နေရမှာ မဟုတ်ဘူး ပြီးတော့ နောက်ပိုင်း အဆင်ပြေလာတဲ့ အခါကျတော့ စားပွဲကုလားထိုင် ဝယ်မှာပေါ့'ဟု လူစီက ပြောသည်။

'စိတ်ပျက်စရာ သိပ်ကောင်းတယ် မေမေရာ၊ တကယ်ကို စိတ်ပျက်ဖို့ကောင်းတာ၊ ဒီလိုအိမ်မျိုးမှာ နေရမယ့်အဖြစ်ကို



တွေးလိုက်ရင် စက်ဆုပ်ဖို့ သိပ်ကောင်းတာပဲ၊ ရပ်ကွက်ကလဲ အရမ်း အောက်တန်းကျတာပဲ'

'ဒီအခြေအနေဟာ မေမေတတ်နိုင်သမျှ အကောင်းဆုံး ဖြစ်အောင်လုပ်ထားတာပဲ'ဟု လူစီက သံပြတ်ဖြင့် ပြန်ပြော သည်။

'တို့အနေနဲ့ လောလောဆယ်တော့ ဒီမှာပဲ နေရမှာပဲ၊ တို့မှာ တိုးတက်စရာအလားအလာမရှိတော့သလို တွေးနေလို့ တော့ မဖြစ်ဘူး၊ ဒီနေရာက လွတ်မြောက်သွားဖို့အတွက် မေမေတို့ အစွမ်းကုန် ကြိုးစားကြရမှာပဲ၊ မေမေ ကတော့ အဲဒါပဲ'

ပီတာသည် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်ပြီး လူစီ အား ကြည့်နေသည်။

'အေး...ဒလ'ဟု ရေရွတ်သည်။ 'မဖြစ်လို့နေရတော့မယ် ဆိုရင်လဲ နေရတော့မှာပေါ့'

'ဒါမှပေါ့ သားရယ်၊ စိတ်ဓာတ်အင်အားရှိဖို့ လိုတာပဲ' ဟု လူစီက ပြောသည်။

'ငါ့သားဟာ စဉ်းစား ဆင်ခြင်တတ်တဲ့ လူတစ်ယောက် လို့ မေမေက သိထားပြီးသားပါ၊ မင်းလက်ဖက်ရည်သောက် ပြီးရင် စိတ်အား ပိုတက်လာမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



ပီတာသည် လက်ဖက်ရည်ပွဲပြင်ဆင်ထားသည့် စားပွဲကို လှည့်ကြည့်သည်။ ပြီးတော့ သူ့အမေအား မော့်ကြည့်ပြီး စိတ်မပါတပါဖြင့် ပြုံးသည်။

'သား အပြင်ဘက်မှာ တွေ့ခဲ့ရတဲ့လူတွေကို ပြန်စဉ်းစားလိုက်ရင် စားချင်သောက်ချင်စိတ်တောင် ပျောက်တယ်' ဟု ပြောသည်။

သို့သော်လည်း၊ လက်ဖက်တွေစားပွဲတွင် ထိုင်မိသည့်အခါ သူ့အမေ ကျွေးသမျှကို အားရပါးရစားသည်။ သူ့အမေအား မကြာခဏ မော့်ကြည့်သည်။ ပတ်ဝန်းကျင်ကိုလည်း မနှစ်မြို့သည့်မျက်နှာဖြင့် မကြာမကြာ ဝေ့ကြည့်သည်။

'အခုလို အိမ်ပြန်ရောက်လာတော့လဲ သားပျော်သွားမှာပါ' ဟု လူစီက ပြောသည်။

ပီတာသည် ကုလားထိုင်တွင် ကျောနှင့်မှီ၍ ထိုင်လိုက်သည်။ 'မေမေ့ကို သားပွင့်ပွင့်လင်းလင်းပဲ ပြောမည်' ဟု စကားစသည်။

'မေမေ ကြည့်ရတာတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝ ရှိနေတဲ့ပုံပဲ...၊ ရှေ့ကို ဘယ်လို လုပ်သွားရမယ်ဆိုတာလဲ သိနေသလိုပဲ'



'မေမေ သိတာပေါ့ကွယ်၊ သားဖြစ်ချင်တဲ့ ကိစ္စတွေကို မေမေ့မှာ လုပ်မပေးနိုင်ဘူးလို့တော့ မထင်'

လူစီ စကားမဆုံးမီ ပီတာက 'ဒါအတွက်ကတော့ မေမေ့အပေါ်မှာ သံသယမရှိပါဘူး...' ဟု ကြားဖြတ်ပြောသည်။ သူသည် စကားသည်ကို ဖြတ်၍ရပ်ကာ စဉ်းစားနေသည်။ ထို့နောက် သူပြောလိုသည့် စကားကို ဆက်ပြောသည်။

'ကျွန်တော် ဘာရာသားဝီလျံဆီက တက္ကသိုလ် လမ်းညွှန်စာအုပ် ရထားကယ် ခံဘရောကျောင်း လခက ပျမ်းမျှ တစ်နှစ်ကို ပေါင်သုံးဆယ်ကျမယ်၊ စာအုပ်တွေနဲ့ တခြားအသေးသဖွဲ့ကုန်ကျစရိတ်က ငါးပေါင်ကျမယ်။ ပြီးတော့ ကျောင်းမှာ ပညာသင်ဆုပေးတဲ့ တာနေဝိပညာသင် ရန်ပုံငွေအဖွဲ့ရှိတယ်၊ သား အဲဒီပညာသင်ဆုကို ရအောင် ကြိုးစားနိုင်တယ်၊ တစ်နှစ်ကို ကုန်ကျမယ့်စရိတ်က စုစုပေါင်းနှစ်ဆယ့်ငါးပေါင်ရှိမယ်၊ အားလုံးငါးနှစ်ကြာမယ်၊ သား ကြိုးစားလို့ရနိုင်တဲ့ဝင်ငွေက ပေါင်ခြောက်ဆယ် ထားပြီးတွက်ရင် ကုန်ကျစရိတ်က ပေါင်လေးဆယ်ဆိုတော့ အဝတ်အစားနဲ့ နည်းနည်းပါးပါးသုံးဖို့ ပေါင်နှစ်ဆယ် ကျန်နိုင်တယ်။ ဒါဆိုရင်'

'အိပ်ကို ကောင်းတာပေါ့ သားရယ်၊ အားလုံးအဆင်ပြေသွားမှာပါ' ဟု လူစီက အားတက်သရော ထောက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ ပြောတာကတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် စဉ်းစားစရာတွေက ရှိသေးတယ်'

'မေမေ စိစဉ်နိုင်ပါတယ် ပီတာရယ်၊ ဒီအတွက် မပူပါနဲ့'

'ဒီလိုပြောရုံနဲ့ မရဘူးမေမေ' ဟု ပီတာက စိတ်လှုပ်ရှားနေသဖြင့် ပြန်ပြောသည်။

'ဒီလောက်နဲ့ မလုံလောက်ဘူး၊ အမှောင်ထုထဲမှာ တုင်းတူးနေတဲ့ ပွေးတစ်ကောင်လို ဖြစ်နေရင်တော့ အဆင်ပြေမှာ မဟုတ်ဘူး'

'ရေရှည်ကျတော့ မင်းပြောတဲ့ပွေးဟာ အမှောင်ထုကို ကျော်ဖြတ်ပြီး အလင်းထဲရောက်လာတာပါပဲ အံ့ဩရယ်' ဟု လူစီက အေးအေးဆေးဆေး ပြန်ပြောသည်။

'ဟုတ်ပါပြီ၊ ဒါပေမယ့် မေမေ ဘယ်လိုလုပ်မှာလဲ၊ အဲဒါ ကအဓိကပဲ၊ သားတို့က ငါးနှစ်တိတိ ကြိုးစားပြီးလုပ်ကြရမှာ၊ အဲဒီအလုပ်က မေမေရဲ့အလုပ်တစ်ခု ဖြစ်လာမှာ၊ ငါးနှစ်လုံးလုံး မေမေရဲ့ တာဝန်အစိတ်အပိုင်း တစ်ပိုင်း ဖြစ်လာဖို့ ရှိနေတယ်မေမေ'

ပီတာသည် စကားကို ဆက်မပြောသေးဘဲ အခန်းထဲမှ ချိုးယွင်းချက်များကို အသေအချာ ထပ်ကြည့်နေသည်။



'ကဲမေမေ့ကို သားတစ်ခုမေးမယ်၊ အခု မေမေ့အလုပ်က လခ ဘယ်လောက်ရသလဲ'

လူစီသည် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ သူ့မျက်လုံးအစုံသည် ဂနာမငြိမ်။

'သားကိုပြောပြပါ၊ အခု မေမေနေတဲ့ ဒီနန်းတော်ကြီးရဲ့ အခကို နုတ်လိုက်ရင် မေမေ့လက်ထဲမှာ အသားတင် ဘယ်လောက်ကျန်မလဲ'

လူစီသည် မျက်ခုံးများကို ပင့်၍ သူ့သားအား ကြည့်သည်။ 'တစ်ပတ်ကို ဆယ့်ရှစ်သျှီလင်'ဟု ပြောသည်။

ပီတာသည် အကြီးအကျယ် မျက်နှာပျက်သွားပြီး သူ့အမေအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။

'တစ်ပတ်ကို ဆယ့်ရှစ်သျှီလင်'ဟု တအံ့တဩ ရေရွတ်သည်။

'တစ်နှစ်ကို ပေါင်ငါးဆယ်တောင် မပြည့်ဘူး၊ ဒီငွေအပေါ်မှာ ကျွန်တော်တို့သားအမိ အမှီပြုပြီး နေကြရတော့ မှာပေါ့ ဟုတ်လား၊ မေမေ့အတွက် အဝတ်အစား ဘယ်လိုဝယ်မလဲ' ပြောပြောဆိုဆို ပီတာက မလိုတမာသံဖြင့် ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ အပျင်းပြေ အော်ပရာလေးဘာလေး ကြည့်ချင်ရင် ဘယ်လိုကြည့်မလဲ၊ လုံးဝ အဆင်မပြေတဲ့ ဝင်ငွေပဲ မမေရာ'

'မေမေ အဆင်ပြေအောင် လုပ်သွားနိုင်တယ်လို့ မင့်ကို ပြောထားပြီးပြီ မဟုတ်လား'

ပီတာက ခေါင်းကို ဖြည်းလေးစွာ ယမ်းသည်။

'လုံးဝကို အဆင်မပြေဘူး၊ လုံးဝကိုမဖြစ်နိုင်တဲ့ အခြေအနေပဲ၊ ကျွန်တော်ဒီစကားပြောတာဟာ သိလို့ပြောနေတာ မေမေ၊ နှစ်နဲ့နှစ်ကို ဘယ်လိုပေါင်းရင် ဘယ်လောက် ရမယ်ဆိုတာကတော့ ကျွန်တော် နားလည်ပါတယ်ဗျာ၊ မေမေ့ အဖနန့် ကျကျနနမှမတွေးဘဲ၊ အမှန်တော့ စနစ်တကျ တွေးပြီး ပြောမှဆိုမှ လုပ်မှကိုင်မှသာ ဖြစ်တော့မပေါ့၊ မေမေဟာ ဟိုတုန်းကလဲ ဒီလိုပဲ၊ အသေအချာမတွေးဘဲ လုပ်ချင်တဲ့ အကျင့်ရှိတယ်၊ ကျွန်တော် ဥပမာတစ်ခုပြောပြမယ်၊ မေမေ အိမ်ထောင်ပရိဘောဂတွေ ရောင်းပုံရောင်းနည်းကို ကျွန်တော် လုံးဝသဘောမကျဘူး၊ အဲဒီတုန်းက ကျွန်တော်သာ ဆယ့်ခြောက်နှစ်သားအရွယ်ဆိုရင် မေမေပစ္စည်းတွေ ရောင်းတာကို လုံးဝခွင့်မပြုဘူး၊ ပြီးတော့ ဟိုမစ္စဟောကင်းနဲ့ ဖြစ်ရတဲ့ကိစ္စ၊ ဒါဟာလဲ မေမေ ကြိုတင်ပြီး တွေးမိဖို့ကောင်းတယ်၊ အဲဒါတွေကတော့ ပြီးသွားမို့ ထားလိုက်ပါတော့၊

www.burmeseclassic.com



အခု ဒီကိစ္စမှာကတော့ ခေါင်းမာပြီး ကိုယ်ထင်ရာ လျှောက်လုပ်လို့ မရနိုင်ဘူးဗျ'

လူစီ့ရင်ထဲတွင် ဒေါသသည် အစိုင်အခဲနှင့် ဝင်ရောက်လာသည်။ သူ့သား၏ ပြောဆိုမှုများသည် တရားမျှတမှုလည်း မရှိ၊ ကိုယ်ချင်းစာ တရားလည်း ခေါင်းပါးလွန်းသည်ဟု ထင်သည်။

ပီတာအား ဣန္ဒြေမပျက် ကျောင်းနေနိုင်ဖို့ အတွက် သူမည်မျှအထိ ရုန်းကန် အားထုတ်ခဲ့ရသည်ကို သူ့သားလျှင် အသိဆုံးဖြစ်၏။ ယခု သူ့သားက ပြောနေသည့် စကားမျိုးကို ဘယ်သူကမှ မပြောကြ။ အကယ်၍ ယခုပြောနေသူသည် သူ့သားမဟုတ်ဘဲ တခြားလူတစ်ယောက် ဖြစ်ခဲ့ပါမူ သူ့ဒေါသသည် အကြီးအကျယ် ပေါက်ကွဲလိမ့်မည် ဖြစ်၏။

သို့သော်လည်း အခုပြောနေသူမှာ တခြားလူ မဟုတ်၊ သူ အလွန်ချစ်သော သား။ ထို့ကြောင့်လည်း သူသည် ဒေါသကိုထိန်းကာ အေးအေး တည်ငြိမ်စွာပင် ပြန်ပြောသည်။

'မေမေ ကောင်းတယ်လို့ ထင်တဲ့အတိုင်းတော့ မင်း လုပ်ခွင့်ပြုရမှာပဲ'

'ကျွန်တော့်အတွက် အဆင်ပြေအောင် စီစဉ်ထားတဲ့ ကိစ္စတွေဟာ မေမေရဲ့ခေါင်းမာမှုကြောင့် ပျက်စီးခဲ့ရတော့

www.burmeseclassic.com



မှာလား’ဟု ပီတာက အလွန်မကျေနပ်သည့် လေသံဖြင့် ပြန်မေးသည်။

‘ဆွေမျိုးကောင်းတွေ ရှိရက်သားနဲ့ သူတို့ဆီက ဘာကြောင့် အကူအညီ မတောင်းတာလဲ၊ သူတို့က ကျွန်တော်တို့ကို ကောင်းကောင်း အကူအညီပေးနိုင်ကြတာပဲ’

‘ငါ့တာဝန်ကို ငါဘာသာငါ ယူမယ်၊ သူတို့ဆီက ဘာ အကူအညီမှ ငါမလိုချင်ဘူး’ဟု လူစီက တင်းတင်းပြတ်ပြတ် လေသံဖြင့် ပြန်ပြောသည်။

ပီတာသည် သူ့အမေ၏ အလျှော့မပေးသောစိတ်ကြောင့် စိတ်ထိခိုက်သော မျက်နှာထားဖြင့် သူ့အမေအား ကြည့်နေသည်။

‘အခုအချိန်မှာ ကျွန်တော်ဟာ အရေးကြီးဆုံး ဖြစ်နေတယ်ဆိုတာ မေမေ သိဖို့ကောင်းတယ်’ဟု ပီတာက ပြောသည်။

‘ဒီလောက် ဆိုးဝါးပြီး အောက်တန်းကျတဲ့ နေရာက လွတ်မြောက်အောင် လုပ်နိုင်မယ့်လူဟာ ကျွန်တော် တစ်ယောက်ပဲရှိတယ် မဟုတ်လား’

ပီတာသည် စကားကိုဆုံးအောင် မပြောနိုင်။ စိတ်ထိခိုက်လွန်းသဖြင့် ငိုသံပင်ပါလာသည်။ သူ့သား၏အဖြစ်ကို ကြည့်ပြီး လူစီသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသည်။



‘မငိုပါနဲ့ သားရယ်’ဟု အပျာအယာ ပြောသည်။

‘မင်းပြောတဲ့ကိစ္စကို မေမေစဉ်းစားကြည့်ဦးမယ်၊ ရစ်ချတ်ဆီဖြစ်ဖြစ်၊ အက်ဒ်ဝပ်ဆီ ဖြစ်ဖြစ် သွားပြီး တိုင်ပင်ကြည့်သင့်ရင် တိုင်ပင်ရမှာပေါ့’

‘အဲဒါကို မေမေလုပ်ဖို့လိုတယ်၊ ကျွန်တော်ကတော့ ထင်တာပဲ၊ အဲဒါဟာ မေမေ့အတွက် တစ်ခုတည်းသော ထွက်ပေါက်ပဲ’

‘အေးပါ အေးပါ၊ မေမေ့တာဝန်ထားပါ၊ မေမေ စဉ်းစားပါ့မယ်’

သူ့သား၏ မျက်နှာသည် အခုလို ကြွက်ခွဲမဲ့နည်းနေသည့်အခါ သူ့အဖေ ဖရန့်နှင့်တူလှသည်ဟု လူစီထင်မိသည်။ သူသည် သူ့သား၏လက်ကိုဆွဲကာ သူ့ရင်ဘတ်တွင် အပ်၍ အားပေးသမှုပြုသည်။

‘ကဲ...သား၊ ထတော့၊ သားပင်ပန်းလှပြီ၊ သားကို အိပ်ရာအထိ လိုက်ပို့ပေးမယ်’

လူစီက ပီတာအား အိပ်ခန်းထဲသို့ ပို့ပေးသည်။ ပီတာသည် သူ့အမေ အိပ်ရာခင်းနေခိုက်တွင် ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ မှောင်စပျိုးနေပြီဖြစ်သော မြင်ကွင်းကို လှမ်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ်...လာကြည့်ပါဦး မေမေ'ဟု ပီတာက လှမ်းခေါ်သည်။

'ဒီနေရာက ဆိုရင် ကောင်းကောင်းမြင်ရတယ်'

လူစီသည် ပီတာ့အနားသို့ လာရပ်ကာ သူ့သား၏ပခုံးကို တယုတယဖက်လိုက်သည်။ ပြီး သူ့သား ကြည့်နေသော အရာကို လှမ်းမျှော်ကြည့်သည်။ ကောင်ကုန်းထိပ်မှ အဆောက်အဦး၊ ပီပီပြင်ပြင် ပြတ်ပြတ်သားသားမမြင်ရ။ ထိုအဆောက်အဦးသည် သူတို့သားအမိ၏ ရည်မှန်းချက်နှင့် မျှော်လင့်ချက်များ တည်ရာ မှီရာ ဖြစ်၏။ သူတို့အဖို့တော့ ဤအဆောက်အဦးသည် ထယ်ဝါလှ၏။ ခံ့ညားလှ၏။ သူ့ပတ်ပတ်လည်မှ ဝိုင်းရံနေသော ဆင်းရဲမွဲတေလှသည့်နယ်မြေအား မာနမာနမတ်မတ်ရပ်၍ ကြည့်နေသည့်နှယ် ရှိလေသည်။

ပါမောက္ခများ၏ နေအိမ်များဆီမှ မီးရောင်များသည် တလက်လက်။ သူတို့ကြည့်နေခိုက်မှာပင် နာရီစင်ကြီးဆီမှ နာရီတီးသံများ ထွက်ပေါ်လာသည်။ မြို့တော် တစ်ခု၏ ကောင်ထိပ်ပေါ်မှ မထင်မရှား တက္ကသိုလ်လေးတစ်ခု၊ အလွန်ညစ်ပတ်ပေရေပြီး အလင်းရောင် အားမဲ့နေသော အခန်းငယ်တစ်ခုအတွင်းမှ စိတ်ဝင်တစားနှင့် စူးစူးစိုက်စိုက် ကြည့်နေကြသည့် သားအမိလူနှစ်ဦး။



ဤဖြစ်ရပ်ကလေးသည် အားမှ ထူးခြားသည်မဟုတ်။ အရေးပါ အရာရောက်ခြင်းလည်းမရှိ။ သို့တစေလည်း 'တစ်မုအတော့ ရှိနေ၏။

ထိုတစ်ခုမှာ အခြားမဟုတ်၊ လူသားနှစ်ဦး၏ စိတ်ထဲတွင် အလွန်လေးနက် ပြင်းထန်သော ခံစားမှုတစ်ခုကို ရရှိနေသည့် 'တစ်ဒင်္ဂ အချိန်လေးတစ်ခု' ဖြစ်နေခြင်းပေတည်း။

လူစီ၏နှလုံးသားထဲတွင် ကြီးမားသောရည်မှန်းချက် တစ်ခုသည် ဖြစ်ပေါ်လာနေသည်။ သူ့မျက်လုံးအစုံသည် အဆောက်အဦး၏ အခြားတစ်ဖက်ရှိ မည်းနက်သော မိုးကောင်းကင်ဆီမှ မှိန်မှိန်ကလေး လင်းနေသော ကြယ်တစ်ပွင့်ဆီသို့ စူးစိုက်လျက်ရှိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၁၆ )

လူစီသည် သူ့သားပီတာနှင့် ပြောခဲ့သည့်ကိစ္စကို အကြိမ်ကြိမ် အထပ်ထပ် စဉ်းစားသည်။ တစ်ခေါင်းလုံး အုံခဲလာသည်အထိ စဉ်းစားပါသော်လည်း အဖြေမှုထွက်။

ဤကိစ္စနှင့်ပတ်သက်၍ ဆွေမျိုးများထံမှ အကူအညီမတောင်းခံခြင်းသည် သူ၏ မိုက်မဲမှုဟု စွပ်စွဲနေကြသည်ဖြစ်ရာ နောက်ဆုံးတွင် ထိုစွပ်စွဲမှုသည် မှန်များမှန်လေမလားဟူသော သံသယပင် ဝင်လာသည်။

မည်သို့ပင်ဖြစ်စေ နယ်မြေတွင်းသို့ ဆင်း၍ အခန်းများလိုက်လံကောက်ခံနေချိန်တွင်လည်း သူသည် ဤကိစ္စကိုပင်ဆက်၍ စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စတွင် သူ့အာလုပ်သင့်သည်ကို မစ္စတင်တိုထံ အကြံဉာဏ်တောင်းရလျှင် ကောင်းလေမလားဟုလည်း တွေးလိုက်မိ၏။ ထို့နောက် ချက်ချင်းပင် ထိုစိတ်ကူးကို ပယ်ထုတ်လိုက်သည်။

တခြားကြောင့်တော့မဟုတ်၊ မစ္စတင်တိုသည် ရာလ်စတန်မြို့တွင် နေသူဖြစ်၍ သူ့မောင်ရစ်ချတ်နှင့် ခင်မင်ရင်းနှီးနေသူဖြစ်သဖြင့် သူ့မောင်ထံသို့ ကြိုတင်ပြီး သတင်းရောက်သွားနိုင်၏။ ဤအဖြစ်မျိုးကိုတော့ သူမလိုလား။

အကယ်၍ သူ့အနေဖြင့် သူ့မောင်ထံမှ အကူအညီတောင်းခံမည်ဟု ဆုံးဖြတ်ခဲ့ပါမူ သူ့မောင်ထံ ကိုယ်တိုင်ချဉ်းကပ်၍ ပြောချင်၏။ ကြားလူမှတစ်ဆင့် ကြိုရှိသိနေခြင်းကို သူ အဖြစ်မခံနိုင်။

နောက်တစ်ဦးမှာ အက်ဒ်ဝပ်၊ အက်ဒ်ဝပ်သည် စေတနာကောင်းသူဖြစ်၏။ သို့သော်လည်း အက်ဒ်ဝပ်မှာက ငွေကြေးပြည့်စုံခြင်းမရှိ။

သို့သော်လည်း အဘက်ဘက်မှ ဆင်ခြင်စဉ်းစားလိုက်တိုင်း စိတ်ဆင်းရဲခြင်း ဖြစ်ရ၏။ ဘဝင်မကျဖြစ်ရ၏။

သူ့အတွက် အကူအညီပေးပါဟု ပြောရန်တား လုံးဝမတွေးဝံ့သည့်ကိစ္စ ဖြစ်ချေသည်။ သူ့သားပီတာအတွက်ဟု ပြောရပါမူတား အနည်းငယ် ခံသာသလို ရှိလိမ့်မည်ထင်၏။



ဤသို့ဖြင့် ဇွန်လ၏ စနေနေ့တစ်နေ့ မွန်းလွဲပိုင်းတွင် လူစီသည် ရာလ်စတန်ဘူတာရုံမှနေ၍ ရစ်ချတ်၏အိမ်သို့ လျှောက်လာနေသည်။ အိမ်ဝင်းတံခါးဝရှေ့ ရောက်သည့်အခါ တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ဝင်လာခဲ့သည်။

အိမ်ရှေ့ပန်းဥယျာဉ်သည် ယခင်တစ်ခေါက် ရောက်စဉ်က ပုံစံမျိုးမဟုတ်တော့သည်ကို သူ သတိထားလိုက်မိ၏။ ပန်းဥယျာဉ်နေရာတွင် မြက်ခင်းပြင်ရှိနေပြီး တင်းနစ်ရိုက်ကွင်း လုပ်ထားသည်ကို တွေ့ရသည်။

လှသွားလမ်း ဘေးတစ်ဖက် တစ်ချက်တွင်လည်း သံပုရာပင်ကလေးများ တန်းစီစိုက်ထားသည်ကို မြင်ရသည်။ မှုန်မှိုင်းနေသော စိုက်ပျိုးရုံမှာလည်း ဆေးမြူများ အသစ်သုတ်ထားသဖြင့် သစ်လွင်တောက်ပလျက်ရှိ၏။

မြင်ကွင်းသည် ရစ်ချတ်၏ စီးပွားရေးအခြေအနေ တိုးတက် ကောင်းမွန်မှုကို ဖော်ပြနေခြင်းဖြစ်သဖြင့် လူစီ၏စိတ်သည် အနည်းငယ် လေးပါး သွားတက်သွားသည်။ သူသည် အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းကြိုးကို ရဲရဲ တင်းတင်းပင် ဆွဲလိုက်မိလေသည်။

အိမ်စေတစ်ဦးက လူစီအား ဧည့်ခန်းထဲသို့ ခေါ်သွားပြီး မှတင်းပေါက်အနီး၌ နေရာချထားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ခန့်မျှ စောင့်နေ ရသည့် အချိန်အတွင်း သူ့မျက်လုံးအစုံသည် ဧည့်ခန်းထဲမှ ကတ္တီပါဖုံး ဆိုဖာကြီးများ၊ လှပခံ့ညားလှသည့် စန္ဒရား၊ ဧည့်ဆောင် ဗီရိုပေါ်မှ ခေတ်ပုံများ ယင်းတို့အထဲတွင် သူနှင့်ပီဘာ တွဲရပ်နေသည့် ခေတ်ပုံလည်း ပါသည်။

သူ့ပုံကို အိဗာက အခုလို အမှတ်တရနှင့် နေရာပေး၍ တင်ထားသည့်အတွက် သူ့စိတ်ထဲတွင် တစ်မျိုးခံစားနေရသည်။

အမှန်အတိုင်းပွင့်ပွင့်လင်းလင်းဝန်ခံရမည်ဆိုပါမူ သူသည် အိဗာကို သဘောမကျ။ အခုလို သူ့ခေတ်ပုံကို တင်ထားခြင်းသည် မစစ်မှန်သော ယဉ်ကျေးဖွယ်ရာမှု တစ်ခုကို ပြုလာခြင်းလားဟု သံသယဝင်သည်။

ဤအတွေးဖြင့် သူငြိမ်ဆိတ်နေခိုက်မှာပင် ဧည့်ခန်းထဲသို့ အိဗာဝင်လာပြီး သူ့လက်ကိုဆွဲ၍ နှုတ်ဆက်သည်။

'စောင့်နေရတာခွင့်လွှတ်နော် လူစီ' ဟု အိဗာက တောင်းပန်စကားပြောသည်။

နေ့လယ်စာ စားပြီးရင် အိဗာက တစ်ရေးတစ်မော အိပ်ပြီး နားရတယ် လူစီရဲ့၊ ကလေးတွေက ဂေါက်ကွင်း



သွားကြတယ်၊ လူစီနဲ့မတွေ့ရလို့ သူတို့ခင်မျာ စိတ်မကောင်း ဖြစ်ကြလိမ့်ဦးမယ်'

'ကိုယ်လဲ သူတို့နဲ့မတွေ့ရတာ စိတ်မကောင်းဘူး၊ ကလေးတွေကို မတွေ့ရတာကြာပြီ'ဟု လူစီက အလိုက်သင့်ပြန်ပြောသည်။

သို့သော်လည်း လူကြီးချင်း ဆက်ဆံရေးက ကျွလွန်း၍ သဖြင့် လူချင်းအနေဝေးခဲ့ကြရသည့်အဖြစ်ကို စိတ်ထဲကသတိမရဘဲ မနေနိုင်။

'လူစီကလဲ အိဗာတို့နဲ့ မတွေ့ရတာ ကြာပြီနော်။ အခုလို အဆက်ပြတ်ထားတာတော့ မကောင်းပါဘူး။ နေဦးနော် လူစီဖို့ လက်ဖက်ရည် မှာလိုက်ဦးမယ်'

အိဗာက ပြောပြောဆိုဆို သေးသွယ်လှပသော လက်ဖြင့် ဘဲလ်တစ်ခုကို နှိပ်လိုက်သည်။ ချက်ချင်းပင် လက်ဖက်ရည် လင်ပန်း ရောက်လာသည်။

ငွေထည်ပစ္စည်းများဖြင့် တည်ခင်းသည့် လက်ဖက်ရည်ပွဲဖြစ်၏။ လူစီသည် သူ့အိမ်မှ ကြွေပန်းကန်များနှင့် မြေလက်ဖက်ရည်အိုးကို မြင်ယောင်မိသည်။

ကာလီကိုနီယန်ဈေးမှ ဈေးပေါပေါဖြင့် ဝယ်လာခဲ့သော ပစ္စည်းများဖြစ်၏။ သူသည် နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

'အခုဆို ပီတာပြန်ရောက်နေရောပေါ့'ဟု အီဗာက ကိတ်မုန့်ပန်းကန်ကို လှမ်းပေးရင်း မေးသည်။

'ရောက်နေပြီ'

'ပီတာက သင်္ဘောကောင်းတယ်၊ သူ့ပုံ အိမ်မှာရှိတယ်၊ ဟိုမှာ တင်ထားတယ်လေ၊ တွေ့လား'

လူစီအတော့ အီဗာပြောသမျှကို အလိုက်သင့် နားထောင်သည်၊ အလိုက်သင့်ပြန်ဖြေသည်။

သူ့ဘက်ကတော့ ဘာမှမပြော။ ပြောချင် ဆိုချင်စိတ်လည်း သိပ်မရှိ၊ ထိုအခိုက်မှာပင် ရစ်ချတ်ဝင်လာသည်။ သူမောင်အား မြင်လိုက်ပြန်တော့လည်း သွေးကစကားပြောသည် ထင်၏၊ သူ့နှလုံးသားသည် နွေးထွေးလာသည်။ သို့သော်လည်း ရစ်ချတ်သည် သူ့အပေါ်တွင် ဘယ်သောအခါမှ အလေးအနက်ထားသည် မရှိ။ စိတ်သဘောချင်းတလည်း တူကြသည်မဟုတ်။

အထူးသဖြင့် ယခုနောက်ပိုင်းနှစ်များအတွင်းတွင် သူတို့သည် များစွာအနေဝေးခဲ့သည် မဟုတ်ပါလော။

'ဒီတစ်ခါလဲ နောက်ကျပြန်တာပဲ' ဟု အီဗာက အပြစ်တင်သံဖြင့် ရစ်ချတ်အား လှမ်းပြောသည်။



'သူ့ စာကြည့်ခန်းထဲမှာ အလုပ်လုပ်နေတာ လူစီရဲ့၊ ဒီပုံသာ အမြဲလုပ်နေမယ်ဆိုရင် မခက်ပေဘူးလား'

'လူစီကိုကြည့်ရတာ ကျန်းမာရေးကတော့ ကောင်းနေတဲ့လက္ခဏာပါပဲ' ဟု ရစ်ချတ်က လက်ဖက်ရည် ပန်းကန်ကိုတွင် ငုံ့နှင့်မေ့နေမှုမှ ပြောသည်။

'ဟုတ်တယ် မနော်၊ သူ့ကြည့်ရတာ သိပ်ကို ကျန်းမာရေး ကောင်းပုံပဲ' ဟု အီဗာက ထောက်ခံသည်။

'ကျွန်တော်တော့ သိပ် နေမကောင်းချင်ဘူး လူစီရဲ့' ဟု ရစ်ချတ်က လက်ဖက်ရည်ကို တစ်ငုံသောက်၍ ပြောသည်။

'ဆရာဝန်ကတော့ အဆစ်ရောင်ရောဂါလို့ ဇွတ်ပြောနေတာပဲ၊ ကျွန်တော် မသင်ဘူး'

'အို....အလုပ် သိပ်ပင်ပန်းလို့ ဖြစ်နေတာပါ၊ မောင်က အလုပ် သိပ်လုပ်နေတာပဲ၊ ဒီလောက်မနားမနေ လုပ်နေမှတော့ ပင်ပန်းရှာပေါ့၊ သူက ရာထူးတိုးဖို့ အလားအလာ ရှိနေတယ် လူစီရဲ့၊ သူ့ပဲ ထိုက်တန်တဲ့အလုပ်ပါ၊ ဒါကြောင့် ဒီလောက် အလုပ်လုပ်ရတာ'

'ဒါဆိုရင် ကောင်းတာပေါ့'ဟု လူစီက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အီဗာပြောတာတွေ ယုံမနေနဲ့ဦး လူစီ' ဟု ရစ်ချတ်က ဟန့်သည်။ တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ အီဗာက ထိုင်ရာမှ ထရပ်ပြီး လူစီအား ပြုံး၍ကြည့်သည်။

'အီဗာ သွားမယ်၊ မောင်နှမနှစ်ယောက် လွတ်လွတ်လပ်လပ် ပြောစရာရှိတာပြောကြဦး၊ မတွေ့တာ ကြာပြီဆိုတော့ ပြောစရာတွေအများကြီး ရှိချင်ရှိနေမှာပေါ့'

အီဗာသည် ပြောပြောဆိုဆို အခန်းထဲမှ ထွက်သွားသည်။

'ဟုတ်တယ် လူစီ၊ မတွေ့ကြတာလဲ ကြာပြီ၊ အခု ဘယ်လို နေကြထိုင်ကြသလဲ၊ အဆင်ပြေကြရဲ့လား' ဟု ရစ်ချတ်က မေးသည်။

လူစီ့ရင်သည် ပေါ့သွားသည်။ သူက စမပြောဘဲ နှင့် ရစ်ချတ်က လမ်းခင်းပေးသလို ဖြစ်သွားသဖြင့် ဝမ်းလည်း သာသွားသည်။ တုံ့ဆိုင်းမနေတော့ဘဲ 'အခု လူစီလာတာ ဒီကိစ္စပဲ' ဟု သူပြောလိုသည့်စကားကို ချက်ချင်း ပြောဖြစ်သွားသည်။

'လင်းနေ့ဘ်နဲ့ အဆက်ပြတ်သွားတယ် ဆိုတဲ့ သတင်း ကြားရတုန်းက ကျွန်တော် စိတ်မကောင်း ဖြစ်ခဲ့ရတယ်၊ ဒါပေမယ့် ချက်ချင်းလိုလို အလုပ်ရသွားတယ်ဆိုတော့ တော်သေးတာပေါ့၊ ဒါနဲ့ နေပါဦး ဘာဖြစ်လို့ နောက်အိမ်ထောင် မပြုတာလဲ လူစီ၊ အိမ်ထောင်သာပြုလိုက်ရင် အားလုံးအဆင် ပြေသွားမှာ'

'အဲဒါကတော့ လူစီလဲ မပြောတတ်တော့ပါဘူး'

'ဘယ်ဟုတ်မလဲ၊ လူစီဟာ အခုထက်ထိ အရွယ်ရော ရုပ်ရော ကောင်းတုန်းပဲ'

'အခါအခွင့်မပေါ်လို့ ဖြစ်နေတာပေါ့ကွယ်'

'ဒါ့ပေါ့လေ၊ ဒါကြောင့်လဲ ဖြစ်နိုင်တာပါပဲ၊ အီဗာနဲ့ ကျွန်တော်ဆိုရင် သိပ်ကို အဆင်ပြေပြီး ပျော်နေကြတာပဲ'

'လူစီလဲ ပီတာနဲ့ ပျော်နေတာပါပဲ'

'ဒါပေါ့လေ, ဒါလဲပဲ ဟုတ်တာပါပဲ' ဟု ရစ်ချတ်က ပြန် ပြောကာ ငြိမ်နေသည်။ လူစီက ရစ်ချတ်၏မျက်နှာရိပ်မျက်နှာ ထဲကိုကြည့်ကာ အားတက်သွားသည်။ သူပြောစရာ ရှိသမျှကို ခွင့်ပြောမည်ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်သည်။

'တို့မောင်နှမ မဆုံမိကြတာကြာပြီ ရစ်ချတ်၊ လူစီ ဖြစ် ဖြစ်ချင်လဲဖြစ်မှာ ပေါ့လေ၊ ဒါပေမယ့် အခုတော့ ပြောရင် ဖြစ်တော့လို့ ပြောရမှာပါ၊ ပီတာ အခု ကျောင်းထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ရစ်ချတ်ဆီက အကြွေးရော အကူအညီရော လိုချင်တယ်။ ပီတာ့ကိစ္စမှာ ရစ်ချတ်ကူညီမယ် မဟုတ်လား'

'ဟာ... ကူညီမှာပေါ့' ဟု ရစ်ချတ်က ချက်ချင်းပြောသည်။

'ပီတာ့ကိစ္စမှာ ရစ်ချတ်က တကယ်ကူညီမှာလား' ဟု လူစီက ထပ်မေးပြန်သည်။

'ကူညီမှာပေါ့၊ တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်'

လူစီက သက်ပြင်းချသည်။ 'ကျေးဇူးပါပဲ ရစ်ချတ်ရယ်' ဟု ရေရွတ်သည်။ လူစီ ဒီကိုလာဖို့ဟာ ကိုယ့်ကိုကိုယ် မနည်းစိတ်အားတင်းပြီး လာခဲ့ရတာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အကူအညီတောင်းဖို့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး၊ ဒါပေမယ့် လူစီအနေနဲ့ ပီတာ့ကို တက္ကသိုလ်ပို့မယ်ဆိုရင်တော့ အကူအညီ နည်းနည်းပါးပါး မရလို့မဖြစ်ဘူး'

'ဘာ... တက္ကသိုလ်ပို့မယ်၊ ဟုတ်လား' ဟု ရစ်ချတ်က တအံ့တသြ ရေရွတ်ကာ လူစီအား လှမ်းကြည့်သည်။ 'ဘာတွေလာပြီး ပြောနေတာလဲ လူစီ'

'ဟုတ်တယ် ရစ်ချတ်၊ လူစီပြောနေတာ တက္ကသိုလ်ပဲ။ သားကို ဆရာဝန်ဖြစ်စေချင်တယ်'

'သူ့ကို တက္ကသိုလ်ပို့မယ်၊ ဆေးပညာသင်ခိုင်းမယ်၊ ဟုတ်လား လူစီ ရူးနေပြီထင်တယ်'



'သားဟာ စာသိပ်တော်တယ် ရစ်ချတ်၊ သူ့အနေနဲ့ ပညာသင်ဆု ရနိုင်တဲ့ အလားအလာလဲရှိတယ်၊ လူစီကတော့ သူ့ကို ဆေးပညာပဲ သင်စေချင်တယ်၊ ဆရာဝန်အလုပ်ကိုပဲ လုပ်စေချင်တယ်'

'ဘယ်လိုဖြစ်တာလဲလူစီရယ်' ဟု ရစ်ချတ်က တရားသူကြီးတစ်ယောက်လေသံဖြင့် ပြောသည်။

'ကြည့်ရတာတော့ ကိုယ် ဘာပြောလို့ ပြောနေမိတယ် ဆိုတာတောင် မြန်မြန် သတိထားမိပုံမပေါ်ပါလား၊ ကျွန်တော်က အခြေအနေကို နားလည်နေလို့ တော်သေးတာပေါ့ ကျွန်တော်က ဝင်ပြီးကူညီသည့်တိုင်အောင် ဒီလောက်စရိတ်စကကြီးတဲ့ပညာမျိုးကို ဘယ်လို လုပ်ပြီး သင်ပေးနိုင်မှာလဲ အဲသလောက်ထိအောင် ကူညီဖို့ဆိုတာကလဲ လွယ်တာမှ မဟုတ်တာ၊ ကျွန်တော် ကိုယ်တိုင်ကလဲ လူချမ်းသာကြီး မဟုတ်ဘူး လူစီ၊ ကျွန်တော့်မှာလဲ ကိုယ့်မိသားစုအတွက် တွေးရဦးမှာ'

ရစ်ချတ်က လူစီအား တစ်ချက်လှမ်းကြည့်ပြီး အကဲခတ်သည်။ လူစီကလည်း သူ့မောင်၏ မျက်နှာကို စူးစူးရဲရဲကြည့်နေသည်။

'လူစီသိတဲ့အတိုင်းပဲ၊ ချားလ်က ကစ်ဒ်စတနီကျောင်းမှာ ဆိုတော့ စရိတ်စက သိပ်ကြီးတယ်။ ပြီးတော့ ဗေရာအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကလဲ စဉ်းစားနေရပြီ၊ သူကလဲ သိပ်တော်တယ်မဟုတ်လား၊ အခုဆိုရင် သူ့ အမေ့က သူ့ ကို ပါရီပို့ပြီး ပညာသင်စေချင်နေတယ်၊ ကျွန်တော်တို့အိမ်ရဲ့ အပြင်အဆင်နဲ့ နေတာထိုင်တာတွေကြည့်ပြီး အထင်ကြီးလို့တော့ မဖြစ်ဘူး၊ ကျွန်တော်မှာ ငွေလုပ်တဲ့စက်ရှိတာမဟုတ်ဘူး၊ ကျွန်တော်ရဲ့ အဆင့်အတန်းအရ နေရတာ’

‘မင်းပြောတော့ ကူညီမယ်ဆို’ဟု လှစီက ပြောသည်။

‘ဟုတ်တယ် လေ၊ ကူညီမှာပေါ့၊ ကိုယ်သင့်တော်သလို ကူညီရမှာပေါ့၊ ကျွန်တော့်မှာ ထိုက်သင့်သလောက် ငွေရှိနေတာပဲ၊ ခင်ဗျာရဲ့သားကို စာရေးလေး ဘာလေးလုပ်ချင်ရင် သွင်းပေးမယ်လေ’

‘စာရေး ဟုတ်လား’

‘အေးလေ၊ စာရေးပေါ့၊ ဘာဖြစ်လဲ၊ ခင်ဗျား သူ့ကို ပညာ ထိုက်သင့်သလောက် သင်ပေးပြီးပြီ၊ သူက ခင်ဗျား အတွက် ပြန်ပြီး လုပ်ကျွေးရဦးမှာပေါ့၊ တကယ်လို့ သူကလဲ တော်မယ်၊ ကြိုးလဲကြိုးစားမယ်ဆိုရင် အရာရှိ ကုလားထိုင်ပေါ် ရောက်သွားနိုင်တယ်၊ သူ့ဘဝ သူရုန်းကန်ပစေပေါ့’

‘လှစီကတော့ အဲဒီအကူအညီမျိုး မလိုချင်ဘူး၊ လှစီ့သားဟာ စာရေးတစ်ယောက်ထက် သာလွန်တဲ့ အရည်အချင်းရှိတယ်လို့ ယုံကြည်ထားတယ်’



ရစ်ချတ်က လှစီ့အား စေ့စေ့စပ်စပ် ကြည့်နေသည်။

‘ခင်ဗျားဟာ လုံးဝမပြောင်းလဲဘူး၊ ဟိုတုန်းကလို ခေါင်းမာတာပဲ’ ဟု မှတ်ချက်ချသည်။

‘ဟုတ်တယ်၊ ပီတာ့ကို စာရေးအလုပ်ဝင်လုပ်ခိုင်းဖို့အထိတော့ စိတ်မာတာက မပြောင်းလဲသေးဘူး၊ မင်းကတော့ မင်းသားသမီးတွေကို ပညာအကောင်းဆုံး သင်ပေးပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပေးနေတယ်၊ ငါကတော့ ငါ့သားကို’

‘ဒီလိုဆိုရင်တော့ သူ့ အဖေဘက်က လူတွေက သူ့ အတွက် ကူညီကြပစေပေါ့၊ သူ့ဦးကြီးအရက်ဆိုင်ပိုင်ရှင် သူဌေးကြီး တစ်ယောက် ရှိနေသားပဲ’

‘ငါ့ သားက ဘာအကူအညီမှ မလိုချင်ဘူး၊ ငွေကြေးလဲ မယူချင်ဘူး၊ အဲဒီထက် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ငါ မင့်ဆီကလဲ ငွေကြေးအကူအညီရော တခြားအကူအညီရော ဘာတစ်ခုမှ မလိုချင်ဘူး’

‘မလိုချင်ဘူး’

‘ဟုတ်တယ် မလိုချင်ဘူး’

ရစ်ချတ်က အေးစက်စက်မျက်နှာထားဖြင့် လှစီ့အား စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ခင်ဗျားကို အစကတည်းက အသိပေးခဲ့သားပဲ၊ ဒီအမျိုးအနွယ်ဟာ ဒီလူနဲ့ လက်ထပ်ရင် စိတ်ဆင်းရဲရလိမ့်မယ်လို့'

လူစီ့မျက်လုံးများသည် အရောင်တစ်လက်လက် ထွက်လာသည်။ 'မင်း သတိပေးတော့ကော ငါက ဂရုစိုက်ရမှာလား။ ကိုယ်ကောင်းတယ်ထင်တာ ကိုယ်လုပ်ခဲ့တာပါပဲ၊ ဘာမှ စိတ်ထိခိုက်စရာမလိုဘူး'

'ကောင်းပြီလေ၊ ကျွန်တော့်ဘက်က အကြံကောင်းပေးခဲ့တယ်နော်၊ နောက်တစ်ချိန်ကျမှ ဘာအကြံမှ မပေးပါဘူးလို့တော့ မပြောနဲ့၊ ဒီဟက္ကသိုလ်ကိစ္စကတော့ သက်သက်မိုက်မဲတာပဲ'

'ဒါကတော့ ကြည့်ကြသေးတာပေါ့၊ အချိန်က စကားပြောသွားမှာပါ'

'မှန်မှန်ကန်ကန် ဆင်ခြင်စဉ်းစားဖို့ လိုတာပေါ့' ဟု ရစ်ချတ်က လေအေးအေးဖြင့် စကားဖြေ ပြောသည်။

'ဘာဖြစ်လို့ အမြဲတမ်း ရေကို ဆန်ကူးဖို့ စဉ်းစားနေမလဲ၊ နောက်ဆုံးလက်ပန်းကျပြီး ရေနစ်ရုံပဲ ရှိတော့မှာပေါ့။ ကျွန်တော် မီတာ့ကို သင့်တော်တဲ့အလုပ်တစ်ခုရအောင် လုပ်ပေးမယ်၊ သူရမယ့် လစာဟာ ခင်ဗျားအတွက် အများကြီး



အထောက်အကူ ပြုလာမှာ သေချာတယ်၊ မရနိုင်တဲ့ဟာတစ်ခုကို အသေအလဲ လုပ်နေလို့ ဘာအကျိုးထူးမှာလဲ၊ လောကမှာ ကိုယ်ရတာနဲ့ ရောင့်ရဲတတ်တာဟာ အကောင်းဆုံးပါ'

လူစီက ထိုင်ရာမှဖျတ်ခနဲ ထရပ်သည်။ သူ့ မျက်နှာသည် ဖြူရော်ရော်။ သို့သော်လည်း တင်းမာလျက် ရှိ၏။

'ငါ ဘာလုပ်နိုင်တယ် မြင်ရမှာပေါ့'ဟု တုန်ယင်သောအသံဖြင့် ပြောသည်။

ရစ်ချတ်ကလည်း ထိုင်ရာမှ ထရပ်သည်။

'စဉ်းစားဖို့တော့ ကောင်းတယ်၊ မဖြစ်နိုင်တာတွေကို လုပ်စေချင်ဘူး'

'သွားမယ် ရစ်ချတ်'ဟု လူစီက နှုတ်ဆက်သည်။ ရစ်ချတ် ပခုံးများကို တွန့်လိုက်သည်။

'သိပ်ကို စိတ်ကူးယဉ်လွန်းအားကြီးတယ်ဗျာ၊ ခင်ဗျား စိတ်ကူးက မျှော်လင့်ချက် မရှိပါဘူး'

ထိုအခိုက်မှာပင် အခန်းထဲသို့ အီဗာ ပြန်ဝင်လာသည်။ မိန့်တော့မလို့လား လူစီ၊ ခဏတစ်ဖြုတ် နေပါဦးလား၊ ညစ

www.burmeseclassic.com

www.burmeseclassic.com



စားစားပြီးမှ ပြန်ပါလား၊ လူစိအပြန် ပန်းခြံထဲကပန်း နည်းနည်း ခူးပေးလိုက်မလို့တောင် စိတ်ကူးနေတာ' ဟု ပြောသည်။

လူစိက အိမ်ရှေ့တံခါးဆီသို့ လျှောက်သွားသည်။

'ငါ ပေါင်မုန့်တောင်းတာ၊ သူတို့က ပန်းပေးတယ်' ဟု တွေးသည်။ တစ်နေ့ကျမှ အီဗာကို ပန်းပြန်ပေးရဦးမယ်။ ဤ သည် သူ့စိတ်ကို ချုပ်တည်းကာ ရစ်ချတ်တို့အား ကျေးဇူး မပျက်နှုတ်ဆက်သည်။ အပြင်ရောက်၍ ပန်းခြံဘေးမှ ဖြတ် လျှောက်လာသည့် သူ့မျက်နှာသည် နီရဲလျက်ရှိသည်။ ရှက် လည်းရှက် ဝမ်းလည်းနည်းသည်။

သူ့သားကျတော့ ဥပဒေပညာသင်ဖို့ အားထုတ်လျက် ရှိ၏။ သူ့သမီးကျတော့ ပါရီအထိပို့ပြီး ပညာသင်ပေးမည် စီစဉ်လျက်ရှိ၏။ မိမိသား ပီတာကျတော့ စာရေးဝင်လုပ်ဖို့ တိုက်တွန်းလျက် ရှိသည်။

အခုလောက် ဆိုလျှင် မိမိ ပြောခဲ့သည့် စကားများကို ရစ်ချတ်က အီဗာအား ပြန်ပြောနေပြီထင်၏။

လင်မယားနှစ်ယောက် မိမိ၏အကြံဉာဏ်ကို ဝေဖန်ကဲ့ရဲ့ နေကြလိမ့်မည်မှာ မလွဲ။ အီဗာက ဤကိစ္စကို သရော်လား ပြောင်လား လုပ်ချင်လည်း လုပ်နေပေလိမ့်မည်။ ရစ်ချတ်က



သာ၍ အကူအညီတောင်းမိခြင်းသည် သူ့အမှားဖြစ်၏။ ဤ အတွက် သူ့ကိုယ်သူ ရှက်၍မဆုံး ဖြစ်ရ၏။

အိမ်အပြန် လမ်းခရီးတွင် သူ့မာန်မာနသည် အစိုင်အခဲ နှင့် ပြန်လည် တည်ဆောက်မိလာသည်။

ဖလားဝါးလမ်းထဲမှ နေအိမ်တွင်းသို့ ဝင်လာမိသည့် အခါတွင်မူ သူ့ရင်ထဲ၌ ဆုံးဖြတ်ချက်တစ်ခု အခိုင်အမာ သည်ရှိနေခဲ့လေပြီ။

သူ့သား ပီတာသည် သူပြန်အလာကို စောင့်မျှော်လျက် ရှိသည်။

ရစ်ချတ်၏သားလို ကောက်ကျောင်းသို့သွား၍ အချိန်မဖြုန်း နိုင်ရှာသော သူ့သားသည် မီးဖိုခန်းထဲတွင် စာအုပ်တစ်အုပ် ဖတ်နေရှာသည်။

သူသည် သူ့သားကို မြင်လျှင်မြင်ချင်း မေးခွန်း တစ်ခုကို ချက်ချင်း မေးသည်။

'သား ပြောပြောနေတဲ့ ပညာသင်ဆုတွေထဲက တစ်ခု ကိုတော့ သား ရအောင် လုပ်နိုင်လိမ့်မယ်လို့ ထင်သ လား'

www.burmeseclassic.com

www.burmeseclassic.com



ဗိုတာသည် မေ့၍ ကြည့်သည်။ ကော့လျှင်တွေ့ချင်း ဤမေး ခွန်း မေးလိုက်သည့်အတွက် အံ့ဩနေပုံလည်းရ၏။

'ရှိနိုင်တာပေါ့မေမေရာ'ဟု ဗိုတာက ပြန်ပြောသည်။

'ဒါဒါပမယ့် ဟို...ဦး...ဦးလေးရစ်ချတ်က ကျွန်တော်တို့ ကို မကူ...'

'ပါးစပ်ပိတ်ထား'ဟု လူစီက သံပြတ်နှင့် ပြောသည်။ ထို့နောက် သူ့ကိုယ်သူပြန်ထိန်းထား ဗိုတာအား ချိုမြသော သောအပြုံးဖြင့် ကြည့်သည်။

'ပညာသင်ဆု စာမေးပွဲဝင်ဖို့ မနက်ဖြန်ကျရင် သား နာမည်ကို စာရင်းသွင်းထားလိုက်တော့၊ မင်း ပညာသင်ဆု ရအောင် ကြိုးစားပေတော့ သား၊ ကျန်တဲ့အပိုင်းကို မေ မေ တာဝန်ယူမယ်'

သူ့အနေဖြင့် ရစ်ချတ်အား အကြောင်းသိသွားအောင် မပြု၍မဖြစ်။

သာမန်အနေအထား၌ရှိနေသော သူ့အငလနှစ်ယောက် နှင့် သူ့သား ဘယ်သူက ထက်မြက်သည်ကို သိသွားအောင် ပြုမည်။ ရစ်ချတ်ကိုသာမက အီဗာကိုပါ အကြောင်း သိ အောင် ပြုရမည်။



လူစီသည် သူ့ရည်မှန်းချက်နှင့် အုအဝေးတစ်နေရာသို့ စိုက်ကာ နှုတ်ခမ်းများကို ကိုက်၍ တွေဝေငေးမောလျက် ရှိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၁၇ )

လူစီသည် သော့တံကို တံခါးသော့ပေါက်တွင်းသို့ အသာအယာထိုးသွင်းကာ အသံမကြားအောင် လှည့်ဖွင့်လိုက်သည်။ ထို့နောက် အခန်းထဲသို့ ခြေဖျားထောက်၍ ခပ်ဖွဖွနင်းအောလျှောက်ဝင်လာသည်။

အိပ်ရှေ့ခန်းမ ကျဉ်းကျဉ်းကလေးထဲတွင် မီးရောင်သည် မှိန်ဝါးဝါး၊ သူသည် လက်ထဲမှသားရေးအိတ်ကို တစ်နေရာ၌ ချထားလိုက်ပြီး ကုတ်အင်္ကျီနှင့် ဦးထုပ်ကိုချွတ်၍ ချိတ်များတွင် သွားချိတ်လိုက်ကာ နောက်ဖေးခန်းသို့ ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပီတာသည် စားပွဲတွင် တံတောင်နှစ်ဘက် ထောက်၍ စာကျက်နေသည်။ သူ့စာတွင် စိတ်ဝင်စားနေသဖြင့် လူစီ ရောက်လာသည်ကို သူ သတိမထားမိ။ လူစီကလည်း အသံ မကြားအောင် သူလုပ်စရာရှိသမျှကို လုပ်နေသည်။ လက်ဖက် ရည်ဖျော်ဖို့အတွက် ရေနွေးကျိုနေရာမှ သူ့သားအား မကြာ မကြာ လှမ်းကြည့်သည်။

ပီတာ အခုလို ပြင်းပြင်းထန်ထန် စာကျက်နေခဲ့သည်မှာ သီတင်းသုံးပတ်မျှရှိခဲ့ပြီ။

နောက်ဆုံး အားလုံးပြီးစီးသွားသည့်အခါ လူစီက သူ့ သားအား လေအေးအေးဖြင့် လှမ်းပြောသည်။

'မေမေ…စားပွဲလိုချင်ရင် ရမလား၊ ပီတာ…'

ပီတာက သူ့အမေအား တစ်ချက်မော့ကြည့်ပြီး ခေါင်း ညိတ်သည်။ လူစီသည် စားပွဲပေါ်မှ ပီတာ၏စာအုပ်များကို ယူ၍ သစ်သားသေတ္တာကြီးပေါ်သို့ တင်ထားလိုက်သည်။

သူလက်ဖက်ရည်ပွဲပြင်နေခိုက်တွင် ပီတာသည်ကုလားထိုင်မှ ထကာ အခန်းထဲတွင် လမ်းလျှောက်နေသည်။ ပါးစပ်မှ လည်း ကျက်ထားသည့် စာများကို အသံထွက်၍ ရွတ်နေ သည်။



သားအမိနှစ်ယောက် လက်ဖက်ရည်စားပွဲ၌ ထိုင်မိကြ သည့်အခါ ပီတာက 'ရပ်ကွက်က စိတ်ဝင်စားစရာတော့ အကောင်းသား' ဟု စကားစသည်။

'သား အခုပဲ ပြတင်းပေါက်က လှမ်းကြည့်နေရတာ၊ ရေ မြောင်းဘေးမှာ ချာတိတ်ကလေးတွေ ခွက်တစ်ခွက်ကို ဘော လုံးလုပ်ပြီး ကစားနေကြတယ်'

ပီတာက မားနှင့်ခက်ရင်းကို ကောက်ယူလိုက်ပြီး 'ဒီနေ့လဲ ငါးကြော်ပဲလား' ဟု ရေရွတ်သည်။ မနှစ်မြို့သည့် လေသံဖြင့် ပြောခြင်းတော့ မဟုတ်။

'သား ကြိုက်လိမ့်မယ်လို့ မေမေ ထင်လို့ပါ' ဟု လူစီက ပြန်ပြောသည်။

'ငါးတွေက သိပ်ကိုလတ်တာပဲ သားရဲ့၊ မေမေကိုယ်တိုင် သွားဝယ်လာတာ၊ မေမေတော့ ဈေးသွားရင် လမ်းလျှောက် သွားတယ်၊ သွားနေကျမို့ မမောတော့ဘူး သိလား၊ မင်း စာကျက်နေရတာကများတော့ ဦးနှောက်အားလျော့တယ်၊ ငါးက ဦးနှောက်ကိုအားပေးတဲ့အစာလို့ ပြောကြတယ်'

'စားလို့လဲ ကောင်းပါတယ်' ဟု ပီတာကပြောသည်။ သူ့ ပန်းကန်ထဲမှ ငါးကြော်များ ကုန်ခါနီးကျမှ ဖျတ်ခနဲ မော့ ကြည့်ပြီး 'မေမေ့အတွက်ကော၊ မေမေမစားဘူးလား' ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ ငါးမွှမကြိုက်တာ သား သိသားနဲ့' ဟု လူစီက ရယ်သွမ်းသွေး၍ ပြောသည်။

'မေမေ့ဗိုက်က ကော်ဖီတစ်ခွက်နဲ့ ကိတ်မုန့်တစ်ချပ် ဝင်သွားရင် ပြည့်သွားတာပဲ'

ပီတာသည် ပန်းကန်ထဲမှ ငါးကြော်ကိုယူ၍ ပါးစပ်ထဲ ထည့်လိုက်ပြီး ပလုတ်ပလောင်း ဝါးနေရာမှ သူ့အမေအား မယုံသင်္ကာဖြစ်သော မျက်နှာထားဖြင့် ကြည့်နေသည်။ 'ဒီလိုသာ စားမနေရင်တော့ မေမေ့အစာအိမ်ဒုက္ခ ဖြစ်တော့မယ်' ဟု ပြောသည်။ ထို့နောက် ညနေထုတ် သတင်းစာကို ကောက်ယူကာ ဘောလုံးပွဲသတင်းစာကို ပြန့်ချထားလိုက်ပြီး သူ့စာမေးပွဲကိစ္စကို စကားစသည်။

လူစီကတော့ သူ့သား စာကျက်သည့်ကိစ္စတွင် ဘယ်တော့မှ ဖိအားပေးလေ့မရှိ၊ သူ့စိတ်တိုင်းကျလုပ်ခွင့် ပေးထားသည်။

'သားတော့ တစ်နေ့လုံး ကျက်တာပဲ၊ ရမှရပါ့မလား သိဘူး' ဟု ပီတာက ပြောသည်။

'သားကို ကြည့်ရတာ အားရစရာရှိပါတယ်၊ မင့်ကိုယ်မင်း သိနေတာပဲ သားရယ်၊ အဆင်ပြေသွားမှာပါ၊ စာမေးပွဲမှာ ပထမရတာ မရတာ အဓိကမဟုတ်ပါဘူး၊ ပညာသင်ဆုရရှိသာ အရေးကြီးတာပါ'



လူစီသည် ထိုင်ရာမှထကာ စားပွဲပေါ်မှ ပန်းကန်များကို သိမ်းသည်။ ပီတာကလည်း သူ့အမေအား သို့ လာရစ်သည်။

'သား....ပန်းကန်တွေ သုတ်ပေးမယ်'

လူစီက ပန်းကန်များကို ဆေးပေးသည်။ ပီတာကအဝတ်တစ်ခုဖြင့်သုတ်၍ ပန်းကန်စင်ပေါ် ပြန်တင်ပေးသည်။

မီးဖိုချောင်ထဲ၌ သူ့အနီးမှရပ်၍ ကူညီလုပ်ကိုင်ပေးနေသော သား၏မျက်နှာကို ကြည့်ကာ ရင်ထဲတွင် အားမာန်တက်သလို ဖြစ်နေသည်။

နောက်တစ်နေ့တွင် သူတို့သားအမိ တခမ်းတနား ရှိလှသော ထမင်းစားခန်းထဲ၌ ထိုင်၍ စကားတပြောပြောနှင့် စားသောက်နေကြပုံကို စိတ်ကူးဖြင့် မြင်ယောင်နေမိသည်။ ပြီးတော့ ခွဲစိတ်ကုသပြီး ပြန်ရောက်လာသည့် သူ့သား ဆရာဝန်အား သူက 'ဟိုတစ်ချိန်က သားနဲ့မေမေတို့ ဖလားဝါးလမ်းထဲကအိမ်မှာ ဆင်းဆင်းရဲရဲ နေခဲ့ရတာ မှတ်မိသေးလား၊ မေမေတို့သားအမိ ပန်းကန်တွေ ဆေးခဲ့ကြသေးတယ်လေ' ဟု ပြောနေသည့် သူ့စကား....။

'ကျေးဇူးပဲ သားရေ' ဟု လူစီက ပန်းကန်များ ဆေးကြောပြီးသွားသည့်အခါ ပီတာအား လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...သား၊ လမ်းလျှောက်ချင်ရင် ထွက်လျှောက်၊ ဥပိုင်းစာမကျက်ခင် အညောင်းအညာပြေပေါ့'

'သား လမ်းလျှောက်ရင် တောင်းမယ်လို့ မေမေ ထင်သလား' ဟု ပီတာက ပြန်မေးသည်။ ဤအကျင့် ဤလေသည် သူ့အဖေ ဖရန့်ထံမှ ဆင်းသက်လာခြင်း ဖြစ်သည်။

ဖရန့်သည် မည်သည့်ကိစ္စ၌မဆို ချက်ချင်း မဆုံးဖြတ်နိုင်၊ ချီတုံချတုံဖြစ်ကာ နောက်ဆုံး မိမိ၏အကြံဉာဏ်ကို တောင်းလေ့ရှိခဲ့သည် မဟုတ်ပါလား။

'ဟာ...သားကလဲ လမ်းလျှောက်တာ ကောင်းတာပေါ့' ဟု လူစီက အဖြေပေးသည်။

'ဒေါ့သား အညောင်းပြေတာပေါ့'

ပီတာထွက်သွားသည့် အခါ လူစီသည် အခန်းများကို သုတ်သင်ရှင်းလင်းသည်။ ပီတာ၏ စာအုပ်များကို စားပွဲပေါ် ပြန်တင်သည်။

အဝတ်အစားများ ကပျာကယာလဲကာ ပီတာပြန်ရောက်အလာကို နားစွင့်သည်။

အိမ်ရှေ့မှ ပီတာ၏လေချွန်သံကို ကြားရမှပင် သူ့ရင်သည် ပေါ့သွားသည်။ ထိုင်ရာမှထကာ အိမ်ရှေ့ တံခါးကို အပြေးအလွှားသွား၍ ဖွင့်သည်။



ပီတာက သူ့ မုန့်ခြံအကြောင်း ရောက်ခဲ့ကြောင်း၊ ဟင်းနစ်ကစားနေသည်ကို ခဏတစ်ဖြုတ် ရပ်၍ကြည့်ခဲ့ပြီး ပန်းခြံတွင်း မြက်ခင်းပြင်ပေါ်၌ ခဏထိုင်ကာ ဖြန်းလာခဲ့ကြောင်း၊ လမ်းတွင် ဂရမ်ကဖီးဝင်၍ ရေခဲရည် တစ်ခွက် သောက်ခဲ့ကြောင်း ပြောပြနေသည်။

ကဖီးဆိုင်ထဲ ဝင်ထိုင်ခဲ့သည်ဟု ပြောလိုက်သည့် အခါ လူစီသည် မျက်မှောင်တစ်ချက် ကုပ်သွားပြီး တစ်စုံတစ်ရာ ပြောလိုစိတ် ဖြစ်ပေါ်သေးသည်။ သို့သော်လည်း သူသည် သူ့လျှာကို ထိန်းချုပ်ထားလိုက်လေသည်။

ထို့နောက် ပီတာသည် စားပွဲတွင်ဝင်ထိုင်ကာ သူ့စာအုပ်များနှင့် အလုပ်ရှုပ်လျက်ရှိ၏။

လူစီကတော့ စားပွဲ၏ တစ်ဘက်အစွန်း၌ထိုင်ကာ ပီတာ့အတွက် ခြေအိတ်ထိုးရင်း သူ့ရှေ့၌ချထားသည့် ပတ္တုစာအုပ်ကို ဖတ်ဟန်ပြုနေသည်။

စိတ်ကတော့ စာအုပ်ထဲတွင် မရှိ၊ သူ့သား ခား အဆင်းရဲအပင်ပန်းခံ၍ ကျောင်းထားခဲ့ရသည့် အဖြစ်ကို ပြန်တွေးနေမိသည်။

ဒမ္မန်ဂတော့ သူ ဤသို့အဆင်းရဲခံ၍ ကျောင်းထားခဲ့ခြင်းသည် သူ့အတွက်မဟုတ်၊ ပီတာ့အတွက် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမိုးဖိုစင်ပေါ်မှ နာရီသည် တစ်ချက်ချက်မြည်လာသည်နှင့်မှ မိနစ်....။ မိနစ်မှ နာရီသို့ရွေ့လျားသွားလျက်ရှိသည်။ ပိတော၏ညစာအတွက် မီးဖိုပေါ်၌တင်ထားသော စွပ်ပြုတ်အိုးဆီမှ တပွက်ပွက်ဆူသံကို ကြားနေရသည်။ မြို့တွင်း လူစည်ကားရာလမ်းများဘက်မှ ယာဉ်သွားယာဉ်လာအသံများသည် တိတ်ဆိတ်နေသောညကို ဖောက်ထွင်းကာ အခန်းထဲသို့ ဝင်ရောက်လာလျက်ရှိလေ၏။

* * *

ရက်များသည် လျင်မြန်စွာကုန်ဆုံးသွားသည်။ စာမေးပွဲရက်သည် တဖြည်းဖြည်းနှင့် နီးကပ်လာသည်။ လူစီကတော့ သူ့သား ပိတာအနေဖြင့် ဝင်ရောက်ဖြေဆိုမည့် လူနှစ်ဆယ်တွင် နံပါတ်တစ်နေရာ ရစရာမလိုဟု ထင်သည်။ ပထမ မရသည့်တိုင်အောင် ပညာသင်ထောက်ပံ့ကြေးရနိုင်သည့် အနေအထားကိုတော့ မရဘဲမနေဟု သူခန့်မှန်းသည်။

သို့သော်လည်း သူ့သားကတော့ ထိပ်ဆုံးနေရာရဖို့ကိုသာ ဦးတည်၍ မနားမနေ အားထုတ်လျက်ရှိ၏။ သူကလည်း ရစေချင်ပါ၏။



လူစီသည် ဆင်းရဲသားရပ်ကွက်တွင်းရှိအိမ်များသို့အခန်းခသွားကောက်သည့် အခါတိုင်း နယ်မြေထဲမှ ဘုရားရှိခိုးကျောင်းသို့ဝင်၍ သူ့သား စာမေးပွဲအောင်ပါစေဟု ဆုတောင်းသည်။ စိန့်အန်သိုနီရုပ်ထုရှေ့ရှိ ဖယောင်းတိုင် တစ်တိုင် ထွန်း၍ ကြေးနီပြားများကို အလှူခံပုံးထဲ ထည့်ကာ အလေးအနက်အာရုံပြု၍ ဆုတောင်းခြင်းဖြစ်လေသည်။

စာမေးပွဲဖြေရမည့်မနက်တွင် သူသည် သူ့သား ပိတာအား နဖူးကိုနမ်း၍ နှုတ်ဆက်သည်။ အိမ်ရှေ့ခန်း ပြူတင်းပေါက်မှရပ်ကာ သူ့သားထွက်သွားသည်ကို မျက်စိတဆုံးကြည့်လျက်ရှိ၏။

သားအပေါ်ထားရှိသည့် မေတ္တာစိတ်သည် နှလုံးသားတွင် ယိုဖိတ်လာသည်နှင့်အမျှ မာန်လည်း တက်ရသည်။

သူ့သားက တစ်ချက်မျှ လှည့်ပြန်လှည့်ကြည့်ပြီး လက်မြှောက်၍ နှုတ်ဆက်သည်။ သူ့သား၏ပုံပန်းသည် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိနေပုံရ၏။

သူသည် အချိန်ကျလာသည့်အခါ ရုံးသို့သွားသည်။ နယ်မြေတွင်းသို့ဆင်း၍ အခန်းခများ ကောက်ခံသည်။ နေ့လယ်စာကို ထုံးစံအတိုင်း ဈေးပေါပေါရသည့် မစ္စတာဖိုး၏ လက်ဖက်ရည်ဆိုင်သို့သွား၍ စားသည်။ ထမင်းညစာများများ

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ပြာသည့် နှစ်ပဲနိဘန် မုန့်သည် သွားနေကျ မုန့်...။ သူ့အား ပီတာကို ဘက္ကသိုလ်စားသောက်ဆိုင် တစ်ဆိုင်တွင် နေ့လယ်စာစားနိုင်အောင် မုန့်ဖိုး အလုံအလောက် ပေးလိုက်သည်။

ယခုအချိန်ဆိုလျှင် သူ့သားသည် နေ့လယ်စာစားနေပေတော့မည်။

ဤသို့ဖြင့် တစ်နေ့တာကုန်ဆုံးသွားသည်။ ညနေငါးနာရီတိတိတွင် ရုံးမှအိမ်သို့ပြန်သည်။ အိမ်ရှေ့ရောက်သည့်အခါ သူ့ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။ ပီတာ ပြန်ရောက်ဦးမည်မဟုတ်။ အချိန်က စောနေသေးသည်။

သူသည် တံခါးကိုသော့ဖွင့်ပြီး အိမ်ထဲဝင်တော့မည် ပြုခိုက် ဟစ်ဘက်တစ်ခန်းမှ ခင်ငယ်ငယ် အမျိုးသမီး တစ်ယောက်သည် အထုပ်အချို့ကိုင်၍ သူ့ထံသို့ လျှောက်လာသည်ကို တွေ့ရသည်။

'ရှင် အပြင်သွားနေတုန်း ဒါတွေရောက်လာတယ်....'ဟု ပြောကာ အထုပ်များ လှမ်းပေးသည်။

'ကျေးဇူးတင်ပါတယ်'ဟု လူစီဇာပြန်ပြောပြီး အထုပ်များကိုယူ၍ အခန်းထဲဝင်ရန် ဟန်ပြင်သည်။



'ကျွန်မနာမည် မစ္စတာဖင့်(ချ်)ပါ၊ အက်စီဖင့်(ချ်)လို့ခေါ်ရင်လဲ ရပါတယ်'

'ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်'

'ရှင်တို့က ဒီရပ်ကွက်မှာ လူသစ်တွေလို့ ပြောကြတယ်၊ ကျွန်မတို့လဲ ပြောင်းလာတာ မကြာသေးဘူး'

'ဟုတ်ပါတယ်၊ ကျွန်မတို့က လူသစ်တွေပါ'

'ကျွန်မကတော့ ရှင်တို့နဲ့ သိကျွမ်းရတာ ဝမ်းသာတယ်' ဟု အက်စီဖင့်ချ်က ပြောသည်။ 'ဒီအဆောက်မှာနေတဲ့ လူတွေက သိပ်ပြီးဖော်ရွေမှုမရှိကြဘူး။ ကျွန်မကတော့ လူတိုင်းနဲ့ ခင်မင်အောင်နေတတ်တဲ့အကျင့် ငယ်ငယ်ကတည်းက ပါလာတာ၊ ကျွန်မအမေဟာ ဝိုက်အင့်ချ်ဘက်မှာ သစ်သီးဆိုင်လေး ဖွင့်ထားတော့ ဈေးဝယ်တွေက သိပ်လာကြတယ်။ ဈေးသည်ဆိုတော့ လူသိများတာပေါ့၊ အခု ဒီရောက်တော့ နေရတာ တစ်မျိုးကြီးပဲ၊ ကျွန်မ ယောကျ်ားက မစ္စတာ ဖင့်ချ် တဲ့၊ ကျွန်မတို့ အိမ်ထောင်ကျတာ မကြာသေးဘူး၊ သူက မနက်ဆို လုပ်သွား၊ ညနေမှပြန်လာဆိုတော့ လူချင်းက တစ်နေ့လုံး မဆုံမိဘူး၊ ဆုံမိပြန်တော့လဲ တစ်ခါတလေ သူ့ထားလုပ်ပင်ပန်းလွန်းလို့ စကားတောင် ကြာကြာ မပြောနိုင်ဘူး....။ တစ်ခါတလေကျရင် ကျွန်မ သိပ်ကိုပျင်းတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မထက်လဲ တစ်နေ့ကုန် အပြင်သွားနေရတာ ရှင့်' ဟု လူစီက ပြောသည်။

'ဟို…ကလေးက ရှင့်သားလေးမဟုတ်လား၊ အတော့်ကို ထဉ်ကျေးတဲ့ကလေးပဲ၊ လေ့ကားမှာဆုံမိရင် ကျွန်မကို တရိုတသေနှုတ်ဆက်တယ်၊ သူ ကျောင်းနေတယ် မဟုတ်လား…၊ ဘာပညာသင်ဖို့ လုပ်နေတာလဲ'

'ကျွန်မ သားက တက္ကသိုလ်သွာ.မှာ သူ့ကိုဆေးကျောင်း ပို့မှာ' ဟု လူစီက ဝင့်ကြွားသော လေသံဖြင့် ပြောသည်။

'ဩော်…ဟုတ်လား' ဟု ဘက်စီဖင့်ချီက အလိုက်သင့် ရေရွတ်သည်။

'ကျွန်မ ယောကျ်ားက ဝီစကီကုမ္ပဏီမှာ အလုပ်လုပ်တယ်၊ သူ့ရာထူးအဆင့်က မနိမ့်လှပါဘူး၊ လခလဲ ကောင်းတယ်…'

လူစီက ပြုံးသည်။ သူ့ဘက်စီယောကျ်ားကို လှေကား အတက်အဆင်းတွင် ဆုံဖူးသည်။ သူနှင့်ဆုံမိတိုင်း ဝီစကီနံ့ရသည်ကို ယခုမှပင် ပြန်ပြီး သတိထားမိ၏။

'ကျွန်မ စာတော့ကိုယူပေးထားတာ ကျေးဇူးတင်ပါတယ် ရှင်…' ဟု လူစီက ကပျာကယာပြောကာ ဘက်စီအား နှုတ်ဆက်၍ သူ့အခန်းထဲသို့ဝင်ခဲ့သည်။



အခန်းထဲရောက်သည်နှင့် တစ်ဖြိုင်နက် သူ့သားအတွက် ပူပင်သောက ဝင်လာသည်။ စာမေးပွဲမှ ဖြေနိုင်ပါ့မလား ဟူသော အတွေးသည် သူ့စိတ်ကို ခြောက်လှန့်နေသည်။

ထိုအခိုက်မှာပင် ပီတာ၏ တံခါးခေါက်သံကို သူကြား လိုက်ရ၏။ ခါတိုင်းဆိုလျှင် လေချွန်လာနေကျ။ ယနေ့ ဘာ့ ကြောင့် လေမချွန်တာပါလိမ့်။ အဆင်မပြေရဲ့လား စသည် ဖြင့် တွေးရင်း တံခါးကိုသွားဖွင့်ပေးသည်။

ပီတာ့မျက်နှာသည် နွမ်းလျလျ။ လူစီအား ခပ်ယဲ့ယဲ့ အပြုံးဖြင့် နှုတ်ဆက်ကာ သူ့ခုတင်ဆီသို့ တန်းသွားပြီး ခြေပစ်လက်ပစ် လှဲချလိုက်သည်။

ပြီးတော့ မျက်နှာကျက်ကို ငေးမေ့စားာ ငြိမ်နေသည်။

'သားသောက်ချင်ရင် သောက်လို့ရပြီ၊ မေမေ လက်ဖက် ရည်ဖျော်ထားတယ်' ဟု လူစီက ပြောသည်။

'အင်း…' ဟူသော ဖြေသံကိုသာ သူ့ထံမှ ကြားရသည်။ နောက်ထပ်ငြိမ်ဆိတ်နေပြန်၏။ အတန်ကြာမှ…

'မေမေအေ သိပ်ပြီး စိတ်ဝင်စားပုံမပေါ်ဘူး' ဟု ...ကျနပ် သံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော့် စာမေးပွဲကိစ္စကို မေမေ ဘာပြုလို့ မမေး တာလဲ’

‘သား ဖြေနိုင်မှာပဲလို့ မေမေက တွက်ထားတဲ့လူ၊ သား ဖြေနိုင်တယ် မဟုတ်လား’

‘သားတော့ ဖြေနိုင်ခဲ့တာပဲ၊ အားလုံးလွယ်တယ်၊ သိပ်ကို လွယ်တာပဲ၊ သင်္ချာဆိုရင် သိပ်ကိုရတာပဲ၊ အင်္ဂလိပ် စာလဲ အားလုံးဖြေနိုင်တာပဲ၊ ကျွန်တော် အပြင်ရောက် တော့ သူငယ်ချင်းတွေကို မေးကြည့်တယ်၊ သူတို့ကတော့ မဖြေနိုင် ကြဘူး၊ ခက်တယ်လို့ ပြောကြတယ်’

လူစီဟာ သူ့သားအတွက် စားစရာများကို ပြင်ဆင်ပေး နေရင်းက ခေါင်းညိတ်သည်။ မဖြေနိုင်သော ကလေးအမေ များအတွက် စိတ်မကောင်းဖြစ်မိသည်။

သူ့သား၏ ပါးတစ်ဘက်တွင် ပေကျံနေသည့် မင်စက် မင်ကွက်များကို သတိထားမိသည်။

ပြီးတော့ လက်ချောင်းများတွင် စွန်းထင်းနေသည့် မင်များ။

သူ့သားအား အဝတ် အပြုတ်ခံ၍ လပ်ဖ်တောင်း မြို့မှ ကျောင်းသို့ ပို့ထားခဲ့ခြင်းသည် သူ မမှားဟု ယုံကြည်လာ သည်။



သူ့သား၏ ကြိုးစားအားထုတ်မှုများသည် သူ့အတွက် အဆင်းရဲအပင်ပန်းခံရကျိုးနပ်လိမ့်မည်ဟု ထင်၏။

ဘယ်နည်းနှင့်မဆို ယခု ဖြေဆိုခဲ့သည့် စာမေးပွဲတွင် သူ့သား အောင်လိမ့်မည်ဟု သူ့စိတ်ထဲက သိနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

နောက်ပိုင်းရက်များတွင် ပီတာသည် မည်မည်ရရ လုပ်စရာဟူ၍ ဘာမှမရှိသဖြင့် ပျင်းရိငြီးငွေ့ကာ ယောင်တောင်တောင်ဖြစ်လျက် ရှိသည်။

စာမေးပွဲအောင်စာရင်း ထွက်ရန်မှာ တစ်လတိတိ လိုသေး၏။ ထို့ကြောင့်လည်း သူသည် အိမ်ထဲ၌တစ်လျှောက် လျှောက်လုပ်ကာ အချိန်ရှိသမျှ ရာသီဥတုကို အပြစ်ဆိုလိုက်၊ လမ်းများ၏ ညစ်ပတ်ပေရေမှုကို အပြစ်တင်လိုက်နှင့် အချိန်ကုန်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် သူငယ်ချင်း အပေါင်းအသင်းကလည်း မရှိ၊ တောပိုင်းတစ်လျှောက် အလည်အပတ်ထွက် လိုသော်လည်း စက်ဘီးကမရှိ၍ မထွက်နိုင်။ တစ်ခါတစ်ရံ ကျတော့လည်း ဇီမဒရီယိုစားသောက်ဆိုင်သို့ သွား၍ ထိုင်မနေတတ်သည်။

လူစီကတော့ ဘာအပြောင်းအလဲမှ မရှိသော သူ့အား အတွက် စိတ်လက်မရှုမ်းမမြူ့ဖြစ်ကာ ကျန်းမာရေး ချို့ ယွင်းလာမည်ကို စိတ်တပူပူဖြစ်လျက် ရှိလေသည်။

ဤအတောအတွင်းမှာပင် အက်ဒ်ဝပ်ထံမှ စာတစ်စောင် ရောက်လာသည်။ သူ့အနေဖြင့် ပီတာအား ရက်အနည်းငယ် မျှ အလည် ခေါ်ထားလိုသော်လည်း ရုတ်တရက် ပေါ် ပေါက်လာသည့် အကြောင်းတစ်ခုကြောင့် ခေါ်မထားနိုင် ဖြစ်ရကြောင်း။

သူ့အသည်းရောဂါကြောင့် ဆရာဝန်များ ညွှန်ကြား သည့်အတိုင်း မက်ဒေးရားသို့သွား၍ အနားယူရလိမ့်မည် ဖြစ် ကြောင်း။

ထို့ကြောင့်လည်း ဤစာနှင့်အတူ ပီတာသုံးချင်တာသုံးဖို့ ငွေငါးဒေါ်လာ လက်ဆောင်အဖြစ် ထည့်ပေးလိုက်ကြောင်း ရေးထားသည်။



ပို့လိုက်သည့်ငွေမှာ ငါးပေါင်။ နည်းသည့်ငွေ မဟုတ်။ သူသည် ငါးပေါင်တန် ငွေစက္ကူကိုကိုင်ကာ စဉ်းစားနေမိ သည်။

ဒီငွေနဲ့ အိမ်မှာအရေးတကြီး လိုအပ်နေတဲ့ ပစ္စည်း ဝယ် လိုက်ရင် ကောင်းလေမလားဟု စဉ်းစားသည်။

သို့သော်လည်း သူ့သားခမျာ ကျောင်းပိတ်ရက်အတွင်း စိတ်အပြောင်းအလဲဖြစ်စရာ ဘာတစ်ခုမှ မရှိ။

ဟိုဘစ်ချိန်ကလို အပန်းဖြေခရီးထွက်လိုက်ရလျှင် ကောင်း လေမလား။ ထိုကဲ့သို့ ခရီး ထွက်လိုက်လျှင် ဘာတစ်ခုမှ အဖတ်ဆယ်မည်တော့ မဟုတ်။ သို့သော်လည်း သူ့သား တော့ဖြင့် စိတ်ချမ်းသာမှု ရသွားဖို့ရှိသည်။

သူသည် အပန်းဖြေ ခရီးထွက်မည်ဟူပင် ဆုံးဖြတ်ကာ ပီတာအား အသိပေးလိုက်သည်။ ပီတာသည် ချက်ချင်းပင် ရွှင်မြူးသွားသည်။

ဤသို့ဖြင့် သူတို့သားအမိသည် မစ္စတင်တို၏ အကြံပြုချက် အရ ဒွန်းဘက်သို့ သွားလည်ရန် စီစဉ်သည်။ မစ္စတင်တို၏ စီစဉ်ပေးချက်အရ ဒွန်းသို့ ရောက်သည့်အခါ မစ္စတင်တို၏ အိမ်ခန်းတွင် တစ်ပတ်လျှင် သုံးဆယ့်ငါးသျှီလင်နှုန်း တည်း နေလည်း သဘောတူလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်သည့်မနက်တွင် လှေ့ကားအဆင်း၌ မစ္စဘာက်ဝီ ဖင့်ချိုနှင့်ဆုံမိသည်၊ အိမ်ခန်းကို သူ တာဝန်ယူ၍ ကြည့်ထား လိုက်ပါမည်ဟု ပြောသည်။

သားအမိနှစ်ယောက် ဘုတာသို့ရောက်၍ မီးရထားပေါ် နေသားတကျ ထိုင်မိကြသည်နှင့် တစ်မိနစ်နက် ရထားထွက် သည်။

ဇနကလည်း သာ၊ ရာသီဥတုဏလည်း နွေးနွေးထွေး ထွေးရှိသည်၊ လူစီသည် ထိုင်ခုံတွင်မှီကာ အပြင်မှရှုခင်းများ ဆီသို့ ငေးမော၍ လိုက်ပါလာသည်။

တောပိုင်းဒေသ၏ ရှုခင်းများသည် စိတ်ကို ကြည်လင် လန်းဆန်းစေသည်၊

ခရီးသည် တိုတောင်းလှ၏။ သို့သော်လည်း သူတို့သား အမိ၏စိတ်ကိုတော့ အကြီးအကျယ် ပြောင်းလဲသွားစေ သည်မှာအမှန်။

မစ္စတ္တဝီဒီ၏အိမ်ကို အတော်ကြီးရှာယူရသည်။ ကေါ် ကွင်းများ၊ ဟိုတယ်များနှင့် အလှမ်းဝေးသည့် မြို့စွန် ကွက်တွင်း၌ တည်ရှိသည်။

မစ္စတ္တဝီဒီသည် ဖော်ဖော်ရွေရွေရှိသည်၊ သူတို့သားအမိ အားကြိုတင်ပြင်ဆင်ထားသည့် အခန်းတွင် ချက်ချင်းနေရာ ချထားပေးသည်။



အိပ်ခန်းသည် သပ်ရပ်သန့်ရှင်းသဖြင့် နေချင့်စဖွယ် ဖြစ် သည်၊ အိမ်ထဲမှလှမ်းကြည့်လျှင် ပင်လယ်ပြင်ကို ကောင်းစွာ မြင်နေရ၏။

ရောက်သည့် နေ့မှစ၍ သူတို့သည် မနက်တိုင်း ပင်လယ် ကမ်းခြေသို့ဆင်း၍ ရေကူးသည်၊ ကမ်းခြေ တစ်လျှောက်ရှိ ကျောက်တုံးကျောက်ဆောင်များပေါ်၌ ထိုင်ကာ ပင်လယ် ရေပြင်၏ လှပသော လှုပ်ရှားမှုများကို ကြည့်သည်။

ပီတာတစ်ယောက်တည်း လွတ်လပ်စွာ သွားလာခွင့်ကို လည်း ပေးသည်၊ သူ သားသုံးနိုင်စွဲနိုင်ဖို့ အတွက် မုန့်ဖိုးပဲဖိုး ကို လုံလောက်အောင် ထည့်ပေးထားသည်၊ သူ့အနေဖြင့် သူ့သား၏ လှုပ်ရှားမှုများကိုကြည့်ကာ ကြည်နူးမှုမဆုံး။

ပျော်ရွှင်စရာကောင်းသည့် ဤကာလအတွင်း သားအမိ နှစ်ယောက်သည် ပို၍ရင်းနှီးလာကြသည်။

လူစီအနေဖြင့် သူ့သားအပေါ်တွင် သားအဖြစ်သာမက မိတ်ဆွေကောင်း အဖော်မွန်တစ်ဦး အဖြစ်ပါ မြင်လာခဲ့ သည်။

'ဝါ့အမေမဏ အခုထက်ထိ ချောတုန်း လှတုန်းပဲလို့ကယ် ပြောတာ မေမေ၊ မေမေဟာ အခုထက်ထိ မိန်းမချော တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ’ဟူသော အပြောမျိုး ကြားရသည့်အခါ ကြည်နူးခြင်းဖြစ်ရသည်။

လူစီသည် ဤတာလတစ်လျှောက်လုံး သူ့သား အလိုကျဖြစ်အောင် အစစအရာရာ စီမံဆောင်ရွက်ပေးသည်။ သို့သော်လည်း သူ့သား ဖျက်ဆီးသလို ဖြစ်သွားစေမည့် အလုပ်များကိုတော့ မလုပ်မိအောင် သတိထားသည်။

သူ၏လိုက်လျောမှုများသည် ပစားပေးခြင်း၊ အလိုလိုက်ခြင်းများအပေါ် အခြေမခံ၊ မေတ္တာနှင့်စေတနာကို အရင်းခံထားသည့် နောက်ဆုံး ဒွန်းမှုပြန်လာသည့်အခါ သားအမိနှစ်ယောက်၏ကြားရှိ သံယောဇဉ်ကြိုးသည် ပို၍ခိုင်မာလာသည်။

သူ့သားအပေါ် ယုံကြည်ကိုးစားခြင်းနှင့် အတူ အနာဂတ်အတ ထူထောင်ရေးအတွက် ဘယ်လိုစစ်ပွဲမျိုးနှင့်ပင် ရင်ဆိုင်ရစေခါမူ ‘သူတို့သားအမိ လက်တွဲမဖြုတ်’ ဟူသော သန္နိဋ္ဌာန်ကိုပင် အခိုင်အမာ ချမှတ်နိုင်ခဲ့လေသည်။

အပန်းဖြေခရီးကာလအတွင်း သူတို့သည် ပီတာ၏ စာမေးပွဲအောင်စာရင်း အကြောင်းကို စကားမစပ်မိအောင် ရှောင်ခဲ့ကြသည်။

www.burmeseclassic.com



ပွပန်ကြောင့်ကြမှုဝင်လာမည်ကို စိုးရိမ်၍ဖြစ်၏။ ပါးစပ်မှ ဖွင့်မပြောကြသော်လည်း စိတ်ချင်းက ထိုနားလည်မှုကို လက်ခံထားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ စာမေးပွဲအောင်စာရင်း ထွက်မည့်ရက်သည် တဖြည်းဖြည်းနှင့် နီးကပ်လာသည်။

လူစီ့ရင်သည် တထိတ်ထိတ်ဖြစ်လာနေသော်လည်း သူ့သားအား ဖွင့်၍မပြော။

ဤသို့ဖြင့် အောင်စာရင်း ကျက်မည့်နေ့ နံနက်ခင်းသို့ ရောက်လာသည်။

ထိုနေ့သည် စနေနေ့၊ ပီတာက သူ နံနက်ဆယ့်တစ်နာရီတွင် တက္ကသိုလ်သို့ သွားမည်ဟု ပြောသည်။

ထိုအချိန်သည် ကြော်ငြာသင်ပုန်း၌ အောင်စာရင်း ထပ်မည့်အချိန် မဟုတ်ပါလား။ အောင်သလား၊ ရှုံးသလား ဆိုသည်ကိုမူ လူစီ နေ့လယ်စာ စားချိန်ပြန်ရောက်လာသည့်အခါ သူ ပြောနိုင်လိမ့်မည်ဟု ဆိုသည်။

‘အောင်မှာပါသားရယ်’ဟု လူစီကပြောသည်။ သူ့အနေဖြင့် ရှုံးသလားဟူသော စကားကို မကြားချင်။

www.burmeseclassic.com

www.burmeseclassic.com

'သားလဲ အောင်မယ်လို့ထင်တယ် မေမေ'ဟု ပီတာက ပြန်ပြောသည်။

လှစိသည် ပီတာအား နှုတ်ဆက်ကာ အပြင်သို့ထွက်လာခဲ့သည်။

လမ်းထိပ် ရောက်သည့်အခါ သတင်းစာ ရောင်းသမား အတိုးအိုသည် နံနက်ခင်းသတင်းစာများ ချခင်းနေသည်ကို မြင်ရသည်။

သူ့ခေါင်းထဲသို့ အသိတစ်ခု ဝင်လာသဖြင့် သူသည် 'ဂလက်စ်ကိုဟာရဲလ်' သတင်းစာတစ်စောင်ကို ဝယ်၍လိပ်ပြီး ကိုင်လာခဲ့သည်။

သို့သော်လည်း မနက်ခင်းသတင်းစာတွင် အောင်စာရင်း ပါနိုင်ပါ့မလားဟူသော သံသယ ဝင်လာသည်။

ခတ်ရထားပေါ် ရောက်သည့်အခါတွင်မှ သူသည် သတင်းစာကို လှန်သည်။

ဂျပန်လေယာဉ်၊ ဆိုနီယိုတွင် ရေကြီးခြင်း၊ လိစ်ရပ်ကွက်မှ လူသတ်မှု စသည့်သတင်းများ....။

သူသည် စာမေးပွဲ သတင်းမှ ပါပါ့မလား' ဟူသော သံသယဖြင့် လိုက်လံရှာဖွေသည်။ 'တက္ကသိုလ်သတင်း' ဟူသော ခေါင်းစီးကို တွေ့ရသည်။



အောက်တွင် နာမည်များ....။ အားလုံး နှစ်ဆယ့် ငါး ယောက်မျှသာ ရှိ၏။

ဘယ်လိုဖြစ်တာပါလိမ့်။ သတင်းရိုက်စဉ်က အမှတ်တမဲ့ ကျန်ခဲ့သလား။ တစ်နေရာရာမှာ လွဲလို့များလား။ သူ့သား နာမည်ကို မမြင်ရ။ နောက်တစ်ကြိမ် ထပ်ဖတ်ပြန်သည်။

ပညာသင်ဆုစာမေးပွဲတွင် ဝင်ရောက် ဖြေဆိုသူပေါင်း နှစ်ရာနီးပါးခန့် ရှိသည့်အနက် နှစ်ဆယ့် ငါးယောက်သာ အောင်မြင်ကြောင်း ဟု သတင်းက ဆိုသည်။

လှစိသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားပြီ။ သတင်းစာသည် သူ့ဒူးပေါ်မှ အောက်သို့ လျှောကျကာ ခြေထောက်နားတွင်ပြန့်ကြဲလျက်။ ထိုခဏမှာပင် ခတ်ရထားသည် ရပ်သွားသည်။

သူသည် ထပျာထယာထအော ဆင်းလာခဲ့၏။ တစ်ကိုယ်လုံး အားအင်ဆုတ်ယုတ်ကာ နွမ်းဟိုက်လျက် ရှိသည်။ ခြေထောက်များသည် ကုန်ချည်ယိုင်နဲ့ကာ လမ်းမလျှောက်နိုင်သလို ဖြစ်နေသည်။

သူသည် လမ်းပေါ်၌ပစ်လှဲကာ အော်တစ် ငိုကြွေးလိုက်ချင်စိတ် ဖြစ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှုံးခန်းထဲ ရောက်သည့် အခါတွင်လည်း စကားမပြော နိုင်။ ယခုအချိန်ထိ မျှော်လင့်ချက်သည် ပေါ်လာလိုက် ပျောက်သွားလိုက်။ ပိတာသည် ကျောင်း၌ အလွန်စာတော် သူဖြစ်၏။ စာလည်း အလွန်ကြိုးစား၏။ အခုစာမေးပွဲ မဖြေ ခင်ကလည်း မနားမနေ ကြိုးစားခဲ့၏။

မိမိအနေဖြင့်လည်း ဘုရားသခင်ရှေ့မှောက်၌ ဒူးထောက် ကာ ဆုတောင်းခဲ့၏။ သို့ပါလျက် ဘာ့ကြောင့် အခုလို ဖြစ် ရတာပါလိမ့်။

နေ့ခင်းတစ်နာရီထိုးအပြီးတွင် သူသည် ရှုပ်ထွေးနောက် ကျိသောစိတ်ဖြင့် အိမ်သို့ပြန်လာခဲ့သည်။

သူ့သားအဖြစ်ကို မြင်လိုက်သည်နှင့် တစ်ပိုင်နက် ရှိသမျှ အင်အားသည် ဆုတ်ယုတ်သွားရပြန်၏။ ပိတာသည် ကုလား ထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ချကာ ခြေပစ်လက်ပစ် ထိုင် နေသည်။

'ကိစ္စမရှိပါဘူး သားရယ်၊ စိတ်ညစ်မနေပါနဲ့၊ သား အကောင်းဆုံး ဖြစ်အောင် အားထုတ်ခဲ့သားပဲ' ဟု လူစီက ပြောသည်။

'ဒါဟာ သတ်သက်မဲ့ မရှိးသားတဲ့ ကိစ္စကြီးပဲ၊ အလိမ် အညာကြီးတစ်ခုဆိုတာ သိပ်ကို သိသာတယ်ဗျာ'



'ကျွန်တော် တအားဖြေနိုင်ခဲ့တာ မေမေရဲ့၊ ဘာကြောင့် အခုလိုဖြစ်ရတာလဲ၊ အဖြေလွှာတွေကို သူတို့ သေသေချာချာ မစစ်ဘူးလို့ ထင်တာပဲ'

'မဟုတ်ပါဘူး ထင်ပါတယ် သားရယ်၊ တခြားလူတွေက လဲ ကောင်းကောင်းဖြေနိုင်ကြလို့ ဖြစ်မှာပေါ့'

'မဟုတ်ဘူးဗျာ၊ မျက်နှာလိုက်တာပဲဖြစ်မယ်၊ ကျွန်တော် နေခဲ့တဲ့ကျောင်းကို ကြည့်ပြီး လုပ်ကြတာပဲ ဖြစ်မယ်၊ သက် သက် မတရားတာပဲ'

လူစီသည် ဘာမှဆက်မပြောဘဲ ငြိမ်နေသည်။ သူသည် အခန်းထဲတွင် ဟိုဟာဒီဟာလုပ်သလိုဟန်ဆောင်ကာ လျှောက် သွားလျက်ရှိ၏။ နောက်ဆုံးတွင် သူ့သားအား စကား တစ် ခွန်းပြော၍ အားပေးသမှုပြုရန် စိတ်ကူးမိသည်။

ထိုခဏမှာပင် 'စာတည်းပေါက်' ထဲမှစာတစ်စောင် ထိုး ထွက်လာပြီး အခန်းထဲသို့ကျသွားသံကို ကြားလိုက်ရသည်။

'မေမေပဲ စာကိုသွားယူလိုက်ပါတော့ဗျာ၊ သားမှာတော့ အားလုံးကို စိတ်ပျက်သွားပြီ၊ ဘာစာကိုမှ ကြည့်လို မကြည့် ချင်ဘူး၊ ဖတ်လဲမဖတ်ချင်တော့ဘူး' ဟု ပိတာက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် အမြင်ခန်းမှထဲသို့သွား၍ စာကိုယူကာ ပြန်ဝင်လာသည်။ ရှေ့မှာပင် စာကိုဖောက်သည်။ စာဖောက်နေသည့်မျက်နှာထားသည် တစ်မျိုးဖြစ်လျက်ရှိ၏။

စာဖတ်နေရင်း သူ့နှုတ်ခမ်းမှ ဝမ်းသာသော အာမေဍိတ်သံ တစ်ခွန်းထွက်လာသည်။ သူ့မျက်လုံးအစုံသည်အရောင်တလက်လက် ထွက်လာသည်။

'ပီတာ....သား'

'ဘာလဲ....မေမေ'

'ဒီမှာလေ....ဒီမှာ'

လူစီသည် စကားကိုဆက်မပြောနိုင်။ တုန်ယင်သောလက်များဖြင့် စာကိုထောင်ပြသည်။ မျက်ရည်များစီးကျလာပြီး ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

ပီတာသည် စာကိုယူ၍ ဖတ်နေရာမှ သူ့အမေအား လှမ်းကြည့်သည်။ အံ့ဩခြင်း၊ ဝမ်းသာခြင်းနှင့်အတူ ပျော်ရွှင်ခြင်းကိုပါ ဖော်ပြနေသည်။

'ရီးကီးအဖွဲ့ကွဲ၊ သား လုံးဝမကြားဖူးဘူး....'ဟု ရေရွတ်သည်။



'မေမေကတော့ သိတယ်'ဟု လူစီက ပြောသည်။ 'မစ္စတင်ထိုအာ ပြောလို့ မေမေ သိခဲ့တာ၊ မေမေက မင့် နာမည်ကို စာရင်းသွင်းလိုက်တယ်၊ လိုလိုမယ်မယ်ဆိုပြီး လုပ်ခဲ့မိတာ သားရဲ့'

ပီတာက စာကို ထပ်ဖတ်ပြန်သည်။ စာကတော့ အတိအကျ ဆိုထားသည်။

ရီတီပညာသင် ထောက်ပံ့ရေးအဖွဲ့မှ ပီတာအား တစ်နှစ်လျှင် နှစ်ဆယ့်ငါးပေါင်တိတိ ပညာသင်စရိတ် ထောက်ပံ့သွားရန် ရွေးချယ်လိုက်ကြောင်း၊ ယင်းပညာသင် စရိတ်ကို ငါးနှစ်တိတိ ပေးသွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းပညာသင်အဖွဲ့သည် ကွယ်လွန်သွားပြီဖြစ်သော မုဆိုးမများ၏ သားများအတွက် ကူညီထောက်ပံ့ခြင်း ဖြစ်ကြောင်းကိုလည်း ရှင်းလင်းထားသည်။

ရွေးချယ်ထားသူများထဲတွင် ပီတာသည် အမှတ်စဉ် ကိုးဆယ်ခုနစ်ဖြစ်သော်လည်း အဖွဲ့မှ သတ်မှတ်သော အရည်အချင်းများနှင့် အကိုက်ညီဆုံး နံပါတ်တစ် နေရာကို ရခဲ့သဖြင့် ယခုကဲ့သို့ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ဤစာကို ရလျှင် ရခြင်း အောက်အမည်ပါ ပုဂ္ဂိုလ်ထံ လာရောက် တွေ့ဆုံရန်ဖြစ်ကြောင်းများကိုလည်း ရေးသားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'သားတော့ ဒီအဖွဲ့အကြောင်း မသိခဲ့တာ အမှန်ပဲ...၊ မေမေက သားနာမည်ကို စာရင်းသွင်းခဲ့တာလား'

'မေမေက ရုံးမှာ ကြားခဲ့တာ'ဟု လူစီက ပြောသည်။

'ပထမတော့ မေမေက စိတ်မကူးပါဘူး၊ တစ်နေ့ခင်းမှာ မေမေက အဲဒီဖွံ့လာတန်အင် ကုမ္ပဏီရုံးရှေ့ကို အမှတ်မထင် ရောက်သွားတယ်၊ ရုံးက လူတွေ ပြောတာကို သတိရတာနဲ့ ရုံးထဲဝင်သွားပြီး သားနာမည်ကို စာရင်းသွင်းလိုက်မိတယ်၊ မေမေရဲ့အခြေအနေနဲ့ ရတဲ့လစာတွေ ဘာတွေလဲ အားသား စိတ် ပြောပြခဲ့တယ်'

ပီတာက သူ့အမအား မော့ကြည့်နေသည်။ 'ဘာပဲ ဖြစ်ဖြစ်လေ၊ သားမှာ တစ်ခုတော့ ရလာတာပေါ့'ဟု ပြောသည်။

'မအားပေါ့ကွယ်၊ မေမေတို့လုပ်ဖို့ ရည်ရွယ်ထားတာကို တော့ လုပ်နိုင်သွားတာပေါ့'ဟု လူစီအ ပြောသည်။

'အောင်စာရင်းမှာ သား နာမည် မပါတော့ မေမေ ဘာလုပ်ရမှန်းမသိအောင် ဖြစ်ခဲ့ရတယ်။ အခုတော့ အံ့ဩစရာ မကောင်းဘူးလား သားရယ်'



လူစီ၏ ရွှင်လန်းအားတက်မှုသည်ပီတာထံကူးသွားသည်။ ကျိုက်စွနှင့်ပတ်သက်၍ အထူးကလည်း ချဲ့ထွင်၍ပြောစရာမရှိတော့။ အားလုံး ဆုံးရှုံးသွားပြီးကာမှ ပြန်လည်ရရှိလာခြင်း ဖြစ်သဖြင့် သာယာကြည်နူးမှုကို ဖော်ပြခြင်းငှာ မစွမ်းနိုင်လောက်အောင်ပင် ခံစားနေကြရလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၉ )

အခုလို ကျပြန်တော့လည်း ဘဝဆိုသည်မှာ အံ့ဩစရာကောင်းလှချေသည်။ သူတို့သားအမိအဖို့ လုံးဝမမျှော်လင့်ဘဲ အဆိုးဆုံးနှင့် ကြုံခဲ့ရပြီးသောမှ တစ်ဘက်တွင် အကောင်းနှင့်ထပ်၍ ကြုံကြရ၏။

သူတို့သည် ပီတာ တက္ကသိုလ်၌ နေရေးကိစ္စများကို ထပ်တလဲလဲ ဆွေးနွေး စီစဉ်ကြသည်။ အထူးသဖြင့် အသင်းတွင် အဖွဲ့ဝင်တစ်ယောက် ဖြစ်လာရေးကို ပီတာအား မကြာခဏ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုတလောတွင် ပီတာသည် တက္ကသိုလ် သွားရမည့် အရေးကိုတွေးကာ ရွှင်မြူးလျက်ရှိသည်။ မကြာခဏလည်း အပြင်သို့ထွက်ကာ လမ်းလျှောက်လေ့ ရှိ၏။ လမ်းထွက်လျှောက်တိုင်းလည်း ဝေးဝေးလံလံသွားတတ်၏။

တစ်ရက်တွင် ပီတာသည် ထုံးစံအတိုင်း အပြင်မှပြန်လာသည်။ စာတစ်စောင်ကိုင်၍ လှုပ်ကုလားထိုင်ပေါ်၌ ထိုင်၍ ရွှင်လန်းနေသော သူ့အမေအား တွေ့ရသဖြင့် အံ့အားသင့်လျက်ရှိသည်။

'ပီတာ...ဒီစာ ဘယ်သူ့ဆီကလို့ထင်သလဲ' ဟု မေးသည်။ ပီတာက ရုတ်တရက် မဖြေနိုင်သည့်အခါကျမှ 'မစ္စတာ လင်းနေ့ဘ်ဆီက လာတဲ့စာကွယ့်' ဟု ပြောသည်။

ပီတာကတော့ လင်းနေ့ဘ်အား ကောင်းစွာ မမှတ်မိ၊ ဝိုးတဝါးဖြစ်နေသည်။

လင်းနေ့ဘ်ထံမှ စာ လာသည့်အတွက် ဝမ်းသာစရာ အကြောင်းရှိပါကလား။ အကယ်၍ ရှိသည်ဆိုပါမူ ဘာ့ကြောင့်နည်း။

'သူက မေမေတို့ဆီ အလည်လာမယ်တဲ့၊ ဒီအပတ် စနေနေ့မှာ ရောက်မယ်'



'လာချင်လဲ လာပစေပေါ့ မေမေရာ' ဟု ပီတာက ပြန်ပြောသည်။ 'သူ့ကို ကျွန်တော်တို့ရဲ့ နန်းတော်ကြီးထဲမှာ တပျော်တပါး ဧည့်ခံကြတာပေါ့'

လူစီက သူ့အခန်းကို စေ့စေ့စပ်စပ်ကြည့်သည်။ 'ဟုတ်ပါရဲ့...ဒီအခန်းမှာ သူ့ကိုဧည့်ဖို့ဆိုတာ တော်တော်ခက်တာပဲ။ အာ့ဒ်ဖီလန်မြို့မှာတုန်းက သူ့ကို ဧည့်ခံခဲ့တဲ့အိမ်နဲ့က မိုးနဲ့မြေကြီးလောက် ကွာခြားနေတာဆိုတော့'

သူသည် အတန်ကြာမျှ ငြိမ်၍ စဉ်းစားနေသည်။

'တစ်ခုတော့ရှိတယ် ပီတာ၊ သူ့ကို မစ္စချစ်စွဟိုးဆိုင်မှာ ဧည့်ခံရရင် ကောင်းမလား' ဟု ပြောသည်။

ပီတာက သူ့အမေစကားကို သဘောကျသဖြင့် အော်ရယ်သည်။ လူစီက မျက်မှောင်တစ်ချက် ကုပ်နေပြီးမှ သူ့သားကိုကြည့်၍ ပြုံးသည်။

နောက် ရက်အနည်းငယ်မျှအတွင်း လူစီသည် ဤကိစ္စကိုပင် စဉ်းစားလျက်ရှိသည်။

သောကြာနေ့ ရောက်သည့်အခါ သူ၏ အဝတ်အစား ချို့တဲ့မှုကို သတိရသည်။ ဤသို့ဖြင့် ရှိသည့်အဝတ်ကလေးများကိုလျှော်ဖွပ်ကာ မီးပူတိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ နေ့ခင်းဘက်တွင်မူ သူသည် ရှိသည့်အဝတ်များကို ထုတ်ဝတ်ကာ သူ့ကိုယ်သူ မှန်ရှေ့၌ ရပ်ကြည့်သည်။ အခုလိုဆိုတော့လည်း မဆိုးလှဟု သူ ထင်သည်။

လင်းနေ့ခစ်အား သွားကြိုရန် အတွက် ပါနီဝက် ပေးရသော မေးတီရထားမှ တစ်ပါး အခြား ရွေးစရာလမ်းမရှိ။ လူချင်းဆုံရမည့် ဂျော့ချ်ပန့်ခြံသို့ သူရောက်သွားသည့်အခါ မစ္စတာလင်းနေ့ခစ် ရောက်နေလေပြီ။ လူစီအား အဝေးကြီးကတည်းက မှတ်မိသည်။ သူ့ဦးထုပ်ကို မြှောက်၍ နှုတ်ဆက်သည်။

'ရှင်ကပဲ သိပ်စောပြီး ရောက်နေသလား၊ ဒါမှမဟုတ် ကျွန်မကပဲ နောက်ကျနေလို့လား' ဟု လူစီက ပြောသည်။

'ငါက စောရောက်နေတာ လူစီရဲ့၊ ငါက စောနေတာ'

လူစီက ရယ်သည်။

'မင်း ငါနဲ့ လက်ဖက်ရည် သောက်မယ်မဟုတ်လား၊ မင့်စာထဲမှာ ပါတယ်လေ'

လူစီက ခေါင်းညိတ်သည်။ သူတို့သည် အနီးဆုံးဖြစ်သည့် အယ်လ်စတန်လမ်းထဲမှ ချစ္စဟိုးဆိုင်သို့ သွားကြသည်။

ဆိုင်ထဲရောက်၍ စားပွဲတစ်လုံးတွင် ထိုင်မိကြသည့် အခါ စားပွဲထိုး မိန်းကလေးတစ်ဦး ရောက်လာပြီး စားပွဲမအားဟု



ပြောသည်။ လင်းနေ့ခစ်က အိတ်ကပ်ထဲမှ ငွေစအနည်းငယ် နှိုက်၍ လက်ထဲသို့ထည့်သည်။

ထိုအခါကျတော့လည်း စားပွဲထိုးမ၏ မျက်နှာသည် ချက်ချင်းပင် ပြောင်းသွားသည်။

'ဘယ်လို စီစဉ်ပေးနိုင်မယ်ဆိုတာ ကျွန်မကြည့်ပါဦးမယ်' ဟု ပြောသည်။

'ငွေရဲ့တန်ဖိုးဟာ အဲဒါပဲ' လင်းနေ့ခစ်က လူစီအား လှမ်းပြောသည်။

'ငွေဆိုတာ စုဆောင်းထားဖို့လို့ ငါတွေးခဲ့လေ့ ရှိတယ်၊ ဒါပေမယ့် စိတ်သာယာမှုအတွက် သုံးသင့်တဲ့ နေရာမှာတော့ သုံးသင့်တာ အမှန်ပဲ'

ဤသို့ဖြင့် သူတို့သည် လူစည်ကားရာ ဆိုင်တွင်း၌ ထိုင်၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဖြစ်ကြသည်။ နောက်ဆုံး လင်းနေ့ခစ်က လူစီ၏ လက်ရှိအခြေအနေကို မေးသည်။

'အရေးကြီးသော ကိစ္စတစ်ခု ပြောစရာရှိ၍လာခဲ့ခြင်း ဖြစ်သည်' ဟုလည်း ဆိုသည်။ လူစီကလည်း 'ပြောစရာရှိတာ ပြောပါ' ဟု ပြန်ပြောသည်။

'မင်း အခုနေရတာ အဆင်ပြေရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



‘ပြောပါတယ်’

‘ဒါပေမယ့် အခုလို ဒီအလုပ်နဲ့ တစ်သက်လုံးသွားဖို့ ဆိုတာကတော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်’

‘မဖြစ်နိုင်စရာတော့ မရှိပါဘူး၊ ပြီးတော့ ကျွန်မ အပင်ပန်းခံနေတာက ကျွန်မသား ပီတာအတွက်ပါ’

လင်းနော့စ်က အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ လူစီ၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေဟန်လည်း ရှိသည်။

လူစီကတော့ လင်းနော့စ်၏ မျက်နှာကို ပြန်ကြည့်ကာ အနည်းငယ် အံ့ဩသလို ဖြစ်သည်။

‘ငါဟာ လူငယ်လေးတစ်ယောက် မဟုတ်တော့ဘူး’ ဟု လင်းနော့စ်က ပြောသည်။

‘ဒါပေမယ့် အဘိုးကြီးတစ်ယောက်လားဆိုရင်လဲ မဟုတ်ဘူးလို့ ပြောရမှာပဲ၊ ဟုတ်တယ်လေ၊ ငါဟာ အခုအချိန်ထိ ကျန်းမာနေတုန်းပဲ၊ အဲဒီတော့ ငါ့အနေနဲ့ ဘဝရဲ့သာယာမှုအတွက် အဖော်တစ်ယောက်တော့ လိုနေတာအမှန်ပဲ၊ အခုလို လုပ်ငန်းကို ရပ်ပစ်လိုက်ချိန်မှာ ငါဟာ သိပ်ပြီး အထီးကျန်နိုင်နေတယ်၊ ဒီဟာကွက်ကိုတော့ ငါ ဖြည့်ချင်တယ်’



လူစီ အံ့အားသင့်နေသည်။ သူ့ စကားသွား စကားလာကို ကြည့်ခြင်းအားဖြင့် မိမိအား သူနှင့် လက်တွဲရန် အဆိုပြုနေခြင်းဖြစ်သည်ကို နားလည်လာသည်။

တကယ်တော့လည်း လင်းနော့စ် သည် သူ့ဘဝ တွင် နောက်ခံ လူတစ်ယောက်အဖြစ် ပါဝင်ခဲ့ဖူးသည် မဟုတ်ပါလော။

‘ဒီကိစ္စကတော့ ဖြစ်နိုင်မယ် မထင်ပါဘူး’ဟု လူစီက အေးအေးသာသာ ပြောသည်။

‘ကျွန်မမှာ သားရှိနေတာ ရှင်အသိပဲ၊ အဲဒီတော့ ဖြစ်နိုင်စရာအကြောင်းမရှိပါဘူး’

‘ငါဟာ သဘောထားကြီးတဲ့ လူတစ်ယောက် ဆိုတာ မင်းသိပါတယ် လူစီ၊ လူချင်းလဲ အင်မတန် ခင်မင်ရင်းနှီးခဲ့တာဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် သိနေကြတာပဲ၊ ပြဿနာရှိစရာမမြင်ပါဘူး’

လူစီက လင်းနော့စ်၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ထို့နောက် ခေါင်းကိုဖြည်းညင်းစွာ ယမ်းသည်။

‘မဖြစ်နိုင်ပါဘူး၊ ကျွန်မမှာ သားရှိနေတယ်၊ သူ့ကိုပြုစု ပျိုးထောင်ပေးရမယ့်တာဝန်ဟာ ကျွန်မမှာ ကြီးပါတယ်’ ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းနေ့ဝစ်၏မျက်နှာမှ အပြုံးရိပ်သည် ပျောက်ကွယ်သွားသည်။

'ငါပြောတာ မင်း လက်မခံနိုင်ဘူးလား၊ တအယ်ဆုံးဖြတ်ပြီးပြီလား'ဟု မေးသည်။

'မဖြစ်နိုင်လို့ပါ၊ လှစိ စဉ်းစားပြီးပါပြီ'

လင်းနေ့ဝစ်သည် နှုတ်ဆိတ်လျက်ရှိ၏။ တအယ်တော့ လင်းနေ့ဝစ်သည် လူချမ်းသာဖြစ်သည်။ လူကြီးလူကောင်း တစ်ယောက်လည်းဖြစ်၏။ သူ့အား လက်ထပ်လိုက်ခြင်းအားဖြင့် မိမိ၏ဘဝသည် အဘက်ဘက်တွင် လုံခြုံသွားဖို့ရှိ၏။

သို့သော်လည်း အကယ်၍သာ သူ့အား အလုပ်မှဖြုတ်ပစ်ခဲ့သည့်နေ့က အခုလိုပြောခဲ့မည်ဆိုပါမူ မိမိလက်ခံမည်ဖြစ်၏။ အခုမူ ဤစကားပြောလာသည့်အခါတွင်မူ နောက်ကျနေပြီဟုပင် သူယူဆမိ၏။

အခုဆိုလျှင် သူ့သားအတွက် သူတစ်ယောက်တည်း ရုန်းကန်လာခဲ့သည်မှာ ကြာခဲ့ပြီ။ သူမျှော်မှန်းထားခဲ့သည့်အတိုင်း သူ့သားအား အောင်မြင်မှုလမ်းကြောင်းပေါ်သို့ တင်ထားပြီးပြီ။ ဤအချိန်ကျမှတော့ ဘယ်သူ့အကူအညီကိုမှ သူမလိုချင်တော့။ သူတစ်ယောက်တည်းသာ ဆက်လက်၍ ကြိုးပမ်းအားထုတ်သွားလို၏။



'ထပ်ပြီး စဉ်းစားပါဦးလားကွယ်'ဟု လင်းနေ့ဝစ်က ထပ်ပြောသည်။

'စဉ်းစားနေလို့လဲ အပိုပါပဲရှင်'ဟု လှစိက ဖြေသည်။

လင်းနေ့ဝစ်ထံမှ ခြောက်တပ်ဆပ် ရယ်သံကို ကြားရသည်။

'ငါတော့ မင်းမှားပြန်ပြီလို့ ထင်တယ် လှစိ၊ အေးပေါ့လေ၊ ဒါတော့ မင်းဆန္ဒအတိုင်းပါ၊ ငါကလဲစေတနာနဲ့ ပြောတာဆိုတော့ မမှားဘူးလို့ ထင်တာပဲ'ဟု ပြောသည်။

'ကျွန်မ စိတ်မကောင်းပါဘူး'ဟု လှစိက ပြောသည်။

'တအယ်လို့ မင်းခွင့်ပြုမယ်ဆိုရင် စကားတစ်ခွန်းတော့ ပြောချင်တယ်' ဟု လင်းနေ့ဝစ် ထပ်ပြောသည်။ သူ့မျက်နှာသည် နီရဲနေသည်။

'ငါသာ မင့်နေရာမှာဆိုရင် မင့်သားအတွက် ဒီလောက်ကြီးအထိ အနစ်နာခံပြီး မစွန့်လွှတ်သင့်ဘူးလို့ စဉ်းစားမှာပဲ'

လှစိက ညင်သာစွာပြုံးသည်။ သူ့စကားမှန်သည် ဟု ရင်ထဲက ထောက်ခံသော်လည်း အသိအမှတ်ပြုဖို့တော့ မလိုဟု ယူဆသည်။ လှစိသည် လှစိသာဖြစ်၍ ပီတာသည် ပီတာ

www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်သဖြင့် သူ့ထင်မြင်ချက် မည်မျှပင် ကျိုးကြောင်းဆီလျော်နေစေကာမူ လက်ခံဖို့မလိုဟု သူယူဆသည်။

'အခု မင်းဖြစ်နေတာက မင့်သား ပီတာဆာလွဲပြီး တခြားအယ်သူ့အပေါ်မှာမှ စိတ်မဝင်စားတော့ဘူး၊ မိတ်ဆွေအပေါင်းအသင်းတွေဆိုရင်လဲ အားလုံးနဲ့ အဆက်ပြတ်နေပြီး မင့်အသက် မင့်အရွယ်ဟာ လောကကြီးပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပြီး စိတ်ဝင်စားဖို့ သင့်တယ်၊ ဒါပေမယ့် မင်းက တစ်ခုတည်းပေါ်မှာပဲ အာရုံစိုက်နေတာ တွေ့ရတယ် ဒါဟာ မင့်အတွက် မကောင်းဘူး'

'ဘာပဲဖြစ်ဖြစ်ပေါ့ လေ၊ ကျွန်မနဲ့ မစ္စတာလင်းနော့စ်ဟာ မိတ်ဆွေကောင်းတွေ အဖြစ်ပဲ ဆက်သွားကြတာ ကောင်းပါတယ်'

လင်းနော့စ်က လူစီအား အထူးအဆန်းတစ်ခုအဖွယ် ငေးကြည့်နေသည်။ ထို့နောက် သူသည် ကုလားထိုင်မှ ထသည်။ နှစ်ယောက်သား ဆိုင်ထဲမှ ငြိမ်ဆိတ်စွာ ထွက်လာကြသည်။

ဘုရင်မလမ်းဘူတာအဝင်သို့ ရောက်သောအခါ လူစီက 'ကျွန်မတို့မကြာခင် ထပ်ပြီး တွေ့ကြဦးမှာပေါ့'ဟု ပြောသည်။ လင်းနော့စ်က ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး လူစီ၏လက်ကို ဆွဲ၍ နှုတ်ဆက်သည်။



ခပ်ဖြည်းဖြည်းလျှောက်သွားနေသော လင်းနော့စ်အား ရပ်ကြည့်နေသည့် လူစီသည် စိတ်ထဲတွင် ဝမ်းနည်းသလိုလို ခံစားနေရသည်။

'ငါ သူနဲ့ထပ်တွေ့ဦးမှ ဖြစ်မယ်၊ သူဟာ သိပ်ဆိုးတဲ့လူစားတော့ မဟုတ်ပါဘူး၊ လက်လွှတ်မခံသင့်တဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါ' ဟု သူ တွေးနေမိ၏။

လူ့ဘဝထဲမှ ဂျိုးသည် လုံးဝကွယ်ပျောက် သွားခဲ့ပြီ။ လူကြီးလူကောင်း မဆန်သော ဂျိုး၏ အပြုအမူကို သတိရတိုင်း စပ်ဆုပ်မိ၏။ သူ့မောင် ရစ်ချတ်ကတော့ သူ့အား ကူညီဖို့ ဝေးလား ဝေး၊ အရှက်ရအောင် မြူမှု ပြောဆိုလွှတ်လိုက်၏။

အက်ဒီဝပ် ကျမြန်တော့လည်း သူ့ပြဿနာ အရပ်ရပ်တွင် စိတ်ဝင်စားသည်မဟုတ်။ ရံဖန်ရံခါမှသာ မေးမြန်းကူညီဖော်ရသူဖြစ်၏။ ငါးနှစ်တိတိ အတူတူတွဲနေခဲ့ဖူးသည့် မစ္စဟောဆင်းကျတော့လည်း။

အိမ်ပြန်ရောက်လာသဖြင့် သူ့အတွေးများသည် ပြတ်သွားသည်။ သူ့တွင် အိမ်မှုကိစ္စများဖြင့် အလုပ်ရှုပ်နေရပြန်၏။ သူ့သားပီတာ ပြန်ရောက်လာသည့် အခါတွင်မူ စားဖို့ သောက်ဖို့ အားလုံး အဆင်သင့်ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'အဘိုးကြီးလင်းနေ့ချစ်က မေမေ့ကို ချစ်တင်းနှောလိုက်သလွား'ဟု ပီတာ စပ်ဖြီးဖြီး မျက်နှာထားဖြင့် ပြောသည်။

'မင့်ပါးစပ်ပိတ်ထားစမ်း'ဟု လူစီက ခပ်ငေါက်ငေါက်လေသံဖြင့် ဟန့်သည်။

'သူ့လို လူကြီးလူကောင်းတစ်ယောက်ကို အခုလို ပြောတာနောက်တာ မကောင်းဘူး'

ပီတာသည် သူ့အမေ၏မျက်နှာကို အံ့အားသင့်ပြီး ကြည့်နေသည်။ သို့သော်လည်း ဘာမှတော့ ထပ်မပြော။

ထိုညတွင် လူစီသည် တစ်ညလုံး အိပ်၍မပျော်။ အိပ်ရာပေါ်တွင် တလူးလူး တလိမ့်လိမ့်ဖြစ်လျက်ရှိ၏။ သူ့ မစ္စဟော့ကင်းအား သွားမကြည့်သည်မှာ ကြာခဲ့ပြီ။ သူလုပ်သည် တာဝန်မကျေရာ ကျသည်ဟု ထင်မိ၏။

ဤသို့ဖြင့် ထိုအပတ် စနေနေ့တွင် လူစီသည် ဘလင်းဗိုစိတ္တဇဆေးရုံသို့သွား၍ ပစ္စဟော့ကင်းအား တွေ့သည်။ ဆေးရုံအဝင် လမ်းဘေးတစ်နေရာတွင် ဥယျာဉ်မှူးတစ်ဦး အလုပ်လုပ်နေသည်ကို တွေ့သည်။



'အနောက်ဘက် လူနာဆောင်ကို သွားချင်လို့ပါ၊ ဘယ်လိုသွားရမလဲ' ဟု လူစီက ခဏမျှရပ်၍ တလေးတစား မေးသည်။

ဥယျာဉ်မှူးသည် အလုပ်လုပ်နေရာမှ ခေါင်းထောင်ကြည့်သော်လည်း လူစီ၏ မေးခွန်းကိုမဖြေ။ သူသည် မျက်လုံးများကို မှိတ်လိုက်ပြီး လျှာကိုထိုးထုတ်လိုက်သည်။

ထို့နောက် မျက်နှာကို ရှုံ့မဲ့တာ လူစီအား ပြောင်နေသည်။

တစ်ကိုယ်လုံး တုန်သွားသော လူစီသည် အပျာကယာ နောက်ပြန်လှည့်ထွက်ခဲ့ရ ထိုလူ့အနီးမှ အပြေးအလွှား ထွက်လာခဲ့ရလေ၏။

အနောက်ဘက် လူနာဆောင်သို့ ရောက်သည့်အခါ သူနာပြု ဆရာမတစ်ယောက်က မစ္စဟော့ကင်း၏ အခန်းသို့ ပို့ပေးသည်။ လူချင်းတွေ့သည်နှင့် တစ်ပြိုင်နက် 'ပင်ကီ၊ လူစီကို မှတ်မိလား'ဟု သူမ မေးသည်။ အဖြေမရ။ မစ္စဟော့ကင်း၏ မျက်လုံးများသည် သူ့အား မမှတ်မိကြောင်း ဖော်ပြနေကြသည်။

'သူ့ကို စကားပြောနေလို့အပိုပဲ၊ ဘာမှ ပြန်ပြောမှာမဟုတ်ဘူး၊ တစ်ခါတစ်လေ တစ်ပတ်လောက်ကြာမှ စကားတစ်လုံးလောက်ပဲပြောတာ'ဟု ဆရာမက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့ အနားသိပ်မကပ်နဲ့၊ ချစ်ကိုဆွဲပြီး တစ်ခုခုလုပ်လိုက်မှာ စိုးရတယ်' ဟုလည်း သတိပေးသည်။

ဆေးရုံမှ ပြန်ထွက်လာသည့်အခါတွင်မူ လူစီး၏စိတ်သည် များစွာ ဖနောက်ကျီရှုပ်ထွေးလျက်ရှိ၏။ ဘုရားသခင်သည် ဘာ့ကြောင့်များ လူ့ဘဝ အခုလို ဖြစ်အောင် လုပ်တာပါလိမ့်။

ကြောက်မက်ဖွယ် ကောင်းလှသည့် ဤမညီမျှမှုကြီးကို ဘာ့ကြောင့်များ ဖန်တီးထားတာပါလိမ့်။

ဤဆေးရုံ အုတ်တံတိုင်းများ အတွင်းမှ လူဟူသော သတ္တဝါများသည် ဆင်ခြင်တုံတရား၏ အပြင်သို့ ရောက်နေကြပြီဖြစ်၍ တိရစ္ဆာန်များအက်ပင် နိမ့်ကျနေကြရှာ၏။

ဘာယ်လိုကြောင့်ပါလိမ့်။ အကြောင်းက ဘာလဲ။ သူသည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကြီး စွာဖြင့် ဆေးရုံဝင်း အတွင်းမှ ထွက်ခွာလာသည်။

ထို့နောက် ရက်ပေါင်းများစွာ ကုန်လွန်သွားသည်အထိ မစ္စဟော့စကင်း၏အဖြစ်ကို မမေ့မရ။ ဆေးရုံတွင်းမှ လူနာများကိုမမေ့မရ။ သို့သော်လည်း တက္ကသိုလ်ဖွင့်ရမည့်ရက်သည် နီးကပ်လာသည်။



လူသားတက္ကသိုလ်ဝင်ရမည့် အရေးကိစ္စသည် သူ့အတွက် အဓိကကျသော အလုပ်ဖြစ်လာသည်။

ထိုအခါ အရာတိုင်းကို သူ မေ့သွားလေသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

( ၂၀ )

လူစီ ရနေသည့် လုပ်ခငွေသည် တစ်ပတ်လျှင် နှစ်ဆယ့်ငါးသျှီလင်ဖြစ်၏။ ယင်းအနက် အခန်းခအတွက် သူ့အလုပ်ရှင် ဟင်ဒါဆင်နှင့်ဒွေကုမ္ပဏီမှ ခုနစ်သျှီလင် ဖြတ်ယူထားလိုက်သည်။

ချက်ရေးပြုတ်ရေးနှင့် မီးခအတွက် ရှစ်ပဲနီမျှပေးရသည်။ လျှော်ဖွပ်ရေး၊ သန့်ရှင်းခအတွက် တစ်ပတ်လျှင် ခြောက်ပဲနီမျှ ကုန်ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးခြုံ၍ နှုတ်လိုက်သည့်အခါ တစ်ဖက်လျှင် လူနှစ်ယောက်အတွက် ဆယ့်ငါးသျှိလင်မျှသာ ကျန်၏။ ထိုဆယ့်ငါးသျှိလင်၏အဓိပ္ပာယ်သည် အလွန်ရုန်းကန် နေထိုင်ရခြင်းကို ဖော်ပြလျက် ရှိလေသည်။

တစ်ပတ် ဆယ့်ငါးသျှိလင်ဟူသော ငွေများသည် ငွေမဟုတ်။ အလျှင်မီအောင် စားသောက်ရေးအတွက် အလွန်ခက်ခဲသောငွေ ဖြစ်သည်။

လူစီ့အဖို့ ဤငွေနှင့် အဆင်ပြေအောင် စားသောက်နိုင်ရေးအတွက် စစ်ပွဲတစ်ပွဲ တိုက်ခိုက်နေရသည့်နှယ် ရှိသည်။ အလွန်ပင်ပန်းကြီးစွာ တိုက်ခိုက်နေရသည့် စစ်ပွဲတစ်ပွဲဖြစ်၏။

ဤစစ်ပွဲတွင် အစားအစာကို ဈေးသက်သာစွာ ဝယ်ယူရရှိရေးအတွက် နေ့စဉ်လိုလို နှစ်မိုင်ခရီးကို လျှောက်ရသည်။

ဤခရီးသည် အသားရရှိရေးအတွက် သွားရသောခရီးဖြစ်၏။ အသီးအနှံများကို ဈေးသက်သာစွာဖြင့် ရရှိရေးအတွက်တော့ သုံးမိုင်ခရီးကို လျှောက်ရသည်။

ဤမျှလောက်အထိ စစ်စစ်စီစီနှင့် ချွေတာနေသည့် ကြားမှပင် တစ်ပတ်မပြည့်မီ ငွေအပြတ်သွားတတ်သည်။ ထိုအခါမျိုးတွင် သူသည် ရုံးကိုဓာတ်ရထားနှင့် မသွားနိုင်။ အိမ်မှစောစောစီးစီးထွက်၍ ခြေကျင်လျှောက်ရသည်။



တစ်ခါတစ်ရံကျတော့ သူ့သားပီတာ အပိုသုံးငွေ ရရေးအတွက် ဓာတ်ရထားမစီးဘဲ တစ်ပတ်လုံးလုံး ခြေကျင် ရုံးတက်တာ ငွေကိုစုရသည်။

ဤငွေဖြင့် ပီတာအလွန်ကြိုက်တတ်သော ကိတ်မုန့်၊ ချောကလက် စသည်များကို ဝယ်သည့်အခါ ဝယ်၍ မုန့်ဖိုးအပိုအဖြစ် ပေးသည့်အခါ ပေးသည်။

မည်သို့ပင် ဖြစ်စေ လူစီကတော့ ကျောင်းသား တစ်ယောက်ဖြစ်နေသည့် ပီတာအား အစားကောင်း အသောက်ကောင်း ကျွေးသည်။

သူ့သား အာဟာရချို့တဲ့မည်ကို အလွန်စိုးရိမ်သည်။ သို့သော်လည်း သူ့သားအတွက် ကောင်းပေဆိုသည့် အစားအစာကိုဝယ်လိုက်လျှင် သို့မဟုတ် ချက်လိုက်လျှင် ဆယ့်ငါးသျှိလင်ဟူသော ငွေသည် လူနှစ်ယောက် အစာ တစ်ရက်တည်းနှင့် ပြုတ်သွားဖို့သာရှိ၏။

ထို့ကြောင့်လည်း သူသည် သူ့သားအတွက်သာ အဓိကထား၍ ချက်သည်။

သူကတော့ ဖြစ်သလိုစားလိုက်သည်။ တစ်ခါတစ်ရံကျတော့လည်း ညစာကိုလုံးဝမစားတော့ဘဲ ရေတစ်ခွက်သောက်၍ အိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့သား စားသောက်နေခိုက်တွင် အမဲသား စင်းကော ကြော်မှုအနံ့သည် သူ့နှာခေါင်းဆီသို့ ရောက်လာတတ်သည်။ မွှေးလှ ပါဘိခြင်း။ စားချင်စိတ် သည် မျိုသိပ်၍ မရနိုင် လောက်အောင် လှုံ့ဆော်လျက်ရှိသည်။

သို့တစေလည်း လူစီ သည် ဤစစ်ပွဲတွင် သူ့စိတ်ကို ကောင်းစွာ နိုင်နင်းခဲ့၏။ သူ့သား စားသောက်နေသည်ကို ကြည့်ကာ ပီတိဖြစ်ရခြင်းအရသာကို ကောင်းစွာ ခံစားနိုင် လာသည်။

တကယ်တော့ လူစီ ကြုံနေရသည့် အခက်အခဲသည် ဤ စားရေးသောက်ရေး ပြဿနာတစ်ခုတည်း မဟုတ်။ တစ်ခါ တစ်ရံ မမျှော်လင့်ဘဲနှင့် ပေါ်ပေါက်လာရသည့် ပြဿနာ များက ရှိသေးသည်။

ဥပမာဆိုပါတော့...သူ စီးနေသောဖိနပ်နှင့် သူ ဝတ်နေ သော အဝတ်အစားများ။ အဝတ်အစားဆိုရာ၌ အတွင်းခံ အင်္ကျီ ဘောင်းဘီမှအစ ခြေအိတ်အထိပါသည်။

သို့သော်လည်း အဝတ်များကို ဖာထေး၍ ချုပ်၍ဝတ် ပါက ရနိုင်သေး၏။ ဖိနပ်ကျတော့မရ။ သူ့ အလုပ်က နယ် မြေအကွင်း၌ တစ်နေကုန် တစ်နေခန်း ဖိနပ်ပါးအောင် လျှောက်ရသည့် အလုပ်။



ဤကြားထဲ ဈေးသွားသည့်အခါ လျှောက်ရခြင်းနှင့် ခရီးစရိတ်ငွေ သက်သာဖို့အတွက် ရုံးသွားရုံးပြန် လျှောက်ရ ခြင်းများက ပါနေသေး၏။

ထိုအခါ သူ့ဖိနပ်သည် အဘယ်မှာ ကြာရှည် ခံနိုင်ပါ မည်နည်း။ ဖိနပ်ကျတော့ ပြင်၍မလွယ်။ အသစ်ဝယ်ရ၏။

ထိုအခါ ဈေးအပေါဆုံး အကြမ်းစား ဖိနပ်များကိုပင် ဝယ်စီးရတော့၏။ ပထမတော့ သူ့ခြေထောက်နုနုများသည် ထိုဖိနပ်များ၏ဒဏ်ကို မခံနိုင်။ သို့သော်လည်း ဇွဲခတ်၍ စီး လိုက်သည့်အခါ အသားကျသွားခဲ့ရလေ၏။

လူစီအနေဖြင့် စားဝတ်နေမှုတွင် ဤမျှလောက် အဆင်းရဲ ခံနေသော်လည်း သူ့သားကျတော့ မျက်နှာမငယ်စေရန် ကြော့နေအောင် ဆင်ထားသည်။

ပီတာ စီးနေရသည့် ရှူးဖိနပ်များသည် ဈေးကြီးပေးရ သော အကောင်းစားများဖြစ်သည်။ ရှပ်အင်္ကျီနှင့်ဘောင်းဘီ များကျတော့လည်း အဆင်ဆန်းဆန်း ဒီဇိုင်းလှလှနှင့် ပုံကျ ကျ အဖိုးတန်များ ဖြစ်၏။

တကယ်တော့လည်း ပီတာ ယင်းကဲ့သို့ ဝတ်စားဆင်ယင် နေနိုင်ခြင်းသည် လူစီ၏ ချွေတာမှုကြောင့် တစ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပီတာ၏ကိုယ်တိုင်၏ နေ့စဉ်အကျ သုံးစွဲမှုကြောင့် တစ်ကြောင်း ဖြစ်သည်။

ပီတာသည် သူရရှိသော ပညာသင်ဆုငွေထဲမှ ကျောင်း ပညာသင်စရိတ်ပေးပြီး ကျန်ငွေကို တိုင်းထွာ၍ သုံးစွဲသည်။

သူ ငယ်စဉ်က ရသမျှမုန့်ဖိုးကို စုဆောင်းတတ်သော အလေ့အထသည် ယခုအချိန်ထိ စွဲမြဲနေဆဲ၊ သူသည် မှတ်စုစာအုပ်ကလေးတစ်အုပ်ဖြင့် သူ့ဝင်ငွေနှင့် ထွက်ငွေကို မှတ်သားသုံးစွဲတတ်သော အလေ့အထတလည်းရှိသည်။ သူသည် ကျောင်းစာအုပ်များ ဝယ်ရာ၌လည်း အသစ်များကို မဝယ်၊ အဟောင်းဆိုင်မှ စာအုပ်ဟောင်းများကိုသာ ဝယ်၍သုံးသည်။

ဤသို့ဖြင့် ပိုလာသောငွေကို သူ့ကိုယ်ပိုင်ငွေအဖြစ် ထားကာ သူ့အတွက် သုံးစွဲသည်။

ပီတာ့စာရင် အဝတ်အထည် ပေါပေါလောလောနှင့် အကောင်းစားများ ဝတ်နိုင်ခြင်းသည် ထို ပိုငွေကြောင့်လည်း ဖြစ်၏။ လူစီကတော့ ထိုပိုငွေကို လုံးဝမသိ။ သူ့ သားကျောင်းတက်နေချိန်တွင် တင့်တောင့်တင့်တယ် ဝတ်စားသွားလာနေနိုင်မှသာ အဓိကထားသည်။

သူ့ရှေ့မှ မစ္စတင်တို၏ အကူအညီဖြင့် အကောင်းဆုံးဆိုသည့် စက်ချုပ်ဆိုင်၌သာ သူ့သားအတွက် ဝတ်စုံများ အပ်သည်။ ဤသို့ဖြင့် ပီတာသည် ခေတ်အမီဆုံး ပုံအကျဆုံး ဝတ်စားဆင်ယင်မှုကို ပြုတတ်သော လူငယ်ကလေးအဖြစ် နာမည်ရလျက်ရှိ၏။

ပီတာသည် တက္ကသိုလ်သမဂ္ဂကောင် ယခုအချိန်ထိ ဥက္ကဋ္ဌနေရာကိုတော့ မရောက်သေး၊ သို့သော်လည်း ပညာရည်တိုးတက်မှုအခြေအနေဖြင့်တော့ ဘာမှချို့ယွင်းချက်မရှိအောင် တိုးတက်လျက်ရှိသည်။

ညညဆိုလျှင် သားအမိနှစ်ယောက် အချိန်များစွာယူ၍ စကားပြောခွင့်ရကြသည်။ ထိုအခါတွင် သူ့ သားထံမှ ဖားခွဲငါးခွဲရပုံများ၊ ရောဂါပိုးမွှား ရှာဖွေစူးစမ်းရပုံများ၊ ဓာတုဗေဒနှင့် သတ္တဗေဒ ဘာသာရပ်ဆိုင်ရာများ စသည် စသည်တို့ကို နားထောင်ရသည်။

တစ်ခါတစ်ရံ မိုက်ကရိုစကုပ်တစ်လုံးနှင့် မှန်ချပ်ကလေးများ ထားချ၍ အလုပ်များနေသည်ကိုလည်း မြင်ခွင့်ရသည်၊ သူ့တက္ကသိုလ်မှ ပါမောက္ခများ၏ အကျင့်စရိုက်နှင့် ဘာသာရပ် ပို့ချပုံ ပို့ချဟန်များကိုလည်း ကြားရသည်။

လူစီအဖို့ကတော့ သူ့ သားလုပ်သမျှ ကိုင်သမျှကိုကြည့်၍ သူ့ သားပြောသမျှ ဆိုသမျှကို နားထောင်၍ ဝီပြစ်သည်။ ကြည်နူးသည်၊ ဘာယာသည်၊ အားလည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝသည် သူ့သားဘဝထဲ၌ နှစ်မြုပ်လျက်ရှိသည် ဖြစ်ရာ သူ့အသက်သည် သူ့သား၏အသက်ဟုပင် ယူဆ၍ ရနိုင်နေသည် မဟုတ်ပါလော။

တကယ်တော့ လူစီ၏ စိတ်အင်ရှုံသည့် သားပီတာအပေါ်၌သာ နှစ်ဝင်စူးစိုက်လျက်ရှိ၏။ သွားလာလှုပ်ရှား၊ နေချိန်တွင်လည်း သူ့သား၊ စားချိန် အိပ်ချိန်တွင်လည်း သူ့သား ဤကမ္ဘာလောကကြီးထဲတွင် သူ့သားမှတစ်ပါး အခြားဘာမှ မရှိပြီ။

စာမေးပွဲနီးလာပြီဆိုပါက ညတိုင်းလိုလို သူ့သား ကျက်မှတ်နေသမျှ စာများကို နားထောင်ရသည်မှာလည်း သူ့နားတွင် နားဝင်ချိုလှ၏။ အမှန်တော့ ဓာတုဗေဒနှင့်ရူပဗေဒဆိုင်ရာ ဘာသာရပ်များမှ ဖော်မြူလာများ၊ အခြားဇီဝဗေဒနှင့် သတ္တဗေဒဆိုင်ရာ ဘာသာရပ်များမှ စကားလုံးများကို သူ နားလည်သည်မဟုတ်။

သို့သော်လည်း သူ့အဖို့ နားလည်ခြင်း မလည်ခြင်းသည် အဓိကမဟုတ်။ သူ့သား၏ စာကျက်သံကို ကြားရခြင်းသည်သာလျှင် အဓိကဖြစ်၏။

ပီတာအလည်း စာအလွန်ကြိုးစားသည်။ သို့သော်လည်း စာမေးပွဲနှင့်ပတ်သက်၍ ပညာသင်ဆု စာမေးပွဲဖြေဆိုဝင်ရောက်မှု မရှိဘဲ...ဆုမရသော လူစီသည် သူ့သားအတွက်



စိုးရိမ်မှုကင်းဖြစ်ရ၏။ သို့သော်လည်း သူ့သားသည် ဒုတိယနှစ် စာမေးပွဲကို ချောမောစွာအောင်မြင်ခဲ့သဖြင့် သူ့မှာ ရင်အေးမောပြေခဲ့ရ၏။

ဂုဏ်ထူးတွေ ဘာတွေမပါသော်လည်း အမှတ်ကောင်းကောင်းနှင့် ထိုက်ထိုက်တန်တန်အောင်မြင်ခဲ့ခြင်းဖြစ်၍ များစွာ အားတက်ခဲ့ရသည်။

သူ့သားအနေဖြင့် ဆရာဝန်ဖြစ်နိုင်သည့် ဦးနှောက်ရှိခြင်းကို ဤစာမေးပွဲတွင် ကောင်းစွာ သက်သေထူနိုင်ခဲ့ပြီဖြစ်၏။

သူ့သား၏နာမည်ကို တစ်ခြားလူတွေ မတွေ့ဘဲ မမြင်ဘဲ နေကြလိမ့်မည်မဟုတ်။ သူ့သားအား ဆေးကျောင်းတက်ဖို့ သူ အားထုတ်ခဲ့စဉ်က သူ့အား အပြစ်တင်ခဲ့ကြသူများ ဘယ်လိုဝေဖန်ကြမည်နည်း။

ထိုအချက်ကိုတော့ သူမတွေးဘဲ မနေနိုင် အက်ဇ်ဝပ်စတော့ သူ့တူ၏နာမည်ကို အောင်စာရင်းထဲ၌ ဖတ်လိုက်ရသည့်အခါ များစွာ ဝမ်းသာသွားခဲ့သည်။ သူ၏ဝမ်းသာမှုကို သူ့အိမ်ဖော် မစ္စအိုရီဂင်အား ဘုတ်ဖော်ပြောပြခဲ့ရုံမျှမက လူစီနှင့် ပီတာ့ထံ စာရေးခဲ့သည်။ ...ကျောင်းပိတ်ရက်တွင် သူ့ထံ လာနေဖို့လည်း ပီတာအား ခေါ်သည်။

www.burmeseclassic.com

သူ့သားအား ကောင်းစွာ အနှအယှက်ပေးချင်နေသော လူစီသည် အက်ဒ်ဝပ်၏ ဖိတ်ကြားမှုအတွက် များစွာ ကျေးဇူးတင်ခဲ့သည်။ သူ့အား မဖိတ်သည့်အတွက် စိတ်ထိခိုက်ခြင်း မဖြစ်။ အကယ်၍ ဖိတ်သည်ဆိုဦးတော့။

သူ့တွင် အဝတ်အစားမရှိ၍ သွားနိုင်မည်မဟုတ်။ တကယ်တော့ သူ့အပန်းဖြေခရီး မထွက်ခဲ့ရသည်မှာ ကြာခဲ့ပြီ။ တစ်ခါတစ်လေကျတော့ တစ်နေရာသို့ ခရီးထွက်၍ နားလိုသော စိတ် ပြင်းပြင်းပြပြဖြစ်ပေါ်ခဲ့ပါ၏။

သို့သော်လည်း သူမလိုက်ရသည့်တိုင်အောင် သူ့သား ပျော်ရလျှင် နားရလျှင် သူ့အတွက် လုံလောက်ပြီဟု စိတ် ဖြေလိုက်သည်။

ဤကြားထဲမှပင် စိန့်အင်ဒရူးရှိ ဦးလေးတော်သူ အက်ဒ် ဝပ်ထံ ပီတာတစ်ယောက်တည်း လွှတ်ရမည့်အရေးကိုတွေး၍ စိတ်ပူမိသေးသည်။ အမှန်တော့ပီတာသည် အခုအသက် အရွယ်ကတည်းက တစ်ယောက်တည်း ခရီးထွက်ခြင်း၊ ဟိုတယ်ကောင်းကောင်း၌ တည်းခိုနေထိုင်ခြင်း စသော အတွေ့ အကြုံများကို ရသင့်၏။

သို့မှသာလျှင် လူငယ်စိတ်ပျောက်ကာ လူကြီးစိတ်ဝင် လာလိမ့်မည်ဖြစ်၏။ လူကြီးလူကောင်း အသိုင်းအဝိုင်းတွင်



ဘယ်လိုနေထိုင် ဆက်ဆံရမည်ကိုလည်း နားလည်သွားလိမ့် မည် ဖြစ်၏။

ယင်းကဲ့သို့ ဖြေ၍ တွေးလိုက်သည့်အခါတွင်မူ ပီတာအား တစ်ယောက်တည်းလွှတ်ရန် စိတ်မချဖြစ်နေမှုသည် သက်သာ ရာရ သွားခဲ့လေသည်။

အိမ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သော လူစီသည် ပျင်းရိ ငြီးငွေ့လျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ သူ့အလုပ် ကိုတော့ ပျက်ခံ၍မရ။ နေ့စဉ်နှင့်အမျှ ဆင်းရဲသား ရပ်ကွက်တွင်းရှိ တိုက်ခန်းများသို့သွားကာ အိမ်လခများကို ကောက်ခံရသည်။

မသွားချင်ပေမင့်လည်း သွားရ၏။ မခေါက်ချင်ပေမင့် လည်း အိမ်ခန်းတံခါးများကို ခေါက်ရ၏။

ပြီးတော့ မတောင်းချင်ပေမယ့်လည်း အိမ်လခကို တောင်းခံနေရ၏။ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက် လိုက်၊ မညီးမမောင်သော လှေကားထစ်များပေါ် တက် လိုက် ဆင်းလိုက်၊ တစ်နေကုန်သောအခါ ပင်ပန်းနွမ်းနယ် နေသော ကိုယ်ခန္ဓာအား မနိုင့်တနိုင်သယ်၍ ရုံးသို့ပြန်ကာ ရငွေအားလုံးကို အပ်ရ၏။ သူ့ဘဝသည် နေ့စဉ်နှင့်အမျှ ဤ သံသရာထဲတွင် ပုံမှန်လည်ပတ်လျက် ရှိရလေသည်။

www.burmeseclassic.com



နောက်ဆုံးတွင် ပီတာသည် စိန့်အင်ဒရူး အပန်းဖြေခရီးမှ ပြန်ရောက်လာသည်။

သူက စားပွဲထိုးတွေအကြောင်း မေးသည့်အခါ ပီတာအာ ပြက်လုံးကောင်းတစ်ခု ကြားလိုက်ရသည့်နှယ် ဟက်ဟက် ပက်ပက်ရယ်သည်။

'စားပွဲထိုး ယောကျ်ားမရှိတော့ဘူး မဒမ်လူစီ' ဟု ပြောသည်။

'စားပွဲထိုး မိန်းကလေးတွေချည်း ဖြစ်ကုန်ပြီ'

ဤသို့ဖြင့် နောက်တစ်ကြိမ် ဆောင်းဦး ပေါက်လာသည်။ ပီတာသည် ယခင်ကလို မဟုတ်တော့။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရိတ်စပြုနေပြီ။

သူ့ဦးလေး ဝယ်ပေးလိုက်သည့် မုတ်ဆိတ်ရိတ် ဓားဖြင့် ပုံမှန်ရိတ်လျက်ရှိသည်။ လူစီ့အဖို့တော့ သူ့သား၏ပြောင်းလဲမှုကိုကြည့်ကာ ထူးဆန်းသလို ဖြစ်နေသည်။

ပြီးတော့ သူ့သားအတွက် မနက်တိုင်း သူ အိပ်ရာမှမနိုးမီ ရေနွေးကျိုပေးထားသည်။



သူ့အနေဖြင့် သူ့သားအား မကြာခဏ ကြည့်မိသည်။ သူ့အိမ်ထဲတွင် ယောကျ်ား ကြီးကြီးမားမား တစ်ယောက် ရှိနေပြီဟူသော အသိဝင်လာသည်။

ထိုအခါ သူ့ရင်သည် အားမာန် တက်ခြင်း၊ ကြည်နူးခြင်းတည်းဟူသော 'လှိုင်းများ၏ ရိုက်ခတ်မှုဖြင့် စိတ်၏ချမ်းသာမှုကို ရရှိခံစားရပြန်လေသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

‘ကပွဲရှိတယ် မေမေ၊ သား ကပွဲသွားချင်တယ်’

လှစိမ် ဖျတ်ခနဲ မော့ကြည့်သည်။ သူ့သား၏စကားတွင် စိတ်ဝင်စားဟန် မပြ။ တစ်ခဏကြာမှ…‘မင်း စားပွဲကို ရှင်းလိုက်ရတော့မလား’ဟု မေးသည်။

‘မေမေ့ သဘောပဲ’

‘ခြောက်နာရီတော့ မထိုးသေးဘူး…၊ ဒါပေမဲ့ မကြာတော့ပါဘူး၊ မီးဖွင့်ထားလိုက်တော့မယ်’

www.burmeseclassic.com

www.burmeseclassic.com



နေမဝင်သေးသော်လည်း ဆောင်းဦးပေါက်ဖြစ်၍အခန်းတွင်းသို့ အမှောင်ရိပ်များ ဝင်စပြုနေပြီ။

'ကျွန်တော် ကပွဲသွားဖို့ကိစ္စက ဘယ်လိုလဲ မေမေ'

ပီတာ၏ မေးခွန်းကြောင့် လူစီက နောက်တစ်ကြိမ်လှမ်းကြည့်ပြန်သည်။

'ဘာကပွဲလဲ၊ ဘယ်မှာလဲ'ဟု မေးသည်။

'ကျွန်တော်သွားချင်တယ် မေမေ၊ သူ့ဒိုးမှလဲဖြစ်မှာ'

ထပ်ပြောလိုက်သည့်စကားကြောင့် လူစီက သူ့သား မျက်နှာကို အံ့အားသင့်ပြီး ကြည့်နေသည်။ သူ့စိတ်လည်း ဂရုစ်ဆပွဲခန်းမဆီသို့ ရောက်သွားသည်။

နည်းအမျိုးမျိုးဖြင့် ကြော်ငြာကာ ကပွဲမျိုးစုံ ပြုလုပ်နေသော ခန်းမဖြစ်သဖြင့် သူ့သားအား ထိုနေရာမျိုးသို့မသွားစေချင်။

သို့သော်လည်း သူ့အိမ်ခန်းနှင့် အနီးဆုံး ကပွဲခန်းမမှာ ဤတစ်ခုသာလျှင် ရှိနေ၏။

'သမဂ္ဂ အဆောက်အဦမှာလုပ်မယ့် ကပွဲပါ၊ ကျေးမွေးစီစဉ်ထားတဲ့ ဘူဖေး အကျွေးအမွေးကလဲ သိပ်ကောင်းလိမ့်မယ်လို့ ပြောကြတယ်'



သူတို့သားအမိ မကြာခင်သေးမီက စားပြီးခဲ့ကြသော ညစာကို လူစီ သတိရလိုက်သည်။

ပေါင်မုန့်၊ ကြက်ဥနှင့် ဒိန်ခဲ။ ယနေ့ တစ်နေ့လုံး သူ သိပ်ပြီး နေမကောင်း။ ပြီးတော့ ယနေ့သည် သောကြာနေ့။ အပတ်စဉ် ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်ရသောနေ့ဖြစ်သည်။

ထုံးစံအတိုင်း လက်ထဲတွင် ငွေပြတ်နေသဖြင့် သောကဖြစ်နေရသည့်အထဲ လည်ချောင်းနာ ပြန်နာနေသည်။

အအေးဒဏ်ကြောင့် အသီး ယောင်ရောလေသလား မသိ။ သူသည် လည်ပင်းတွင် အဝတ်တစ်ခုပတ်၍ ခြေထောက်တွင် ခြေအိတ်များစွပ်ကာ နွေးထွေးအောင် လုပ်နေရသည်။

ဤကြားထဲ သူ့သားက ကပွဲနှင့် ဘူဖေးအကြောင်းပြောနေသည်။

'ဒိုပြီး အဆင်ပြေသွားတဲ့ အချိန်အထိတော့ စောင့်ဦးမှပေါ့'ဟု လူစီက စိတ်မရှည်သံဖြင့် ပြောသည်။

'ကပွဲသွားဖို့ မင့်မှာ ဝတ်စုံလဲမရှိဘူး၊ လက်မှတ်ဝယ်ဖို့ ငွေကလဲလိုသေးတယ်၊ ဒီကပွဲမျိုးသွားရင် စရိတ်က သိပ်ကုန်

www.burmeseclassic.com

www.burmeseclassic.com



မှာ၊ အစားအသောက်ပါ ကျွေးမယ်ဆိုတော့ လက်မှတ်ခကတင် နည်းမှာမဟုတ်ဘူး'

'ဟာ...ခမခမကလဲ၊ ဧကာ်မီတီဝင်တစ်ယောက်က သားကို မေတ္တာလက်မှတ်တစ်စောင်ပေးထားတယ်၊ ဟာကယ်ပြောတာပါ၊ သူတို့မှာ လူကနည်းနေမှာစိုးလို့တဲ့'

'ဒါဖြင့် မင့်မှာ ဝတ်စုံရှိလို့လား'

'ဒါလောက်ကတော့ ဖြစ်နိုင်ပါတယ် အမေရာ၊ အကြံအဖန် လုပ်လိုက်ရင် ရသွားမှာပါ'

'အထည်ငှားတဲ့ဆိုင်ကနေက ငှားပြီး ဝတ်တာမျိုးတော့ မင်းမလုပ်ရဘူး....'ဟု လူစီက ပြောသည်။ 'ဒီအလုပ်မျိုးဟာ အောက်တန်းသိပ်ကျတယ်၊ အဲဒါတော့ ငါခွင့်မပြုနိုင်ဘူး ဗီတာ'

လူစီ၏ လေသံသည် မာကြောလာသည်။

'ဟာ....မေမေကလဲ၊ သားဘယ်တော့မှ အဲဒါမျိုး မလုပ်ပါဘူး၊ ယောကျ်ားတစ်ယောက်အနေနဲ့ ဒီလိုလုပ်ရင် ဘယ်ကောင်းမလဲ'

'ဒါဆိုရင် မင့်ဝတ်စုံက ဘယ်လိုရမှာလဲ'



'ဒီလို မေမေရေ၊ တိုတစ်နေ့က ကျွန်တော့် သူငယ်ချင်း ဝါဒ်တို့အိမ်ရောက်တယ်'ဟု ဗီတာက ဆပျာကာယာ ပြန်ပြောသည်။ 'ကျွန်တော်တို့ချင်းက သိပ်ခင်တော့ ဝတ်စုံကိစ္စပြောမိကြတယ်၊ ကျွန်တော်က ဝတ်စုံအသစ်မချုပ်နိုင်တာ နှစ်နှစ်နီးပါးလောက်ရှိပြီလို့ သူ့ကိုပြောမိတော့ သူက ဝတ်စုံတစ်စုံ အကြွေးရောင်းထားမယ်လို့ ပြောတယ်'

'မင့်ကို ဝါဒ်က ငှားတာမဟုတ်ဘူးနော်'

'အို...မဟုတ်ပါဘူး၊ သူက အကြွေး ရောင်းထားမှာပါ၊ ကျွန်တော် မနက်ဖြန်မနက် သွားယူရင်ရပြီ'

'မင်းက အကကော ကတတ်လို့လား'

'ဟာ... ရပါတယ်ဗျာ၊ ဒါလောက် က တော့ ဖြစ်တာပေါ့'ဟု ဗီတာက ပြုံးဖြဲဖြဲလုပ်၍ ပြောသည်။

'အေးလေ၊ မင်းပြောသလို ဝတ်စုံလဲရှိမယ်၊ လက်မှတ်ခလဲ မကုန်ဘူးဆိုရင်တော့ သွားပေါ့'

'ဟာ...တော်ပါသေးရဲ့၊ ဒါဆိုရင် ဒီကိစ္စ ပြတ်သွားပြီ ကဲ...စားပွဲရှင်းမယ်၊ စာကျက်မယ်'ဟု ဗီတာက ဝမ်းသာရွှင်မြူးစွာဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် စာကျက်နေသော ပီတာအား ကြည့်ကာ စဉ်းစားလျက်ရှိသည်။ သူ့သားတွင် စာကျက်ရလွန်း၍ ထစား ချိန်ပင်မရ။

အားချိန် နားချိန်ကလည်း နည်းလှ၏။ သူ့ ဦးလေး အက်ဒ်ဝပ်ထံ သွားလည်ခဲ့ရသည်မှ တစ်ပါး အခြား စိတ်အပန်းဖြေစရာဟူ၍မရှိ၊ သို့ဖြစ်ရာ အခုလိုဟာပွဲလေး ဘာလေး ရှိလာသည့်အခါ သွားချင်ရှာပေလိမ့်မည်ဟု တွေးမိသည်။ သနားစိတ်နှင့် ကိုယ်ချင်းစာနာစိတ် ဝင်လာသည်။ ထိုအခါ သူ့သားအပေါ် ခွင့်လွှတ်ခြင်းသည် အလိုလို ဖြစ်ပေါ်လာခဲ့ ရလေသည်။

နောက်တစ်ရက်ညနေခင်းတွင် လူစီသည် ပို၍နာကျင်လာ သည်။

သူသည် သူခံစားနေရသည့် အဖြစ်ကို ပီတာအား ဖွင့်မပြော၊ ပီတာကလည်း ကပွဲသွားရမည့် အရေးဖြင့် ပျော်ရွှင်မြူးထူးလျက်ရှိသဖြင့် ဘာကိုမှ သတိမထားနိုင်။ လက်ဖက်ရည် သောက်ပြီးကတည်းက သူ ဆပွဲသွားဖို့ ပြင်ဟယ်ဆင်ဟယ်ဖြင့် အလုပ်ရှုပ်လျက် ရှိသည်။

နောက်ဆုံးတွင် ပီတာ၏ခြေသံကြားခါမှ ပန်းဆန်များ ဆေးကြောနေရင်းတန်းလန်းဖြင့် မော့်ကြည့်မိသည်။



'ဘယ်လိုနေလဲ မေမေ၊ အဆင်မပြေရှိလား၊ ကြည့်ပါဦး'

လူစီကတော့ သူ့သားကို ပါးစပ် အဟောင်းသားဖြင့် တအံ့တဩ ကြည့်နေသည်။ အခုလိုဆိုတော့ သူ့သားသည် လူချောလူလှတစ်ဦးဖြစ်နေပြီဟု သူ သိလိုက်သည်။ ထိုအသိနှင့်အတူ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာသည်။

'သားရယ်....'ဟု လူစီက ရေရွတ်သည်။

'ငါ့သားဟာ တကယ့်လူချောလူလှ တစ်ယောက်ပါလား ကွယ်....'

'လူမှာအဝတ် ဆိုတဲ့စကား ရှိတယ်မဟုတ်လား မေမေ ရယ်'ဟု ပီတာက ပြန်ပြောသည်။

'ကဲ....မေမေ၊ သား သွားတော့မယ်'

လူစီ့မျက်နှာထားသည် ပြန်တင်းသွားသည်။

'မင်း အချိန်နောက်မကျစေနဲ့'ဟု သတိပေးသည်။

ပီတာက 'ဟုတ်ကဲ့ပါ'ဟု ပြောကာ သူ့ ဝတ်စုံအား အရပ်ရှိနှင့် တိုက်ပေးခိုင်းသည်။ လူစီက သူ့သားခိုင်းသည့် အတိုင်း စိတ်ရှည်လက်ရှည်လုပ်ပေးသည်။ ထို့နောက် ပီတာ သည် သူ့အမေအား နှုတ်ဆက်ကာ လှေကားမှ ပြေးဆင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့အားသည်း တစ်အိမ်လုံး ချက်ချင်းပင် တိတ်ဆိတ် ခြောက်သွေ့သွားလေ၏။

သူ့သားမရှိသည့် အတွက် လူစိရပ်ထဲတွင် ဟာသလိုလို ဖြစ်နေသည်။ သူသည် ပိတ္တာအဝတ်များကို ခေါက်၍ သိမ်းသည်။ မုတ်ဆိတ်ရိတ်ခါးနှင့် မှန်များကို ယူ၍ နေရာတကျ ပြန်ထားလိုက်သည်။

ပြီးတော့ နောက်ဖေးခန်းသို့ဝင်ကာ ယိုင်နေကျ ကုလားထိုင်တွင်ထိုင်သည်။ သူ့သားသွားသည်မှာ နာရီဝက်ခန့်သာ ရှိသည်။ ထိုနာရီဝက်အတွင်း နာရီကိုသုံးခါတိတိ လှမ်းကြည့်မိသည်။

သူသည် ထိုင်ရာမှထသွားကာ စွပ်ပြုတ်အိုးကို မီးဖိုပေါ် တင်သည်။ သူ့သားပြန်ရောက်လျှင် ဆာချင်ဆာလာလိမ့်မည်ဟူသော အတွေးဖြင့် ထ၍လုပ်နေခြင်း ဖြစ်၏။ ပြီးတော့ စွပ်ပြုတ်ပူပူလေး တစ်ခွက်လောက် သောက်လိုက်လျှင် သူ့လည်ချောင်းနာ သက်သာလေမလား။

သူသည် ကုလားထိုင်တွင်ပြန်ထိုင်ကာ ဇာတ်ထိုးကြည့်သည်။ စိတ်ဝင်စား၍မရ။ နာရီကို လှမ်းကြည့်မိပြန်သည်။

အိပ်ရာဝင်ချိန် ကျော်သွားပြီဟု စိတ်ထဲကရေရွတ်မိသည်။ ဆပ္ပံမှာ ငါ့သား ပျော်ရွှာမှာပဲဟုလည်း တွေးသည်။ သူနှင့်



မျက်နှာချင်းဆိုင်၍ ထိုင်နေလေ့ရှိသော ပိတ္တာအား မြင်ယောင်မိသည်။

ထိုအခိုက်တွင် ခပ်ဖွဖွခေါက်လိုက်သည့် တံခါးခေါက်သံ ကြားလိုက်ရသဖြင့် အံ့ဩသွားသည်။

သူ့သား ပြန်လာပြီဟူသော အတွေးဖြင့် ကပျာကယာ ထသွားပြီး တံခါးကိုဖွင့်သည်။

ပိတ္တာမဟုတ်။ ထူးထူးဆန်းဆန်း တစ်ဘက်ခန်းမှ မစ္စဘက်စီဖြစ်၍။

'မီးရောင်မြင်လို့ ရှင်မအိပ်သေးဘူးထင်ပြီး လာတာပါ'ဟု ဘက်စီက ပြောသည်။

'ကျွန်မ ခဏဝင်ထိုင်လို့ ရမလား'

'ဝင်ထိုင်လို့ ရမလား'ဟု လူစိက သံယောင်လိုက်၍ရေရွတ်သည်။ သူသည် သူ့အခန်းထဲသို့ ဘယ်သူ့ကိုမှ ဖိတ်ခေါ်ခြင်း ပြုခဲ့သည်မဟုတ်။ အခုလို အချိန်ကျမှ ဝင်ထိုင်လိုသူအား သူ ဘယ်လိုလုပ်ရပါမည်နည်း။ ဝေခွဲ၍မရ။

'ဟုတ်ပါတယ်ရှင်'ဟု ဘက်စီက တုန့်ဆုတ်ဆုတ် လေသံဖြင့် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ရင်ထဲမှာ နေ့ရှင်းထိုင်ရင်း ကြောက်စိတ်ဝင်လာလို့ပါ၊ ဒီည မစ္စတာဖင်ချ်အမြန်နောက်ကျမယ့်ညပါ၊ တစ်ခါတလေ သူဟာ ညဆယ့်နှစ်နာရီအထိ ပြန်မရောက်တတ်ဘူး'

'ဒီလိုဆိုလဲ အထဲဝင်ထိုင်ပါ'ဟု လူစီက ခေါ်သည်။ အသံထဲတော့ အေးစက်စက်။ သူတို့သည် မီးဖိုခန်းထဲသို့သွား၍ မျက်နှာချင်းဆိုင် ထိုင်ကြသည်။ ဘက်စီသည် မီးဖိုခန်းအပြင်အဆင်ကို အထူးအဆန်းတစ်ခု မြင်နေရသည့်နှယ် စိတ်ဝင်တစား ကြည့်နေသည်။

'ကျွန်မကိုအခုလိုဝင်ထိုင်ခွင့်ပြုတာ ကျေးဇူးတင်ပါတယ်'ဟု ဧည့်သည်က ပြောသည့်အခါ လူစီက 'ရပါတယ်၊ ဒီလိုပဲပေါ့'ဟု ပြန်ပြောသည်။

'ကျွန်မလေ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ ရှင်ဆိုရင်တစ်ယောက်တည်း နာရီပေါင်း အကြာကြီး ထိုင်နေတာပဲမဟုတ်လား'

ထို့နောက် ငြိမ်ဆိတ်နေကြသည်။

'ပီတာက ကပွဲသွားတယ်'ဟု လူစီက စကားမရှိ စကားရှာ၍ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။



'ကပွဲ လား'ဟု ဘက်စီက ရေရွတ်သည်။ 'ကျွန်မ ကိုယ်တိုင်လဲ အကကို သိပ်ဝါသနာပါခဲ့ဖူးတယ်'

'ဟုတ်လား'

'ဟုတ်တယ် ရှင့်'ဟု လူစီက ပြောသည်။ သူ့မျက်လုံးများတွင် မျက်ရည်များ စို့လာသဖြင့် အရောင်တစ်လက်လက် ထွက်လာသည်။

'ကပွဲမှာပေါ့၊ မစ္စတာဖင်ချ်နဲ့ တွေ့ကြတာ၊ ဒီညက ကျွန်မက အဖြူရောင်ဂါဝန်နဲ့ ခေါင်းမှာ အဝါရောင်ပဲစည်းကြိုးလေး စည်းထားတယ်၊ သူက ကျွန်မကို သိပ်လှတာပဲလို့ ပြောခဲ့တယ်'

မျက်ရည်များသည် ဘက်စီ၏ပါးပြင်ထက်သို့ စီးကျလာကြသည်။ ရုတ်တရက် သူသည် မျက်နှာကို တစ်ဖက်သို့ လွှဲကာ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

ပါးစပ်မှလည်း 'ကျွန်မကို ခွင့်လွှတ်ပါရှင်'ဟု အဆက်မပြတ် ရေရွတ်လျက်ရှိသည်။

'ရှင့်အခန်းထဲဝင်ထိုင်ပြီး အခုလိုလုပ်မိတာကို ခွင့်လွှတ်ပါ၊ ကျွန်မ မထိန်းနိုင်တော့လို့ပါ၊ ကျွန်မပြောပါရစေတော့၊ အခုကိစ္စဟာ ကျွန်မ သိပ်ချစ်ခဲ့တဲ့ ဂျွန်နီကြောင့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်နေသော လူစီသည် ဘက်စီ၏ယောကျ်ား လှခပ်ပပ၊ ထိပ်ပြောင်ပြောင်၏မှုံပန်းကို မြင်ယောင်လာသည်။

'သူက ဘာဖြစ်လို့လဲ' ဟု လူစီက အသန့်တကြား မေးသည်။

'အရက်ပါ၊ အရက်သိပ်သောက်တယ်၊ ကျွန်မ စိတ်ကို ထိန်းပြီး ချုပ်တည်းနေခဲ့တာကြာပြီ၊ အခုတော့ မထိန်းနိုင်တော့ဘူး၊ ကျွန်မ သူ့နှုတ်က အရက်ကို တစ်ခွက်တစ်ဖလား လောက်ပဲကြိုက်ကယ်ထင်တာ၊ အခုတော့ အဲသလိုမဟုတ်ဘူး၊ အရက်သိပ်သောက်တယ်၊ ပြီးတော့'

'သူက ရှင့်ကို ရိုက်သလား'

'ဟင့်အင်း၊ မရိုက်ပါဘူး၊ ရိုက်ချင်ရိုက်ပါစေလို့ ကျွန်မ က သဘောထားပါတယ်၊ ဒါပေမယ့် သူ့ဆန္ဒက အရက် သောက်ဖို့ တစ်ခုတည်းလို့ပြီး တခြားဘာမှမရှိဘူး ရှင့်၊ အိပ်ရာ ပေါ် ရောက်ရင် ချက်ချင်း အိပ်ပျော်ပြီး ဟောက်နေလိုက်တာ ဝက်တစ်ကောင်အတိုင်းပဲ၊ သူ့ဆီက ဟောက်သံကလွဲပြီး တခြား ဘာသံမှမကြားရဘူး၊ မနက်ဆိုရင် ဝက်ပေါင်ခြောက် တွေနဲ့ ကြက်ဥကြော်တွေစားပြီး ထွက်သွားရော၊ ညပြန်



ရောက်လာတော့ မူးလာလိုက်တာ လူမှန်းသူမှန်းတောင် မသိဘူး၊ ဒီကိစ္စက တစ်ညလဲမဟုတ်ဘူး၊ ညတိုင်းဖြစ်နေ တာ'

ဘက်စီသည် မျက်နှာကို စားပွဲပေါ်မှောက်ကာ ထပ်မံ ငိုကြွေး နေပြန်သည်၊ လူစီမှာ ဘာလုပ်ရမှန်းမသိဖြစ်ကာ ကြောင်ရှိကြည့်နေမိသည်။

အတန်ကြာမှပင် ဘက်စီသည် သူ့ကိုယ်သူ ထိန်းနိုင်လာ သည်။ သူသည် ခေါင်းကို ပြန်မော့ကာ ကလေးတစ် ယောက်သဖွယ် ပါးပြင်ထက်မှ မျက်ရည်စများကို လက်ဖဝါး ဖြင့် သုတ်နေသည်။

'ကျွန်မတော့ အရှုံးပဲ' ဟု ဘက်စီက ရေရွတ်သည်။

'အို... ဒီလိုလဲ မဟုတ်ပါဘူး၊ ကျွန်မ စိတ်မကောင်း ပါဘူး ရှင်'

'ကျွန်မအဖို့တော့ စိတ်သက်သာရာ ရသွားတာ အမှန်ပဲ' ဟု ဘက်စီက ပြောသည်။

'အခုလို ရင်ဖွင့်လိုက်ရလို့ ရှင့်ကို ကျေးဇူးတင်ပါတယ်၊ အခုဆိုရင် ရှင် ကျွန်မ အကြောင်း အားလုံး သိသွားပြီး၊

www.burmeseclassic.com

www.burmeseclassic.com

သိလဲ ဂရုစိုက်စရာ မလိုတော့ပါဘူးလေ၊ ကျွန်မဟာ ကျန်းမာ နုပျိုနေသေးတဲ့အရွယ်ပါ၊ အဲဒီတော့'

ဘက်စီသည် စကားကိုဖြတ်ထားပြီး နားစွင့်နေသည်။

'ကျွန်မထင်တယ်၊ သူပြန်လာပြီ၊ ကျွန်မသွားကြည့်လိုက်ဦးမှဖြစ်မယ်'

သူတို့သည် တံခါးဝသို့ရောက်သွားကြသည်။ လှေကားမှ ခယီးဒယိုင်ဖြင့် တက်လာနေသည့် ဂျွန်ဖြစ်၍ သူသည် လှေကားလက်ရမ်းကို တအားဆုပ်ကိုင်ပြီး သတိကြီးစွာ ထား၍ တက်လာနေခြင်းဖြစ်၏။

အရက်နံ့သည် ထောင်းထောင်းထလျက်ရှိ၏။ သူမော့ကြည့်လိုက်၍ လူစီကို မြင်လိုက်သည့်အခါ သူ့ကိုယ်သူ ပို၍ ထိန်းသွားသည်။

'ဒီကိုလာ ဂျွန်'ဟု ဘက်စီက ခေါ်သည်။

'နေပါဦးကွာ၊ မစ္စလူစီနဲ့ စကားလေး ဘာလေး ပြောဦးမှပေါ့'

ဘက်စီက ဂျွန်၏လက်မောင်းကို ဝင်၍ဆွဲကာ သူတို့အခန်းဆီသို့ ခေါ်သည်။



ဂျွန်က လူစီအား လှည့်ကြည့်ပြီး 'ဝေါ့ မစ္စလူစီနဲ့ စကားပြောဦးမယ်ကွ၊ ခဏနေပါဦး'ဟု ပြောသည်။

'မစ္စလူစီ၊ ကျွန်တော်ခင်ဗျားရဲ့ ခဲအို ဂျိုးကို သိတယ်ဗျ၊ လီဗင်ဖိုဒ်မှာတုန်းက ကျွန်တော်ဟာ သူ့ဖောက်သည်ကြီးပေါ့'

လူစီကတော့ စိတ်ရှုပ်နေသော ဘက်စီအား တစ်ချက်လှမ်းကြည့်ကာ အခန်းတံခါးကိုပိတ်လိုက်သည်။ သူသည် တံခါးဝ၌ ခဏရပ်ကာ တစ်ဖက်ခန်းမှ အသံကို နားစွင့်သည်။

ခဏမျှအကြာတွင် အာလေးလျှာလေးနှင့် ပြောနေသော စကားသံများ ပျောက်ကာ တိတ်ဆိတ်သွားသည်။

သူသည် မီးဖိုခန်းထဲ ပြန်ထိုင်ကာ ရောက်တတ်ရာရာများ တွေးလျက်ရှိ၏။ ဒီညကျခါမှ ထူးထူးဆန်းဆန်းတွေနှင့် ကြုံနေရသည်။

သူ့သားက အိမ်တွင်မရှိ၊ ကပွဲရောက်နေသည်။ မမျှော်လင့်ဘဲ ဝင်ရောက်လာသည့် ဧည့်သည်နှင့် ထိုသူ၏ ကြေကွဲဖွယ်ရာအဖြစ်။

လူစီ စိတ်အာရုံတွင် အရက်ဘား တစ်ခုကို မြင်ယောင်လာသည်။ ပြီးတော့ အရက်သောက်နေကြသည့် လူငယ်များ။

www.burmeseclassic.com



လှေကားမှ ညင်သာစွာတက်လာနေသည့် ခြေသံ။ လှစီ့မျက်လုံးအစုံသည် တဖိတ်ဖိတ်တောက်လာသည်။ သူ့သား ပီတာ ပြန်လာပြီ၊ နောက်တစ်ခဏမျှအတွင်း သူ့သားသည် သူ့ရှေ့ရောက်လာသည်။

'ဟာ....အမေ မအိပ်သေးဘူးလား၊ အိပ်ချိန်လွန်နေပြီ၊ ဘာပြုလို့စောင့်ရတာလဲ'

လှစီက အဖြေမပေး။ သူ့သားမျက်နှာကို အကဲခတ်နေသည်။ အရက်နံ့ ထာတာ သင်းပျံ့နေသည်။ မိန်းမရှုပ်ကလေးတစ်ယောက်ယောက်နဲ့များ တွေ့လာလေလား။ ဆို.... ဒါတွေကို သံသယဝင်နေလို့ ဘယ်ဖြစ်ပါ့မလဲ။

'သား....ပျော်ခဲ့ရဲ့လား'

'ပျော်တာပေါ့အမေရာ' ဟု ပီတာက ဖြေသည်။ 'ကောင်မလေးတွေလဲ လာကြတယ်၊ အများကြီးပဲ'

လှစီ့ရင်သည် ထိတ်ခနဲ ဖြစ်သွားသည်။

'ကောင်မလေးတစ်ယောက်နဲ့ တွဲပြီး မကခဲ့ဘူးလား'

'တစ်ယောက်နဲ့မှ မကဖြစ်ခဲ့ပါဘူးအမေရာ၊ အမျိုးသမီးတစ်ယောက်နဲ့ တွဲကတာ သူ့ခြေထောက်ကို ကျွန်တော် ခကာခက တက်နင်းမိတယ်လို့ ပြောတယ်'



ပီတာသည် အားရပါးရ သန်းလိုက်သည်။ သူ့သား အိပ်ချင်နေပြီ။ လှစီသည် သူ့သားအား စွပ်ပြုတ်ပူပူတစ်ခွက်တိုက်သည်။ သူ့သားသောက်နေခိုက်တွင် ကြည်နူးသော မျက်နှာဖြင့် သူ့သားအား ထိုင်ကြည့်နေသည်။

တစ်နာရီခွဲ သွားစးချိန်တွင် သူ စိတ်လက်ချမ်းသာစွာဖြင့် အိပ်ရာဝင်သည်။ ချက်ချင်း အိပ်မောကျသွားလေသည်။

ဒုတိယပိုင်း ပြီး၏။

မောင်ထွန်းသူ

BURMESE CLASSIC .com

www.burmeseclassic.com